# အဘိဓမ္မာသဝါလရောင်ကျမ်း

(ဦးကောဝိဒ)

## မန္တလေးမြို့

**သာသနာ့ပိုင် ဆရာတော်ဘုရားကြီး၏**

"ရာမညရဋ္ဌဝိနယဓရ သာသနာပြု, ဂဏဝါစက, စာချမ္မကထိက"

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တော်နှင့်

ညောင်တုန်းမြို့ နယ်လုံးဆိုင်ရာ-သုဓမ္မာ ပရိယတ္တိ ပဌမပြန်စာမေးပွဲကြီး၏

"ကောဝိဒါဘိလင်္ကာရ-သဒ္ဓမ္မဇ-ပိဋကတ္တယဆေက

သုဓမ္မာပရိယတ္တိဓမ္မာစရိယ" ဟူသော

ဂုဏ် ထူး ဆောင် ဘွဲ့ တံ ဆိပ် တော် ရ

ညောင်တုန်းမြို့ "နိပြောခရုံ" ဆရာတော်

# "မဟာပဌမကျော်-အရှင်ကောဝိဒ"

စီရင်ရေးသားတော်မူအပ်သော



ဆန္ဒသံဂါယနာတင်

ပိဋကတ်တော်မြန်မာပြန် ဩဝါဒ သောဓေယျ ပဏ္ဍုပါဌကအဖွဲ့ တာဝန်ခံနှင့်

ပဌမကျော် သက္ကသီဟ အစိုးရဂုဏ်ထူးဆောင်ဓမ္မာစရိယ

**ဆရာတော်-အရှင်သုဇာတာလင်္ကာရ**

သုတ်သင်ပြင်ဆင်သည်။

၁၃၃၇-ခု ၁၉၇၆-ခု

(ပဌမအကြိမ်)

မေတ်-က

၁၃၃၇-ခုနှစ်
ပဌမအကြိမ်ရိုက်နှိပ်သည်။
(အုပ်ရေ-၂၀၀၀)

တအုပ်-၅ိ။

(ပဌမအကြိမ်)

## (၁၄) စုဒ္ဒသမနယ

ဤ စုဒ္ဒသမနယသည်လည်း " စုဒ္ဒသမ-အင်္ဂတမြာ " ဟု နံပါတ် ၁၅၀-က ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း အင္ဂမနယ နှင့် လုံးဝတူပြီးဖြစ်ကြောင်း။

ဝိပ္ပယုတ် ၄-ပါးတို့ဖြင့် ဝိပ္ပယုတ် မဖြစ်သင့်သော ၄၇-ပုဒ်တို့ကို ဤစုဒ္ဒသမ နယ၌ ဟောတော်မမူချေ။ ဝိပ္ပယုတ်ဖြစ်သင့်သော ၃၂၄-ပုဒ်ကိုသာ ဟောတော် မူသည်။

အင်္ဂနယော-သဘောပိုင်လျှင်,
စုဒ္ဒသမ-နယကိုမြင်၊
ငြိစ်ကြေးကင်းသည့်လ,မင်းအသွင်,
ရွှေဉာဏ်တွင်း-ထ်ာလင်းစေဘို့ပင်။

စုဒ္ဒသမနယပြီး၏။

**ဓာတုကထာကျမ်း ငြိးပြီ။**

## နိဂုံးလင်္ကာ

တထောင့်နှစ်ရာ၊ ကိုးဆယ် သာသည့်၊ ရှစ်ဖြာစွန်းလစ်၊ ထိုသည့် နှစ်ဝယ်၊ ဆန်းယစ်လျှံပို၊ လပြာသိုဠ်၊ တိမ်ညိုကင်းပ၊ ဆန်းပက္ခ၏၊ ပဉ္စမဒိန်၊ နေ့ဗုဒ္ဓဝယ်၊ ဘယ်ဥပါဒ်၊ ကင်းစင်လတ်၍၊ ကျမ်းမြတ်ဘိဓမ္မာ၊ လရောင်စာသည်၊ ဤမှာတခဏ်း၊ နိဋ္ဌိတံမို့၊ ဆုံးခန်းတိုင်မြောက်၊ အပြီးရောက်၍၊ ဝမ်းမြောက်ကြည်သာ၊ ဥဒါန်းစာ... ကောင်းစွာကျူးရင့်၊ မြွက်ဆိုလင့်သည်၊ ရှင်ပင့်သာသနံ၊ ငါးထောင်ခံအောင်။ ။စိရံ တိဋ္ဌတုသာ ဟူလိုသော်။

**အဘိဓမ္မာ-ညဝါလရောင်,**
**လောကကိုလွှမ်း-ထိန်လျှမ်းဝင်းပြောင်၊**
**သာသနာလုံး-ကုန်ဆုံးတိုင်အောင်,**
**ထွန်းပါစေ-လင်းခဲ့လျှတ်ဘောင်။**

(**တောင်းပန်စာ**) ဤကျမ်းစာကို ရေးသားရခြင်းသည် စာချရင်း,တရားဟောရင်း ခြားညှပ်၍ရေးသားရသောကျမ်းစာဖြစ်... သဖြင့် ... ချွတ်ယွင်းသောအချက်များကို တွေ့မြင်ပါမူ ဖြစ်စေသော စိတ်မြတ်... မှုကြပါကုန်။

''ဦးကောဝိဒ''မဟာအကျော်
(ပဉ္စမအကြိမ်,ပုံနှိပ်ပြီး၏။) နိပြောမံခုံဆရာတော် ညောင်တုန်းမြို့။

၁၂၉၈-ခု၊ တပို့တွဲလတွင် ကျင်းပပြုလုပ်ခဲ့သော

ညောင်တုန်းမြို့-နယ်လုံးဆိုင်ရာ

**သုဓမ္မာပရိယတ္တိ, ပဌမပြန်စာမေးပွဲကြီးတွင်**

# မဟာအကျော် စာချတန်း၌

အောင်ပန်းဂုဏ်ထူး ဆွတ်ခူးမျှဝေတော်မူသော



ကောဝိဒါဘိလင်္ကာရ-သဒ္ဓမ္မဓဇ ပိဋကတ္တယဆော

သုဓမ္မာပရိယတ္တိ ဓမ္မာစရိယ ဟူသော

ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်ရ

**ဆရာတော်-ဦးကောဝိဒ-ပုံတော်**

# မာတိကာ

●


| ဦးရေနံပါတ် | အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|---|
| ၁ | ပဏ္ဏာမဂါထာပါဠိအနက် | .... | ၁ |
| ၂ | မာတိကာ နိဒါန်းနှင့် သက်ဆိုင်သော ခက်ဆစ်ခက်ရာ ပုစ္ဆာ ၄၉ ခု၏ အဖြေ ဝိသဇ္ဇနာများ | .... | ၃ |
| ၃ | အဘိဓမ္မာညဝါလရောင်ကျမ်း၏ နိဒါန်းပြီးဆုံးသဖြင့် ကျူးရင့်သော ဥဒါန်းဂါထာ | .... | ၂၀ |
| ၄ | မာတိကာ တိက်အားလုံးနှင့် သက်ဆိုင်သော အချက် ခက်ဆစ်ပုစ္ဆာ ၉-ချက်၏ အဖြေဝိသဇ္ဇနာများ | .... | ၂၁ |
| ၅ | ကုသလတိက်အနက်-၎င်းဇယားပုံ | .... | ၂၄–၂၅ |
| ၆ | ကုသလတိက် လက်ာနှင့် ၎င်းသက်ဆိုင်ရာ ခက်ခဲသော မေးခွန်း ၁၈-ချက်၏ အဖြေဝိသဇ္ဇနာများ | .... | ၂၅ |
| ၇ | ဝေဒနာတိက်အနက်နှင့် ၎င်းဇယားပုံ | .... | ၃၁ |
| ၈ | ဝေဒနာတိက်လက်ာ နှင့် ၎င်း၌ သက်ဆိုင်သော ပုစ္ဆာ ၁၆-ချက်၏ အဖြေဝိသဇ္ဇနာများ | .... | ၃၂ |
| ၉ | ဝိပါကတိက်အနက်နှင့် ၎င်းဇယားပုံ | .... | ၃၆–၃၇ |
| ၁၀ | ဝိပါကတိက်လက်ာနှင့် ၎င်းဝိပါကတိက်၌ သက်ဆိုင်သော မေးခွန်း ၉-ချက်၏ အဖြေဝိသဇ္ဇနာများ | .... | ၃၇ |
| ၁၁ | ဥပါဒိန္နတိက် အနက်နှင့် ဇယားပုံ | .... | ၄၀–၄၁ |
| ၁၂ | ဥပါဒိန္နတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော ပုစ္ဆာ ၁၄-ချက်၏ အဖြေဝိသဇ္ဇနာများ | .... | ၄၁ |
| ၁၃ | သံကိလိဋ္ဌတိက် အနက်နှင့် ဇယားပုံ | .... | ၄၇ |
| ၁၄ | သံကိလိဋ္ဌတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်းပုစ္ဆာ ၄-ခု၏ အဖြေဝိသဇ္ဇနာများ | .... | ၄၇–၄၈ |
| ၁၅ | ဝိတက်တိက် အနက်နှင့် ဇယားပုံ | .... | ၄၉ |
| ၁၆ | ဝိတက်တိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၄-ခု၏ အဖြေဝိသဇ္ဇနာများ | .... | ၅၀–၅၁ |
| ၁၇ | ပီတိတိက်အနက်နှင့် ဇယားပုံ | .... | ၅၂ |
| ၁၈ | ပီတိတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၃-ခု၏ အဖြေဝိသဇ္ဇနာများ | .... | ၅၃ |


(ပဉ္စမအကြိမ်)

# မာတိကာ


| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၉ | ဒသနတိက်, ဒသနဟေတုတိက်တို့၏ အနက်နှင့် ၎င်းတို့၏ ဇယားပုံ .... | ၅၄-၅၅ |
| ၂၀ | ဒဿနတိက်၏ အကောက်စကားပြင် .... | ၅၆ |
| ၂၁ | ဒဿနတိက်၌ သက်ဆိုင်သော ပုစ္ဆာ ၁၇-ခု၏ အဖြေ ဝိသဇ္ဇနာများ .... | ၅၆ |
| ၂၂ | အာစယဂါမိတိက် အနက်နှင့် ဇယားပုံ .... | ၆၃ |
| ၂၃ | အာစယဂါမိတိက်လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော ပုစ္ဆာ ၇-ခု၏ အဖြေဝိသဇ္ဇနာများ .... | ၆၃ |
| ၂၄ | သေက္ခတိက် အနက်နှင့် ဇယားပုံ .... | ၆၆-၆၇ |
| ၂၅ | သေက္ခတိက် လက်ာနှင့်၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၇-ခု၏ အဖြေဝိသဇ္ဇနာများ .... | ၆၇ |
| ၂၆ | ပရိတ္တတိက် အနက်နှင့် ဇယားပုံ .... | ၇၀ |
| ၂၇ | ပရိတ္တတိက်လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၁၀-ခုတို့၏ အဖြေဝိသဇ္ဇနာများ .... | ၇၁ |
| ၂၈ | ပရိတ္တာရမ္မဏတိက်အနက်နှင့် ဇယားပုံ .... | ၇၅-၇၆ |
| ၂၉ | ပရိတ္တာရမ္မဏတိက်လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော .... မေးခွန်း ၁၂-ခုတို့၏ အဖြေဝိသဇ္ဇနာများ .... | ၇၆-၇၇ |
| ၃၁ | ဟီနတိက်အနက်နှင့် မေးခွန်းပုစ္ဆာ ၂-ခုတို့၏ အဖြေ ဝိသဇ္ဇနာများ .... | ၈၁ |
| ၃၁ | မဇ္ဈတ္တတိက် အနက်နှင့် ဇယားပုံ .... | ၈၂ |
| ၃၂ | မိစ္ဆတ္တတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၁၄-ခုတို့၏ အဖြေဝိသဇ္ဇနာများ .... | ၈၃ |
| ၃၃ | မဂ္ဂါရမ္မဏတိက် အနက်နှင့် ဇယားပုံ .... | ၈၈-၈၉ |
| ၃၄ | မဂ္ဂါရမ္မဏတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၂၂-ခုတို့၏ အဖြေဝိသဇ္ဇနာများ .... | ၈၉-၉၀ |
| ၃၅ | ဥပ္ပန္နတိက် အနက်နှင့် ဇယားပုံ .... | ၉၆-၉၇ |
| ၃၆ | ဥပ္ပန္နတိက်လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၁၃-ခုတို့၏ အဖြေဝိသဇ္ဇနာများ .... | ၉၇ |

## မာတိကာ


| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၇ | အတီတတိက် အနက်နှင့် ဇယားပုံ | ....၁၀၁–၁၀၂ |
| ၃၈ | အတီတတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၆-ခုတို့၏ အဖြေဝိသဇ္ဇနာများ | .... ၁၀၂ |
| ၃၉ | အတီတာရမ္မဏတိက် အနက်နှင့် ဇယားပုံ | .... ၁၀၅ |
| ၄၀ | အတီတာရမ္မဏတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၆-ခုတို့၏ အဖြေဝိသဇ္ဇနာများ | ....၁၀၅ ၁၀၆ |
| ၄၁ | အဇ္ဈတ္တတိက် အနက်နှင့် ဇယားပုံ | .... ၁၀၈ |
| ၄၂ | အဇ္ဈတ္တတိက် လက်ာနှင့် ၎င်း၌သက်ဆိုင်သော မေးခွန်း ၅-ခုတို့၏ အဖြေဝိသဇ္ဇနာများ | .... ၁၀၉ |
| ၄၃ | အဇ္ဈတ္တာရမ္မဏတိက် အနက်နှင့် ဇယားပုံ | .... ၁၁၁ |
| ၄၄ | အဇ္ဈတ္တာရမ္မဏတိက် လက်ာနှင့် ၎င်းတိက်၌ သက်ဆိုင်သော မေးခွန်း ၂-ခုတို့၏ အဖြေဝိသဇ္ဇနာများ | .... ၁၁၂ |
| ၄၅ | သနိဒဿနတိက် အနက်နှင့် ဇယားပုံ | .... ၁၁၃ |
| ၄၆ | သနိဒဿနတိက် လက်ာနှင့် ၎င်း၌ သက်ဆိုင်သော ပုစ္ဆာ ၃-ခုတို့၏ အဖြေဝိသဇ္ဇနာများ | .... ၁၁၄ |
| ၄၇ | သစ္စာတပါးသာ ဖွဲ့ရသောပဒ, တပါးမျှ မဖွဲ့ရသောပဒ, ၄-ပါးလုံးဖွဲ့ရသော ပဒများကို ကောတ်ပြခြင်း | .... ၁၁၅ |
| ၄၈ | နာမ်တရားကိုသာ ကောက်သော တိက်များနှင့် နိဗ္ဗာန်သာ တိက်မှတ်ထုတ်သော တိက်များကို ပြဆိုခြင်း | ၁၁၅ |
| ၄၉ | အရကောက်တူသော တိက်ပုဒ်များကို ကောက်ပြခြင်- | .... ၁၁၆ |
| ၅၀ | သရှ်ာအရေအတွက် တူမျှသော ပဒများကို ကောက်ပြခြင်း | .... ၁၁၆ |
| ၅၁ | ကြွင်းသော မဂ်စိတ္တုပ္ပါဒ်-ဖိုလ်စိတ္တုပ္ပါဒ်ယူနည်း | .... ၁၁၇ |


## "ဒုကမာတိကာ"


| | | |
|---|---|---|
| ၅၂ | ဒုက်အားလုံး၌ မှတ်ဘွယ် | .... ၁၁၈ |
| ၅၃ | အတိဒေသညွှန်ကြားချက် | .... ၁၁၉ |
| ၅၄ | ဟေတုဂေါစ္ဆက ဇယားပုံ | .... ၁၂၄ |
| ၅၅ | ဟေတုဂေါစ္ဆကနှင့် သက်ဆိုင်သော မေးခွန်း ၃-ခုတို့၏ အဖြေ | .... ၁၂၅ |

| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၆ | စူဠန္တရဒုက်နှင့်ဇယားပုံ .... | ၁၂၆ |
| ၅၇ | စူဠန္တရဒုက်နှင့် သက်ဆိုင်သော မေးခွန်း ၃-ခုတို့၏ အဖြေ .... | ၁၂၇ |
| ၅၈ | အာသဝဂေါစ္ဆက ဇယားပုံ .... | ၁၂၉ |
| ၅၉ | အာသဝဂေါစ္ဆကနှင့် သက်ဆိုင်သော မေးခွန်း ၅-ခုတို့၏အဖြေ .... | ၁၂၉ |
| ၆၀ | သညောဇနဂေါစ္ဆကဇယားပုံ .... | ၁၃၁ |
| ၆၁ | သညောဇနဂေါစ္ဆက နှင့် သက်ဆိုင်သော မေးခွန်း ၄-ခုတို့၏ အဖြေ .... | ၁၃၁ |
| ၆၂ | ဂန္ထဂေါစ္ဆကဇယားပုံနှင့်ပုစ္ဆာ ၂-ခုတို့၏ အဖြေ .... | ၁၃၃ |
| ၆၃ | နီဝရဏဂေါစ္ဆက ဇယားပုံနှင့် မေးခွန်း ၃-ချက်တို့၏ အဖြေ .... | ၁၃၅ |
| ၆၄ | ပရာမာသဂေါစ္ဆက ဇယားပုံနှင့် ပုစ္ဆာ ၁-ချက်အဖြေ .... | ၁၃၇ |
| ၆၅ | မဟန္တရဒုက် ဇယားပုံ .... | ၁၃၈ |
| ၆၆ | မဟန္တရဒုက်စဉ်ဂါထာနှင့် ပုစ္ဆာ ၂-ချက်အဖြေ .... | ၁၃၉ |
| ၆၇ | ဥပါဒါနဂေါစ္ဆက ဇယားနှင့် ပုစ္ဆာ ၃-ချက်အဖြေ .... | ၁၄၁ |
| ၆၈ | ကိလေသဂေါစ္ဆက ဇယားနှင့်ပုစ္ဆာ ၃-ချက်အဖြေ .... | ၁၄၃ |
| ၆၉ | ပိဋ္ဌိဒုက်ဇယားနှင့် ပိဋ္ဌိဒုက်စဉ်ဂါထာ .... | ၁၄၅–၁၄၇ |
| ၇၀ | ပိဋ္ဌိဒုက်နှင့် သက်ဆိုင်သော မေးခွန်း ၆-ခုတို့၏အဖြေ .... | ၁၄၇ |


## သုတ္တန္တိက မာတိကာ


| | | |
|---|---|---|
| ၇၁ | သုတ္တန္တိကမာတိကာစဉ်နှင့် ခက်ခဲသော မေးခွန်းများ၏ အဖြေဝိသဇ္ဇနာ .... | ၁၄၉ |
| ၇၂ | မာတိကာကျမ်းပြီး ဝမ်းမြောက်ခြင်း .... | ၁၅၃ |


## ဓာတုကထာ မာတိကာ


| | | |
|---|---|---|
| ၇၃ | ဓာတုကထာ ပဌမနယနှင့် သက်ဆိုင်သော မေးခွန်း ပုစ္ဆာ ၁၂-ချက်တို့၏ အဖြေဝိသဇ္ဇနာများ .... | ၁၅၄ |
| ၇၄ | ဥဒါနဂါထာ .... | ၁၅၉ |
| ၇၅ | ဓာတုကထာ ၁၄-နယဟောပုဒ်ဇယားပုံ .... | ၁၆၀ |
| ၇၆ | ဒုတိယနယ ဥဒါနဂါထာနှင့် ဆောင်ပုဒ် .... | ၁၆၁ |
| ၇၇ | ဒုတိယနယ ယေစွဲ-တေစွဲ .... | ၁၆၂ |

| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၈ | ဒုတိယနယ ဇယားပုံ .... | ၁၆၅ |
| ၇၉ | တတိယနယ ဥဒါနဂါထာ နှင့် ဆောင်ပုဒ် .... | ၁၆၅ |
| ၈၀ | တတိယနယဟောပုံ နည်းစံနစ်နှင့် ယေစ္စ-တေစ္စ .... | ၁၆၇ |
| ၈၁ | တတိယနယ ဇယားပုံ .... | ၁၆၈ |
| ၈၂ | စတုတ္ထနယ ဥဒါနဂါထာနှင့် ဆောင်ပုဒ်လင်္ကာ .... | ၁၆၈ |
| ၈၃ | စတုတ္ထနယ ယေစ္စ-တေစ္စ .... | ၁၇၀ |
| ၈၄ | စတုတ္ထနယ ဇယားပုံ .... | ၁၇၁ |
| ၈၅ | ပဉ္စမနယ ဥဒါန်းဂါထာနှင့် ဥဒါန်းဂါထာတွင် ပါသော သင်္ချာတို့၏ သင်္ချေယျကောက်ယူပုံ .... | ၁၇၁-၁၇၂ |
| ၈၆ | အကျဉ်းဆောင်ပုဒ်နှင့် သရုပ်အရေအတွက် .... | ၁၇၃ |
| ၈၇ | ပဉ္စမနယ ယေစ္စ-တေစ္စ .... | ၁၇၅ |
| ၈၈ | ပဉ္စမနယ ဇယားပုံ .... | ၁၇၇ |
| ၈၉ | ဆဋ္ဌနယဥဒါန်းဂါထာနှင့်ဆောင်ပုဒ် ၂၂-ပုဒ်သရုပ် .... | ၁၇၈ |
| ၉၀ | ဆဋ္ဌနယ မေးပုံ-ဖြေပုံနှင့် ဖြေဆိုရန် နည်းစံနစ် .... | ၁၈၀ |
| ၉၁ | ဆဋ္ဌနယ ဇယားပုံ .... | ၁၈၄ |
| ၉၂ | သတ္တမနယ ဥဒါန်းဂါထာနှင့် ဆောင်ပုဒ် .... | ၁၈၅ |
| ၉၃ | ယေစ္စ-တေစ္စဆောင်ပုဒ်ဂါထာအကျယ်သော်ပြခြင်း .... | ၁၈၆ |
| ၉၄ | သတ္တမနယ ဇယားပုံ .... | ၁၈၇ |
| ၉၅ | အဋ္ဌမနယ ဥဒါန်းဂါထာနှင့် ဆောင်ပုဒ်လင်္ကာ .... | ၁၈၈ |
| ၉၆ | ဝိပ္ပယုတ်၌ အထူးမှတ်ဘွယ် .... | ၁၈၉ |
| ၉၇ | ယေစ္စ-တေစ္စ အကျယ်ဘော်ပြခြင်း .... | ၁၉၀ |
| ၉၈ | အဋ္ဌမနယ ဇယားပုံ .... | ၁၉၁ |
| ၉၉ | နဝမနယ ဥဒါန်းဂါထာနှင့် ဆောင်ပုဒ် .... | ၁၉၁ |
| ၁၀၀ | နဝမနယ ဇယားပုံ .... | ၁၉၃ |
| ၁၀၁ | ဒသမနယ .... | ၁၉၄ |
| ၁၀၂ | ဧကာဒသမနယ နှင့် ဒွါဒသမနယ .... | ၁၉၅ |
| ၁၀၃ | တေရသမနယ ဥဒါန်းဂါထာနှင့် အဆုံးအဖြတ် .... | ၁၉၆ |
| ၁၀၄ | တေရသမနယ ဇယားပုံ .... | ၁၉၈ |
| ၁၀၅ | စုဒ္ဒသမနယ .... | ၁၉၉ |
| ၁၀၆ | ကျမ်းပြီး နိဂုံးလင်္ကာနှင့် တောင်းပန်စာ .... | ၂၀၀ |

(ပဉ္စမအကြိမ်)

# ဝမ်းမြောက်ဘွယ်

## ● ဝိသုဒ္ဓိမဂ္ဂနဝရစ်နိ (ဒုတိယတွဲ)

ဤကျမ်းစာကို ရေးသားသူမှာ ပဌမပြန် လောကတွင် အထူးကျော်ကြားလျက် ရှိသော သဒ္ဒါ, သင်္ဂဟ ဝိသုဒ္ဓိမဂ္ဂနဝရစ်နိကျမ်းစသည် ကျမ်းပေါင်းများစွာကို ရေးသား ပြုစုခဲ့သူ ညောင်တုန်းမြို့ - နိဂြောဓာရုံ ဆရာတော် မဟာအကျော်-ဦးကောဝိဒပင် ဖြစ်ပေသည်။

ဆရာတော်သည် သဒ္ဒါ-သင်္ဂဟဝိသုဒ္ဓိမဂ္ဂနဝရစ်နိကျမ်းကို ရေးသားရိုက်နှိပ်စဉ်က ဝိနည်းဘာသာကိုပါ တအုပ်ထည်းနှင့်အပြီး ထည့်သွင်းရိုက်နှိပ်ရန် စီစဉ်ခဲ့သော်လည်း၊ သဒ္ဒါ,သင်္ဂဟနှင့်ပင် စာမျက်နှာများနေသဖြင့် ဝိနည်းဘာသာကို ချန်လှပ်ခဲ့ရပေသည်။ တဖန် ဝိနည်းဘာသာအတွက် ဝိသုဒ္ဓိမဂ္ဂနဝရစ်နိ (ဒုတိယတွဲ) ကို ဆက်လက်ထုတ်ဝေ ရန် ရည်ရွယ်ပြန်သော်လည်း ဆရာတော် ပြန်လွန်တော်မူသည်တိုင်အောင် အထ မမြောက်ခဲ့ပေ။

ယခုမူ—အစစ အခွင့်သာလာသည့်ပြင် စာမူများကို ဒုတိယ နိဂြောဓာရုံ ဆရာ တော် ပဌမကျော် ဓမ္မာစရိယ - အသျှင်သုဇာတာလင်္ကာရ၏ သုဓ်သင်ပြင်ဆင်မှုဖြင့် စက်တင် ပုံနှိပ်လျက် ရှိပါပြီ။ သောတုဇနအပေါင်းတို့ နှစ်ထောင်းဝမ်းမြောက်ဘွယ်ရာ မကြာမီ ထွက်ပေါ်လာပါတော့မည်။ မျှော်ပါတော့....။

- ● မစိုးရိပ်ရုပသိဒ္ဓိအဖြေ (ရိုက်ပြီး)
- ● မစိုးရိမ်ငိုကာကျော်အဖြေ (ရိုက်ပြီး)
- ● မစိုးရိမ် ကစ်ါအဖြေ (စီ၊ဉ်ဆဲ)
- ● မစိုးရိမ် ညဝါအဖြေ (ရိုက်တော့မည်)

ဤကျမ်းစာများကို ရေးသားသူမှာ မန္တလေးမြို့-မစိုးရိမ်ကျောင်းတိုက် နာကယ အဖွဲ့ဝင် ဆရာတော် ပဌမကျော် ဓမ္မာစရိယ အသျှင်သုဇာတာလင်္ကာရဖြစ်၍ ကျမ်းစာ များ၏အကြောင်းကို အထူးဖော်ပြဘွယ်ရာမလိုတော့ပါ။ ဆရာတော်၏လက်ရာဆိုလျှင် ထူးခြားရမည်၊ ရှင်းလင်းရမည်၊ ပြည့်စုံရမည်။ လက်တွေ့အားဖြင့် စာသင် သားလောက က သက်သေခံနေပါပြီ။

- ● အခြေခံ အဘိဓမ္မာ ပဌမတွဲ-ဒုတိယတွဲ (ရိုက်ပြီး)
- ● ဓမ္မကြေးမုံ (ရိုက်ပြီး)

ဤကျမ်းစာများကို ရေးသားသူမှာ ညောင်တုန်းမြို့-နိဂြောဓာရုံ ကျောင်းတိုက် ကာဗျာဓဇကောမလ အသျှင်ကဝိဝိယ ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရ ပဌမပြန် စာမေးပွဲနှင့် အဘိဓမ္မာစာမေးပွဲများတွင် အထက် တန်းက အောင်ပန်းဆွတ်လိုသူများအတွက်"အခြေခံအဘိဓမ္မာ" ကျမ်းစာက တာဝန် ယူပါလိမ့်မည်။

ဘာသာရေးနှင့် ယဉ်ကျေးမှုကို အထူးလိုအပ်နေသောအချိန်တွင်"ဓမ္မကြေးမုံ" ကျမ်းစာက ဘာသာရေး လေးစားပုံနှင့် ယဉ်ကျေးမှု သရုပ်ကို ဖေါ်ထုတ် သွန်သင် ပါလိမ့်မည်။

(ပဥ္စမအကြိမ်)

# အဘိဓမ္မာ ညဝါလရောင်ကျမ်း

## ပဏာမနှင့် ပဋိညာဉ်

(၁) သသဒ္ဓမ္မ ဂဏုတ္တမံ,
သမ္ဗုဒ္ဓံ သတ္တဝဿိကံ၊
ပဏ္ဍုကမ္ဗလသိလာယံ,
အဘိဓမ္မံ ပကာသိတံ။ ။

(၂) နတွာန သာဒရံ အဟံ,
နာနာနယေဟိ စိတ္တိကံ၊
အဘိဓမ္မစန္ဒောဘာသံ,
ဂန္ထံ ဝက္ခာမိ သုန္ဒရံ။ ။

(၃) မဂ္ဂါမဂ္ဂံ ရတ္တိကာလေ,
စန္ဒောဘာသေန ဒိဿရေ၊
ကထေဝါဘိဓမ္မဋ္ဌာနေ,
အနေနာပိ ပဒိဿတိ။ ။

(၄) အယံ ဂန္ထောပိ သောတူနံ,
အာဘိဓမ္မိကဘိက္ခုနံ၊
ဘမောခန္ဓံ ဝိနောဒေတွာ,
ဩရောဘာသယ တိဋ္ဌတု။ ။

### အယမေတ္ထ အတ္ထော

၁။ ။တတ္ထ သသဒ္ဓမ္မ ဂဏုတ္တမောတိ သဒ္ဓမ္မေန ဂဏုတ္တမေန စ သဟ ယော ဝတ္တတီတိ - သသဒ္ဓမ္မဂဏုတ္တမော။ တံ၊ အဟံ သသဒ္ဓမ္မဂဏုတ္တမံ သတ္တဝဿိကံ တာဝတိံသဘဝနေ အာယာမတော. သဋ္ဌိယောဇနိကာယံ

ဝိတ္ထာရတော ပဏ္ဏာသယောဇနိကာယံ ဥဗ္ဗေဓတော ပန္နရသယောဇနိကာယံ ပဏ္ဍုကမ္ဗလသိလာယံ ဓမ္မသင်္ဂဏိအာဒိ သတ္တပကရဏံ အဘိဓမ္မံ နာနာ နယေဟိ ဝိဘဇ္ဇိတွာ ပကာသိတံ အဋ္ဌဟင်္ဂေဟိ သမန္နာဂတေန သရေန ဒေသိတံ သမ္ဗုဒ္ဓံ သာဒရံ ကာယဝစီ မနောဒွါရေဟိ နမာမိ-နတွာန။

၂။ ။တံတံ ဂန္ထတော အာဂတေဟိ နာနာနယေဟိ ဝိစိတ္တံ အဘိဓမ္မဋ္ဌာနေ စန္ဒော ဘာသေန သဒိသတ္တာ "အဘိဓမ္မာစန္ဒောဘာသော" တိနာမိကံ ဂန္ထံ အတိသုန္ဒရအတိသုကရနယေဟိ ရစိတတ္တာ သုန္ဒရံ ဝက္ခာမိ ရစယိဿာမိတျတ္ထော။

၃။ ။မဂ္ဂါမဂ္ဂဋ္ဌိ ရတ္တိကာလေ ပထိကာ "ဥရောပါဖရိကာယှာမေရိ ကောစတေလျှ" ဒိပေဟိ သဟ သကလ ဇမ္ဗုဒိပံ ဩဘာသေန္တေန စန္ဒဿ ဩဘာသေန ဒိဿနိ့ဝိယ တထေဝ စတူဟိ ဂမ္ဘိရေဟိ သမန္နာဂတေ အဘိဓမ္မဋ္ဌာနေ အဘိဓမ္မဝိသယေ အငနနာပိ "အဘိဓမ္မ စန္ဒောဘာသဂန္ထေန" သောတူနံ ဉာဏေ ပကာသံရေန ဒိဿတိတျတ္ထော။

၄။ ။အယံ "အဘိဓမ္မစန္ဒောဘာသ" ဂန္ထောပိ အဘိဓမ္မံ သိက္ခိတာနံ သောတူနဉ္စ ဘိက္ခူနဉ္စ မောဟာသင်္ခါတံ တမောဝနဒ္ဓံ ဝိနောဒေတွာ ပဒါလေတွာ ဗုဒ္ဓသာသနသင်္ခါတေ သကလဇမ္ဗုဒိပေ ဟိမ ရဇ မေဃ ပဋလာ သူရိန္ဒ ဝူမသင်္ခါတေဟိ ပဂလေဟိ ပိနာသံ ပတွာ ဩဘာသယံ ဩဘာသယန္တော ယာဝ သာသနန္တရဓာနံ စိရံကိဋ္ဌတူတိအတ္ထော။ ဧတ္ထစ စိရောဘာသယ တိဋ္ဌတူဟိ ဆန္ဒာနုရက္ခနတ္ထာယ အနုနာသိကလောပေါ။

# မာတိကာ နိဒါန်း

●

၁။ ။"မာတရံပမုခံကဘ္ဘာ"စသောဂါထာကို အဋ္ဌကထာပါဠိဟုဆိုရာ အဘယ်အဋ္ဌကထာပါဠိ ဖြစ်ကြောင်းကို အခွင့်ဘော်ပြ၍ ၎င်းဂါထာကို အနက်ယောဇနာပါ။

၁။ ။အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ ဖြစ်ပါသည်။

မာတရံ၊ မယ်တော်ဖြစ်ဘူးသော သန္တုသိတ နတ်သားကို။ ပမုခံ၊ အကြီးအမှူးကို။ ကတွာ၊ ပြု၍။ သန္နိသိန္နေန၊ အညီအညွတ် ကောင်းစွာ စည်းဝေးထသော။ ဒေဝါနံ၊ ဥပပတ္တိနတ်တို့၏။ ဂဏေန၊ အပေါင်းသည်။ ပရိဝါရိတော၊ ခြံရံအပ်သော။ ယောသတ္ထာ၊ အကြင်မြတ်စွာဘုရားသည်။ တဿတာဒိသာယ၊ ထိုသို့ ခပ်သိမ်းသော ဉေယျမံ တရားတို့ကို သဘောအား လျော်စွာ သိခြင်းငှါ စွမ်းနိုင်သော သဘောရှိထသော။ ပညာယ၊ သဗ္ဗညုတပညာတော်၏။ တေဇသာ၊ သတ္တိ သုံးပါးတည်းဟူသော အစွမ်းဖြင့်။ အဘိဓမ္မကထာမဂ္ဂံ၊ ခန္ဓာအစရှိသော ကုသိုလ်အစရှိသော တရားတို့ကို သိကြောင်းဖြစ်သော အဘိဓမ္မာကထာကို။ ဒေဝါနံ၊ မှတ်ယူခြင်းငှါ စွမ်းနိုင်သော နတ်တို့အား။ သမ္ပဝတ္တယိ၊ ကောင်းစွာ အပြားအားဖြင့် ဖြစ်စေတော်မူပြီ။

---

၂။ ။"တေဇသာ"ဟူသောပါဠိအရ သဗ္ဗညုဘဉာဏ်တော်၏ အစွမ်း ၃-ပါးကို ဘော်ပြပါ။

၂။ ။ အစွမ်းသုံးပါး-မှတ်သားဘို့ရာ,
ဒေသေတဗ္ဗ-ဓမ္မဘဖြာ၊
ဧသေတဗ္ဗ-ဓမ္မပကာ,
ဝေနေယျ-အဇ္ဈာသယသာ။ ။

၁–ဒေသေတဗ္ဗဓမ္မ-ဟောအပ်သော တရားကို သိခြင်း။
၂–ဒေသေတဗ္ဗဓမ္မပကာရ-ဟောအပ်သော တရား၏ အပြားကို သိခြင်း။
၃–ဝေနေယျဇ္ဈာသယ-ဝေနေယျတို့၏ အလိုအဇ္ဈာသယကို သိတော်မူခြင်း။

---

၃။ ။"ကိုယ်တော် အထည်းထည်း နိဗ္ဗာန်ဆုကို ယူတော်မူသည် ရှိတော်ရအပ်သော အား, အစွမ်းကို မြင်တော်မူသော ယောကျ်ားမြတ် ဖြစ်လျက် တယောက် အထည်းထည်း ကူးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဝေနေယျ (ပဌမအကြိမ်)

သတ္တာဝါ အပေါင်းတို့ကို သံသရာတည်းဟူသော ရေအယဉ်မှထုတ်၍ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်သို့ တင်အံ့ဟု ကြံတော်မူသဖြင့်။" ဟူသော စကားချီး နိဒါန်းစကားကို "အကောက်ဆရာ" သည် အဘယ်ပါဠိကို ထောက်ထား၍ ဤကဲ့သို့ ရေးသားနိုင်ပါသနည်း။

၃။ ။ ကိံမေ ဧကေနတိဏ္ဏေန,
ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာန,
သန္တာရေဿံ သဒေဝကံ။ ။

ဟူသော ဗုဒ္ဓဝင်ပါဠိတော်ကိုထောက်၍ ရေးသားနိုင်ပါသည်။

---

၄။ ။"လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန် ချမ်းသာကို စွန့်သဖြင့်"ဟူသော စကား၌၊ နိဗ္ဗာန် ချမ်းသာသည် သုမေဓာရသေ့၏ လက်တော်သို့ ရောက်ကြောင်းသော ဝတ္ထုသဘာဝ ဖြစ်ရှိသလော၊ အဘယ်သို့ရောက်ပါသနည်း။

၄။ ။နိဗ္ဗာန်သည် သုမေဓာရသေ့၏ လက်တော်သို့ ရောက်ကြောင်းသော ဝတ္ထုသဘာဝဖြစ်မရှိပါ၊ လက်တော်သို့ ရောက်ပြီးလည်း မဟုတ်ပါ။ သို့သော် ရောက်လုဆဲဆဲဖြစ်၍ ရောက်ပြီး၊ ရပြီးကဲ့သို့"ဥပရိက္ခာ"အားဖြင့် ဆိုပါသည်။

---

၅။ ။ပါရမီ ၁၀-ပါးကို အပြား ၃၀-ဖြစ်အောင် မည်သို့ ယူရမည်နည်း။အကျယ် ဖော်ပြပါ။

၅။ ။ ၁—ဒါနပါရမီ။ ။နည်းများပဟု ပေးလှူစွန့်ကြဲခြင်း။
၂-သီလပါရမီ။ ။ကာယ၊ ဝစီ နှစ်လီ ကိုယ်နှုတ်တို့ကို ထိန်းချုပ် စောင့်ရှောက်ခြင်း။
၃-နိက္ခမပါရမီ။ ။ကာမဂုဏ် တော၊ ဘဝဟောမှ ပျော်ချက်ခြင်း ထွက်မြောက်ခြင်း။
၄—ပညာပါရမီ။ ။အသိအလိမ္မာ ကောင်းစွာ မြော်မြင်နိုင်ခြင်း။
၅ ဝီရိယပါရမီ။ ။မရပနေ အသော်ကြိုးကုတ် လုံ့လထုတ်ခြင်း။
၆-ခန္တီပါရမီ။ ။မြေကြီးကဲ့သို့ အနှိပ်စက်ခံခြင်း ကိုသည်းခံခြင်း။
၇-သစ္စာပါရမီ။ ။မထိန်မချန် ဟုတ်တိုင်းပြန်၍ အမှန်ရိုးသား ပြောကြား မြွက်ဆိုခြင်း။

(ပဉ္စမအကြိမ်)

၈ - အဓိဋ္ဌာနပါရမီ။ ။စိတ် အကြံ အတိုင်း နိဗ္ဗာန်ရှိုင်းဘို့ မဆိုင်းမတွ ပြု လုပ်ခြင်း။

၉ - မေတ္တာပါရမီ။ ။မုန်းသူ့ ချစ်သူ ဤနှစ်လူကို သိတဂူနန်း လယုန်စန်းသို့ ချစ်ပန်း နွယ်ခက် ဆက်ရခြင်း။

၁၀ ဥပေက္ခာပါရမီ။ ။လှည်းကို ရုန်းဆောင် နွားနှစ်ကောင်ကို တကောင် မသာ ညီတညာဖြင့် စီကာသွားမှု လျစ်လျူရှုခြင်း။

ဥပဒါနပါရမီ-ဥပသီလပါရမီ စသောအားဖြင့်ဆိုလေ။

ဥပပါရမီ ၁၀-ပါးဖြစ်၏။

ပရမတ္ထဒါနပါရမီ-ပရမတ္ထသီလပါရမီ စသောအားဖြင့်ဆိုလေ။

ပရမတ္ထပါရမီ ၁၀-ပါးဖြစ်၏။

ယခင် သာမညပါရမီ ၁၀-ပါးနှင့်ပေါင်းသော် "အပြားသုံးဆယ်" ဖြစ်၏။

ဒါန,သီလ-နိက္ခမ,ပါ,
ပညာ,ဝီရိ-ခန္တိ,သစ္စာ၊
အဓိဋ္ဌာန-မေတ္တာ,ပေက္ခာ,
ပါရမီ-ဆယ်လီ မှတ်ကြရာ။ ။
ဥပ,ပရမတ်-ပွားလတ် သုံးဆယ်,
သာမညက-ပြင်ပမှတ်ဘွယ်၊
ဥပ,ဆယ်ဝ-အင်္ဂါကြီးငယ်,
ပရမတ်-ဆယ်ရပ်,အသက်လှယ်။ ။

အပဝတ္တုနှင့်စပ်၍ လှူခြင်းစသည်ကား (သာမညပါရမီ-၁၀)။
ကိုယ်အင်္ဂါနှင့်စပ်၍ လှူခြင်းစသည်ကား (ဥပပါရမီ-၁၀)။
အသက်နှင့်စပ်၍ လှူခြင်းစသည်ကား (ပရမတ္ထပါရမီ-၁၀)။

---

ပ။ ။မည်သည့် အလောင်းတော်ကြီး များသည် ပရမတ္ထပါရမီကို ဖြည့်ဆည်းပူး တော် မူကြပါသနည်း။

ဖ။ ။**ဒါန** ....မီးပုံခုန်ဆင်း-"ယုန်မင်း"ဒါနာ,
**သီလ** ....သံတံကျင်လျှိုထ-"သင်္ခ"သီလာ၊

(ပဉ္စမအကြိမ်)

နိက္ခမ ....စူဠသုတ-သောမမင်းမှာ,
နိက္ခမ-ဒိဋ္ဌ,သူဖြည့်ပါ။ ။

ပညာ ....“သေနက”ခေါ်ဘိ-ပဏ္ဍိကဝိ,
ဖြည့်ဆည်းပူးထ-ပညာပါရမီ၊

ဝီရိယ ....မဟာဇနက-နာမပြောင်ထိန်,
ဝီရိယ-ဖြည့်ထ ပါရမီ။ ။

ခန္တီ ....ခန္တီဝါဒ-ဖြည့်ထ,ခတ္တျာ,

သစ္စာ ....မဟာသုတ-သောမသစ္စာ၊

အဓိဋ္ဌာန်....မူဂပက္ခ-အဲ,အဇာတ်မှာ,
အဓိဋ္ဌာန်-စိတ်ကြံသူဖြည့်ပါ။ ။

မေတ္တာ ....ကေရာဇ-ဖြည့်ထမေတ္တာ,

ဥပေက္ခာ....လောမဟံသ-ဖြည့်ထပေက္ခာ၊
ပရမတ္ထ-ဒသမှတ်ပါ,
ဆည်းပူးကြောင်း-အလောင်း ဤဆယ်ဖြာ။ ။

(အဋ္ဌသာလိနီ ၆၆-၆၇)

---

၇။ ။ပဋ္ဌမဟာပရိစ္ဆာဂ သရုပ်အဓိပ္ပါယ်ကို အကောက်ဆရာပြဆိုထားရာ အဘယ်ကျမ်းကို အမှီပြု၍ ပြဆိုထားပါသနည်း။

၇။ ။မဟာနိပါတ် ဝေဿန္တရာဇာတ် အဋ္ဌကထာ,ဇိနာလင်္ကာရဋီကာကျမ်းတို့ကို အမှီပြု၍ဆိုပါသည်။

---

၈။ ။အင်္ဂပရိစ္စာဂ စသည်တို့သည် ဒါနပါရမီဖြစ်လျက် အဘယ့်ကြောင့် ပဋ္ဌမဟာပရိစ္စာဂဟု-အသီးအခြားဆိုသည်ကို ထင်ရှားအောင်ဖော်ပြပါ။

၈။ ။အင်္ဂပရိစ္စာဂ စသည်တို့သည် ဒါနပါရမီပင်ဖြစ်သော်လည်း စွန့်ခြင်းအထူး ဖြစ်သည်၏အဖြစ်ကို ပြခြင်းငှါလည်းကောင်း,ရဇ္ဇပရိစ္စာဂ-ပုတ္တ,ဒါနပရိစ္စာဂတို့၏ ပြုခြင်းငှါခဲယဉ်းသည်၏အဖြစ်ကို ပြခြင်းငှါလည်းကောင်း, အသီးအခြား“ပဋ္ဌမဟာပရိစ္စာဂ” ကို ဆိုပြန်သည်။

(သီလက္ခန်အဋ္ဌကထာ)

---

၉။ ။စရိယသုံးပါး သရုပ်အဓိပ္ပါယ်ဖြေပါ။

၉။ ။ ဗုဒ္ဓတ်,ညာတတ်-လောကတ္ထသာ,
စရိယသုံး-ခေါ်ထုံးမှတ်ပါ၊
ဘုရားဖြစ်ကျိုး-ဆွေမျိုးတွက်တာ,
လောကကျိုး-သုံးမျိုးစရိယာ။ ။

---

၁၀။ ။"တုသိတာ နတ်ပြည်၌ သေတကေတု အမည်ရှိသော နတ်သားဖြစ်၍ နတ်တကာတို့ထက် အသက်ရှည်ခြင်း အဆင်းလှခြင်း စသော အကြောင်းတို့ဖြင့် လွန်မြတ်လျက်"ဟူသော နိဒါန်း၌ အလောင်းတော် နတ်သားသည် တုသိတာနတ်ချင်း အတူဖြစ်၍ နတ်သက် လေးထောင်သာ ရှည်သင့်လျက် အခြားနတ်ထက်ပို၍ အသက်ရှည်-မရှည်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

၁၀။ ။အခြားသော မနောပဒေါသိက,ခိဍ္ဍာပဒေါသိက နတ်တို့မှာ သက်တမ်း မကုန်ဘဲ ဥပစ္ဆေဒကကံဖြင့် သေကြ၍ အလောင်းတော် နတ်သားမှာကား ထိုကံဖြင့် စုတေခြင်း မရှိသောကြောင့် နတ်တကာတို့ထက် အသက်ရှည်သည်-ဟု ဆိုပါသည်။

---

၁၁။ ။"အသက်ရှည်ခြင်း- အဆင်းလှခြင်း အစရှိသော" ဟူရာ၌ 'အစရှိသော' ဟူသော စကားအရ အဘယ်ကို ယူရမည်နည်း။

၁၁။ ။ သုခ,ယသ-အစိုးရပါ,
ရူပ,သဒ္ဒ-ဂန္ဓ,ရသာ၊
ဖေါဋ္ဌဗ္ဗ,ဟု-ရှစ်ခုယူပါ,
ပေါင်းတုံက-ဒသ အကြောင်းသာ။ ။

(အဋ္ဌသာလိနီ အဋ္ဌကထာ)

---

၁၂။ ။အလောင်းတော်နတ်သား၏ အသက်ကို အောက်ဘုံကနတ် လူ့ဘို့အသက်ဖြင့်သာ ရေတွက်ဘော်မူ၏၊ အကယ်၍ အထက်နတ်ဘုံ ၂-ဘုံက အသက်ဖြင့် ရေတွက်သော် အဘယ်မျှ အသက်ရှည်မည်နည်း။

၁၂။ ။နိမ္မာနရတိ နတ်သားတို့၏ အရေအတွက် အားဖြင့် အနှစ်-၂၀၀၀။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၁၀၀၀။

---

(ပဥ္စမအကြိမ်)

၁၃။ ။"အလောင်းမင်း,ဘုရားဖြစ်အံ့သောအခါကိုင်ပါပြီ (လ) တောင်းသန်အဝ် သည်ဖြစ်၍"ဟု ပြဆိုရာ အဘယ်ပါဌ်ကိုမှီ၍ ဤသို့ပြဆိုပါသနည်း။

၁၃။ ။ ကာလော ဒေဝ မဟာဝီရ,
ဥပ္ပႏ ၁မာတုကုစ္ဆိယံ၊
သဒေဝကံ တာရယန္တော,
ဗုဇ္ဈဿု အမတံ ပဒံ။ ။
ဟူသောပါဌ်ကိုမှီ၍ ပြဆိုပါသည်။

---

၁၄။ ။"ပဉ္စမဟာဝိလောကန"ခေါ် ကြည့်ခြင်းကြီး ငါးပါးကို ကျနစွာအဓိပ္ပါယ် နှင့်တကွ ရှင်းလင်းဘော်ပြပါ။

"ကာလ"

၁၄။ ။ ရာတမ်းအထက်-သိန်းတမ်းအောက်မှာ,
ဘုရားပွင့်ထ-"ဗုဒ္ဓကာလာ"၊

"ဒီပ"

ယူဇနာပေါင်း-သဘောင်းကျယ်စွာ,
"ဇမ္ဗူဒိပ်"-နိမိတ်တောင်ကျွန်းသာ။ ။

"ဒေသ"

သုံးရာအလျား-နံကား,နှစ်ရာ,
ငါးဆယ်ပေါ်တွင်း-အဝှမ်း,ကိုးရာ၊
"ဇဂ်လ,ဇေ"-"ဇေ့တောင်,သာလွာ"
"တောင်သို့ကျ-သေတကဏ္ဏိကာ။" ။
"အနောက်ဘက်ကျ-ဓုနခေါ်ရွာ"
မြောက်သို့လားသ်-ဥသီရဒ္ဓဇာ၊"
နိမိတ်ငါးရပ်-မဇ္ဈတ်လယ်မှာ,
မြတ်ဘုရား-ပွင့်ကြွား"ဒေသ"သာ။ ။

"ကုလ"

ခတ္တိ,ဗြဟ္မဏ-ဝေဿ,သုဒ္ဒါ,
မင်းနှင့်ပုဏ္ဏား-ဟပါးမါးသာ၊

"မာတုအာယု-ပရိစ္ဆေဒ"

ဆယ်လ,ခုနှစ်ရက်-အသက်ကြွင်းသာ,
ငင်းနောက်-လားရောက်,တုသိတာ။ ။

---

၁၅။ ။အလောင်းတော်နတ်သားသည် ကြည့်ခြင်းကြီး ငါးပါးတွင်"ကာလ"ကို အဘယ့်ကြောင့် ကြည့်သည်ဟု အသီးသီးဖြေပါ။

၁၅။ ။အသက်တရာတန်းအောက် ဖြစ်ခဲ့သော် သတ္တဝါများ၏သန္တာန်မှာ ရာဂ,ဒေါသ,မောဟစသော ကိလေသာသောင်းကျန်း၍ တရားဟောသော်လည်း အကျိုးထူးတရားမထင်နိုင်။

သိန်းတန်းအထက်ဖြစ်နေပြန်လျှင်လည်း အသက်ရှည်၍ သတ္တဝါတို့ သန္တာန်မှာ အနိစ္စ, ဒုက္ခ, အနတ္တ, မထင်လွယ်၍ တရားဟောသော်လည်း အကျိုးထူးတရားမထင်နိုင်ရကား .... **ကာလ** ကို ကြည့်တော်မူသည်။

---

၁၆။ ။အဘယ့်ကြောင့်"ဒီပ"ကို ကြည့်တော်မူသနည်း။

၁၆။ ။သဗ္ဗညုဘုရားရှင် ဟူသမျှတို့သည် တောင်ကျွန်းမှ တပါးသောကျွန်း၌ ပွင့်မြဲဓမ္မတာမရှိရကား, တောင်ကျွန်းဟု ဆိုအပ်သော **ဒီပ** ကို ကြည့်တော်မူသည်။

---

၁၇။ ။အဘယ့်ကြောင့်"ဒေသ"ကို ကြည့်သနည်း။

၁၇။ ။သဗ္ဗညုဘုရား ဟူသမျှတို့သည်- အဝှမ်းယူဇနာ ၉၀၀-ရှိသော မဇ္ဈိမဒေသအတွင်းမှာ ပွင့်မြဲဓမ္မတာဖြစ်၍ **ဒေသ** ကို ကြည့်တော်မူသည်။

---

၁၈။ ။အဘယ့်ကြောင့်"ကုလ"ကို ကြည့်သနည်း။

၁၈။ ။ဝဿ-သုဒ္ဒ-ဟု ဆိုအပ်သော အမျိုးတို့သည် ယုတ်ကုန်သည်ဖြစ်၍ ထိုအမျိုးမှ ဘုရားဖြစ်ခဲ့သော် မြတ်သော-ခတ္တိယ,ဗြာဟ္မဏအမျိုးတို့သည် ဘုရားအား-မထီမဲ့မြင် ပြုခဲ့ရာသောကြောင့် ခတ္တိယ,ဗြာဟ္မဏမျိုးဟုဆိုအပ်သော **ကုလ**ကို ကြည့်တော်မူ၏။

---

၁၉။ ။အဘယ့်ကြောင့်'မာတု အာယု ပရိစ္ဆေဒ'ကို ကြည့်သနည်း။

၁၉။ ။ဘုရားလောင်းတို့ ကိန်းတော်မူသော ဝမ်းတိုက်၌ တစုံတယောက်သော သတ္တဝါသည် ကိန်းအောင်းခြင်းငှါ မထိုက်ရကား - အာယု ကုန်ခါနီးဟုတ်ပါလေ၏လောဟု **မာတု အာယု ပရိစ္ဆေဒ**-ကို ကြည့်တော်မူသည်။

"ဒေသ"အရ မဇ္ဈိမဒေသယူပုံမှာ အင်္ဂုတ္တိုရ်အဋ္ဌကထာ ၇၇-နှင့် ၃၀၀-နံပါတ်တို့၌ ပြဆိုရာ တကျမ်းတည်းမှာပင် (၂)မျိုးကွဲလျက်ရှိသည်။ ယခုဘော်ပြသောနည်းမှာ ၇၇-နံပါတ်ပါ ပဌမနည်းဖြစ်သည်၊ အကျယ်ကို သိလိုမူ- ၎င်းတို့မှာ ယူပါလေ။

---

၂၀။ ။အလောင်းတော်နတ်သားသည် ယူဇနာ ၁၆၀၀၀၀-ဝေးသော တုသိတာနတ်ဘုံမှ စုတေ၍ မယ်တော်မာယာဝမ်းတိုက်သို့ ဝင်သည့်အခိုက်၌ ယူဇနာ ၇၁၀၅၆၀၀၀-ဝေးသော နေဝသညာနာသညာ ယတန ဘုံမှ ပြုဟ္မာတယောက်သည် တပြိုင်နက်စုတေလျက် လူ့ပြည်သို့တယောက်သော အမိဝမ်း၌လာပြီး အကယ်၍ပဋိသန္ဓေနေမူ ဘုရားလောင်းနှင့် ထိုပြဟ္မာသည် အဘယ်သူ လူ့ပြည်သို့ အလျင်ရောက်မည်နည်း-အကြောင်းပြဖြေပါ။

၂၀။ ။ဖြစ်ရာဌာန နီးမှု, ဝေးမှုသည် ပဓာနမဟုတ်, ဇုတိ၏အခြားမဲ့၌ ပဋိသန္ဓေစိတ်သည် ခဏယ်မခြားမှု၍ ဖြစ်သောကြောင့် အတူတူရောက်သည်။

၂၁။ ။ဘုရားလောင်းသည် - မည်သည့်စိတ်ဖြင့် ပဋိသန္ဓေနေကြောင်းကို ဖော်ပြပါ။

၂၁။ ။အဋ္ဌသာလိနီစသော အဋ္ဌကထာ ဋီကာများအလို မဟာဝိပါက်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်ဖြင့် ပဋိသန္ဓေနေသည်။

ပဟာသိဝထေရ်အလိုအားဖြ င့် မဟာဝိပါက် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြ င့် ပဋိသန္ဓေနေသည်ဟု ဆိုပါသည်။

---

၂၂။ ။အလောင်းတော် နတ်သားသည် နတ်ဘုံမှစုတိခါနီး ထင်လာသောနိမိတ်ငါးပါးကို ဖော်ပြပါ။

၂၂။ ။ ၁—နတ်ဝတ်ညစ်နွမ်း-
၂—ညိုးနွမ်းမာလာ,
၃—လက်ကတီးကြား-ချွေးများယိုခါ၊
၄—အဆင်းလည်းချို-
၅—နတ်တို့ဘုံမှာ,ပျော်နိုင်ဘူး-ပမူးငါးအင်္ဂါ။

---

၂၃။ ။ပဋိသန္ဓေယူခြင်း ၈-မျိုးကို ဥဒါဟရဏ်နှင့်တကွ ဖော်ပြ၍ ဘုရားလောင်း၏ မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေယူခြင်းသည် အဘယ်အမျိုးအစားဟု ညွှန်ပြပါ။

၂၃။ ။အဗ္ဗုဒစဝ၊ သံသဂ္ဂနှင့်၊ စောဠ္ဍ,အသုစိ၊ နာဘိ,ရူပ၊ သဒ္ဒ,ဂန္ဓာ၊ ဤ ၈-ပြာကြောင့်၊ စွဲလာသန္ဓေ၊ ဖြစ်တတ်ချေ၏၊ အဗ္ဗေ့သံသဂ်၊ ထိုနှစ်ချက်မှာ၊ ထင်ရှားပါ၏၊ စောဠ္ဍာစသား၊ နောက်ခြောက်ပါး၌၊ မှတ်သားဘို့ရာ၊ ကုမာကဿပ၊ မိဂသိင်္ဂ၊ သုဝဏ္ဏသျှမ်နှင့်၊ မဏ္ဍပျပစ္စော၊ ရာဇောရောဓာ၊ ဗလကာဂါဝီ၊ စသည်များစွာ၊ သတ္တဝါတို့၊ အဝိဇ္ဇာနှင့်၊ တဏှာမကင်း၊ အကြောင်းရင်းက၊ ဤသုံးတန်ကြောင့်၊ ဝိညာဏ်ဆက်စပ်၊ သန္ဓေကပ်သည်၊ ကျမ်းမြတ် ဋ္ဌကထာ ပိန္နခုံ:တည်း။ (ပါရာဇိကကဏ်,သုဒိန္နကဏ္ဍ အဘွင့်အမှုလက်ာ)
(ပဥ္စမအကြိမ်)

ဤ ၈-ပါးတို့တွင် အလောင်းတော်သည် အဏ္ဏဝါစာရအစွမ်းဖြင့် ပင့်သန္ဓေယူပါသည်။

---

၂၄။ ။အမိဝမ်း၌ ကိန်းအောင်းခြင်း"ဂဗ္ဘဝေါက္ကန္တိ"၄-မျိုးကိုဖော်ပြပါ။

၂၄။ ။ဘုရားလောင်းတို့သည် ပဋိသန္ဓေ ဝင်အောင်းစကိုင်း, အောင်းနေရသည်ကိုင်း, ဘွားသည်ကိုင်း သုံးချက်လုံးသိသည်။ (တမျိုး)

ပစ္စေကဗုဒ္ဓါတို့မှာ ဝင်အောင်းစကိုင်း, အောင်းနေရသည်ကိုင်း ၂-ချက်သိသည်။ (တမျိုး)

အဂ္ဂသာဝကတို့မှာ ဝင်အောင်းစ တချက်သာသိသည်။ (တမျိုး)

အခြားသတ္တဝါမှာ ၎င်းသုံးချက်ကို တချက်မျှ မသိပေ။ (တမျိုး)

၁—ဘုရားလောင်းများ၊ ဝင်,နေ,ဘွား၊ သုံးပါးသိကြပေ။
၂—ပစ္စေကမှာ၊ ဝင်,နေ,သာ၊ အဂ္ဂါဝင်စပေ။
၃—သာမညလူတွင်၊ ဝေးကွာစင်၊ သုံးအင်မသိပေ။
(သာရတ္ထဒီပနီအာ်ဆို။)

**ဘုရားအလောင်း၊ ဝင်,အောင်း,ဘွားမြင်,**
**ပစ္စေကလောင်း၊ ဝင်,အောင်း,သာထင်၊**
**နှစ်ဦးအဂ္ဂ၊ ဝင်စ,သာမြင်,**
**ကြွင်းလူများ၊ သုံးပါးကွာလို့စင်။ ။**

---

၂၅။ ။ပြာသာဒ်သုံးဆောင်၏ အမည်နာမနှင့် ဘုံဆင့်အထပ် မည်သည့်ဥတုမှာ မည်သည့်ပြာသာဒ်၌ စံနေကြောင်းကို ဖော်ပြပါ။

၂၅။ ။ရမ္မ,ပြာသာဒ် နွေဥတုမှာ စံနေသည် ၅-ဆင့်ရှိသည်။
သုဘ,ပြာသာဒ် ဆောင်းဥတုမှာ စံနေသည် ၉-ဆင့်ရှိသည်။
သုရမ္မ,ပြာသာဒ် မိုးဥတုမှာ စံနေသည် ၇-ဆင့်ရှိသည်။
အလျား,အနံ,အစောက်အားဖြင့် အားလုံးတူကြသည်။

### ဆောင်ပုဒ်ဂါထာ

ရမ္မနွေသင့်-ငါးဆင့်ရှိသည်,
သုဘဆောင်းသင့်-ကိုးဆင့်ရှိသည်၊
သုရမ်မိုးသင့်-ခုနစ်ဆင့်ရှိသည်,
လျားနံစောက်-မြင့်မောက်တူကြပြီ။ ။

---

၄၆၀၄ (ပဥ္စမအကြိမ်)

၂၆။ ။ယသောဓိရာ၏ အခြဲအရံ သာကိဝင်မင်းသမီးပေါင်းမှာ မည်မျှရှိသည်ကို ဖော်ပြပါ။

၂၆။ ။စတ္တာလီသသဟဿာစ၊ နာဋကိတ္ထိယော ဥပဋ္ဌာပေတိ၊ ဇာတက အဋ္ဌကထာ နိဒါန်းအလို လေးသောင်း-ရှိသည်။

အဋ္ဌာရသသဟဿာနိ၊ သဗ္ဗာ သာကိယသမ္ဘဝါ၊ ဟူသော ယသောဓရာ ထေရီအပဒါန်၌ကား တသောင်းရှစ်ထောင်-သာလ၏။

---

၂၇။ ။အရှေ့မြောက်ထောင့်ကရပ်လျက်၊ တနည်း-အရှေ့ကရပ်ပျက်ဟု နှစ်ဝါဒ ပင် ပြဆိုရာ မည်သည့်ဝါဒသည် မည်သည့်ကျမ်းကိုမှီ၍ ဆိုပါသနည်း။

၂၇။ ။ပဌမစကားမှာ သီလက္ခန်အဋ္ဌကထာ, ဗုဒ္ဓဝင် အဋ္ဌကထာ, ဇိနာ လင်္ကာရဋီကာ, သံယုက္တနိကာယသစ်တို့ကိုမှီ၍ ဆိုသောစကားဖြစ်သည်။

ဒုတိယစကားမှာ မူလပဏ္ဏာသအဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့ကို မှီ၍ဆိုပါ သည်။

---

၂၈။ ။သုဇာတာလှူသော "နို့ဃနာ" ဟူသည် အဘယ်ကဲ့သို့ စီရင်ပါသ နည်း။

၂၈။ ။ နွယ်ချို တောကျောင်း-နွားပေါင်း,ထောင်မှာ,
နို့ရေချိုအေး-တိုက်ကျွေးငါးရာ၊
ငါးရာမှနို့-သောက်စို့စေပါ,
သားသည်မှ-နှစ်ရာငါးဆယ်မှာ။ ။

နှစ်ရာငါးဆယ်မှ-တရာ့စိတ်မှာ,
နို့ရေချိုအေး-တိုက်ကျွေးသည်သာ၊
တရာ့အစိတ်မှ-ထွက်ထနို့မှာ,
ခြောက်ဆယ့်လေး-တိုက်ကျွေးစေသည်သာ။ ။

ခြောက်ဆယ့်လေးထွက်-သုံးဆယ့်နှစ်ကောင်,
ငှင်းမှထွက်-တဆယ့်ခြောက်ကောင်၊
တဆယ့်ခြောက်မှ-နွားမ ရှစ်ကောင်,
ရှစ်ကောင်မှ-နွားမနို့ရေဆောင်။ ။

(ပဉ္စမအကြိမ်)

သူဋ္ဌေးသိမ်းဟု-ဝေးနီးပုံကျော်,
"သုဇာတာ"ကား-နတ်အားရည်ရော်၊
ကောင်းစွာပြုလုပ်-ချက်ပြုတ်ပျော်ပျော်,
အဆုံးကျ-ဗုဒ္ဓ လှူကပ်သော်။ ။

ဓေနုသဟဿံ လဋ္ဌိမဓုကဝနေ စရာပေတွာ တာသံ ခီရံ ပဉ္စဓေနုသတာနိ ပါပေတွာ တာသံ ခီရံ အဍ္ဍတိယာနိစ သတာနိတိ ဧဝံ ယာဝ သောဠသန္နံ ဓေနူနံ ခီရံ အဋ္ဌ ဓေနုယော ပိဝန္တိ တာဝ ခီရဿ ဗဟလတရဥ္စ မဓုတရဥ္စ ဩဇဝန္တဥ္စ ပတ္ထယမာနာ ခီရပရိဝတ္တံနာမ အကာသိ။

(ဇာတကအဋ္ဌကထာနိဒါန်း။)

---

၂၉။ ။သုဇာတာလှူသော "ရွှေခွက် ပမာဏ" ကား အဘယ်မျှလောက်ကြီးသနည်း။ (သုဇာတာ ပေ၊ လှူဒါန်းလေ၊ ရွှေခွက် ဘယ်မျှဝင်သနည်း။)

## စွယ်စုံကျော်ထင်

၂၉။ ။ရွှေခွက်၏ပမာဏကို ကျမ်းဂန်မှာမပြ၍ ခန့်မှန်းချေအားဖြင့် ထန်းသီးပမာဏ ဆွမ်း ၄၉-လုပ်စာ ဝင်သည်ဖြစ်၍"ခွဲတောင်းပမာဏ"ရှိသည်ဟု ကျီးသဲလေးထပ် ဆရာတော်ဆိုသည်။

**ထန်းသီးပမာဏ ပိဏ္ဍလောပံ,**
**လေးဆယ့်ကိုးမျှ-ဝင်ထ,လေပြန်၊**
**ခွဲတောင်းပမာဏ-ခန့်ရကေန်,**
**သုဝဏ္ဏ-ပတ္တပမာဏံ။**

---

၃၀။ ။အဇပါလ ညောင်ပင်ဟူသည် အဘယ့်ကြောင့်, အဇပါလ ခေါ်သည်မည်သည့်အရပ်မှာ တည်ရှိ၍ ဗောဓိပင်နှင့် မည်မျှ ဝေးကွာကြောင်းကို ဖော်ပြပါ။

၃၀။ ။ ဆိတ်ကျောင်းသားတို့-ပျော်ပါးခိုဝင်,
အဇပါလ-ခေါ်ထညောင်ပင်၊
ဗောဓိပင်မှ-ဒေသ,ရှေ့တွင်,
သုံးဆယ့်နှစ်လံ-ဝေးပြန်,ထိုသစ်ပင်၊
(ဗောဓိပင်မှ အဇပါလ ညောင်ပင်အထိ ၃၂-လံ ဝေးသည်။)

---

((ပဋ္ဌမအကြိမ်))

၃၁။ ။ဗောဓိမဏ္ဍိုင် ဟူသည့်ပုဒ်ကို ပုဒ်ဖြတ်ခွဲ၍ အစိတ်, အပေါင်း အဓိပ္ပါယ် ပြန်ပါ။

၃၁။ ။ ဗောဓိ,အရ-မဂ္ဂညာဏ်,
သဗ္ဗညုတ-ညာဏ,တဘန်၊
ကြည်လင်ရာပ-ဒေါ်ရမဏ္ဍ,
ပေါင်းတုံဘိ-ဗောဓိပဏ္ဍိုင်မှန်။

မဂ်ဉာဏ်,သဗ္ဗညုတဉာဏ်တို့၏ ကြည်လင်ရာဌာနဖြစ်သော ညောင်ဗုဒ္ဓဟေပင်သည်"ဗောဓိမဏ္ဍိုင်"ဟူလို။

---

၃၂။ ။ရွှေပလ္လင်သည် အဘယ်မျှမြင့်၍ ဗောဓိပင်နှင့်, ဘယ်မျှကွာသည် ဘယ်ဘက်မှာ တည်ရှိသည်တု ညွှန်ပြပါ။

၃၂။ ။ ပလ္လင်မြင့်ရေး-ဆယ့်လေးတောင်သာ,
လေးတောင်ထွာမျှ-ကွာလှသည်သာ၊
ဗောဓိပင်မှ-ပုဗ္ဗဒိသာ,
ပလ္လင်-ဝင်းပ,ရွှေရောင်ဖြာ။

(ပရိတ်ကြီးနိဒါန အပါဒါန်ဇုဒ္ဓဝင် အဋ္ဌကထာအဆို။)

---

၃၄။ ။အဘယ့်ကြောင့် ပလ္လင် ပလ္လင်ဟု ခေါ်သည်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ် ပြန်ပါ။

၃၃။ ။ပရိသမန္တတော အင်္ဂီယတေ-လက္ခိယတေတိ ပလ္လင်္ကံ။

ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ အင်္ဂီယတေ လက္ခိယတေ၊ ပိုင်းခြား မှတ်သားအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပလ္လင်္ကံ၊ ပလ္လင်္ကံမည်၏။ ဝါ-ပလ္လင်မည်၏။

ထက်ဝန်းကျင်မှ ပိုင်းခြားမှတ်သားအပ်သော အရပ်ဒေသ အထူးသည် ပလ္လင်မည်ပါသည်။

---

၃၄။ ။မဟာဗောဓိပင်၏ အမြင့်, သံတောင်, ခက်မ, ခက်သေး,ခက်ငယ် မည်မျှ ရှိ၏ဟု ဖော်ပြပါ။

၃၄။ ။ သံတောင်,တရာမျှ-ခက်မငါးဖြာ,
ကောင်းစွာယှက်မွေး-ခက်သေးတရာ၊
ခက်ငယ်,တထောင်မျှ-ရုက္ခမဟာ,
ထုတ်ဖော်ပြ-သုတ္တ,မဟာဝါ။

---

[(ပဋ္ဌမအကြိမ်)]

၃၅။ ။အဘယ့်ကြောင့် အပ္ပရာဇိတပလ္လင်ဟု ခေါ်သနည်း။

၃၅။ ။ အပ္ပရာဇိ-ခေါ် ဘိပလ္လင်,
သူတပါးတို့-အောင်ခြားမမြင်၊
မြတ်စွာဗုဒ္ဓ-ဒုက္ခကင်းစင်,
ရန်အမျိုး-ပယ်ချိုး"ဤပလ္လင်"။

---

၃၆။ ။အဘယ့်ကြောင့်"နေရဉ္စရာမြစ်"ဟု ခေါ်သနည်း။

၃၆။ ။ မြူမှုန့်အမှိုက်-မှော်ဒိုက်ကင်းစင်,
နေရဥ္စရ-ခေါ်ရမြစ်ပင်၊
စိမ်းညိုရေရှိ-ပြ၏အသွင်,
ထိုကြောင့်လဲ-ခေါ်မြဲ့မြစ်"နေရဥ္စ"။

---

၃၇။ ။"နှစ်လမ်း သုံးဘဝါး"ဟူသည် အဘယ်နည်း။

၃၇။ ။ လူ့ပြည်မှယူ-ယူမှု့တာမှာ,
နှစ်လမ်းကြွသွား-ဘုရားပါဒါ၊
လူ့ပြည်နှင့်ယု-မေရုတောင်သာ,
သုံးဘဝါး-ဘုရား့ဒေသစာ။

## နှစ်လမ်း

၁–လူ့ပြည်မှ့ယုဂန္ဓိုရ်တောင်ထိပ့်တလမ်း။
၂–ယုဂန္ဓိုရ်တောင်ထိပ်မှ့တာဝတိံသာ့တလမ်း။

## သုံးဘဝါး

၁–လူ့ပြည်မှာ-ဘယ်ခြေ့တဘဝါး။
၂ ယုဂန္ဓိုရ်တောင်ထိပ်မှ-ညာခြေ့တဘဝါး။
၃-မြင့်မိုရ်တောင်ထိပ် တာဝတိံသာ နတ်ပြည်မှာ ဘယ်ခြေ့ တဘဝါး။

---

၃၈။ ။"ပင်လယ်ကသစ်ပင်"ဟူသည် တာဝတိံသာနတ်ပြည်၏ မည်သည့်ဌာနမှာရှိသည်၊ အဘယ်မျှမြင့်၍ ကိုင်းကြီးဘယ်မျှ, လုံးပတ်ဘယ်မျှ, မည်မျှ လောက် အသက်ရှင်မည်ဟု ရှင်းလင်းဖော်ပြပါ။

(ပဋ္ဌမအကြိမ်)

၃၇။ ။ ရွှေမြောက်ဒေသ-ရပ်ဌာနမှာ,
ယူဇနာဆင့်-အမြင့်တရာ၊
ရွှေနောက်တောင်မြောက်-ပေါ်ပေါက်ကိုင်းမှာ,
လုံးပတ်ကား-ဆယ့်ငါးယူဇနာ။

ဘဒ္ဒကကပ်လုံး-ပျက်ဆုံးတိုင်အောင်,
ဤကမ္ဘာကြီး-ပျက်စီးမီးလောင်၊
ထိုခါကာလ-ပြာကျစင်ပြောင်,
ကမ္ဘာလုံး-အဆုံးတိုင်၍ဆောင်။

၃၉။ ။"ပဏ္ဍုကမ္ဗလာ"ဟူသည် အလျား, အနံ,အထု မည်မျှရှိ၍ မည်သည့်ဌာနမှာ တည်ရှိကြောင်းကို ဖော်ပြပါ။

၃၉။ ။ မြောက်ဆယ်အလျား-နံကားဆယ်သာ,
ထုမှာဆယ့်ငါး-မုဝ်သား ယူဇနာ၊
ထားရာ ရွှေမြောက်-ကသစ်အောက်မှာ,
တောင်မြောက်အား-ခင်းထား"ကျောက်နေရာ။"

အလျား ယူဇနာ-၆၀၊ အနံယူဇနာ-၅၀၊ အထု ၁၅-ယူဇနာ၊ တာဝတိံ နတ်မြို့ အရှေ့မြောက် ပင်လယ်ကသစ်ပင်အောက်မှာ တောင်နှင့်မြောက် အလျား ထား၍ ခင်းထားလေသည်။

၄၀။ ။"မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သားကို"ဟူ၍ပြဆိုရာ"မာတရံပမုခံ"ဟူသော အဋ္ဌကထာနှင့်မဆန့်ကျင်ပြီလော အကြောင်းပြ၍ဖြေပါ။

၄၀။ ။"မာတရံ"ဆိုသော အဋ္ဌကထာပါဠ်မှာ လူဖြစ်စဉ်ကာလကို ရည်၍ ဆိုသည်။ နတ်သားဆိုသော စကားမှာ"နတ်ဘဝ"ကို ရည်၍ဆိုသည်။ ဤကြောင့် မဆန့်ကျင်ပါ။

ထိုကြောင့် "ဒေဝပုပတ္တိ ပန ပုရိသဘာဝေန ဝုတ္တာ။"

(ထေရအဋ္ဌကထာ)

သန္တုသိတဒေဝပုတ္တာ။

(ဓမ္မပဒအဋ္ဌကထာ)

(ပဉ္စမအကြိမ်)

၄၁။ ။"တသောင်းသောစကြဝဠာတိုက်မှ တညီတညွတ် စည်းဝေး လာကုန်သော နတ်ဗြဟ္မာ အပေါင်းတို့အား" ဟူသော စကားဖြင့် နစ်စေအပ်, ယူစေအပ်သော အနက်များကို ဘော်ပြပါ။

၄၁။ ။စကြဝဠာတသောင်းဟု ဆိုအပ်သော "ဇာတိခေတ်"သာ ဗုဒ္ဓခေတ်ဖြစ်၍ လာရောက်နာယူနိုင်ကြသည်ကား ယူအပ်သောအနက် "အာဏာခေတ်, ဝိသယခေတ်"တို့ကား ဗုဒ္ဓအာဏာပဝတ္တနခေတ်, ညာဏဝိသယခေတ်ဖြစ်၍ ထိုခေတ်သားတို့ မလာ မရောက်နိုင်ကြဟု ဆိုလိုသည်ကား နစ်စေအပ်သော အနက်ဖြစ်ပါသည်။

---

၄၂။ ။"ဝါတွင်း သုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်သည်"ဟူရာ၌ ဝါတွင်းသုံးလဟောသော အဘိဓမ္မာဒေသနာတော်သည် ဓမ္မက္ခန္ဓာပေါင်း ဘယ်မျှပြီးစီးသနည်း။

၄၂။ ။"အဘိဓမ္မေ-ညာနု,ဩ,ရော,စူ" ဟူသည်နှင့်အညီ ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀-ပြီးသည်။

---

၄၃။ ။ဝိတ္ထာရနယ, သင်္ခေပနယ, နာတိဝိတ္ထာရ နာတိသင်္ခေပနယတို့၌ ဖြစ်သင့်သော ဒေသ, ဒေသက, ပဋိဂ္ဂါဟက တို့ကို အသီးသီးဘော်ပြပါ။

၄၃။ ။ဝိတ္ထာရနယကိုဟောတော်မူရာဒေသ,ကား"တာဝတိံသာနတ်ပြည်" ဒေသက,ကား "မြတ်စွာဘုရား"

ပဋိဂ္ဂါဟက,ကား "သန္တုသိတနတ်သား အမှူးရှိသော နတ်ဗြဟ္မာအပေါင်း" ဖြစ်ပါသည်။

သင်္ခေပနယကို ဟောတော်မူရာ ဒေသ,ကား"စန္ဒကူးတော"ဒေသက, ကား "မြတ်စွာဘုရား"

ပဋိဂ္ဂါဟက,ကား "ရှင်သာရိပုတ္တရာ" ဖြစ်ပါသည်။

နာတိဝိတ္ထာရ နာတိသင်္ခေပနယကို ဟောတော်မူရာ ဒေသ, ကား "သင်္ကာသနဂိုရ်ပြည်" ဒေသက,ကား "ရှင်သာရိပုတ္တရာ"

ပဋိဂ္ဂါဟက,ကား "လင်းနို့သား ဖြစ်ဘူးသော ငါးရာသော ရဟန်းများ"ဖြစ်ကြသည်။

(ဒေသ,အရာ၌ "ဘန္တေ သင်္ကဿနဂရေ ဝဿံ ဥပဂတော"ဟူသော ဓမ္မပဒအဋ္ဌကထာကို မျှော်ပါလေ။)

---

(ပဉ္စမအကြိမ်)

၄၄။ ။အဓိဂမနိဒါန်း, ဒေသနာနိဒါန်း ၂-ပါးအထူးကို ဖြေပါ။

၄၄။ ။ ဒီပင်္ကရ-ဗုဒ္ဓထံမှာ,
ဗောဓိပင်ထိ-"အဓိဂမာ"
ဗောဓိပင်မှ-ဓမ္မစကြာ,
ပည့်ခေါ်ဆန်း-"နိဒါန်းဒေသနာ"။

၁–ပါရမီတောဂ-စရိယသုံးတန်,
အဓိဂပ-ခေါ်ကြနိဒါန်း၊
သဗ္ဗညုတ-ညာဏတဖန်,
"ဓိဂမ"-ခေါ်ကြစေဘို့ရန်။ ။

၂–ဒေသ,ကာလ-ဒေသက,တဖန်,
ပရိသတ်ဟု-လေးခုအမှန်၊
ဒေသနာမှန်း-နိဒါန်းခေါ်ရန်,
ဂိုကာကျမ်း-ခန်းခန်းသိကြပြန်။ ။

---

၄၅။ ။ဒူရေ, အဝိဒူရေ, သန္တိကေ နိဒါန်းသုံးပါးအထူးကို ရှင်းလင်းဖော်ပြပါ။

၄၅။ ။ ဒီပင်္ကရ-ပါဒမူလေ,
တုသိတာပြန်း-နိဒါန်း"ဒူရေ"၊
တုသိ ဗောဓိ-"အဝိဒူရေ,"
ဗောဓိမှ-တာဝ"သန္တိကေ"။

---

၄၆။ ။အဘယ့်ကြောင့်"နိဒါန်း"ဟု ခေါ်ပါသနည်း။

၄၆။ ။ နိဒါတိ ဒေသနံ ဒေသကာလာဒိဝသေန
အဝိဒိတံ ဝိဒိတံ ကတွာ ဒဿေတီတိ"နိဒါန"

ဒေသ ကာလ အစရှိသည်တို့၏ အစွမ်းဖြင့် မထင်ရှားသော ဒေသနာကို ထင်ရှားအောင်ပြု၍ ပြတတ်သောကြောင့်"နိဒါန်း"မည်၏။

---

၄၇။ ။ပကရဏရှိရာ၌, အားဖြင့် အဘိဓမ္မာ ၇-ကျမ်းဟူရာ၌ "ကထာဝတ္ထုကျမ်း"သည် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ဟောသည်ဖြစ်၍ သာဝကဘာသိတ ဖြစ်ရကား ဗုဒ္ဓဘာသိတအဘိဓမ္မာ ၆-ကျမ်းသာ ဆိုသင့်သည်မဟုတ်ပါလော အကြောင်းပြ၍ ရှင်းလင်းပါ။

၄၇။ ။ကထာဝတ္ထုကျမ်းသည် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဟောသော်လည်း ဘုရားရှင်သည် ပေးတော်မူအပ်သော မာတိကာကိုယူ၍ ဟောရ (ပဥ္စမအကြိမ်),

ကား ဗုဒ္ဓဘာသိတဟူ၍ပင်ဆိုသင့်သောကြောင့် အဘိဓမ္မာသည် ပကရဏပရိစ္ဆေဒအားဖြင့် ၇-ကျမ်းပင်ဖြစ်သည်။

(အဋ္ဌသာလိနီ-၄)

---

၄၀။ ။"အဘိဓမ္မာ" ဟူသောပုဒ်ကို ဝစနတ္ထ ဖြစ်သင့်သမျှပြ၍ ထိုဝစနတ္ထတို့၏ ဖြစ်သင့်ခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

၄၀။ ။ ယံ ဧတ္ထ ဝုဍ္ဎိမန္တော သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ
ဝုတ္တာဓိကာစဓမ္မာ "အဘိဓမ္မော" တေန အက္ခာတော။ ။
ဟူသော အဋ္ဌသာလိနီ-ပါရာဇိကဏ်တို့နှင့်အညီ--

၁–အဘိဝုဍ္ဎိမန္တော ဓမ္မာ ဧတ္ထာတိ....

၂–အဘိလက္ခိတာ ဓမ္မာ ဧတ္ထာတိ....

၃–အဘိပူဇိတာ ဓမ္မာ ဧတ္ထာတိ....

၄–အဘိပရိစ္ဆိန္နာ ဓမ္မာ ဧတ္ထာတိ....

၅–အဘိအဓိကာ ဓမ္မာ ဧတ္ထာတိ "အဘိဓမ္မော"

၁–"ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ" အစရှိသည်ဖြင့် ပွားကုန်သော တရားတို့ကို ဟောရာဖြစ်သောကြောင့် ပဌမဝိကပ်ဖြစ်သင့်၏။

၂–"ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ" အစရှိသည်ဖြင့်အာရုံစသည်တို့ဖြင့် ပိုင်းခြားအပ်သော တရားတို့ကို ဟောရာဖြစ်သောကြောင့် ဒုတိယ ဝစနတ္ထဖြစ်သင့်၏။

၃–"သေက္ခာဓမ္မာ, အသေက္ခာဓမ္မာ, လောကုတ္တရာဓမ္မာ" စသည်ဖြင့် "ပူဇော်အပ်သော တရားတို့ကို ဟော ရာ ဖြစ် သော ကြောင့်" တတိယ ဝိဂ္ဂဟဖြစ်သင့်၏။

၄–"ဖဿောဟောတိ-ဝေဒနာဟောတိ" စသည်ဖြင့် သဘာဝဓမ္မတို့ကို ပိုင်းခြား၍ ဟောရာဖြစ်သောကြောင့် စတုတ္ထဝိဂ္ဂဟ်ဖြစ်သင့်၏။

၅–"မဟဂ္ဂတာဓမ္မာ, အပ္ပမာဏာဓမ္မာ, အနုတ္တရာဓမ္မာ" အစရှိသောအားဖြင့် "လွန်မြတ်ကုန်သောတရားတို့ကို ဟောရာဖြစ်သောကြောင့်" ပဥ္စမဝါကျဖြစ်သင့်၏။

(အဋ္ဌသာလိနီ-၁၉)

---

(ပဥ္စမအကြိမ်)

၄၉။ ။အဘိဓမ္မာ၌ နိဒါန်းထားရခြင်း အကျိုးကိုဖြေပါ။

၄၉။ ။နိဒါန်းထားရခြင်းအကျိုးမှာ အဘိဓမ္မာ၌ အကယ်၍ နိဒါန်းမထား ခဲ့သော် ဗုဒ္ဓဘာသိတမဟုတ်ဟု အယူရှိသော ပုဂ္ဂိုလ်တို့၏ မိစ္ဆာဝါဒကို ပယ်မြစ်ရခြင်းအကျိုးရှိသည်။

---

သက္ကရာဇ် ၁၁၀-ပြည့်နှစ် ဝါဆိုလကွယ်နေ့ကြီးသည်ကား မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာ တရားဟော၍ အစိတ်အဝက်ပြီးသော နေ့မြတ်နေ့ထူးကြီး ဖြစ်သည့်အားလျော်စွာ ၁၂၉၈-ခု၊ ဝါဆိုပကွယ်နေ့ကြီး သည်လည်း အဘိဓမ္မာညဝါလရောင်ကျမ်း ကြီး၏ နိဒါန်းရေး၍ ပြီးဆုံးသော နေ့ကြီး ဖြစ်သဖြင့် အောက်ပါနိဒါန်းကို ကျူးရင့်မိပါသတည်း။

အဘိဓမ္မာ-ညဝါလရောင်၊
လောကကိုလွှမ်း-ထိန်လျှမ်းဝင်းပြောင်၊
သာသနာ့အလုံး-ကုန်ဆုံးတိုင်အောင်၊
ထွန်းပါစေ-လင်းစေလူတို့ဘောင်။

---

(ပဥ္စမအကြိမ်)




# ပကိဏ္ဏကအခဏ်း

●

## မာတိကာတိုက် အားလုံးနှင့် ဆက်ဆံသောအချက်

၁။ ။အဘယ့်ကြောင့် "မာတိကာ" ခေါ်သည်ဟု ဥပမာဖြင့် ထင်ရှားအောင် ဖော်ပြပါ။

၁။ ။"မာတာဝိယာတိ မာတိကာ" ဤဝစနတ္ထအလိုအားဖြင့် "အမိ" နှင့် တူသောကြောင့် "မာတိကာ" မည်၏၊ အဘယ်သို့ တူပါသနည်းဟူမူ အမိသည် သားသမီးကို ဖြစ်စေသကဲ့သို့ မာတိကာသည်လည်း "ပဒဘာဇနီ" ကို ဖြစ်စေသည်။

"မာတိကာ ဝိယာတိ မာတိကာ" ဤ ဝစနတ္ထအလိုအားဖြင့် "ရေမြောင်း" နှင့် တူသောကြောင့် "မာတိကာ" မည်၏။ အဘယ်သို့ တူပါသနည်းဟူမူ ရေမြောင်းသည် ကန်လယ် စသည်နှင့်စပ်သကဲ့သို့ မာတိကာသည်လည်း "နိဒ္ဒေသ" နှင့်စပ်၏။

---

၂။ ။ဤမာတိကာ၌ အဘယ်မျှလောက်သော "ပရိစ္ဆေဒ" ဖြင့် ပိုင်းခြားအပ်ပါသနည်း။

၂။ ။၂၂-တိုက်ကို ပရိစ္ဆေဒ ၁-ခု၊ ဂေါစ္ဆကကို ၁၀-ခု၊ ဒုက် ၃-ခု၊ သုတ္တန္တ မာတိကာကို ၁-ခု၊ ဤသို့ ၁၅-ခုသော "ပရိစ္ဆေဒ" ဖြင့် ပိုင်းခြားထားပါသည်။

တိုက်မှာ၊ ကေ-ဂေါစ္ဆက၊ တဆယ်၊
ဒုက်မှာ၊ သုံးပါး-ပိုင်းခြားလေတယ်၊
သုတ္တန္တဟု-တခုမှတ်ဘွယ်၊
တဆယ့်ငါး-ပိုင်းခြားလေဘိတယ်။ ။

---

(ပဥ္စမအကြိမ်)

၃။ ။အဘိဓမ္မာ မာတိကာ, သုတ္တန္တမာတိကာတို့၏ "ဒေသက" ကို ဖော်ပြ၍, အဘယ်အကျိုးငှါ သုတ္တန္တမာတိကာကို ဟောသည်ဟု ဖော်ပြပါ။

၃။ ။အဘိဓမ္မာ မာတိကာကို ဟောသော ဒေသကပုဂ္ဂိုလ်ကား မြတ်စွာဘုရားဖြစ်သည်။

သုတ္တန္တ မာတိကာကို ဟောသော ဒေသက ပုဂ္ဂိုလ်ကား - ရှင်သာရိပုတ္တရာ ဖြစ်သည်။

သုတ္တန္တ မာတိကာကို ဟောရခြင်းအကျိုးကား-အဘိဓမ္မာကို သင်ကြားသော ရဟန်း, သာမဏေတို့သည် သုတ္တန်ကို သင်သောကာလ၌ မပင်မပန်းဘဲ လွယ်ကူစေခြင်းငှါ ဟောတော်မူသည်။

---

၄။ ။အဘယ့်ကြောင့် တိက်, ဒုက်, ဂေါစ္ဆကဟု ခေါ်ပါသနည်း။

၄။ ။ပရမတ္ထတရားကို သုံးစု, စု၍ ဟောရာ-ဟောကြောင်းဖြစ်သောကြောင့် "တိက်" ခေါ်သည်။

ပရမတ္ထတရားကို နှစ်စု, စု၍ ဟောရာဖြစ်သောကြောင့် "ဒုက်" ခေါ်သည်။

ဂန္ထ အားဖြင့်ရှင်း, အတ္ထအားဖြင့်ရှင်း, အချင်းချင်း စပ်သဖြင့် အထွေး့ကဲ့သို့ရှင်း, ပန်းထွေး့ ပန်းချက်ကဲ့သို့ရှင်း ဖြစ်၍ တည်သောကြောင့် "ဂေါစ္ဆက" ခေါ်သည်။

---

၅။ ။စူဠန္တရ, မဟန္တရ, ပိဋ္ဌိ ဟူသော အမည် ဝေါဟာရတို့၏ အဓိပ္ပါယ်ကို ဖြေပါ။

၅။ ။တပါးသော "ဒုက်" တို့အောက် ငယ်သောကြောင့် "စူဠ" ဟေတုဂေါစ္ဆက, အာသဝ ဂေါစ္ဆက နှစ်ခု၏ အကြား၌ တည်သောကြောင့် အန္တရမည်၏။

တပါးသော ဒုက်တို့ အောက်ငယ်သော ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက နှစ်ပါးတို့၏အကြား၌ တည်သောဒုက်ကို "စူဠန္တရဒုက်" ဟု ဆိုလိုပါသည်။

တပါးသော ဒုက်တို့ထက် ကြီး၍ ပရာမာသ ဂေါစ္ဆက, ဥပါဒါန ဂေါစ္ဆက နှစ်ပါးတို့၏ အကြား၌ တည်သောကြောင့် "မဟန္တရဒုက်" ဟု ခေါ်သည်။

အဘိဓမ္မာ မာတိကာ၏ နောက်ဆုံး၌ တည်သောကြောင့် "ပိဋ္ဌိ" ဒုက်ဟု ခေါ်သည်။

---

(ပဥ္စမအကြိမ်)

၆။ ။၂၂-တိက်အစဉ်ကိုရင်း, သပ္ပဒေသ ၉-တိက်ကိုရင်း အမည်ဘော်ပြပါ။

၆။ ။ ကု,ဝေစ,ဝိ,ဥ,သံ,ဝိစ,ပီစ,ဒဿန,ဒဿနံ၊
အာ,သေ,ပ,ပရိတ္တာရမ္မဏဒ္ဒ,ဟီန,မိစ္ဆတ္တ,မဂ္ဂါစ,
ဥပ္ပန္နဒ္ဒ,အတီတဒ္ဒ,တီတာရမ္မဏဒ္ဒ,အဇ္ဈတ္တံ,
အဇ္ဈတ္တာရမ္မဏဒ္ဒ, သနိ "တေသု စယောဂါ သပ္ပဒေသာ။"

တေသု၊ ထို ၂၂-တိက်တို့တွင်။ စယောဂါ - စသဒ္ဒါနှင့် ယှဉ်သော ၉-တိက်တို့သည်။ သပ္ပဒေသာ၊ သပ္ပဒေသတိက် မည်ကုန်၏။

**သပ္ပဒေသတိက် ၉-တိက်ကို သတ်သတ်ခွဲ၍ ဆိုဦးအံ့။**

ဝေ,ဝိ,ပိ,ပရိတ္တာရမ္မဏံ၊ မဂ္ဂါရမ္မဏံ,ဥပ္ပန္နံ။
အတီတာ,တီတာရမ္မဏံ၊ အဇ္ဈတ္တာရမ္မဏံ နဝ။

---

၇။ ။သဗ္ဗလဒ္ဓနာမတိက်, အာဒိလဒ္ဓနာမတိက် မည်မျှစီရှိသည်ဟု ဘော်ပြပါ။

၇။ ။ ဝေဒနာမှတ်ကြ-သဗ္ဗလဒ္ဓံ,
ကြွင်းအကုန်သိ-အာဒိလဒ္ဓံ၊
နှစ်ဆယ့်,နှစ်တိက်-ခွဲစိတ်ဝေဘန်,
သောတုပျား-မှတ်သားစေဘို့ရန်။

---

၈။ ။အာရမ္မဏတိက်, အာရမ္မဏိကတိက်များကို ဝေဘန်ခွဲခြား၍ ကောက်ပြပါ။

၈။ ။ ပရိတ်,တီတ-အဇ္ဈ,သုံးတန်,
အာရမ္မဏ-သုံးဝ,တိကံ၊
ပရိတ္တာ,မဂ္ဂ-တီတ,အဇ္ဈံ,
အာရမ္မဏိ-မှတ်ဘိ ဤလေးတန်။

---

၉။ ။ဇာတိဘေဒတိက်, ဘူမိဘေဒတိက်, ကာလဘေဒတိက်, သဏ္ဌာနဘေဒတိက်, ဝေဒနာဘေဒတိက်များကို ခွဲခြား၍ ကောက်ပြပါ။

၉။ ။ ကုသလ,ဝိ-ဇာတိဘေဒံ,
ပရိတ္တသိ-ဘူမိဘေဒံ၊
ဥပ္ပန်,တီတ-နှစ်ဝ,ကာလံ,
အဇ္ဈတ္တ-မှတ်ကြသဏ္ဌာနံ။

(ပဋ္ဌမအကြိမ်)

ဝေဒနာတိက-နာမသည်,
ဝေဒနာအား-ခွဲခြားဝေဘန်၊
တိက်၏သဘော-နက်နှော့အမှန်,
ငွေလရောင်-လင်းပြောင် သင်တို့ညက်။

ပကိဏ္ဏကအခတ်း ပြီး၏။

## " နမော ဗုဒ္ဓဿ "

### ၁။ ။ကုသလတိက်

၁–ကုသလာ ဓမ္မာ။

၂–အကုသလာ ဓမ္မာ။

၃–အဗျာကတာ ဓမ္မာ။

၁။ ။ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ၊ အပြစ်မရှိခြင်း-ကောင်းသောအကျိုးပေးခြင်း လက္ခဏာရှိကုန်သော။ {ဓမ္မာ၊ နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်ကုန်သောသဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။}

မှတ်ချက်။ ။{....}ကွင်းတွင်းက အနက်ကို - ကွင်းမှ နောက်၌ အနက်မပေးတော့ပြီ ပုဒ်တိုင်းဘော်၍ပေးပါ။

၂။ ။အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိကုန်သော....

၃။ ။အဗျာကတာ ကုသလာ ကုသလ ဘာဝေန အကထိတာ အညဘာဝေန ကထိတာ၊ ကုသိုလ်အကုသိုလ် အဖြစ်ဖြင့်ကား မဟောကြားအပ်၊ တပါးသော အဖြစ်ဖြင့်သာ ဟောကြားအပ်ကုန်သော....
(ပဉ္စမအကြိမ်)

# (၁) ကုသလတိတ်ဇယားပုံ

| [illegible] | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဟိတ် | ဟိတ္တ | အသင်္ဂဟိတ ခံ | အာ | ဟိတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကုသလာဓမ္မာ | ၂၁ | ၃၈ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | အကုသလာဓမ္မာ | ၁၂ | ၂၇ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | အဗျာကတာဓမ္မာ | ၁၆+၂၀ | ၃၈ | ၂၀ | နိ | ၅ | ၁၂ | ၁၀ | ၂ | × | × | × |
| ပေါင်း | ၃-ပဒ | ၈၉ | ၅၂ | ၂၀ | ၁ | ၅ | ၁၂ | ၁၀ | ၄ | ၁ | ၁၀ | ၁၆ |

## ဆောင်ပုဒ်လင်္ကာ

ကု,နှစ်ဆယ့်တစ်၊ စေ,သုံးရှစ်သာ၊ ပ,မှာယှဉ်မူ၊
အကုဒွါဒြ၊ သတ္တဝီစေ၊ မှတ်လေ ဒု,တွက်၊
ဝိပါက်,ကြိယာ၊စေဒွတိံသာ၊ရုပ်,နိဗ္ဗာ၊မှတ်ပါတတိယ။

၁။ ။"ကုသလာ" ဟူသောပုဒ်မှာ ကု-သဒ္ဒါအရ မည်သည့်အကုသိုလ်ကို ယူသော်"သလ"အရမည်သည့်ကုသိုလ်ကိုကောက်ယူရမည်ဟု ရှင်းလင်းပါ။

၁။ ။"ကု"အရ တဒင်္ဂပဟာန်ဖြင့် ပယ်အပ်သော ကိလေသာကို ယူခဲ့သော်"သလ"အရမှာ မဟာကုသိုလ် ၈-ခုကို ကောက်ယူရမည်။
"ကု"အရ-နီဝရဏကို ယူခဲ့သော်"သလ"အရမှာ မဟဂ္ဂုတ်ကုသိုလ်ကို ကောက်ယူရမည်။
"ကု"အရ-သမုစ္ဆေဒပဟာန်ဖြင့် ပယ်အပ်သော ကိလေသာကို ယူခဲ့သော် "သလ" အရမှာ မဂ်ကုသိုလ် လေးခုကို ကောက်ယူရပါသည်။

---

၂။ "ကုသလ" သဒ္ဒါ၏ - အဏ္ဏုဒ္ဓါရများကို ဘော်ပြပြီး အဏ္ဏုဒ္ဓေသကို ညွှန်ပြပါ။

၂။ ။ကုသလသဒ္ဒေါတာဝ အာရောဂျ, အနဝဇ္ဇ, ဆေက,သုခဝိပါကေသု ဒိဿတိ။

သွာယမိဓ အာရောဂျေပိ, အနဝဇ္ဇေပိ, သုခဝိပါကေပိ ဝဋ္ဋတိ။
(အဋ္ဌသာလိနီ-၇၂-၇၃)

အနာကင်းလစ်၊ အပြစ်ကင်းကွာ၊ လိမ္မာ, ကောင်းကျိုး၊ ၄-မျိုး အချက်၊"ကုသလ"နက်။
ထိုလေးနက်တွင်၊ လိမ္မာကြဉ်၊ ကြွင်းလျှင် ဟောသုံးချက်။

---

(ပဋ္ဌမအကြိမ်)

၃။ ။"ဓမ္မ"သဒ္ဒါ၏ အနက်များကိုဖော်ပြ၍ ဤ၌လိုအပ်သော အနက်ကို ညွှန်ပြပါ။

၃။ ။ဓမ္မော သဘာဝေ ပရိယတ္တိပညာ,
ဉာယေသု သစ္စပ္ပကတီသု ပုညေ၊
ဉေယျေ ဂုဏာစာရသမာဓိသုပိ,
နိဿတ္တတာပတ္တိသု ကာရဏာဒေါ။ ။ **(အဘိဓာန်)**
သွာယမိဓာပိ နိဿတ္တ နိဇ္ဇီဝတာယမေဝ ဝဋ္ဋတိ။
**(အဋ္ဌသာလိနီ-၇၃)**

အဘိဓာန်ကျမ်းလာ ဂါထာအရ "သဘာဝ"စသော အနက်များကို ဓမ္မသဒ္ဒါဟောသည်။ ဤ၌ လိုအပ်သော အနက်မှာ နိဿတ္တတ္တ, နိဇ္ဇီဝတ္တ ဖြစ်ပါသည်။

၄။ ။"ဓမ္မာ"ဟူသောပုဒ်ကို 'နိဿတ္တနိဇ္ဇီဝ'ဟူသော အနက်ဖြင့် အဘယ်သို့သော အဓိပ္ပါယ်ကို သိစေပါသနည်း။

၄။ ။ကုသိုလ်စသော တရားတို့ကို သတ္တ,ဇီဝဟု အယူမှားသော သတ္တဝါများအား ကုသိုလ်စသော တရားတို့ကား သတ္တမဟုတ်-ဇီဝမဟုတ်သော ပရမတ္ထဓမ္မမှတ်ပါဟု သိစေပါသည်။

၅။ ။"ကုသလ"သဒ္ဒါအရ ကုသိုလ် ၂၁-နှင့်"ဓမ္မ"သဒ္ဒါအရ တရားသဘောတို့သည် တူသောအနက် ရှိပါသလော၊ သို့မဟုတ် ထူးသောအနက် ရှိပါသလော။

၅။ ။ကုသလ, အရနှင့်-ဓမ္မ, အရကို တူသော အနက်ရှိသည်ဟု ယူလျှင်၊ ကုသလာ,ကုသလာ,ဟု ဟောသည်နှင့်တူ၍-ပုနရုတ္တိ ဒေါသရောက်ခဲ့ရာ၏။

ထူးသောအနက် ရှိသည်ဟု ယူပြန်လျှင်လည်း-တိက,သည် "ဆက္က"ဖြစ်၍၊ ဒုက,သည် "စတုက္က"ဖြစ်သည့်အပြင်။ ရှေ့ပုဒ်,နောက်ပုဒ်တို့ကို စပ်ခြင်းမရှိသော ဆက္ကစတုက္ကာပတ္တိဒေါသ-အသမ္ဗန္ဓာပတ္တိဒေါသတို့ ရောက်ခဲ့ရာ၏။ သို့ဖြစ်၍ တူသော အနက် ရှိသည်လည်းမဟုတ် ထူးသောအနက် ရှိသည်လည်း မဟုတ်ပါ။

၆။ ။တူသော အနက်လည်းမရှိ - ထူးသော အနက်လည်း မရှိဟု ဆိုခဲ့သော် အဘယ်သို့ အဓိပ္ပါယ်ယူရမည်နည်း။
(-ပဉ္စမအကြိမ်)

၆။ ။မိမိ၏ သဘောကိုဆောင်ခြင်း အစရှိသော လက္ခဏာရှိသော "ဓမ္မ" သဒ္ဒါ၏ အနက်သာမညကို "ကုသလ" အစရှိသော သဒ္ဒါ၏အနက် ဝိသေသဖြင့် အထူးပြုသည်ဟု အဓိပ္ပါယ် ယူရပါသည်။

**မှတ်ချက်**။ ။အထက် ၅-နံပါတ်အဖြေမှာ စောဒက၏ အာဘောဂဖြင့် ဖြေသည်။ ၆-နံပါတ်မှာ ၎င်းစောဒကအာဘောဂကို အကြောင်းယုတ္တိ မဟုတ်ဟု ပယ်၍ ရှင်ဗုဒ္ဓဃောသ ဖြေသည်။

**(ဤအရာခက်ခဲ၏ အဋ္ဌသာလိနီ-၇၃-၇၄ ကြည့်ကြလေ။)**

---

၇။ ။အကုသလ-သဒ္ဒါကို ဝစနတ္ထပြု၍ အနက်ပေးပါ။

၇။ ။ "နကုသလာ-အကုသလာ"
ကုသလာ-ကုသိုလ်တို့သည်။ န-မဟုတ်ကုန်။
အကုသလာ-ကုသိုလ်တို့မဟုတ်။

---

၈။ ။အ-သဒ္ဒါ၏, အတ္ထုဒ္ဓါရများကို ထုတ်ပြ၍ အကုသလာ - အဗျာကတာ-အသေက္ခာပုဒ်တို့၌ အ-သဒ္ဒါတို့၏ အတ္ထုဒ္ဓေသကို ညွှန်ပြပါ။

၈။ ။ ဝုဒ္ဓိ,တဗ္ဘာဝ,သဒိသ၊ နိသေဓ,ည,ပ္ပတေ,ရဇေ၊
နိန္ဒာ,ဝိရုဒ္ဓ,ဝိရဟ၊ သုညေ "အ" ပဒပူရဏော။

(ကေက္ခရကောသ)

## ဤ ၁၂-ပါးတို့တွင်

အကုသလ-ဝိရုဒ္ဓသာ,
အဗျာကတ-အည,မှတ်ရာ၊
အသေက္ခရှိ-အ,၏နက်မှာ,
သဒိသ-တဗ္ဘ,ဝုဒ္ဓိသာ။

---

၉။ ။ကုသိုလ်-အကုသိုလ် အဗျာကဘတ်၏ လက္ခဏာကို ဖော်ပြပါ။

၉။ ။ကုသိုလ်ကား အနဝဇ္ဇသုခဝိပါက,လက္ခဏာ။
အကုသိုလ်ကား သာဝဇ္ဇ ဒုက္ခဝိပါက,လက္ခဏာ။
အဗျာကတကား အဝိပါက,လက္ခဏာ။

---

၁၀။ ။အနဝဇ္ဇတရား - သောမနဿ ဝေဒနာ သုခဝိပါကတရား - ဥပေက္ခာ ဝေဒနာ သုခဝိပါကတရား - သုခဝေဒနာ သုခဝိပါကတရား-သုခဝိပါက လက္ခဏာရှိသော တရားတို့ကို အသီးသီးကောက်ပြပါ။

(ပဋ္ဌမအကြိမ်)

၁၀။ ။အနုဝင့်,တရားကား ကုသိုလ်, အဗျာကတ,တရား။

**သောမနဿသဟဂုတ် သုခဝိပါက, တရားကား** — သောမနဿ သန္တီရဏ ၁-ပါး။ မဟာဝိပါက်သောမနဿ-၄။ ရူပရိပါက်သောမနဿ-၄။ ဖိုလ်သောမနဿ ၁၆-ပါး။ ပေါင်း ၂၅-ပါး။

**ဥပေက္ခာဝေဒနာ သုခဝိပါက, တရားကား** — အဟိတ် ကုသလ ဝိပါက် ဥပေက္ခာ ၆-ပါး။ မဟာဝိပါက် ဥပေက္ခာ ၄-ပါး။ ရူပဥပေက္ခာ ၁-ပါး အရူပဝိပါက် ၄-ပါး။ ဖိုလ်ဥပေက္ခာ ၄-ပါး။ ပေါင်း ၁၉-ပါး။

**သုခဝေဒနာ သုခဝိပါက, တရားကား** — သုခသဟဂုတ် ကာယ ဝိညာဏ်စိတ်တည်း။

**သုခဝိပါက,လက္ခဏာရှိသော တရားကား** — ကုသိုလ် ၂၁-တည်း။

---

၁၁။ ။အဝင်ဟုတ်ရား - ဥပေက္ခာဝေဒနာဒုက္ခဝိပါကတရား - ဒုက္ခဝေဒနာ ဒုက္ခဝိပါကတရား ဒုက္ခဝိပါက လက္ခဏာရှိသောတရားတို့ကို ခွဲခြား၍ သရုပ်ကောက်ပြပါ။

၁၁။ ။အဝင့်,တရားကား — ရာဂ စသော ကိလေသာတရား။

**ဥပေက္ခာ ဝေဒနာ ဒုက္ခဝိပါက, တရားကား** — အကုသလဝိပါက် ဥပေက္ခာစိတ် ၆-ပါး။

**ဒုက္ခဝေဒနာ ဒုက္ခဝိပါက,တရားကား** — ဒုက္ခသဟဂုတ် ကာယဝိညာဏ်။

**ဒုက္ခဝိပါက, လက္ခဏာရှိသော တရားကား** — အကုသိုလ် ၁၂-ခုတို့တည်း။

ရှင်းအားလုံးကို စေတသိက်ယှဉ်နှင့်တကွ ယူပါ။

---

၁၂။ ။ကုသလာ,ပုဒ်ကို အနုဝင့်ဟုဘွင့်လျှင်ပြီးသင့်လျက် သုခဝိပါကလက္ခဏာဟု ယပ်၍ ဘွင့်ရခြင်းဖြင့် အဘယ်ကို နစ်စေပါသနည်း။

၁၂။ ။အနုဝင့်ဟုဆိုလျှင် ဝိပါက်ကြိယာ အဗျာကတ, တရားလည်း အနုဝင့်,ဖြစ်၍ "သုခဝိပါကလက္ခဏာပါဌ်"ဖြင့် ၎င်း အဗျာကတ, တရားနှုကို နစ်စေပါသည်။

((မူလဋီကာ-၃၀)

---

(ပဥ္စမအကြိမ်)

၁၃။ ။ကုသိုလ်, အကုသိုလ်တို့၏- သမ္ပယောဂဟိတ်, ဇနကဟိတ်တို့ကို ဖော်ပြပါ။

၁၃။ ။ကုသိုလ်၏ သမ္ပယောဂဟိတ်ကား "အလောဘ, အဒေါသ, အမောဟ" ဇနကဟိတ်ကား "ယောနိသောမနသိကာရ" တည်း။

အကုသိုလ်၏သမ္ပယောဂဟိတ်ကား "လောဘ, ဒေါသ, မောဟ" တည်း။ ဇနကဟိတ်ကား "အယောနိသောမနသိကာရ" တည်း။

---

၁၄။ ။တိက်, ဒုက် ၂-ပါးတို့တွင် အဘယ့်ကြောင့်-တိက်ကို ရှေးဦးစွာ ဟောတော်မူပါသနည်း။

၁၄။ ။ယူလွယ်တသီး-အပြားနည်း-ဟောပြီး, တိက်ကိုသာ။
"သုခဂ္ဂဟဏတော, အပ္ပဘေဒတော စ တိကာဝေ ပဌမံ ဝုတ္တာ"
(အနုဋီကာ-၃၂)

---

၁၅။ ။ကုသလတိက်ကို အဘယ့်ကြောင့်-ရှေးဦးစွာဟောသနည်း။

၁၅။ ။ လုံးစုံပရမတ်-သိမ်းမိတတ်ပါ,
တရားသုံးချက်-မရောယှက်ရာ၊
ကုသိုလ်အာဒိ-ယှဉ်ဘိတဖြာ,
ကြောင်းသုံးပါး-ဟောငြား "ကုသလာ။"

တေသု ပန သဗ္ဗသင်္ဂဟ, အသင်္ကရ, အာဒိကလျာဏ ဘာဝေန ပဌမံ ကုသလတိကံ ဝုတ္တံ။
(အနုဋီကာ-၃၂)

---

၁၆။ ။ကုသလတိက်တွင် အဘယ့်ကြောင့် ကုသလပဒကို ပဌမ, အကုသလပဒကို ဒုတိယ, အဗျာကတပဒကို တတိယထား၍ ဟောသနည်း။

၁၆။ ။ ကောင်းကျိုးပေးတတ်-မြင့်မြတ်တဖြာ,
သင့်တင့်လျော်ကပ်-ချီးမွမ်းအပ်ပါ၊
ကီကုတ်, စီးပွား-ဆောင်ငြားတတ်ပါ,
ကြောင်းလေးချက်-ဟောမြွက် "ကုသလာ"။

ကုသလတ္တိကေပိ ပဋ္ဌာနပါဠိသံသဋ္ဌဿဓာဝဟိတဘာဝတော ကုသလာဓမ္မာ ပဌမံ ဝုတ္တာ။
(အနုဋီကာ-၃၂),
(ပဌမအကြိမ်)

ကုသိုလ်အတွက်-ဆန့်ကျင်ဘက်သာ,
လို့ကြောင့်အကု-ထားပြုနောက်မှာ၊
ထိုနှစ်ပါးမှ-ပြန်ငြား၍သာ,
ဗျာကတ-ထားရ,တတိယာ။

တပ္ပဋိပက္ခတ္တာ တဒနန္တရံ အကုသလာ၊
တဒုဘယဝိပရီတသဘာဝါ တဒနန္တရံ အဗျာကတာ ဝုတ္တာ။

(အနုဋီကာ-၃၂)

---

၁၇။ ။ကုသလာ, ကုသလာဗျာကတ-ပဒထားပုံ အစီအစဉ်ကို နေတ္တိဒေသနာ ဟာရ နည်းအားဖြင့်ဖြေပါ။

၁၇။ ။ ကုသိုလ်မှာက-"အဿာဒ"သာ,
အကုသိုလ်သီ-"အာဒီနဝါ၊"
နိဗ္ဗာန်ဗျာကတ-"နိဿရဏာ,"
အစဉ်ထား-ဘုရား,ဟောမြွက်ပါ။

(အနုဋီကာ-၃၂)

---

၁၈။ ။သေက္ခတိက်၌"နေဝသေက္ခာ နာသေက္ခာ"ဟု ဟောသကဲ့သို့ ဤကုသလတိက်၌ အဘယ့်ကြောင့် "နေဝကုသလာ, နာကုသလာ"ဟု မဟောသနည်း။

၁၈။ ။လောကုတ္တရာစိတ် ၈-ခုကို တစုံတရာ အံကြောင်းကြောင့် "သေက္ခ, အသေက္ခ"ဟု မဟောအပ်ဟူ၍မရှိ။ ဟောအပ်သည်ချည်းပင်။ ထိုကြောင့်"နေဝသေက္ခာ,နာသေက္ခာ"ဟု ဟောတော်မူသည်။ ဤကုသလတိက်၌ကား ကုသိုလ်, အကုသိုလ်တို့သည် ပုထုဇန်, သေက္ခသန္တာန်၌ ကုသလ,အကုသလဟု ဟောရငြားသော်လည်း ရဟန္တာဖြစ်သွားသော ကာလ၌ ၎င်းတို့ကို ကုသိုလ်, အကုသိုလ်ဟု မဟောအပ်။ ကြိယာဗျာကတဟူ၍ ဟောအပ်၏။ ထိုကြောင့် "နေဝကုသလာ, နာကုသလာ"ဟု မဟောရပါ။

ဣဓ ပန ကုသလာကုသလသဘာဝါ ဧဝ ဓမ္မာ အဂ္ဂဖလုပ္ပတ္တိယာ တထာ န ဗျာကရဏီယာ ဟောန္တိ တိ ဣမဿ ဝိသေသဿ ဒီပနတ္ထံ အဗျာကတာတိ ဝုတ္တံ။

(အနုဋီကာ-၃၃)

(ပဌမအကြိမ်).

ယခုဘော်ပြ-များလှပ္ဆွာ,
ဒေသနာမျိုး-တင့်ဖြိုးဝေဆာ၊
လွန်စွာနက်နဲ-ခက်ခဲသည်ဟာ,
ရှေ့ညာဏ်တွင်း-ထင်လင်း,ပါစေသာ။ ။

ကုသလတိက်ပြီး၏။

---

## ၂။ ။ဝေဒနာတိက်

၁–သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
၂–ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
၃–အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

၁။ ။သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊ အညီအညွတ် ကေုပ္ပါဒ အစရှိသော အပြားတို့နှင့် ယှဉ်ကုန်သော။ ဓမ္မာ....

၂။ ။ဒုက္ခာယ၊ ဒုက္ခဖြစ်သော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တာ၊ သော။ ဓမ္မာ....

၃။ ။အဒုက္ခ မသုခါယ၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တာ၊ သော။ ဓမ္မာ....

### (၂) ဝေဒနာဟိက်ဇယားပုံ

| [illegible] | ပဒ | စိတ် | စေ | ရုပ် | နိ | သဂ်ဟိတ ခံ | ဌာ | ဟိတ် | မှာ | အသဂ်ဟိတ ခံ | ဌာ | ဟိတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | သုခါယဝေဒနာယ | ၆၃ | ၄၆ | ... | ... | ၃ | ၂ | ၃ | ၃ | ၂ | ၁၀ | ၁၅ |
| | ဒုက္ခာယဝေဒနာယ | ၃ | ၂၁ | .... | .... | ၃ | ၂ | ၃ | ၁ | ၂ | ၁၀ | ၁၅ |
| | အဒုက္ခမသုခါယ ၎င်း | ၅၅ | ၄၆ | .... | .... | ၃ | ၂ | ၇ | ၃ | ၂ | ၁၀ | ၁၁ |
| ၁ | တိက်မှတ် | × | ၆၃ ၃၂ ၅၅ | ၀ | နိ | သပ္ပဒေသတိက် | | | | | | |

(ပဋ္ဌမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

"သုခစိတ္တာ" ဝေဒနာ့ဒေါ်ဘူ၊ မစ်ကူစိကြဉ်၊ စေတွင်ဆစတ်၊ ပမှတ်လေကြ။ "ဒုက္ခစိတ်မည်" ဝေပီလောဂီ၊ မာဝိစိဖြစ်၊ ၂၁-စေ၊ မှတ်လေဒုဖြစ်။ "ဥပေက်စိတ်တည်" ဝေပီဒေါ်ဇ္ဇ၊ မစ္ဆရိကူ၊ ပယ်ပြူဆစတ်၊ မှတ်ကြတပုဒ်။

တိုက်မှတ်ထုတ်က၊ သုခခြောက်သုံး၊ ဒုက်သုံးဥကား၊ ငါးဆယ့်ငါးနှင့်၊ ရုပ်များနိဗ္ဗာန်၊ ထုတ်ရပြန်သည်၊ အမှန်ကောက်တော့ မလွဲတည်း။

အကောက်သဘောမကျသူမှာ-ဤလင်္ကာကို ဆောင်ပါ။

ဤတိုက်သဘောကား ဝေဒနာနှင့်ယှဉ်သောတရားကို ဟောသည်။ ဝေဒနာကိုရင်း ဝေဒနာနှင့် မယှဉ်သော တရားကိုရင်း မဟောပါ။ ထိုကြောင့် ဝေဒနာ ၁၂၁-လုံးနှင့် ရုပ် နိဗ္ဗာန်ကို တိုက်မှတ်ထုတ်ရသည်။

---

၁။ ။အဘယ့်ကြောင့် ဝေဒနာသည် ဝေဒနာနှင့် မယှဉ်သနည်း-ဥပမာနှင့်ဖြေပါ။

၁။ ။ငါသည် သူနှင့်တူ၏ဟူ၍သာပြောဆိုနိုင်၏။ "ငါသည် ငါနှင့်တူ၏" ဟု မပြောနိုင်သကဲ့သို့၊ ဝေဒနာသည် ဝေဒနာနှင့်ယှဉ်သည်ဟု မဆိုနိုင်ပါ။

---

၂။ ။သုခသဒ္ဒါ၏ အနက်များကိုထုတ်ပြ၍ ဤ၌ လိုအပ်သောအနက်ကို ဖော်ပြပါ။

၂။ ။သုခသဒ္ဒေါ-တာဝ သုခဝေဒနာ သုခမူလ သုခါရမ္မဏ သုခဟေတု သုခပစ္စယဋ္ဌာန အဗျာပဇ္ဇ နိဗ္ဗာနာဒီသု ဒိဿတိ။

ဣဓပနာယံ သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော။

**(အဋ္ဌသာလိနီ-၇၅)**

သုခဝေဒနာ သုခမူလ စသော အနက်တို့တွင် "သုခဝေဒနာ" ဟူသောအနက်သည်သာ ဤ၌လိုအပ်ပါ၏။

---

၃။ ။ဒုက္ခသဒ္ဒါ၏ အနက်များကို ဖော်ပြ၍ ဤ၌လိုအပ်သော အနက်ကိုညွှန်ကြားပါ။

၃။ ။ဒုက္ခသဒ္ဒေါ-ဒုက္ခဝေဒနာ-ဒုက္ခဝတ္ထု-ဒုက္ခာရမ္မဏ-ဒုက္ခပစ္စယ-ဒုက္ခပစ္စယဋ္ဌာနာဒီသု ဒိဿတိ။

ဣဓပနာယံ ဒုက္ခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော။

**(အဋ္ဌသာလိနီ-၇၅)**

ဒုက္ခဝေဒနာ ဒုက္ခဝတ္ထုစသော အနက်တို့တွင် ဒုက္ခဝေဒနာဟူသော အနက်သည်သာ ဤ၌လိုအပ်ပါသည်။

---

(ပဌမအကြိမ်)

၄။ တတိယပုဒ်မှာ အစဉ်အတိုင်း"အသုခ,အဒုက္ခ"ဟူ၍သာဟောသင့်လျက် အဘယ့်ကြောင့်"အဒုက္ခမသုခ"ဟု ဟောသနည်း။

၄။ ။ပစ္စာသတ္တိ နည်းအားဖြင့် အနီးမှစ၍ အဒုက္ခမသုခ,ဟု ဟောသည်။

---

၅။ "သမ္ပယုတ္တာ" ဟူသောပုဒ်၌ ပ,အရ-ပကာရ အပြားများကို ဘော်ပြ၍ ၎င်းပကာရ၌-အလုံးစုံသောတရား, အစိတ်အဝက်ရသောတရား, အလုံးစုံ မရသော တရားများကို ကောက်ပြပါ။

၅။ ။ပ, အရ-ပကာရအပြားကား ကေပ္ပါဒ၊ ကေနိရောဓ၊ ကောလမ္ဗဏ၊ ကေဝတ္ထုက ၄-ပါးဖြစ်သည်။

၎င်းပကာရ၌ အလုံးစုံရသော တရားကား-စိတ်,စေတသိက်တရား ၂-ပါး။

အစိတ်အဝက်ရသော တရားကား-ရုပ်၊ အလုံးစုံ မရသောတရားကား-နိဗ္ဗာန်, တရားဖြစ်၏။

---

၆။ ၎င်းပကာရ၌-အလုံးစုံရသောဘုံ, အစိတ်အဝက်ရသောဘုံ, အလုံးစုံ မရသော ဘုံတို့ကို ပိုင်းခြား ဝေဘန်ပြပါ။

၆။ ။ ၁—ပဉ္စဝေါကာရ-အကုန်ရ-မရ,ကေဝေါ။

၂—စတုဝေါမှာ-သုံးခုသာ-မြတ်စွာဗုဒ္ဓဟော။

---

၇။ မြတ်စွာဘုရားသည် "သမ္ပယုတ္တာ" ဟု မဟောဘဲ သုခါယ ဝေဒနာယ သညုတ္တာ-ဟူ၍၎င်း၊ သံယုတ္တာ - ဟူ၍၎င်း ဟောခဲ့သော် အဘယ်သို့ ကောက်ယူသနည်း။

၇။ ။ဝေဒနာနှင့်ယှဉ်သော - ကမ္မဇရုပ်, စိတ္တဇရုပ်, ဝိညတ်ဒွေကိုလည်း ကောက်ယူသင့်ပါသည်။

---

၈။ ကမ္မဇ, စိတ္တဇ, ဝိညတ်ရုပ်တို့ကို ဝေဒနာတိက်မှာ အဘယ့်ကြောင့် မကောက်သနည်း။

၈။ ။သံယုတ္တာ, ဟူ၍သာ မဟော၊ သမ္ပယုတ္တာဟု-ပ,သဒ္ဒါနှင့် ဟောခြင်း ကြောင့် မကောက်ရပါ။

---

၉။ ဤတိက်မှာ "၃-ပုဒ်လုံး၌တည်သော ဝေဒနာ သဒ္ဒါဖြင့်"ဟုဆိုရာ အက္ခရ သမူဟ စသော ပုဒ်တို့တွင် အဘယ်ပုဒ်ကို ဆိုလိုပါသနည်း။

၉။ ။အက္ခရသမူဟ, ပဒသမူဟပုဒ်တို့တွင်-ပဒသမူဟကို ဆိုလိုပါသည်။

---

(ပဋ္ဌမအကြိမ်)

၁၀။ ။အစိတ်အစိတ်ဖြစ်သော ပဌမ ဒုတိယ-တတိယပဒ တခုစီမှာတည်သည်ကို
အဘယ်ကြောင့် သုံးပုဒ်လုံး၌ တည်နေသောဝေဒနာဟု ဆိုသနည်း။

၁၀။ ။အစိတ်၏ အမည်ကို အပေါင်း၌တင်စားပြီး အဝယဝူပစာ-အားဖြင့် ဆိုပါသည်။

---

၁၁။ ။ဝေဒနာ သုံးပါး၏ လက္ခဏာများကို ဖော်ပြပါ။

၁၁။ ။ သုခဝေဒနာ....ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ။
ဒုက္ခဝေဒနာ... အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ။
ဥပေက္ခာဝေဒနာ....မဇ္ဈတ္တာရမ္မဏာနုဘဝနလက္ခဏာ။

---

၁၂။ ။တတိယပုဒ်-ဥပေက္ခာဝေဒနာ အရ-ဥပေက္ခာ ၁၀-ပါးသရုပ်ကို ထုတ်ပြ၍ ဤ၌ လိုအပ်သော ဥပေက္ခာကို ညွှန်ပြပါ။

၁၂။ ။ ဆဠင်္ဂ,ဗြဟ္မ,ဗောဇ္ဈင်္ဂ,ဝီရိ,သင်္ခါရ,ဝေဒနာ,
ဝိပဿနာ,တတြ,ဈာန,ပါရိသုဒ္ဓိ,ပေက္ခာဒသ။

ဤ ၁၀-ပါးတို့တွင် ဝေဒနုပေက္ခာကို ဤ၌ လိုအပ်သည်။

**မှတ်ချက်။** ။ဥပေက္ခာ ၁၀ ပါးအဓိပ္ပါယ် အကျယ်မှာ အဋ္ဌသာလိနီပါရာဇိကဏ် အဋ္ဌကထာတို့မှာ ကုယ်ဝန်းစွာဆိုသည်။ ဂန္ထဂရု-ကျမ်းလေးမှုးကြောင့် ဥပေက္ခာ ပြုလိုက်ပါသည်။ သို့သော် ဝေဒနာ၏ တရားကိုယ်, ဘူမိ, ပုဂ္ဂလ, စိတ္တ, အာရမ္မဏ, ခန္ဓသင်္ဂဟ, ကေကွဏ ကုသလတိက်တို့ဖြင့် ဝေဘန်ပုံကို မြန်မာဂါထာဖြင့် ဖော်ပြအံ့။ ပညာရှင်တို့သည် ဤပျသော အကျဉ်းဆောင်ပုဒ်ဖြင့် အကျယ်ကို ကြံတော်မူကြစေလိုပါသည်။

---

၁၃။ ။ဝေဒနာ ၁၀-ပါးကို တရားကိုယ် စသည် ဝေဘန်ပြပါ။

၁၃။ ။ ဖ,ဝေ,ဗော,တ-ဈာ,ပ,တို့မှာ,
တရားကိုယ်...တတြမဇ္ဈတ်-ကောက်အပ်သည့်ကာ၊
သင်္ခါ,ဝိပဿ်-ကောက်အပ် ပညာ,
ဝီ,ဝေ,ကာ-ကွဲပြားကိုယ်စီသာ။

ဆ,သင်,ဝိပဿ်-သုံးရပ်,ကာမာ,
ဘူမိ.... ဖြဟ်,ဈာ,ပါဟု-သုံးခု,ရူပါ၊
ကာမလောကုတ်·နှဲ့ထုတ်ဗောဇ္ဈာ,
ကြွင်းသုံးခု-စတုဘူမိကာ။

ပုဂ္ဂလ.... ရဟန္တာ,ဆ-နဝသေသာ,
ပုထု,အရိယ-မှတ်ကြရပါ။

စိတ္တ.... ဖြဟ်,ဝေ,ဥပေက်-သောဖြစ်,ဈာမှာ,
ကြွင်းခွန်စု-သော,ဥ-နှစ်စိတ်သာ။

အာရမ္မဏ.... ဖြဟ်,ဈာ,ပါ,ဓမ္မော-ဗောနိဗ္ဗာရုံ,
ကြွင်းသည့်ခြောက်ပါး-ခြောက်ပါးအာရုံ၊

ခန္ဓသင်္ဂဟ ... ဝေမှာ,ဝေမျိုး-ကြွင်းကိုး,သင်ကြုံ,
မှတ်လိုက်ကြ,ခန္ဓ,နှစ်ထွေစုံ။

ကောဋ္ဌာသ ... ဝေ,ဝိ,နှစ်ချက်-ကောဋ္ဌာသာ,
ကြွင်းသည့်ရှစ်ချက်·နာနာကောဋ္ဌာသာ၊

ကုသလတိက် .. ဆ,ဗျာကတ-ဝေ,က,သုံးသာ,
ကြွင်းရှစ်ခု-ဗျာကူ,နှစ်ထွေသာ။

---

၁၄။ ။ကုသလတိက်၏အခြားမဲ့၌အဘယ့်ကြောင့် ဝေဒနာတိက်ကိုဟောတော်မူ သနည်း။

၁၄။ ။ကုသလတိက်ဖြင့် ရေတွက်အပ်သော တရားတို့ကို ဖြစ်သင့်သည် အားလျော်စွာ သုခသမ္ပယုတ္တ, ဒုက္ခသမ္ပယုတ္တ,အဒုက္ခမသုခသမ္ပယုတ္တ အပြားတို့ကို ပြတော်မူလိုသောကြောင့် ကုသလတိက်၏ အခြားမဲ့၌ ဝေဒနာတိက်တို့ကို ဟော တော်မူသည်။

---

၁၅။ ။ဒုက္ခသစ္စာကို အစထား၍ ဟောသကဲ့သို့ ဒုက္ခဝေဒနာ သမ္ပယုတ္တမမှုကို ဦးစွာထား၍ ဟောသင့်လျက် အဘယ့်ကြောင့် သုခဝေဒနာ သမ္ပယုတ္တ မမှုကို ဦးစွာဟောသနည်း။

၁၅။ ။သုခဝေဒနာသည် သတ္တဝါတို့ အလိုရှိအပ်သော ဣဋ္ဌကန္တပနာပ ဝေဒနာ ဖြစ်ရကား – ဦးစွာထား၍ ဟောသည်။ ၎င်းနောက်မှ ဆန့်ကျင်ဘက် ဒုက္ခဝေဒနာ၊ ၎င်းနောက်မှ ထို ၂-ပါးအားလျော်သော ဥပေက္ခာဝေဒနာကို ဟောသည်။

---

(ပဥ္စမအကြိမ်)

၁၆။ ။လောကုတ္တရာသုခသဟဂုတ် ၃၂-ခုကို သုခဝေဒနာသမ္ပယုတ္တ-ဟု ဟော လျှင် ဟောတန်စေ။ လောကီသုခသဟဂုတ်စိတ် ၃၁-သည် ဒုက္ခသစ္စာ ဖြစ်၍ အဘယ်သို့ သုခဝေဒနာသမ္ပယုတ္တဓမ္မ-ဟု ဆိုသင့်သနည်း။

၁၆။ ။လောကီတရားစုကို ဒုက္ခသစ္စာဟု ဟောတော်မူခြင်းမှာကား "အရိယ သစ္စာဒေသနာ" နည်းအားဖြင့် ဟောတော်မူသည်။

"သုခဝေဒနာသမ္ပယုတ္တဓမ္မ" ဟု ဟောတော်မူခြင်းမှာ တေဘူမက အခိုက် အတန့်ကို၍ "သမုတိသစ္စာဒေသနာ" နည်းအားဖြင့် ဟောတော်မူသည်။

ကျမ်းဂန်အရပ်ရပ်-နှံစပ်အောင်ရှာ,
နောင်လာနောက်သား-သိကြွားဘို့ရာ၊
အကျယ်တဝင့်-ရေးဘွင့်လိုက်တာ,
နိဋ္ဌိတံ ကဿာကားဝေဒနာ။

ဝေဒနာတိက် ပြီး၏။

---

## ၃-ဝိပါကတိက်

၁-ဝိပါကာ ဓမ္မာ။
၂-ဝိပါက ဓမ္မ ဓမ္မာ။
၃-နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ။

၁-ဝိပါကာ၊ အချင်းချင်း ထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ....၊

၂-ဝိပါကဓမ္မ ဓမ္မာ၊ အကျိုးကိုဖြစ်စေခြင်းသဘော ရှိကုန်သော သတ္တလည်း မဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ ...၊

၃-နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ၊ အချင်းချင်း ထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်၊ အကျိုးကိုဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်ကုန်သော၊ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရား တို့သည်။ သံဝိဇ္ဇန္တိ....၊

ဤတိက်သဘောကား အကျိုးဝိပါက်တရားစုက-တပုံ၊ အကြောင်းကုသိုလ်၊ အကုသိုလ်တရားစုက-တပုံ၊ အကျိုး-အကြောင်းမဟုတ်သော ကြိယာ,ရုပ်,နိဗ္ဗာန် တရားစုက-တပုံ၊ ဤသို့ ၃-ပုံ မုံ၍ ဟောသည်။

(ပဋ္ဌမအကြိမ်)

## (၃) ဝိပါကတိက်ဇယားပုံ

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သဟိတ ခံ | သဟိတ အာ | ပဋိ | [illegible] | အသဟိတ ခံ | အသဟိတ အာ | ပဋိ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝိပါကတိက် | ဝိပါကာဓမ္မာ | ၃၆ | ၃၈ | .... | .... | ၄ | ၂ | ၈ | ၁ | ၁ | ၁၀ | ၁၀ |
| | ဝိပါကဓမ္မဓမ္မာ | ၁၂+၂၁ | ၅၂ | .... | .... | ၄ | ၂ | ၂ | ၃ | ၁ | ၁၀ | ၁၆ |
| | နေဝဝိပါက နဝိပါက | ၂၀ | ၃၅ | ၂၈ | နိ | ၅ | ၁၂ | ၁၃ | ၂ | .... | .... | ၅ |

### ဆောင်ပုဒ်လင်္ကာ

ဝိပါက်-ဆတ္တိံသ၊ စေ-ဌတိံသာ၊ ပ,မှာယှဉ်မှု၊
အကု,ကုစေ၊ ဒု,မှာပေတည်း။
ကြိယေ ၂၀၊ စေ,ဝယ်သုံးငါး၊ ရုပ်,နိဗ်,များသည်၊ မှတ်သား
တတိ,အကောက်တည်း။

---

၁။ ။"ဝိပါက"ပုဒ်၌ ဝိ-သဒ္ဒါ၏အနက်ကို ညွှန်ပြပါ။

၁။ ။ဝိဘာဝနီ ဋီကာဆရာ အလိုအားဖြင့် "ဝိရုဒ္ဓ" အနက်၊ အဌသာလိနီ အဌကထာဆရာ အလိုအားဖြင့်"ဝိသိဋ္ဌ"အနက်။ဘုရားကြီးဆရာတော် ဦးဇာဂရ၊ အလိုအားဖြင့်"သဒိသ"အနက်ဖြစ်ပါသည်။

---

၂။ ။အချင်းချင်း ထူးသည်, တူသည်, ဟူသည်-အဘယ်သို့ ထူး၍ အဘယ်သို့ တူကြသနည်း။

၂။ ။ ကုနှင့်,အကု-တူမှုနာမ်မှာ,
ကောင်းကျိုး,မကောင်းကျိုး-နှစ်မျိုးထူးပါ၊
အကြောင်းတူမျှ-ထူးထ,ကျိုးမှာ,
အကျဉ်းမျှ-မှတ်ကြစေလိုပါ။

---

(ပဋ္ဌမအကြိမ်)

၃။ ။ဒုတိယ,တတိယ,ပဒများ၌ "ဓမ္မ ဓမ္မာ" ဟု-နှစ်ဆင့်,နှစ်ဆင့်ရှိရာ ၎င်းဓမ္မနှစ်ခုတို့၏ အနက်သဘော ထူးခြားပုံကိုဖြေပါ။

၃။ ။ ပဌမ,ဝပ္ပော-သဘော,နက်မှာ,
ဒုတိယ,မှတ်-နိဿတ္တတ္တာ၊
ဓမ္မ,နှစ်ချက်-အနက်ထူးမှာ,
အလွယ်ဘဲ-မခဲ,ဖြေစရာ။

---

၄။ ။"ဝိပါက"အရမှာ,'ကမ္မဇရုပ်, လည်း-ကုသိုလ်အကျိုး, အကုသိုလ်အကျိုး ပင်ဖြစ်၍ ကောက်သင့်လျက်-အဘယ့်ကြောင့် မကောက်သနည်း။

၄။ ။ ကမ္မဇရုပ်-မုချဖလံ, [မူလဋီကာ]
သူမဟုတ်၍-ပယ်ထုတ်လိုက်ပြန်၊
ဝိပါက်အမည်က-မရသည်ကံ, [ဋီကာကျော်]
ထိုကြောင့်ပ-ပယ်ချ,ကမ္မဇံ။

---

၅။ ။အဘယ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံမှ "ဝိပါက"ပုဒ်မှာ ကောက်ရသနည်း။

၅။ ။ ၁—ကုသိုလ်,အကုသိုလ်တို့၏ အကျိုးလည်းဖြစ်စေ။
၂ ဝိပါက်ဟူသော အပည် ဝေါဟာရကို ရသည်လည်းဖြစ်စေ၊ "ဤအင်္ဂါနှစ်ပါးစုံ,ညီညွတ်မှကောက်နိုင်ပါသည်။"
အကျိုးဖလ-ဓမ္မဖြစ်စေ,
ဝိပါက်အပည်လဲ-အမြဲရစေ၊
အင်္ဂါနှစ်ဝ-ညီပျခဲ့ချေ,
ဝိပါက-ပဒ,ကောက်ယူပေ။

---

၆။ ။"အကာလ်ကော,ဟူသော-တရားတော်ဂုဏ်အရ" အကာလိက ဝိပါက, ကာလိက ဝိပါက,အရများကို ကောက်ပြပါ။

၆။ ။ဖိုလ် ၄-ခု၊ စေတသိက် ဆတ္တိံသသည် မဂ်၏အခြားမဲ့၌ ကာလမခြား အကျိုးပေး၍ "အကာလိကဝိပါက"ခေါ်သည်။ လောကီဝိပါက် ၃၂-စေတသိက် ၃၅-တို့မှာ ဒိဋ္ဌဓမ္မပင် ပေးသော်လည်း ကာလခြားခြင်းကြောင့် "ကာလိကဝိပါက"ခေါ်သည်။
(ပဌမအကြိမ်)

ဖိုလ်လေးခုကား-မခြား,ကာလာ,
မဂ်ပျောက်ကွယ်လျှင်း-ချက်ခြင်းပေါ်လာ၊
လောကီဝိပါက်-သုံးဆယ့်နှစ်မှာ,
ကာလခြား-ခေါ်ငြား,ကာလိကာ။

---

၇။ ။"ဝိပါက်" အရမှာ နာမ်ဝိပါက်ကိုသာကောက်၍ - ကမ္မဇရုပ်,မကောက်ရာ၌ ထင်ရှားအောင် ဥပမာဖြင့်ပြပါ။

၇။ ။လယ်ရှင်ယောကျ်ားသည် စပါးသီးကိုလို၍, စပါးစေ့ကို စိုက်ပျိုးရာ အပင်ပေါက်ပြီး၍ ရိတ်သိမ်းချိန် ကျသောအခါ စပါးသီးကိုသာ ရိတ်၍ယူ၏။ အပင်,အရိုး,အရွက်ကိုမူကား - ကောက်နယ်တလင်း၌သာ ထားခဲ့၏။ စပါးကဲ့သို့ ပမာနထား၍မယူကြသကဲ့သို့၊ ထိုအတူ-ကုသိုလ်ကံ,အကုသိုလ်ကံကြောင့် ဖြစ်သော အကျိုးတရားချင်း တူသော်လည်း-ဝိပါက်တရားကိုသာ မုချအကျိုးဖြစ်၍ကောက်ယူ၏။ အပင်,အရိုး,အရွက်နှင့်တူသော ကမ္မဇရုပ်ကို မကောက်ယူပါ။

ဝိပါက်တရား-စပါးပမာ,
ကမ္မဇမျိုး-အရိုးပမာ၊
လယ်ရှင်ဘုရား-စပါးပါကာ,
ကောက်ယူရ-ပယ်ထ,ကမ္မဇာ။

(မူလဋီကာ-၃၇)

---

၈။ ။ဤတိုက်၌ "အကျိုးကိုဖြစ်စေခြင်းသဘောရှိကုန်သော" ဟုဆိုရာ၊ အကျိုးကို မဖြစ်စေသော အဘိညာဏ်-ကုသိုလ်,အဟောသိကံဖြစ်သော ဒိဋ္ဌဓမ္မဝေဒနီယ-ဥပပဇ္ဇဝေဒနီယကံ, အထက် မဂ်၃-ခုသည် ပယ်အပ်သော အကုသိုလ်ကံတို့သည် "တိုက်မှတ်"ဟူ၍ ထုတ်သင့်သည် မဟုတ်ပါလော။

၈။ ။အကျိုးပေးသည်ဖြစ်စေ - မပေးသည်ဖြစ်စေ၊ အရဟတ္တမဂ်ဖြင့် မပယ်အပ်သော အဝိဇ္ဇာ,တဏှာ,မာနာနုသယရှိသော ပုထုဇန်သေက္ခတို့၏ သန္တာန်၌-ကြောင့်ကြဗျာပါရနှင့် တကွဖြစ်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးကိုပေးသော အခြင်းအရာမျှဖြင့်-ဖြစ်သည်ကိုသာ "အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်သော"ဟု ဆိုသည်။ ထို့ကြောင့်—၎င်းတို့သည် "တိုက်မှတ်"မဖြစ်။

(ပဋ္ဌမအကြိမ်),

ဝိပစ္စနသဘာဝတော၀, အနုပစ္ဆိန္နာ ဝိဇ္ဇာဘဏ္ဍာ မာနသန္တာနေ့, သဗ္ဗာပါဂ တာ, တေနအဘိညာဒိကုသလာနံ ဘာဝနာယ ပဟာတဗ္ဗာ တိ အကုသလာနဥ္စ ဝိပါကာနုပ္ပါဒနေပိ ဝိပါကဓမ္မတာ သိဒ္ဓိ ဟောတိ။

(မူလဋီကာ ၃၇-စက်ခဲသည်)

---

## ဥဒာဏ်ပဆျာ ဖြန့်ရန်ပုစ္ဆာ

၉။ ။"ဝိပါကဓမ္မ ဓမ္မာ" အရ-ကာမကုသိုလ် ဂ-ခုကိုသာ ကောက်ယူခဲ့သော် "ဝိပါကာဓမ္မာ"ဟူသော ပုဒ်ဘွဲ့ အဘယ်တရားတို့ကို ကောက်ယူသင့်သနည်း။

၉။ ။ပဟာဝိပါက်စိတ် ၈-ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခု၊ ပေါင်း ၁၆-ပါးသောစိတ်နှင့်-စေတသိက် ၃၃-တို့ကို ကောက်ယူသင့်ပါသည်။

(လွယ်လှပါ၏-ကြံလေ)

ဦး ....စွာပြထား-ဇယားပုံ,
ကော ....ပုဒ်လွမ်း-ညာချမ်းသဏ္ဍာန်၊
ဝိ ....ပါကတိက်-ခဲ့စိတ်ပေဘန်,
ဒ ... ယာထား-ရေးသား ဤကျမ်းဂန်။

ဝိပါကတိက် ပြီး၏။

---

## ၄-ဥပါဒိန္နတိက်

၁-ဥပါဒိန္နု ပါဒါနိယာ ဓမ္မာ။
၂-အနုပါဒိန္နု ပါဒါနိယာ ဓမ္မာ။
၃-အနုပါဒိန္န အနုပါဒါနိယာ ဓမ္မာ။

၁-ဥပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည်,ကပ်အပ်သောကံသည်, အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားဖြစ်ကုန်သော။ ဓမ္မာ ...သံဝိဇ္ဇန္တိ....၊

၂။-အနုပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည်, ကပ်အပ်သောကံသည်, အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည် ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာ ဖြစ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ....၊
(ပဥ္စမအကြိမ်)

၃–အနုပါဒိန္န အနုပါဒါနိယာ – အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်လည်းမဟုတ်၊ ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော။ ဓမ္မာ .. သံဝိဇ္ဇန္တိ....။

## (၄) ဥပါဒိန္နတိက်ဇယားပုံ

| အဒေသ | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ | | | | အသင်္ဂဟိတ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ခံ | အာ | ဓာ | သ | ခံ | အာ | ဓာ |
| ဥပါဒိန္နတ္တိက | ဥပါဒိန္န၊ ပါဒါနိယာ | ၃၂ | ၃၅ | ၂၀ | .... | ၅ | ၁၁ | ၁၇ | ၁ | .... | ၁ | ၁ |
| | အနုပါဒိန္န၊ ပါဒါနိယာ | ၁၂,၁၇,၂၀ | ၅၂ | တိဇ | .... | ၅ | ၇ | ၈ | ၂ | .... | ၅ | ၁၀ |
| | အနုပါဒိန္န၊ အနုပါဒါနိယ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |

### ဆောင်ပုဒ်လင်္ကာ

လောကိဝိပါ၊ စေ့မှာသုံးငါး၊ ကံရုပ်ကားနှစ်ဆယ်၊ **ပ့ဝယ်မှတ်ကြ**။ ဒွါဒ့ အကု၊ လောကီကုနှင့်၊ ကြိစုစေသာ့စိတ်ဥ့အာ့ရုပ်၊ **ဒုတိပုဒ်တည်း**။ လောကုတ် ရှစ်ရပ်၊ စေဆတ္တိံသ၊ နိဗ္ဗာန်၊ မှတ်ကြ **တ့ပုဒ်တည်း**။

---

၁။ ။"တဏှာဒိဋ္ဌိတို့ ကပ်သည်"ဟူသည် တောက်တဲ့၊ အိမ်မြှောင် ကပ်သလို ကပ်ပါသလော၊ အဘယ်သို့ ကပ်ပါသနည်း။

၁။ ။တောက်တဲ့၊ အိမ်မြှောင် ကပ်သလိုမဟုတ်၊ အာရုံပြုသည်ကိုပင် ပရိယာယ် တနည်းအားဖြင့် ကပ်သည်ဟု ဆိုပါသည်။

---

၂။ ။ကပ်တတ်သောတရား, ကပ်အပ်သောတရား, မကပ်အပ်သော တရားများကို ကောက်ပြပါ။

၂။ ။ ကပ်ကတ်သော တရားကား–"တဏှာ ဒိဋ္ဌိ။"
ကပ်အပ်သော တရားကား– "လောကီကုသိုလ်၊ အကုသိုလ်ကံ။"
မကပ်အပ်သောတရားကား–"လောကုတ္တရာ့နိဗ္ဗာန်။"
(ပဉ္စမအကြိမ်)

၁–တဏှာဒိဋ္ဌိ-မှတ်ဘိန္နစ်တန့်,
ကပ်တတ်တရား-မှတ်သားဘို့ရန်၊
လောကီကုန်နှင့်-အကုသိုလ်ကာံ,
ဤနှစ်ရပ်-ကပ်အပ်တရားမှန်။ ။

၂–လောကုတ္တရာ-ဓမ္မ နိဗ္ဗာန်,
မကပ်အပ်ဟု-မှတ်ရှုထိုက်ပြန်၊
သဘောသုံးချက်-ခွဲဖျက်ဝေဘန်,
သောတုန်-သိကြ စေဘို့ရန်။ ။

---

၃။ ။အာရမ္မဏအစွမ်းဖြင့် ကပ်အပ်သော တရား၊ အာရမ္မဏ, သမ္ပယောဂ ၂-ပါးအစွမ်းဖြင့် ကပ်အပ်သော တရားများကို ခွဲခြားဝေဘန်ပါ။

၃။ ။ဒေါသမူ, မောဟမူ, စေတနာ-လောကီကုသိုလ် စေတနာတို့ကား အာရမ္မဏအစွမ်းဖြင့် ကပ်အပ်သောတရားဖြစ်သည်။လောဘမူစေတနာ ၈-ခုကား အာရမ္မဏ-သမ္ပယောဂ ၂-ပါးအစွမ်းဖြင့် ကပ်အပ်သောတရားပည်၏။

လောဘမူလ-အဋ္ဌ,စေတနာ,
အရမ္မဏ-သမ္ပ,နှစ်ဖြာ၊
ဒေါ,မော,လေးခု-လောကီကုမှာ,
အာရုံအား-တပါး,မှတ်စရာ။ ။

---

၄။ ။“စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ” ဟူ၍ ဘုရား ဟောခြင်းကြောင့် “စေတနာ”ဟူသမျှကိုပင်“ကံ”ဟူ၍ မှတ်ရမည်လော။

၄။ ။စေတနာ-ဟူသမျှကို “ကံ” ဟူ၍ မမှတ်ရပါ၊ အကုသိုလ် စေတနာ ၁၂-ခု၊ ကုသိုလ်စေတနာ ၂၁-ခုကိုသာ“ကံ”ဟူ၍ မှတ်ရပါသည်။

---

၅။ ။ထို“ကံ”ဟူသမျှကိုပင်“တဏှာ ဒိဋ္ဌိ”တို့ ကပ်နိုင်ပါသလော။

၅။ ။မဂ်စေတနာ ၄-ခုကို မကပ်နိုင်ပါ၊ အကုသိုလ်စေတနာ ၁၂-ခုနှင့် လောကီကုသိုလ်စေတနာ ၁၇-နှစ်ခုကိုသာ ကပ်နိုင်ပါသည်။

---

(ပဋ္ဌာနအကြိမ်)

၆။ ။တဏှာဒိဋ္ဌိ ကပ်အပ်သော ကံဟူသမျှင် အကျိုးကို ပေးစေနိုင်ပါသလား။

၆။ ။ပဉ္စဒွါရဝီထိ စေတနာ - အဘိညာဏ်ဝီထိစေတနာတို့ကား အကျိုးကို မပေးစေနိုင်ပါ၊ မနောဒွါရဝီထိစေတနာမှ အကျိုးကို ပေးစေနိုင်ပါသည်။

ပဉ္စဒွါရ-တဝဘိညာဏ်,
စေတနာမျိုး-အကျိုးမသန့်၊
မနောဒွါရ်-ဝီထိစေတနံ,
ကောင်းစွာတိုး-အကျိုး,သန့်စေပြန်။ ။

မနောဒွါရ ဝီထိတို့တွင်လည်း အတ္တဝီထိ စေတနာမှသာ အကျိုးပေးပါသည်၊ ကြွင်းသော "အတီတဂ္ဂဟဏ"စသော ဝီထိစေတနာများမှာ အကျိုးမပေးနိုင်ပါ။

---

၇။ ။"ဝိပါက" သဒ္ဒါနှင့် "ဥပါဒိန္န" သဒ္ဒါ ၂-ခု အထူးဖြေပါ။

၇။ ။ "ဥပါဒိန္န"မှချ,သာမန်,
အကျိုး,နှစ်ပါး-ဟောငြားအမှန်၊
ပုဒ်"ဝိပါက"-မှချကေန်,
ကျိုးတပါး-ထူးခြား,ဤနှစ်တန်။ ။

---

၈။ ။ဝိပါကဓမ္မသာဖြစ်၍ ဥပါဒိန္နဓမ္မ မဖြစ်သောတရား။
ဥပါဒိန္နဓမ္မသာဖြစ်၍ ဝိပါကဓမ္မ မဖြစ်သောတရား။
၂-ပါးစုံ ဖြစ်သောတရား။
၂-ပါးစုံ မဖြစ်သော တရားများကို ကောက်ပြပါ။

၈။ ။ဝိပါကဓမ္မသာဖြစ်၍ ဥပါဒိန္နဓမ္မ မဖြစ်သောတရားကား—
"ဖိုလ် ၄-ခု စေတသိက် ဆတ္တိံသ။"
ဥပါဒိန္နဓမ္မသာဖြစ်၍ ဝိပါကဓမ္မ မဖြစ်သောတရားကား—
"ကမ္မဇရုပ်ဝီသ။"
၂-ပါးစုံ ဖြစ်သောတရားကား—
"လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဥ္စတိံသ။"
၂-ပါးစုံ မဖြစ်သောတရားကား—
"အကုသိုလ် ကုသိုလ်ကြိယာ စေတသိက်ဒွေပညာသ တိဇရုပ် နိဗ္ဗာန်။"
[(ပဥ္စမအကြိမ်)]

ဖိုလ်လေး,စေက-ဝိပါက,သာ,
ကမ္မဇရုပ်စု-ဥပါဒိန် သာ၊
လောကီဝိပါက်-နှစ်ချက်ယူပါ,
ကု,ကု,ကြိ-စေ,တိ,နိဗ်,ယယ်ပါ။ ။

---

၉။ ။ဥပဒိန္နအရ - အာဒိန္နအရ - ဥပါဒါန်အရ - အာဒါနီယအရ၊ ဤ ၄-ချက်ကို ခွဲခြား၍ အရကောက်ပြပါ။

၉။ ။ဥပ အရကား "လောကီကုသိုလ်-အကုသိုလ်စေတနာ"အာဒိန္န အရကား " လောကီဝိပါက် ၃၂-စေ ၃၅-ကမ္မဇရုပ် ၂၀- " ဥပါဒါန အရကား "လောဘ-ဒိဋ္ဌိဟု ဆိုအပ်သော ဥပါဒါန်တရား ကိုယ် ၂-ပါး။" အာဒါနီယ အရကား "ဥပါဒါန်၏ အာရုံဖြစ်သော လောကီစိတ် ၈၁-စေ ၅၂-ရုပ် ၂၈။"

လောကီကုနှင့်-အကုသိုလ်ကံ,
"ဥပ"အရ-မှတ်ကြဘို့ရန်၊
ပဋမပုဒ်ရ-မမ္မ သဗ္ဗံ,
"အာဒိန္န-"မှတ်ကြစေဘို့ရန်။ ။

လော,ဒိဋ္ဌ,နှစ်ခု-ဥပါဒါန်,
လောကီစိတ်နှင့်-စေတသိက်မကျန်၊
ရုပ်နှစ်ဆယ့်ရှစ်-မှတ်လစ်သဗ္ဗံ,
"အာဒါနိ-"မှတ်ဘိ,ဤလေးတန်။ ။

---

၁၀။ ။သင်္ဂဟ၌"လက္ခဏာရူပံ နိန ာကုဟောစိ ဇာယနိ္တ"ဟုဆိုပါလျက်မာတိကာ၌အဘယ့်ကြောင့် ဥပစယ သန္တတိ ၂-ပါးကိုထည့်၍ ကောက်သနည်း။

၁၀။ ။ရုပ်ကိုဖြစ်စေတတ်သော ကံ,စိတ်,ဥတု, အာဟာရဟူသောအကြောင်း တရားတို့၏ သတ္တိဗျာပါရ အရှိန် အဟုန် မငြိမ်းမစဲမှီ နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ သေခြင်း ဖြစ်သောကြောင့် " မာတိကာ၌ ဥပစယ-သန္တတိ ၂-ပါးကို ကောက်တော်မူသည်။"

---

၁၁။ ။အဘယ်ကျမ်း၌ ဤကဲ့သို့ ကောက်သည်ကိုမြင်ရ၍ " အကောက်ဆရာ " ကောက်နိုင်သနည်း။

၁၁။ ။ဓမ္မသင်္ဂဏီ,ပါဠိတော် ရူပကဏ္ဍ၌၊ ၎င်း ၂-ပါးတို့၏ စတုသမုဋ္ဌာနိက ရုပ်၏အဖြစ်ကို ပရိယာယ်အားဖြင့် ဟောသည်ကိုမြင်၍ ကောက်သည်။

(ပဥ္စမအကြိမ်)

၁၂။ ။ဇရတာနှင့်အနိစ္စတာ၂-ပါးကိုလည်း"စတုသမုဋ္ဌာနိက"ဟူ၍ပရိယာယ် အားဖြင့် ဟောသင့်သည် မဟုတ်ပါလော။

၁၂။ ။"ဖြစ်ပေါ်မှု" ဟူသည်ကား၊ အကြောင်းရှိမှ ဖြစ်ပေါ်နိုင်သည်၊ "တည်မှု-ပျက်မှု" တို့ကား အကြောင်းကင်းသော်လည်း တည်နိုင်ပျက်နိုင်သည်။ သို့ဖြစ်၍ ဇရတာ-အနိစ္စတာ ၂-ပါးကို "စတုသမုဋ္ဌာနိက"ဟူ၍ မဟောရပါ။

---

၁၃။ ။ကံ,စသောအကြောင်းကြောင့် ဖြစ်ပေါ်လာသောရုပ်တရားတို့၏"တည်မှု-ပျက်မှု"သည် စင်စစ်အကြောင်းကင်း၍ "တည်သည်-ပျက်သည်" ဆိုနိုင်ပါမည်လော။ ထိုသို့မဆိုနိုင်သော် "စတုသမုဋ္ဌာနိက" ဟူ၍ပင် ဆိုရမည် မဟုတ်လော။

၁၃။ ။"မာတိကာရူဘွယ်" ကျမ်းကို ရေးသော ဆရာ အလို အားဖြင့် "တည်မှု-ပျက်မှု" သည်လည်း အကြောင်းမကင်းဟု အလိုတော်ရှိ၍ "ဇရတာ-အနိစ္စတာ" ၂-ပါးကိုလည်း ထည့်၍ ကောက်တော်မူသည်။

---

၁၄။ ။ဥပစယ-သန္တတိ ၂-ပါးအထူးကို ဘော်ပြပါ။

၁၄။ ။ မဖြစ်ဘူးထ-ရုပ်စ,ပေါ်လာ,
"ဥပစယ"-ခေါ်ထ,သညာ၊
ဖြစ်ဘူးပြီးနောက်-ပေါ်ပေါက်၍လာ,
"သန္တတိ"-ခေါ်ဘိ,မည်သညာ ။

ပဋိသန္ဓေအတွင်း၌ မဖြစ်ဘူးသေးသော ရုပ်တို့၏ စ၍ဖြစ်ပေါ်လာခြင်းကို "ဥပစယ"ခေါ်သည်။

ဖြစ်ဘူးပြီးသော ရုပ်တို့၏ နောက်ထပ် အသစ်အသစ် ဖြစ်ပေါ်လာခြင်းကို "သန္တတိ"ခေါ်သည်။

● ဤကား ခပ်သိမ်းသော ရုပ်-ခပ်သိမ်းသော ပဋိသန္ဓေနှင့် ဆက်ဆံသော အချုပ်သာမညစကားတည်း။

အကျယ်တနည်း

## (ဂဗ္ဘသေယျကအတွက်)

**ကမ္မဇ....** ကာ,ဘာ,ဝတ္ထု-သုံးခု"ကလာ"
သန္ဓိဥမှ-စ၍ဖြစ်လာ၊
"ဥပစယ"-ခေါ်ကြလေပါ,
နောက်ဖြစ်ဘိ-"သန္တတိ"မှတ်ကြရာ။ ။

(ပဋ္ဌမအကြိမ်)

ဥတုဇ.... သန္တိဋ္ဌီမှ-စ၍ပေါ်လာ,
ဥတုဇရုပ်-ဖြစ်ချုပ်ခါခါ၊
စ၍ဖြစ်ထ-"ဥပစယာ"
နောက်ဖြစ်ဘိ-"သန္တတိ"မည်သညာ။ ။

စိတ္တဇ.... ပ,ဘွင်,ဥ,မှ-စ၍ပေါ်လာ,
စိတ္တဇရုပ်-ဖြစ်ချုပ်ခါခါ၊
စ၍ပေါ်ထ-"ဥပစယာ"
နောက်ဖြစ်ငြား-မှတ်သား"သန္တတိ"သာ။ ။

အာဟာရဇ.... နှစ်သုံးသတ္တာဟ-ရောက်ထခဲ့သော်,
အာဟာရဇ-ရုပ်ကဖြစ်ပေါ်၊
"ဥပစယ"-အစကိုခေါ်,
"သန္တတိ"-မှတ်ဘိ,နောက်ဖြစ်ပေါ်။ ။

ကမ္မဇ.... ဆယ့်တသတ္တာဟ-ကာလတိုင်သော်,
စက်,သော,ဃာ,ဇိ-လေးလီဖြစ်ပေါ်၊
"ဥပစယ"-ဖြစ်စကိုခေါ်,
"သန္တတိ"-ခေါ်ဘိ,နောက်ဖြစ်ပေါ်။ ။

## (သံသေဒဇ,ဥပပတ်အတွက်)

သံသေ,ဥပတ်-နှစ်ရုပ်မှာသော်,
သန္တေခဏ-ရှုပဖြစ်ပေါ်၊
"ဥပစယ"-နာမမှည့်ခေါ်,
"သန္တတိ"-ခေါ်ဘိ,နောက်ဖြစ်ပေါ်။ ။

ဥပါဒိန္န....ဝိဘာဂ....တွေနိုင်ဟာ။

## ဥပါဒိန္နတိုက်ပြီး၏။

---

(ပဌမအကြိမ်)

## (၅) သံကိလိဋ္ဌတိက်

၁–သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။
၂–အသံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ။
၃–အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ။

၁-သံကိလိဋ္ဌ သံကိလေသိကာ - ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှါ ထိုက်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ။

၂-အသံကိလိဋ္ဌ သံကိလေသိကာ - ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည် မဟုတ်ကုန်သည်ဖြစ်၍၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှါသာ ထိုက်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ....။

၃-အသံကိလိဋ္ဌ အသံကိလေသိကာ - ပူပန် စေတတ် နှိပ်စက် တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည် မဟုတ်ကုန်သည် ဖြစ်၍၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှါ ထိုက်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ....။

## (၅) သံကိလိဋ္ဌတိက်ဇယားပုံ

| အစဉ် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | [illegible] | အသင်္ဂဟိတ ခံ | အာ | ဓာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဌမ | သံကိလိဋ္ဌသံကိလေ | ၁၂ | ၂၇ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| ဒုတိယ | အသံကိလိဋ္ဌသံကိလေ | ၁၇,၃၂,၂၀ | ၃၈ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၁ | .... | .... | .... |
| တတိယ | အသံကိလိဋ္ဌအသံကိလေ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |

### ဆောင်ပုဒ်လင်္ကာ

"အကုသိုလ်ဒသ်၊ စေ့သတ္တာဝိ၊ ပ,မှာတည်၏။"
"လောကီ,ကုဝိ၊ ကြိုဝိသ၊ အဋ္ဌတိ°စေ၊ ရုပ်,တွေ့,ဒု,ရ။"
"တတိယမှာ၊ ဥပါဒိန် "တ"၊ အတူရသည်။ ခဏလွှယ်စွာ ကောက်ဘို့တည်း။

(ပဋ္ဌမအကြိမ်)

၁။ ။သံကိလေသ-သံကိလိဋ္ဌ-သံကိလေသိက-သုံးပါးအထူးကို ဖော်ပြပါ။

၁။ ။ကိလေသာဆယ်ပါးကို "သံကိလေသ" ခေါ်သည်။

အကုသိုလ်ဒွါဒသ ကိလေသာ ဆယ်ပါးကြည်သော စေတသိက် သတ္တရသကို "သံကိလိဋ္ဌ" ခေါ်သည်။

ကိလေသာ၏ အာရုံဖြစ်ထိုက်သော လောကီ တရားစုကို "သံကိလေသိက" ခေါ်သည်။

"သံကိလေသ"-ဆယ်ဝ,ကိလေ,
အကု,ဒွါဒသ်-သတ္တရည်,စေ၊
"သံကိလိဋ္ဌ"-ခေါ်ကြပါလေ,
လောကီတရား-ခေါ်ငြား"သံကိလေ"။ ။

---

၂။ ။ပူပန်စေတတ်-ပူပန်စေအပ်-နှစ်ပါးစုံရသော တရား၊ ပူပန်စေအပ်, တပါး သာရသောတရားများကိုကောက်၍ ဥပမာပြပါ။

၂။ ။သံကိလေသတရား ၁၀ - ပါးသည် ပူပန်စေတတ် ပူပန်စေအပ် နှစ်ပါးစုံရသည်။

သံကိလိဋ္ဌ တရားခေါ်သော အကုသိုလ်ဒွါဒသ စေတသိက် ၁၇ - သည် ပူပန်စေအပ် တပါးသာရသည်။

သံကိလေသ,တရားသည်"မီး"နှင့်တူ၏။
သံကိလိဋ္ဌ,တရားသည်"ထင်း"နှင့်တူ၏။

ထင်းသည် မပူတတ်သော်လည်း မီးနှင့်ပေါင်းခြင်းကြောင့် ထင်းပါ ပူသည် ဟူလို။ ။

---

၃။ ။"သံကိလေသဝဂ္ဂ"တွင်၏-အနိုက်အဘဉ့်ကို ဖော်ပြ၍ အဘယ်ကိလေသာ သည်-အဘယ်၌တည်၍ ပူပန်စေသနည်း။

၃။ ။ကိလေသာသည် အနုသယ ကိလေသာ - ပရိယုဋ္ဌာန ကိလေသာ-ဝီတိက္ကမကိလေသာ,ဟူ၍ အခိုက်အတန့် သုံးပါးရှိပါသည်။

"အနုသယကိလေသာ"သည် သတ္တဝါတို့၏ သန္တာန်၌ ကိန်း၍ ဥပါဒ်ခြင်းသို့ မရောက်သေးသော်လည်း၊ ပူပန်စေတတ်သော ကတ္တုဗျာပါရ သတ္တိရှိပါသည်။ (ပဥ္စမအကြိမ်)

"ပရိယုဋ္ဌာနကိလေသာ" သည် မနောဒွါရ၌ ဥပါဒ်၍ သတ္တဝါတို့ကို ပူပန်စေပါသည်။

"ဝီတိက္ကမကိလေသာ"သည် ကာယဒွါရ-ဝစီဒွါရ၌ လွန်ကျူး၍ သတ္တဝါတို့ကို ပူပန်စေပါသည်။

---

၄။ ။ကိလေသာသည် သဘာဇာတဖြစ်သော နာမ်တရားကိုသာ ပူပန်စေပါ သလော။

၄။ ။နာမ်တရားကိုသာ ပူပန်စေသည် မဟုတ်ပါ၊ မှီရာဖြစ်သော ရုပ်တရားကိုလည်း ပူပန်စေပါသည်။

ရာဂမီး-ဒေါသမီးလောင်၍ သေသော ဝတ္ထုများကိုထောက်ပါ။

**သံကိလိဋ္ဌတိက် ပြီး၏။**

---

## (၆) ဝိတက်တိက်

၁-သဝိတက္က သဝိစာရာ ဓမ္မာ။

၂-အဝိတက္က ဝိစာရမတ္တာ ဓမ္မာ။

၃-အဝိတက္က အဝိစာရာ ဓမ္မာ။

၁-သဝိတက္က, သဝိစာရာ၊ ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွ ဖြစ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ .. ။

၂-အဝိတက္က, ဝိစာရမတ္တာ၊ ဝိတက်ကားမရှိ ဝိစာရမျှသာ ရှိကုန်သော။ ဓမ္မာ ...သံဝိဇ္ဇန္တိ....။

၃-အဝိတက္က, အဝိစာရာ၊ ဝိတက်လည်းမရှိ ဝိစာရလည်း မရှိကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ....။

## (၆) ဝိတက်တိက်ဇယားပုံ

| အရေကြ | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ |  |  |  | အသင်္ဂဟိတ |  |  |
|---|---|---|---|---|---|---|---|---|---|---|---|---|
|  |  |  |  |  |  | ခံ | ဋ္ဌာ | ဓာတ် | ဣ | ခံ | ဋ္ဌာ | ဓာတ် |
| နှစ် | သဝိတက္ကသဝိစာရာ | ၅၅ | ၅၀ | ... | .... | ၄ | ၂ | ၃ | ၃ | ၁ | ၁၀ | ၁၅ |
| နှစ် | အဝိတက္ကဝိစာရမတ္တာ | ၁၁ | ၃၆,၅၅ | .. | ... | ၄ | ၊ | ၂ | ၊ | ၁ | ၁၀ | ၁၆ |
| ပထ | အဝိတက္က ၊၊ ဝိစာရာ | ၅၅ | ၃၆,၁၁ | ၂၈ | နိ | ၅ | ၁၂ | ၁၇ | ၃ | .... | ... | . |
| ၂ | တိက်မုတ် | .... | ၅၅ | ... |  | သပ္ပဒေသတိက် |  |  |  |  |  |  |

(ပဉ္စမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

သဝိတက္က၊ သဝိစာရာ၊ စိတ်မှာပဉ်ပဉ်၊တက်စာကြည်၍၊ စေပညာသာ၊ ပ,မှာရ၏။ ဒုတိယဈာန်၊ ဆယ့်တစ်တန်နှင့်၊ ကြည်ရန်တက်စာ၊ စေ,မှာဆတ္တိံသ၊ သဝိတက္က၊ သဝိစာရာ၊ စိတ်မှာရှိသော၊ ဝိတက္ကောစေ၊ ငါးပါးပေတည်း။ မှတ်လေ ဒု,ရ။ အဝိတက္က၊ အဝိစာရာ၊ စိတ်မှာပဉ်ပဉ်၊ တက်စာကြည်စေ၊ ဆတ္တိံသေနှင့်၊ ရှုပေ နိဗ္ဗာန်၊ ယူရန် တ,ပုဒ်။ တိက်မှတ်ထုတ်က သဝိတက္က၊ သဝိစာရာ၊ ဗျည်းပဋ္ဌာန်၊ ဝိစာရစေ၊ ငါးပါးပေ၊ ထုတ်လေ တိက်မှတ်သဘောတည်း။

## ဤ''ဝိတက်'' တိက်ကို သဘောကျဘို့ရန်မှာ အောက်ပါ အချက်ကို ကြပ်ကြပ် သတိထားရမည်

၁—''ဝိတက်'' သည် ဝိတက်နှင့်မယှဉ် ဝိတက်မရှိ၊ ဝိစာရနှင့်ကား ယှဉ်၏။ အခြား စိတ်,စေတသိက်တို့နှင့်လည်း ယှဉ်၏။

၂—''ဝိစာရသည် ဝိစာရနှင့်မယှဉ်၊ ဝိတက်နှင့် အချို့ ယှဉ်၏။ အချို့ မယှဉ်။ အခြား စိတ်,စေတသိက်တို့နှင့် ယှဉ်၏။

၃—''ဝိတက်,ဝိစာရသည် ဝိတက်,ဝိစာရနှင့်မယှဉ်။ အခြား စိတ်,စေတသိက် တို့နှင့်ကား ယှဉ်၏။

## အောက်ပါ အချက်လေးချက်ကို သတိပြုပါ

(က) ''ဝိတက်''သာရှိ၍''ဝိစာရ''မရှိသောတရား။
(ခ) ''ဝိစာရ''သာရှိ၍''ဝိတက်''မရှိသောတရား။
(ဂ) ''နှစ်ပါးစုံ''မရှိသောတရား။
(ဃ) ''နှစ်ပါးစုံ''ရှိသောတရား။

## ဤလေးချက်ကို အစဉ်အတိုင်း ကောက်ပြအံ့

(က) သဝိတက္ကစိတ် ၅၅-ခုဌ်ရှိသော ''ဝိစာရ''စေတသိက် ၅၅-ခု။
(ခ) ဒုတိယဈာန်စိတ်-၁၁၊ ဝိတက်, ဝိစာရကြဉ်သော စေ ၃၆-ခု။ ဆဝိတက္ကစိတ် ၅၅-ခုဌ်ရှိသော''ဝိတက်''စေ ၅၅-ခု။
(ဂ) သဝိတက္ကစိတ်-၅၅၊ ဝိတက်,ဝိစာရကြဉ်သော စေ ၅၀-ခု။
(ဃ) အဝိတက္ကအဝိစာရ,စိတ်-၅၅၊ဝိတက်,ဝိစာရကြဉ်သောစေတသိက် ၃၆-ခု၊ ဒုတိယဈာန် ၁၁-ခုဌ်ရှိသော ဝိစာရ စေ-၁၁၊ ရုပ်,နိဗ္ဗာန် ဟူ၍ ကောက်ပါ။

(ပဋ္ဌမအကြိမ်)

"ပဌမပဒ"၌ ဝိတက်,ဝိစာရကြဉ်သော စေတသိက် ပညာသ-ဟူရာ၌ စိတ်နှင့်အညီအမျှ "ဝိတက်ကို ၅၅-ခုဟုမှတ်ပါ။ ဝိစာရလည်း ၅၅-ခုဟုမှတ်ပါ။ ၎င်းနောက် "ဝိတက်" ၅၅-ခုကို " ဝိတက်ကားမရှိ၊ ဝိစာရမျှသာရှိသော အဝိတက္ကဝိစာရမတ္တာ"ဟူသော ဒုတိယပဒကို ပို့လိုက်ပါ။

"ဒုတိယပဒ"၌ ဒုတိယဈာန် ၁၁-ခု၌ရှိသော ဝိစာရ စေ ၁၁-ခုကို အဝိတက္ကအဝိစာရာ"ဟူသော တတိယပဒကို ပို့လိုက်ပါ။

"ပဌမပဒ"မှ ကြဉ်ထုတ်လိုက်သော "ဝိစာရ" စေ ၅၅-ခုကို ထို ၃-ပုဒ်တွင် ဘယ်ပုဒ်မှာမှ မဝင်နိုင်သဖြင့် "တိက်မုတ်" ထုတ်လိုက်ပါ။

---

၁။ ။"ဝိစာရမတ္တာ"ဟု ဟောလျှင် ပြီးကောင်းလျက် အဘယ့်ကြောင့် "အဝိတက္က"သဒ္ဒါထပ်၍ ဆိုပြန်သနည်း။

၁။ ။" မတ္တာ " သဒ္ဒါ၏ အဝဓာရဏ အနက်ဖြစ်သော မြစ်အပ်သော အနက်ကား အခြားမဟုတ် " ဝိတက် " ပင်တည်းဟု သိစေခြင်းငှါ "အဝိတက္က" သဒ္ဒါကိုဆိုသည်။ တနည်း ဝိစာရမတ္တာသဒ္ဒါကား "ဝိသေသန" အဝိတက္ကသဒ္ဒါကား "ဝိသေသျ" ဤသို့ ဝိသေသန ဝိသေသျ အဖြစ်အားဖြင့်ဆိုသည်။

---

၂။ ။"သဝိစာရာဓမ္မာ"သာဟူ၍မဟောမူ၍ အဘယ့်ကြောင့်"မတ္တာ"သဒ္ဒါကို ဆိုပြန်သနည်း။

၂။ ။ဝိစာရ၏ မြဲသောအဖြစ်ကို ပြလို၍ "မတ္တာ" သဒ္ဒါကို ဆိုပြန်သည်။

---

၃။ ။"မတ္တာ"သဒ္ဒါ၏ ဤ၌ လိုအပ်သော အနက်ကို ဘော်ပြပါ။

၃။ ။အဌသာလိနီ အဌကထာအလို-
"အနည်းငယ် အတိုင်းအရှည်ဟူသော ပမာဏအနက်"
မူလဋီကာအလို-
" ဝိတက်ဟူသော အနက်ထူးကို နှစ်စေခြင်း အဝဓာရဏအနက် " ကို ဟောသည်။

---

၄။ ။"ဝိတက် ၅၅-ခု"ကို သစ္စာဖွဲ့ပြပါ။

၄။ ။ လောကီဝိတက်-လေးဆယ့်ခွန်မှာ,
ဒုက္ခသစ်ထဲ-အမြဲသွင်းပါ၊
မဂ်ဝိတက်လေး-သွင်းရေးမဂ္ဂါ,
ဖိုလ်ဝိတက်-လွတ်ထွက်,သစ္စာမှာ။ ။

---

(ပဌမအကြိမ်)

ဦး ....ဖြူ,ဦးနက်-မှတ်ကြက်ဘို့ရန်,
ကော ....လီဓာတ်ဆန်း-လစန်းသဏ္ဍာန်၊
ဝိ ....တက္ကတိက်-နှဲစိတ်ဝေဘန်,
ဗ ....ကွေထ-နိစ္စ,ဤကျမ်းဂန်။
ဝိတက်တိက် ပြီး၏။

---

## (၇) ပီတိတိက်

၁–ပီတိသဟဂတာ ဓမ္မာ။

၂–သုခသဟဂတာ ဓမ္မာ။

၃–ဥပေက္ခာသဟဂတာ ဓမ္မာ။

၁ ပီတိသဟဂတာ-ပီတိနှင့်တကွဖြစ်ကုန်သော၊ ဝါ-ပီတိနှင့်တကွ ကျေပွါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော၊ ဝါ-ပီတိနှင့်တကွ ကျေပွါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော....။

၂–သုခသဟဂတာ-သုခဝေဒနာနှင့်တကွဖြစ်ကုန်သော၊ဝါ-သုခဝေဒနာနှင့် ကျေပွါဒအစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော၊ ဝါ-သုခဝေဒနာနှင့်ကျေပွါဒ အစရှိသောအဖြစ်သို့ ရောက်ကုန်သော....။

၃–ဥပေက္ခာ သဟဂတာ - ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်သော၊ ဝါ-ဥပေက္ခာဝေဒနာ နှင့် ကျေပွါဒအစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် ကျေပွါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော....။

## (၇) ပီတိတိက်ဇယားပွဲ

| အစဉ် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ | | | | အသင်္ဂဟိတ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ခံ | [illegible] | [illegible] | [illegible] | ခံ | [illegible] | [illegible] |
| [illegible] | ပီတိသဟဂတာ | ၅၁ | ၄၆ | ... | ... | ၄ | ၂ | ၂ | ၃ | ၁ | ၁၀ | ၁၆ |
| | သုခသဟဂတာ | ၆၃ | ၄၆ | .... | .... | ၃ | ၂ | ၃ | ၃ | ၂ | ၁၀ | ၁၅ |
| | ဥပေက္ခာသဟဂတာ | ၅၅ | ၄၆ | ... | .... | ၃ | ၂ | ၇ | ၃ | ၂ | ၁၀ | ၁၁ |
| ၃ | တိက်မှတ် | ၃ | ၃၂<br>၂၁<br>၅၅ | ၂၀ | နိ | သပ္ပစေသတိက် | | | | | | |

(ပဥ္စမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

ပိဋကယှဉ်လစ်၊ ငါးဆယ့်တစ်သာ၊ ပိ,ဒ္ဓါ,ဒိ,စိ၊ ကြည်ဘိစေမှာ၊ ဆစ္စတ္တာတည်း၊ **ပ,မှာကောက်ရ**၊ **ဒု,တ,ပုဒ်မှာ**၊ ဝေဒနာတိက်က၊ ပ,တ,နည်းတူ၊ **တိက်မှတ်ယူက**၊ ကာယဝိညာဏ်၊ စတုတ်စျာန်၌၊ သုခံ,ဆယ့်နှစ်၊ ဥပေက်ငါးပါး၊ ဒုက်သုံးပါးနှင့်၊ စေကာႏ,ဗာဝိ,ရုပ်,နိဗ်တည်း။

**မှတ်ချက်။** ။ (ဒုက်သုံးပါးဟူသည်-ဒုက္ခသဟဂုတ် စိတ်,သုံးပါးဟူလို။)

---

၁။ ။ပိတိတိက်၌-ဝေဒနတိက်ကဟောပြီးတရားတွေကို ထပ်၍ဟောခြင်းသည် ဘုရားဟော ဒေသနာ၌ ပုနရုတ္တိဒေါသ မသင့်ပြီလော၊ ဘယ်အကျိုးငှါ ဟောသနည်း။

၁။ ။သပ္ပီတိကသုခ-နိပ္ပီတိကသုခ နှစ်ပါးကို ခွဲဝေ၍ပြခြင်းငှါ။
"အင္ဂသာလိနီအင္ဂကထာအလို"
ပိတိ,နှင့် ဝေဒနာတို့၏ သဘောအထူးကိုပြခြင်းငှါ။
"မူလဋီကာအလို"
အတိပဏီတသုခ-ဩဠာရိကသုခ-နှစ်ပါးကို ခွဲဝေ၍ပြခြင်းငှါ။
ဟောတော်မူ၏။ "အနုဋီကာအလို"။

သပ္ပိ,ငါးတစ်-ဆယ့်နှစ်,နိပ္ပိ,
ပိတိ,ဝေဒနာ့-ခွဲပြလေသည်၊
ဩဠာ,ငါးနှစ်-ဆယ့်ဘစ်,တိပဏီ,
ဋ္ဌကထာ-မူလာ,အနုဋ္ဌီ။ ။

---

၂။ ။သပ္ပီတိကသုခ-နိပ္ပီတိကသုခ-ဩဠာရိကသုခ-အတိပဏီတသုခ အရများကို ကောက်ပြပါ။

၂။ ။ ပိတိယှဉ်လစ်-ငါးဆယ့်တစ်မှန်,
သပ္ပီတိက-သုခ,ခေါ်ရန်၊
စ,စျာန်,သုခ-ကာယဝိညာဏ်,
နိပ္ပီတိ-ခေါ်ဘိ,ဆယ့်နှစ်တန်။
ပိတိယှဉ်ကြွႏ-ငါးဆယ့်တတန်,
ကာယဝိဉ်တစ်-ခေါ်လစ်"ဩဠ"
"တိပဏီတ"မှတ်ကြ,စ,စျာန်,
ဆယ့်တပါး-မှတ်သားစေဘို့ရန်။ ။

---

(ပဉ္စမအကြိမ်)

၃။ ။မူလဋီကာအလို ပီတိနှင့် သုခဝေဒနာ ၂-ပါးသည် အဘယ်သို့ ထူး သနည်း။

၃။ ။မခံစားရသေးသော အာရုံကို နှစ်သက်ခြင်းသည် "ပီတိ"မည်၏။ ခံစားရပြီးသော အာရုံကို ဝမ်းမြောက်ဝမ်းသာဖြစ်မှုသည် " သုခ ဝေဒနာ"မည်၏။

မခံစားရ-ငါးဝအာရုံ,
နှစ်သက်တုံဘိ-"ပီတိ"ခေါ်တုံ၊
ခံစားလေရ-ပဥ္စအာရုံ,
ဝမ်းမြောက်ထ-"သုခ"ခေါ်ဘိုကြုံ။ ။

အင္ဂသာလိနီ ၁၄၃၊ ဋီကာကျော် ၇၁ မှာ ကျယ်စွာဆိုသည်။

---

## (ဂ) ဒဿနတိက်

၁–ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။
၂–ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။
၃–နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

၁–ဒဿနေန ပဟာတဗ္ဗာ-သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော....။

၂–ဘာဝနာယ ပဟာတဗ္ဗာ - အထက်မဂ် သုံးခုသည် ပယ်အပ်ကုန်သော....။

၃ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ-သောတာပတ္တိမဂ်သည် ပယ် အပ်သည်လည်း မဟုတ်၊ အထက် မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ် ကုန်သော....။

---

## (ဃ) ဒဿနဟေတုတိက်

၁-ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
၂- ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။
၃–နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

၁–ဒဿနေန ပဟာတဗ္ဗဟေတုကာ - သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်သော....။

၂–ဘာဝနာယ ပဟာတဗ္ဗဟေတုကာ-အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိကုန်သော....။

(ပဥ္စမအကြိမ်)

၃–နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ- သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ် ရှိသည်လည်းမဟုတ်၊ အထက်မဂ် ၃-ခုသည် ပယ်အပ်သောဟိတ်ရှိသည်လည်း မဟုတ်ကုန်သော....။

## (ဂ) ဒဿနတိက်နှင့် (ဇ) ဒဿနဟေတုတိက် ဇယားပုံ

| [illegible] | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဟိတ ခံ | ဉာဏ | ဟိ | ဟိ | အသင်္ဟိတ ခံ | ဉာဏ | ဟိ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဒဿနတိက် | ဒဿနေန ပဟာတဗ္ဗာ | ၄+၁ | ၂၂ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | | ၄+၂ | ၂၅ | .... | .... | | | | | | | |
| | ဘာဝနာယပဟာတဗ္ဗာ | ၄+၂ | ၂၅ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၁ | ၁၆ |
| | | ၄+၁ | ၂၁ | .... | .... | | | | | | | |
| | နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ | ၂၁ | | | | | | | | | | |
| | | ၃၆+၂၀ | ၃၈ | ၂၈ | နိ | ၅၁ | ၂ | ၁၈ | ၃ | .... | .... | .... |
| ဒဿနဟေတုတိက် | ဒဿနေန ပဟာတဗ္ဗ ဟေတုကာ | ၄+၁ | ၂၂ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | | ၄+၂ | ၂၅ | .... | .... | | | | | | | |
| | ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ | ၄+၂ | ၂၅ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | | ၄+၁ | ၂၁ | .... | .... | | | | | | | |
| | နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ | ၂၁ | | | | | | | | | | |
| | | | ၃၈ | .... | .... | | | | | | | |
| | | ၃၆+၂၀ | ၂ | ၂၈ | နိ | ၅၁ | ၂ | ၁၁ | ၃ | .... | .... | .... |

ဤဒဿနတိက်အရကောက်ကို လက်ာရေးလျှင် ပိုမို၍ပင် အမိပ္ပါယ်ရှုပ်ထွေးသွားမည်စိုး၍ “အကောက်အတိုင်းပင်” ထည့်လိုက်ပါသည်။

ဒဿနေန ပဟာတဗ္ဗာဓမ္မာ-ဟူသော ပဌမပုဒ်၏ အရကား - **သောတာပတ္တိမဂ်သည်** အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁-ခု၊ မာန်, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ကြဉ်သော စေတသိက်ဗာဝီသ၊ **သောတာပတ္တိမဂ်သည်** တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ပဉ္စဝီသရ၏။

(ပဋ္ဌမအကြိမ်)

ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ-ဟူသော ဒုတိယပုဒ်၏အရကား **သကဒါဂါမိမဂ်သည်** တနုကရအားဖြင့် ပယ်အပ်သော ရှုန်ရင်းသော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ၂၊ **အနာဂါမိမဂ်သည်** အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ၂၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပဥ္စဝီသ၊ **အရဟတ္တမဂ်သည်** အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ရူပရာဂ-အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ဧကဝီသရ၏။

နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ-ဟူသော တတိယပုဒ်၏အရကား-ကုသိုလ်စိတ် ဧကဝီသ၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ ရုပ်,အဋ္ဌဝီသ နိဗ္ဗာန်ရ၏။

---

၁။ ။အဘယ်တရားသည် "ဒဿန" မည်သည်ဟု အကြောင်းပြ၍ဖြေပါ။

၁။ ။သောတာပတ္တိမဂ်သည် "နိဗ္ဗာန်ကို ရှေးဦးစွာမြင်တတ်သောကြောင့်" ဒဿန,မည်၏။

ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန။

"သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော ဒဿနန္တိ ဝုတ္တော။"

(အဋ္ဌသာလိနီ-၇၇)

---

၂။ ။အဘယ်တရားသည် "ဘာဝနာ" မည်သည်ဟု အကြောင်းပြ၍ဖြေပါ။

၂။ ။အထက်မဂ်သုံးခုသည် "သောတာပတ္တိမဂ် မြင်းအပ်ပြီးသော တရားတို့ကိုပွားသည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့်" "ဘာဝနာ" မည်၏။

ဘာဝနာယာတိ သေသမဂ္ဂတ္တယေန၊

"သေသမဂ္ဂတ္တယဉှိ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံ ယေဝဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ နပဿတိ" တသ္မာ ဘာဝနာတိ ဝုစ္စတိ။

(အဋ္ဌသာလိနီ-၇၇)

ဒဿနေန-သောတ,မဂ်သာ,
နိဗ္ဗာန်တရား-မြင်ငြားဦးစွာ၊
အထက်မဂ်သုံး-ခေါ်ထုံးဘာဝနာ,
မြင်ပြီးတရား-ပွားများ,သည့်တွက်တာ။

---

(ပဥ္စမအကြိမ်)

၃။ ။"နိဗ္ဗာန်ကို ရှေးဦးစွာမြင်သည်" ဟူသည် စက္ခုပသာဒဖြင့် ရူပါရုံကို မြင်သလို မြင်သလော။ သို့မဟုတ် နိဗ္ဗာန်ကို ပဋိဝေဓဉာဏ်အစွမ်းဖြင့် ထိုးထွင်း၍ သိခြင်းကိုပင် မြင်သည်ဆိုပါသလော။

၃။ ။"ထို ၂-မျိုးသည်-တမျိုးမှ,မဟုတ်ပါ။"

"သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်ကိုသာ မြင်သည်" ဟု ဆိုပါသည်။

"နိဗ္ဗာနံ ဒဿနတောတိ" နိဗ္ဗာနာရမ္မဏတံ သန္ဓာယာဟ။"

(မူလဋီကာ-၄၀)

တနည်း....ဓမ္မစက္ခုသည်-ဘာဝနာအဖြစ်သို့ မရောက်စေသေးဘဲ စတုသစ္စဓမ္မတို့ကို ပရိညာဏ် အစွမ်းဖြင့် အဘန်ဘန် မြင်ခြင်းကို "ဒဿန,မြင်သည်" ဟု ဆိုသည်။

"အထဝါ ဓမ္မစက္ခု ပုနပ္ပုနံ နိဗ္ဗတ္တနေန ဘာဝနာဘာဝံ အပ္ပတ္တံ "ဒဿနံ" နာမ"

(မူလဋီကာ-၄၀)

အာရုံပြုမှု-တခုကိုသာ,<br>
"ဒဿန"ဟု-မှတ်ရှု,လေပါ၊<br>
ပသာဒစက္ခု-မြင်မှုတဖြာ,<br>
ထိုးထွင်းသိ,ပယ်ဘိ,ဤနှစ်ဖြာ။

---

၄။ ။"တတောပရံ ဂေါတြဘုစိတ္တံနိဗ္ဗာနမာလမ္ဗိတွာ"ဟူသော သင်္ဂဟပါဠိနှင့် "နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သောကြောင့် သောတာပတ္တိမဂ်သည် ဒဿနမည်၏"ဆိုသောစကားနှစ်ရပ် မဆန့်ကျင်အောင် အဘယ်သို့ယူရသနည်း။

၄။ ။ဂေါတြဘုစိတ်သည် ရှေးဦးစွာ နိဗ္ဗာန်ကို မြင်သည်မှန်၏။ သို့သော် ကိလေသာကို ပယ်ခြင်းကိစ္စမပြီးသေးသောကြောင့် မြင်သည်ဟုမဆိုရ။သောတာပတ္တိမဂ်သည်သာ - ကိလေသာကို, ပယ်ခြင်းကိစ္စ ပြီးသောကြောင့် ၎င်းကိုသာ "ဒဿန"ဆိုပါသည်။ ထို့ကြောင့် စကားနှစ်ရပ်မဆန့်ကျင်ပါ။

---

၅။ ။ဤအရာ၌ ဥပမာဆောင်ပြပါ။

၅။ ။တစုံတယောက်သော သူသည် ဘုရင်မင်းမြတ်ထံ တစုံတခုသော ကိစ္စဖြင့် သွားရောက် ခ,စားရာ၊ ဆင်စီး၍ လာသော မင်းကိုမြင်လျက် လမ်းခရီး အကြားဖြစ်၍ မိမိကိစ္စ မပြီးစီးဘဲ ပြန်လာရာ၊ တယောက်သောသူက "ဘုရင်မင်းမြတ် တွေ့ခဲ့ပါရဲ့လား"ဟု မေးရာ၊ တွေ့ခဲ့ငြားသော်လည်း-မိမိကိစ္စမပြီးသဖြင့်

(ပဥ္စမအကြိမ်)

"မတွေ့ခဲ့ပါ"ဟုဆိုသကဲ့သို့ ဝေါတြဘူသည် နိဗ္ဗာန်ကို မြင်သော်လည်း-ကိလေသာကို ပယ်ခြင်းကိစ္စမပြီးသေးသောကြောင့် မြင်သည်ဟု မဆိုရပါ။

(အဋ္ဌသာလိနီ-၇၇)

---

မေး။ ။မဂ် ၄-ပါးတို့ပယ်အပ်သော ကိလေသာ"စိတ္တုပ္ပါဒ်"ဒုစရိုက်တို့ကို အသီးအသီး ဖော်ပြပါ။

ဖြေ။ ။သောတာပတ္တိမဂ်သည်—ပယ်အပ်သော ကိလေသာကား - ဒိဋ္ဌိ, ဝိစိကိစ္ဆာဖြစ်သည်။ ။စိတ္တုပ္ပါဒ်ကား-ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး။ ဝိစိကိစ္ဆာသဟဂုတ် ၁-ပါး။ ၅-ပါးဖြစ်သည်။ ။ဒုစရိုက်ကား-ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာဒိဋ္ဌိ-ဤငါးပါးဖြစ်သည်။

သကဒါဂါမိမဂ်သည်—ပယ်အပ်သော ကိလေသာကား - ကြမ်းတန်းသော ရာဂ, ဒေါသ, မောဟ ဖြစ်သည်။ စိတ္တုပ္ပါဒ်-ဒုစရိုက်တို့မှာ သောတာပတ္တိမဂ်နှင့် အတူတူ။

အနာဂါမိမဂ်သည် — ပယ်အပ်သော ကိလေသာ ကား - ဒေါသ, ကုက္ကုစ္စ, ပစ္စရိယ, ကုက္ကုစ္စ, ဤလေးပါး ဖြစ်သည်။ စိတ္တုပ္ပါဒ်ကား-ဒေါသမူဒွေ ဖြစ်သည်။ ဒုစရိုက်ကား-ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒ, ဤသုံးပါးဖြစ်ပါသည်။

အရဟတ္တမဂ်သည်—ပယ်အပ်သော ကိလေသာကား - လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-တို့ဖြစ်သည်။ဒုစရိုက်ကား-သမ္ဖပ္ပလာပ-အဘိဇ္ဈာတို့ ဖြစ်သည်။

## ကိလေသာပယ်ပုံ

ဒိဋ္ဌိ, ဝိစိ-ပယ်ဘိ"သောတာ,"
ကြမ်းသော, ရာဂ-ဒေါသ, မောဟာ၊
သကဒါဂါမိ-ပယ်ဘိသုံးဖြာ,
ဒေါသမျိုး-ပယ်ချိုး"အနာဂါ။"
လောဘ, မောဟ, မာန, ထိနာ,
ဥဒ္ဓစ္စနှင့်-အဟိရိကာ၊
အနောတ္တပ္ပ-သတ္တကိလေသာ,
အကုန်နုတ်-ပယ်ဖြုတ်"ရဟန္တာ။"

(ပဉ္စမအကြိမ်)

## ဒုစရိုက်ပယ်ပုံ

ပါဏာ,အဒိန္န-တဝကာမေ,
မုသာ,မိစ္ဆ-သော-သ,ပယ်ချေ၊
နာဂါမ်,ပိသု-ဖရု,ဗျာပါဒေ,
ရဟန္တာ-သမ္ဖာ,အဘိဇ္ဈေ။
"ဝိစ္ဆာပြုပါ်ပယ်ပုံမှာလွယ်၏။"

---

၇။ ။"တန္နကရ" အစွမ်းဖြင့်ပယ်သောမဂ်, "အနဝသေန" အစွမ်းဖြင့် ပယ်သော မဂ်, "၂-ပါးစုံ"အစွမ်းဖြင့် ပယ်သောမဂ်တို့ကို ခွဲဝေဘန်ပြပါ။

၇။ ။ အနာ,သောတ-မဂ္ဂ,နှစ်ထွေ,
"တန္နကရ"-အနဝသေ၊
"သကဒါဂါ"-"တန္နကရေ,"
ရဟတ္တာ-မှတ်ကြ"နဝသေ။"

---

ဂ။ ။"တန္နကရ"အစွမ်းဖြင့်သာပယ်အပ်သောတရား, "အနဝသေသ"အစွမ်းဖြင့်သာ ပယ်အပ်သောတရား၊ "၂-ပါးစုံ"အစွမ်းဖြင့် ပယ်အပ်သောတရား "၂-ပါးစုံ"အစွမ်းဖြင့်မပယ်အပ်သောတရားတို့ကိုအသီးသီးခကာက်ပြပါ။

ဂ။ ။(က) "တန္နကရ" အစွမ်းဖြင့် ပယ်အပ်သောတရားမရှိ။

(ခ) "အနဝသေသ" အစွမ်းဖြင့် ပယ်အပ်သောတရားကား - ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ မောဟမူဒွေ-ပေါင်း ၆-ခု။

(ဂ) "နှစ်ပါးစုံ" ပယ်အပ်သောတရားကား - ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဒေါသမူဒွေ-၂၌ ၆-ပါးဖြစ်သည်။

(ဃ) "နှစ်ပါးစုံ" မပယ်အပ်သော တရားကား - ကုသိုလ်,ဝိပါက်, ကြိယာ-စေတသိက် အဋ္ဌတိံသ ရုပ်,နိဗ္ဗာန်,တရားများ ဖြစ်ကြသည်။

---

၉။ ။မဂ်တပါး, မဂ်သုံးပါး, မဂ်လေးပါးလုံးပယ်သော တရားများကို ကောက်ပြပါ။

(ပဥ္စမအကြိမ်)

၉။ ။ မဂ်,တပါး-ခြောက်ပါးယှဉ်ပါ။
သုံးမဂ်ယှဉ်ငြား-နှစ်ပါးစိတ်မှာ၊
လေးမဂ်ယှဉ်ငြား-လေးပါးစိတ်ပါ,
ပေါင်းတုံလစ်-ဆယ့်နှစ်,အကုသာ။

## တနည်း-သရုပ်နှင့်ကောက်ပြအံ့

ဒိဋ္ဌိသံ,မောဒွေ-မဂ်,ပေယှဉ်ပါ,
သုံးမဂ်ယှဉ်ရေး-ဒေါဒွေနှစ်ဖြာ၊
ဒိဋ္ဌိဝိပ်လေး-မဂ်လေး,ယှဉ်ရှာ,
ပေါင်းတုံလစ်-ဆယ့်နှစ်,အကုသာ။

---

၁၀။ ။"ပဟာတဗ္ဗာ"၌ ပဟာနအပြားများကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍, ဤ၌ မည်သည့်"ပဟာန"ကို လိုအပ်သည်ဟူ၍လည်းညွှန်ပါ။

၁၀။ ။(က) တဒင်္ဂပဟာန—ခဏမျှပယ်သော မဟာကုသိုလ်။
(ခ) ဝိက္ခမ္ဘနပဟာန—ဝေးစွာပယ်ခွါသော မဟဂ္ဂုတ်ကုသိုလ်။
(ဂ) သမုစ္ဆေဒပဟာန—အကြွင်းမဲ့ ပယ်သော မဂ်ကုသိုလ်။
(ဃ) ပဋိပဿဒ္ဓိပဟာန — တဖန်ထပ်၍ ငြိမ်းအောင် ပယ်သော ဖိုလ် ၄-ခု။
(င) နိဿရဏပဟာန—ကိလေသာမှ လွတ်မြောက်သော အားဖြင့် ပယ်သောနိဗ္ဗာန်။
- ဤ၌"သမုစ္ဆေဒပဟာန"ကို လိုအပ်သည်။

---

၁၁။ ။သောတာပတ္တိမဂ်သည်အပါယဂမနီယဖြစ်သောတရားနှင့်အပါယဂမနီယ မဟုတ်သောတရားများကိုပယ်ရာ၌ အဘယ်သို့ ဥပမာတူပါသနည်း။

၁၁။ ။အပါယ ဂမနီယဖြစ်သော တရားကို, ပယ်ရာ၌ ဝရဇိန် လက်နက် မိုးကြိုးစက်မှန်သောလူနှင့်တူပါသည်။

အပါယ ဂမနီယမဖြစ်သော တရားကို, ပယ်ရာ၌ လျှပ်စစ်လက်သဖြင့် မှောင်ကင်းပျောက်သည်နှင့်တူပါသည်။
(ပဥ္စမအကြိမ်)

အပါယ်သွားကြောင်း-မကောင်းကိလေ,
ဝရဇိန်နှုန်း-ပယ်ဖြုန်းလိုက်ပေ၊
သွားကြောင်းမဟုတ်-အယုတ်ကိလေ,
လျှပ်ရောင်နှုန်း-ပယ်ဖြုန်းလိုက်သလေ။ ။

---

၁၂။ ။"နိရောဓသစ္စံ သစ္ဆိကရောန္တော"ဟုဆိုသောကြောင့်မဂ်လေးပါးလုံးပင် နိဗ္ဗာန်ကိုသစ္ဆိကရဏအစွမ်းဖြင့်အာရုံပြု၍မြင်သည်ချည်းဖြစ်၍ "ဒဿန" ချည်း မည်သင့်သည် မဟုတ်ပါလော။

၁၂။ ။သောတာပတ္တိမဂ် မြင်အပ်ပြီးသောတရားကို ပွားသည်၏အစွမ်းဖြင့် ထပ်၍ မြင်ကြရသောကြောင့် အထက်မဂ် သုံးခုသည် "ဘာဝနာ"သာ မည်၏ "ဒဿန"မမည်ပါ။

(မဏိဒီပအလို)

---

၁၃။ ။"မဂ္ဂသစ္စံ ဘာဝနာဝသေန" ဟု ဆိုသောကြောင့် မဂ် လေးပါးလုံး "ဘာဝနာ"မည်သင့်လျက်၊ အဘယ့်ကြောင့် သောတာပတ္တိ မဂ်ကိုသာ "ဒဿန"ဟုဆိုရသနည်း။

၁၃။ ။သောတာပတ္တိမဂ်သည် အထက်မဂ်တို့၏ ရှေးဦးစွာ နိဗ္ဗာန်ကို အာရုံပြု၍ မြင်သောကြောင့်"ဒဿန"သာမည်၏၊"ဘာဝနာ"မမည်။

(မဏိဒီပအလို)

---

၁၄။ ။သုတ္တန်၌"ရူပံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟေယ"ဟူ၍၎င်း။သင်္ဂဟ၌ သဗ္ဗဥ္စပနေတံရူပံ (လ) အပ္ပဟာတဗ္ဗမေဝ" ဟူ၍၎င်း။ ရုပ်ကို ပယ်အပ်, မပယ်အပ်ဟု အဓိပ္ပါယ်နှစ်မျိုး ဆန့်ကျင်ခဲ့ရာ၊ ပဌမနည်း မှန်ခဲ့သော် ရုပ်ကို ဤဒဿနတိက် ပဌမပုဒ်-ဒုတိယပုဒ်၌ ကောက်သင့်၏၊ ဒုတိယနည်း မှန်ခဲ့သော် တတိယပုဒ်၌ ကောက်သင့်၏၊ အဘယ်သည် မှန်ပါသနည်း အကြောင်းပြဖြေပါ။

၁၄။ ။"နှစ်နည်းလုံးပင် မှန်ပါသည်" အကြောင်းကိုဆိုသော် ပဌမသုတ်ဒေသနာသည် မုချဒေသနာမဟုတ်၊ ဖလူပစာနည်းအားဖြင့် ဟောတော်မူသည် ရုပ်ကို ပယ်ရမည် မဆိုလိုပါ။ ရုပ်၌တပ်မက်တတ်သော ဆန္ဒရာဂကို မယ်ရမည်ဟု ဆိုလိုပါသည်၊ တနည်း....သံကိလေသဓမ္မကို ပယ်ရမည်ဟု ဆိုလိုပါသည်။

သင်္ဂဟအလိုမှာ မုချဒေသနာဖြစ်၍ အဖြေ‌ာင့်အတိုင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ရုပ်သည် မပယ်အပ်သော တရားဖြစ်သဖြင့် "တတိယပဒ"မှာသာ ဝင်ရပါသည်။

ဋီကာကျော်အလို-ဆန္ဒရာဂ၊ အနုဋီကာအလို-သံကိလေသဓမ္မ၊
(အတူတူပင် ဖြစ်ပါသည်။)

---

(ပဌမအကြိမ်)

၁၅။ ။ဒဿနေန ပဟာတဗ္ဗတရား၊ ဘာဝနာယ ပဟာတဗ္ဗ တရားများကို ပစ္စုပ္ပန်, အတိတ်,အနာဂတ် ကာလသုံးပါးတွင် အဘယ်တရားဟု ဆိုရမည်နည်း။

၁၅။ ။မဂ်သည်ပယ်အပ်သောကိလေသာသည်ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါးတွင် တပါးမျှမဟုတ်ပါ။

(မဂ္ဂေါ ယေ ကိလေသေ ပဇဟတိ - တေ အတီတာဝါ· အနာဂတာဝါ· ပစ္စုပ္ပန္နာဝါ နဝတ္တဗ္ဗာတိ ဝုတ္တံ) အဋ္ဌကထာပါဠိကို လယ်တီ ဆရာတော်ဘုရား ရေးသော "ပရမတ္ထဒီပနီဋီကာ ၃၀၂-မှာ" ကိုး၍ ပြထားသည်။

---

၁၆။ ။အတိတ်,စသောကာလသုံးပါးတွင် တပါးမျှမဟုတ်သော် အဘယ်တရား ဟု ဆိုရမည်နည်း အကြောင်းပြဖြေပါ။

၁၆။ ။အတိတ်တရားတို့မှာလည်း ချုပ်ပြီးဖြစ်၍ မပယ်နိုင်ချေ၊ အနာဂတ် တရားတို့မှာလည်း မဖြစ်ပေါ်သေးသဖြင့် မပယ်နိုင်ချေ၊ ပစ္စုပ္ပန် အကုသိုလ်တရား တို့ ဥပါဒ်ဆဲ၌လည်း မဂ်မရှိ၊ မဂ်ရှိဆဲခဏ၌လည်း အကုသိုလ်မရှိဖြစ်၍လည်း မပယ် နိုင်ချေ။ ထို့ကြောင့် ကာလသုံးပါးတွင် တပါးမျှမဟုတ်ပါ၊ သို့သော် ဖြစ်ပေါ် လတ္တံ့သော **သာမည အနာဂတ်တရား**-ဟူ၍ ဆိုရပါသည်၊ အနာဂတ် တရား အစစ်လည်းမဟုတ်ပါ။

(ဣမမတ္ထံ သန္ဓာယ မဂ္ဂေါ အနာဂတသာမညံ ကိလေသဇာတံပဇဟ တီတိ တတ္ထတတ္ထဝုတ္တော တတ္ထ အနာဂတသာမညန္တိ အနာဂတသမ္ဘတံ န ကေန္တ အနာဂတံ။)

**(ပရမတ္ထဒီပနီ ဋီကာ-၃၀၁)**

---

၁၇။ ။"အကဏှအသုက္ကကမ္မန္တိ - ကမ္မက္ခယကရံ မဂ္ဂေညာဏံအဓိပ္ပေတံ" ဟူ သော စတုရင်္ဂုတ္တရ အဋ္ဌကထာပါဠိကိုင်၊ "ဓိဏာသဝါနံကုသလာကုသ လဇဝနာနိစ နလဒ္ဓန္တိ" ဟူသော-သင်္ဂဟပါဠိကိုင်၊ "ကုသလံကုသလံ ဇဟံ" ဟူသော နမက္ကာရပါဠိကိုင်၊ ထောက်သော်၊ ရဟန္တာတို့သည် ကုသိုလ်,အကုသိုလ်ကို ပယ်ခြင်းကြောင့် "ဘာဝနာယပဟာတဗ္ဗာ" ပုဒ်၌ "လောကီကုသိုလ်" ကိုလည်း ကောက်သင့်သည် မဟုတ်ပါလော။

၁၇။ ။အရဟတ္တမဂ်သည် အကုသိုလ်ကိုသာ မုချသမုစ္ဆေဒပဟာန်ဖြင့် ပယ် ပါသည်၊ ကုသိုလ်ကို ပယ်သည်ဆိုရာ၌ကား - မုချပယ်သည်မဟုတ်၊ နိရာနုသယ သန္တာန်၌ဖြစ်၍ အကျိုးမပေးဘဲ ကြိယာဖြစ်သွားသည်ကို ရည်ရွယ်၍ ပရိယာယ် အားဖြင့် ဆိုပါသည်။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့သည် တရားဟောခြင်း၊တရား (ပဋမအကြိမ်)

နာခြင်း၊ ဘုရားဖူးမျှော်ခြင်းအမှု စသည်ကို ပြုကြပါသည်။ သို့ဖြစ်၍ "ကုသိုလ်"ကို ဒုတိယပဒ၌ မကောက်ရပါ။

**"သရုပ်သဘာဝ-ခွဲဝေပြ-ထွေနိဒ္ဒိတံ"**

## (၁၀) အာစယဂါမိတိက်

၁—အာစယဂါမိနော ဓမ္မာ။

၂—အပစယဂါမိနော ဓမ္မာ။

၃—နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။

၁—အာစယဂါမိနော-စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော၊ ဝါ-ပဋိသန္ဓေ-စုတိ-ဂတိသို့ ရောက်ကြောင်းဖြစ်ကုန်သော....။

၂—အပစယဂါမိနော-နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော....။

၃—နေဝါစယဂါမိ နာပစယဂါမိနော - စုဋိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်သော....။

## (၁၀) အာစယဂါမိတိက်ဇယားပုံ

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ် ခံ | သင်္ဂဟိတ် အာ | သင်္ဂဟိတ် ဗိငဓ | သင်္ဂဟိတ် ဖိဂ | အသင်္ဂဟိတ် ခံ | အသင်္ဂဟိတ် ငဏ | အသင်္ဂဟိတ် ဗိငဓ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အာစယဂါမိတိက် | အာစယဂါမိနောဓမ္မာ | ၁၂+၁၇ | ၅၂ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | အပစယဂါမိနောဓမ္မာ | ၄ | ၃၆ | .... | .... | ၄ | ၂ | ၂ | ၁ | ၁ | ၁၀ | ၁၆ |
| | နေဝါစယဂါမိနာပစယ | ၃၆+၂၀ | ၃၈ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၂ | .... | ... | .. |

### ဆောင်ပုဒ်လင်္ကာ

အာစယမှာ၊ **ပ,မှာ** အကူ၊ လောကီကုစေ၊ **ဒုတိယေဝယ်၊** လေးထွေမဂ်၊ သတ္တိံသစေ၊ **တတိယေ,က၊** ဗျာကတ၊ မချုံလုံးစုံတူ....။

၁။ ။သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နောနာမ ဟောတိ-ဟူသော သင်္ဂဟပါဠိနှင့်အညီ သောတာပတ္တိမဂ်သည် အပါယ်ပဋိသန္ဓေကို မဖြစ်စေ တတ်၊ သတ္တက္ခတ္တု ပရမသောတာပန်အဖြစ်ဖြင့် ကာမသုဂတိ ၇-ဘုံမှာ (ပဋ္ဌမအကြိမ်)

ဖြစ်ရမည်ဆိုရာ၊ သောကာပတ္တိမဂ်သည် ကာမသုဂတိပဋိသန္ဓေကို ဖြစ်စေတတ်ပါသလော၊ မာတိကာပါဠိကို အကိုးပြ၍ဖြေပါ။

၁။ ။"အာစယဂါမိနော ဓမ္မာ"–ဟူသောပါဠိ၌အရ·စုတိ, ဂတိ,ပဋိသန္ဓေ ရောက်ကြောင်း တရားကား လောကီကုသိုလ်,အကုသိုလ်တို့ဖြစ်၍၊ သောတာ နှင့် ကာမသုဂတိ ပဋိသန္ဓေနေခြင်းအကြောင်းကား "ကာမကုသိုလ် ဉာဏသမ္ပယုတ် ၄·ပါး"ပင်ဖြစ်သည်။ "အပစယဂါမိနော ဓမ္မာ" ဟူသောပါဠိ၌အရမဂ်တရားတို့မှာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကာမသုဂတိ ပဋိသန္ဓေကို မဖြစ်စေတတ်ပါ။

---

၂။ ။အာစယဂါမိတရား နှင့် အပစယဂါမိတရား နှစ်ခုကို့သည် အဘယ်သို့ ဥပမာတူပါသနည်း။

၂။ ။"အာစယဂါမိ" တရားကား သံသရာဒုက္ခကို ထူထောင်တတ်သော တရားဖြစ်၍၊ "ပန်းရံဆရာ"သည် စီထားသော အုဋ်တိုက်နှံရံနှင့်တူ၏။ "အပစယဂါမိ" တရားကား·သံသရာဒုက္ခ ဖြစ်တတ်သောတရားဖြစ်၍ "ပန်းရံဆရာ စီထားသော အုဋ်တို့ကို ဖျက်ချသူနှင့်"တူပါသည်။

---

၃။ ။ဝိဇ္ဇာသဝဿ ရသပိဏ္ဍပါတဒါနနိဿန္ဒေန အရဟတ္တုပ္ပဗ္ဗဇ္ဇာ-ဟူသော ဓမ္မပဒ အဋ္ဌကထာ အလိုအားဖြင့် ကာမကုသိုလ်လည်း နိဗ္ဗာန် ရောက် ကြောင်း ဖြစ်ပါလျက်၊ အဘယ့်ကြောင့် မဂ်လေးခုကိုသာ နိဗ္ဗာန်ရောက် ကြောင်းဟု ဟောတော်မူသနည်း။

၃။ ။ကာပကုသိုလ်ဘို့သည် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော်လည်း ဝေး သော "ဒူရ" အကြောင်းဖြစ်သည်၊ မဂ်လေးခုမှာကား နီးသော "အာသန္န" အကြောင်းဖြစ်၍ မဂ်ကိုသာ"အပစယဂါမိ"ဆိုပါသည်။

တနည်း·ကာပကုသိုလ်တို့၏ ရောက်ခြင်းသည် မဂ်ဖြင့်သာလျှင် ပြီးစေအပ် သောကြောင့် မဂ်ကိုသာ "အပစယဂါမိ" ဘို၏။ ထိုစကားမှန်၏။ မဂ်ကိုမရဘဲ ကာမကုသိုလ်ဖြင့်သာ နိဗ္ဗာန်ရသောသူ မည်သည် မရှိချေ။

## ရူပကုသိုလ်-အရူပ ကုသိုလ်တို့လည်း ထို့အတူ

လောကီကုသလ-ရောက်ရနိဗ္ဗာန်,
ဖြစ်ပင်ဖြစ်ကောင်း-အကြောင်းဝေးပြန်၊
မဂ်လေးပါးကား·ရောက်ငြားနိဗ္ဗာန်,
အာသန္န-မှတ်ကြကာရဏ။

---

(ပဉ္စမအကြိမ်)

၄။ ။အဋ္ဌသာလိနီ၌ "အာစယ" ပုဒ်အရကို "ပဋိသန္ဓိစုတိဂတိပ္ပဝတ္တာနံ စေတနာမံ"ဟူ၍ပြရာ၌ ပဋိသန္ဓိ,စုတိ,ဂတိအရများကို ကောက်ပြပါ။

၄။ ။ပဋိသန္ဓေစိတ်, စုတိစိတ်, ကျေနဝိသ စေတသိက် ပဋ္ဌတိ သတို့ကား "ပဋိသန္ဓိအရ, စုတိအရဖြစ်သည်။" ပဋိသန္ဓေစုတိတို့မှတပါး လောကီဝိပါက်, စေတသိက် ပဋ္ဌတိ သ ကမ္မဇရုပ် ဝိသကို "ဂတိ" ခေါ်ပါသည်။

---

၅။ ။စုတိ, ဂတိသို့သာ ရောက်ကြောင်းဖြစ်သောတရား-စုတိ, ဂတိ, ပဋိသန္ဓေ သုံးပါးသို့ ရောက်ကြောင်းဖြစ်သော တရားများကို ခွဲကောက်ပြပါ။

၅။ ။ဥဒ္ဓစ္စစေတနာမှာ စုတိ,ဂတိသို့သာ ရောက်ကြောင်းတရား ဖြစ်ပါသည်။ ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်ပါ။

ကြွင်းသော အကုသိုလ်စေတနာ ၁၁-ခု၊ လောကီကုသိုလ် စေတနာ ၁၇-ခု တို့မှာ စုတိ,ဂတိ,ပဋိသန္ဓေ သုံးပါးသို့ရောက်ကြောင်း ဖြစ်ပါသည်။

(ကထံပနေတံ ဝိညာတဗ္ဗံ ဥဒ္ဓစ္စသဟဂတဿ ပဋိသန္ဓိဒါနသဘာဝေါ နတ္ထီတိ ဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာ။)

(ဋီကာကျော်-၁၃၆)

---

၆။ ။မဂ်လေးခုသည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည်ဟု ဆိုပါလျက်၊ သောတာပန်,သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် ပဋိသန္ဓေနေပါသေးသနည်း။ ပဋိသန္ဓေသို့ ရောက်ကြောင်းတရားဟူ၍ ဆိုရမည် မဟုတ်ပါလော။

၆။ ။သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ ပဋိသန္ဓေနေကြောင်းကား-လောကီကုသိုလ်ကြောင့်နေသည်။ ၎င်းတို့၏ မဂ်မှာကား - နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာ အကျိုးတရားကို အာရုံပြု၍၊ အကြောင်း၏ အဖြစ်ဖြင့် ဖြစ်သောကြောင့် "အပစယဂါမီ နိဗ္ဗာန်ရောက်ကြောင်းတရား" ဟူ၍ပင် ဆိုရသည်။

(တံအာရမ္မဏံ ကတွာ ပဝတ္တနတော အပစယံ ဂစ္ဆန္တီတိ အပစယဂါမိနော၊ အရိယမဂ္ဂါနမေတံ အဓိဝစနံ။)

(အဋ္ဌသာလိနီ-၇၀)

---

၇။ ။အာစယအရ,ဂါမီအရ,အပစယအရ,ဂါမီအရများကို အသီးသီး ကောက်ပြပါ။

(ပဋ္ဌမအကြိမ်)

၇။ ။" အာစယ " အရကား-ကံ, ကိလေသာတို့သည် ဆည်းပူးအပ်သော လောကီဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ရသည်။

"ဂါမိ"အရကား-လောကီကုသိုလ်,အကုသိုလ်ကိုရသည်။

"အပစယ"အရကား-နိဗ္ဗာန်ရ၏။

"ဂါမိ"အရကား-မဂ်စိတ္တုပ္ပါဒ်ရ၏။

အမှာ........ "အာစယ-အပစယ"အရများမှာ အကျိုးတရားစု၊

"ဂါမိ"အရများမှာ အကြောင်းတရားစုဟုမှတ်ပါ။

**အာစယဂါမိတိက် ပြီး၏။**

---

## (၁၁) သေက္ခတိက်

၁-သေက္ခာ ဓမ္မာ။

၂-အသေက္ခာ ဓမ္မာ။

၃-နေဝသေက္ခာ နာသေက္ခာ ဓမ္မာ။

၁ သေက္ခာ - သိက္ခာသုံးပါးတို့၌ ယှဉ်သည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော ဓမ္မာ ...သံဝိဇ္ဇန္တိ....။

၂-အသေက္ခာ-ပွားပြီးသော သိက္ခာသုံးပါးရှိကုန်သော....။

၃-နေဝသေက္ခာ နာသေက္ခာ - သိက္ခာသုံးပါးတို့၌ ယှဉ်သည်၏ အစွမ်းဖြင့် ဖြစ်ကုန်သည်လည်း မဟုတ်၊ ပွားပြီးသော သိက္ခာရှိသည်လည်း မဟုတ်ကုန်သော....။

### တနည်း

၁-သေက္ခာ-သေက္ခာပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာဖြစ်ကုန်သော....။

၂-အသေက္ခာ-ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်ကုန်သော....။

၃-နေဝသေက္ခာ နာသေက္ခာ-သေက္ခာ ပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာလည်းမဟုတ်ကုန်သော....။

### တနည်း

၁-သေက္ခာ-အပြီးအဆုံးသို့ မရောက်သေးသော သင်ခြင်း, ကျင့်ခြင်း, ဖြည့်ခြင်း ရှိသည်၏ အဖြစ်ကြောင့် မိမိတို့သည်ပင် အထက်၌ သင်အပ်, ကျင့်အပ်, ဖြည့်အပ်သော တရားတို့ကို သင်ဆဲ, ကျင့်ဆဲ, ဖြည့်ဆဲ ဖြစ်ကုန်သော...။

(ပဥ္စမအကြိမ်)

၂—အသေက္ခာ-အပြီးအဆုံးသို့ ရောက်သော သင်ခြင်း, ကျင့်ခြင်း, ဖြည့်ခြင်း ရှိသည်၏ အဖြစ်ကြောင့် မိမိတို့သည်ပင် အထက်၌ သင်အပ်, ကျင့်အပ်, ဖြည့်အပ်သော တရားတို့ကို သင်ပြီး, ကျင့်ပြီး, ဖြည့်ပြီးဖြစ်ကုန်သော....။

၃—နေ၀သေက္ခာ နာသေက္ခာ - ထို နှစ်ပါးသော အခြင်းအရာအားဖြင့် မဟုတ်ကုန်သော....။

---

## (၁၁) သေက္ခတိက်ဇယားပုံ

| အစဉ် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | ဉာ | ဟု | မှု | အသင်္ဂဟိတ ခံ | ဉာ | ဟု |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပ | သေက္ခာ ဓမ္မာ | ၇ | ၃၆ | .... | .... | ၄ | ၂ | ၂ | ၁ | ၁ | ၁၀ | ၁၆ |
| ဒု | အသေက္ခာ ဓမ္မာ | ၁ | ၃၆ | .... | .... | ၄ | ၂ | ၂ | .... | ၁ | ၁၀ | ၁၆ |
| တ | နေ၀သေက္ခာ နာသေက္ခာ | ၈၁ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ | .... | .... | .... |

### ဆောင်ပုဒ်လင်္ကာ

အရဟတ်ဖိုလ်ကြဉ်၊ ကုတ်တွင်သတ္တ၊ ဆတ္တိံသစေ၊ ပဌမေ့တည်း။
မှတ်လေထက်ဖိုလ်၊ စေကိုဆတ္တိံသ၊ ဒု့ပုဒ်ရသည်။
လောကီစိတ့်စေ၊ ရုပ်နိဗ်တွေ၊ မှတ်လေ တ့ပုဒ်အရတည်း။

---

၁။ ။ "အသေက္ခာနံ စတုစတ္တာလီသ"
"သေက္ခာန မုဒ္ဒိသေ ဆပညာသ"

ဟူ၍ ဆိုခြင်းကြောင့် "သေက္ခာဓမ္မာ" ဟူသော, ပဌမပုဒ်မှာ-စိတ် ၅၆-ပါးကိုရင်း၊ "အသေက္ခာဓမ္မာ" ဟူသော, ဒုတိယပုဒ်အရမှာ-စိတ် ၄၄-ပါးကိုရင်း ကောက်ယူသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် မကောက်သနည်း။

၁။ ။"လောကုတ္တရဇ၀နာနိစ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တိတိ" ဟူ၍ ဆိုသည့်အတိုင်း လောကုတ္တရာ စိတ်တို့သာ အခြားအရိယာပုဂ္ဂိုလ်, ပုထုဇန် ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံဘဲ "အနညသာဓာရဏ"ဖြစ်၍ လောကုတ္တရာ စိတ်ကိုသာ ကောက်သည်။ ကြွင်းသော ကာမ ရူပ အရူပ စိတ်တို့မှာကား-ပုထုဇန်, အရိယာ နှစ်မျိုးလုံးနှင့် ဆက်ဆံသောကြောင့် မကောက်ရပါ။

သတ္တန္နံ သေက္ခာနံ စေတေတိပိ-သေက္ခာ။ (အဋ္ဌသာလိနီ-၇၀)
တေသံ ဣမေဟိ သေက္ခာ-အနညာသာဓာရဏာ မဂ္ဂဖလတ္တယဓမ္မာ။
(မူလဋီကာ-၄၂)
(ပဌမအကြိမ်)

၂။ ။အာဝဇ္ဇန်းဒွေကြည့်သော ကြိယာဇော အဋ္ဌာရသသည် ရဟန္တာပုဂ္ဂိုလ် တပါးတည်းနှင့်သာ ဆက်ဆံ၍ အနည်းသာဓာ်ရကာ,မြစ်လျက်''အသေက္ခာ ဓမ္မာ'' ဟူသော ဒုတိယပုဒ်၌ အဘယ့်ကြောင့် မကောက်သနည်း။

၂။ ။ ''နသေက္ခာ—အသေက္ခာ''

ဟူသော ဝစနတ္ထဖြင့် လောကီတရား, နိဗ္ဗာန်တရားတို့၌ ''အသေက္ခ'' မမည် သည်၏ အဖြစ်ကို ပြပြီးဖြစ်၍ ''သေက္ခ''အဖြစ်၌ ယုံမှားဘွယ် မရှိသောကြောင့် ''အသေက္ခာဓမ္မာ''ပုဒ်၌ မကောက်ရပါ။

## မှတ်ချက်

ဤအရာသည် ခဲခက်သော ဌာနဖြစ်သည်။ စာကြည့်သူများသည် သဘောကျ ခဲလိမ့်မည်ထင်သည်။ သို့ဖြစ်၍ အလွန်ပေါ်လွင်သောစကားဖြင့် ငါတို့ရေးသည် ကို သတိကြီးစွာထား၍ မှတ်စေလိုသည်။

''သိက္ခာသု ဇာတာတိ သေက္ခာ''

သိက္ခာသု၊ သိက္ခာသုံးပါးတို့၌။ ဇာတာ၊ ဖြစ်ကုန်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ''သေက္ခာ၊'' သေက္ခ မည်ကုန်၏။ ဤသို့ ဝစနတ္ထပြုသော် အောက် လောကုတ္တရာ ၇-ပါး၌ သိက္ခာသုံးပါးစီရှိကြ၍''သေက္ခ''မည်ကုန်ကြ၏။

ထိုအတူ''အရဟတ္တဖိုလ်''၌လည်း သိက္ခာသုံးပါးရှိခြင်းကြောင့်''သေက္ခ''မည် သလော, မမည်သလောဟု တွေးတော ယုံမှားဘွယ်ရာ ဖြစ်လာပြန်၏။ ထိုသို့ ယုံမှားခြင်းကို ဖျောက်စေလို၍''နသေက္ခာ,အသေက္ခာ''ဟု (န)မြစ်၍ ပယ်တော် မူ၏။ ထိုကြောင့် အရဟတ္တဖိုလ် တရားကိုသာ ဒုတိယပဒ၌ ကောက်သင့်ပါသည်၊ လောကီစိတ်တို့၌ သိက္ခာသုံးပါး, မဂ္ဂင်ရှစ်ပါး, တရားစုနှင့်နိဗ္ဗာန်တို့ကို မကောက် ရပါ။

နသေက္ခာတိ ယတ္ထ သေက္ခဘာဝါသင်္ကာ အတ္ထိ၊ တတ္ထာယံ ပဋိသေဓောတိ လောကိယနိဗ္ဗာနေသု အသေက္ခဘာဝါနာပဇ္ဇနံ ဒဋ္ဌဗ္ဗာ။

(မူလဋီကာ-၄၃)

---

၃။ ။သိက္ခာသုံးပါးကို အရကောက်ပြပါ။

၃။ ။ သမ္မာဒိဋ္ဌိ,သင်္ကပ်-နှစ်ရပ်,ပညာ,
ဝိရတိ,တြံ-အဓိသီလာ၊
ဝီရိယ,သတိ-သမာဓိ,သုံးဖြာ,
ဓိစိတ္တ-မှတ်ကြ,သုံးသိက္ခာ။ ။

---

(ပဉ္စမအကြိမ်)

၄။ ။"သိက္ခာသု ဇာတာ"သိက္ခာ သုံးပါးတို့၌ ဖြစ်သည်-ဟူသည် သမ္ပယောဂ အစွမ်းအားဖြင့် ဖြစ်ပါသလော၊ အာရမ္မဏအစွမ်းအားဖြင့် ဖြစ်ပါသလော။

၄။ ။သမ္ပယောဂ အစွမ်းအားဖြင့် ဖြစ်ပါသည်။

---

၅။ ။ပုထုဇဉ် သေက္ခ အသေက္ခပုဂ္ဂိုလ်တို့ကို မည်ကဲ့သို့ ပိုင်းခြား၍ ယူရမည်နည်း။

၅။ ။(က) အစမထင်သော သံသရာမှစ၍ သောတာပတ္တိမဂ်ရှေ့ဂေါတြဘူတိုင်အောင်သည်"ပုထုဇဉ်"မည်၏။

(ခ) သောတာပတ္တိ မဂ်စိတ် တချက်နှင့် ယှဉ်သော ပုဂ္ဂိုလ်သည် "သောတာပတ္တိမဂ်"ပုဂ္ဂိုလ်မည်၏။

(ဂ) သောတာပတ္တိ မဂ်နောင် သောတာပတ္တိဖိုလ် တကြိမ်မှ စ၍ သကဒါဂါမိမဂ်ရှေ့ဝေါဒါန်တိုင်အောင်သည် " သောတာပတ္တိဖိုလ် " ပုဂ္ဂိုလ်မည်၏။ " သောတာပန် " ဟူ၍လည်း ခေါ်သည်။

(ဃ) သကဒါဂါမိမဂ်နှင့် ယှဉ်သော ပုဂ္ဂိုလ်သည် " သကဒါဂါမိမဂ်"ပုဂ္ဂိုလ်မည်၏။

(င) သကဒါဂါမိမဂ်နောင် သကဒါဂါမိဖိုလ်တကြိမ်မှစ၍ အနာဂါမိမဂ်ရှေ့ဝေါဒါန်တိုင်အောင် သည် "သကဒါဂါမိဖိုလ်" ပုဂ္ဂိုလ်မည်၏။"သကဒါဂါမ်" ဟူ၍လည်း ခေါ်သည်။

(စ) အနာဂါမိမဂ်နှင့် ယှဉ်သော ပုဂ္ဂိုလ်သည် "အနာဂါမိမဂ်" ပုဂ္ဂိုလ်မည်၏။

(ဆ) အနာဂါမိ မဂ်နောင် - အနာဂါမိဖိုလ် တကြိမ်မှ စ၍ အရဟတ္တမဂ်ရှေ့ဝေါဒါန်တိုင်အောင်သည် " အနာဂါမိဖိုလ် " ပုဂ္ဂိုလ်မည်၏။"အနာဂါမ်"ဟူ၍လည်း ခေါ်သည်။

(ဇ) အရဟတ္တမဂ်နှင့်ယှဉ်သောပုဂ္ဂိုလ်သည်"အရဟတ္တမဂ်"ပုဂ္ဂိုလ်မည်၏။

(ဈ) အရဟတ္တမဂ်နောင် အရဟတ္တဖိုလ် တကြိမ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင်သည်"အရဟတ္တဖိုလ်"ပုဂ္ဂိုလ်မည်၏။"ရဟန္တာ" ပုဂ္ဂိုလ်ဟူ၍လည်း ခေါ်သည်။

---

(ပဉ္စမအကြိမ်)

၆။ ။သယမေဝ သိက္ခိတိသေက္ခာဟုတနည်း-ကတ္တုသာဓ်ဖြင့် "သေက္ခာ" ပုဒ်၏ ဝစနတ္ထကို ပြဆိုရာ "သယမေဝ" ပါဌ်ဖြင့် အဘယ်ကို နစ်စေ၍ အဘယ်ကို ယူစေပါသနည်း။

၆။ ။မဂ် ၄-ပါး, ဖိုလ် ၃-ပါးနှင့်ယှဉ်သော ပုဂ္ဂိုလ်, ကတ္တားကို နစ်စေပါသည်။ သိက္ခာနှင့်ယှဉ်သော သမ္ပယုတ္တဓမ္မ ကတ္တားကို ယူစေပါသည်။

---

၇။ ။သေက္ခာ, အသေက္ခာ၊ သေခါ,အသေခါ ဟူ၍ရှိရာ မည်သည့်ပါဌ် မှန်ကြောင်းကို အကြောင်းပြဖြေပါ။

၇။ ။သိက္ခ-ဝိဇ္ဇောပါဒါနေ "လ"သေက္ခော အသေက္ခော ကကာရ လောပေ သေခေါ အသေခေါတိရူပါနိ ဘဝန္တိဟူ၍ သဒ္ဒနီတိဓာတုမာလာ၌ မိန့်ဆိုရကား—

"သေက္ခာ အသေက္ခာ"လည်းမှန်၏။
"က"အက္ခရာကို ချေသဖြင့်
"သေခါ-အသေခါ"လည်းမှန်၏။

**သေက္ခတိက် ပြီး၏။**

---

## (၁၂) ပရိတ္တတိက်

၁-ပရိတ္တာ ဓမ္မာ။
၂-မဟဂ္ဂတာ ဓမ္မာ။
၃-အပ္ပမာဏာ ဓမ္မာ။

၁-ပရိတ္တာ-နည်းသောအာနုဘော်ရှိကုန်သော...။

၂-မဟဂ္ဂတာ-မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော၊ ဝါ-မြတ်ကုန်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော...။

၃-အပ္ပမာဏာ-နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂ,အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော...။

## (၁၂) ပရိတ္တတိက်ဇယားပုံ

| သုခဒ | ပဒ | စိတ် | စေ ရုပ် နိ | သင်္ဂဟိတ ခံ | အာ | ပဋိ | ဖဂ | အသင်္ဂဟိတ ခံ | ဒ | ပဋိ |
|---|---|---|---|---|---|---|---|---|---|---|
| [illegible] | ပရိတ္တာ ဓမ္မာ | ၅၄ | ၅၂ ၂၀ .... | ၅ | ၁၂ | ၁၀ | ၂ | .... | .... | .... |
| | မဟဂ္ဂတာ ဓမ္မာ | ၂၇ | ၃၅ .... .... | ၄ | ၂ | ၂ | ၁ | ၁ | ၁၀ | ၁၆ |
| | အပ္ပမာဏာ ဓမ္မာ | ၈ | ၃၆ .... နိ | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |

(ပဉ္စမအကြိမ်)

## ဆောင်ပုဒ်သံခိပ်

၁- ကာမ,စေ,ကုန်၊ ရှုပ်အကုန်၊ အာရုံ"ပရိတ္တာ"
၂-မဟဂ္ဂုတ်စိတ်,ကုန်၊ ယှဉ်စေကုန်၊အာရုံ"မဟဂ္ဂတာ"
၃-လောကုတ်စိတ်,စေ၊ နိဗ္ဗာန်ပေ၊ သုံးထွေ"အပ္ပမာဏာ"

---

၁။ ။**"ပရိတ္တ" ဟူသောပုဒ်ကို ပဒစ္ဆေဒပြု၍ အစိတ်အပေါင်း အဓိပ္ပါယ်ပြန်ပါ။**

၁။ ။"ပရိတ္တ"ဟူသောပုဒ်ကို "ပရိ-အတ္တ" ဟု ပဒစ္ဆေဒပြုအပ်၏။ "ပရိ" သဒ္ဒါကား"ထက်ဝန်းကျင်"ဟူသော အနက်ကိုဟောသည်။ "အတ္တ" သဒ္ဒါကား "ပိုင်းဖြတ်အပ်သော"အနက်ကို ဟောသည်။

ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သည်၏ အဖြစ်ကြောင့် သေးငယ်သော အရာဝတ္ထုကလေးကို"ပရိတ္တ"သဒ္ဒါဟောသည်။

ပရိတ္တတ္တိကေ သမန္တတော ခဏ္ဍိတတ္တာ အပ္ပမတ္တကံ"ပရိတ္တန္တိ" ဝုစ္စတိ ပရိတ္တံ ဂေါမယပိဏ္ဍန္တိ အာဒီသုဝိယ။

(အဋ္ဌသာလိနီ-၇၀)

---

၂။ ။**ကာမာဝစရတရားကို အဘယ့်ကြောင့်"ပရိတ္တ"ဟု ဆိုအပ်သနည်း။**

၂။ ။ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သော သေးငယ်သော အရာဝတ္ထုနှင့် တူသောကြောင့် ကာမာဝစရတရားကို"ပရိတ္တ"ဟု ဆိုပါသည်။

---

၃။ ။**နာမ်တရားကို ကြီးသည်, ငယ်သည်ဟူ၍ ပမာဏ ခန့်မှန်းခြင်းငှါလည်း မစွမ်းနိုင်။ နည်းသည်,များသည်ကို အစုပြု၍ ပြောဆိုကလည်း မဟဂ္ဂုတ် လောကုတ္တရာ တရားတို့ထက် အရေအတွက်များသောကြောင့် ထိုကဲ့သို့ လည်း ပြောဆိုခြင်းငှါ မထိုက်ပါဘဲလျက် အဘယ်သို့ သေးငယ်သည်ဟု ဆိုပါသနည်း။**

၃။ ။ကိလေသာကို ခွါခြင်း၌ မဟဂ္ဂုတ် လောကုတ္တရာ တရားတို့လောက် အစွမ်းသတ္တိ မကြီးမား၊ နည်းသောအစွမ်းသတ္တိ တန်ခိုးအာနုဘော် ရှိသည်ကို ရည်ရွယ်၍"ပရိတ္တ"သေးငယ်သော တရားဟု ဆိုပါသည်။

ကိလေသဝိက္ခမ္ဘနာသမတ္ထတာဒီဟိ ပရိတ္တာ။

(မူလဋီသာ-၄၃)

---

(ပဋ္ဌမအကြိမ်)

၄။ ။"မဟဂ္ဂတ"ဟူသောပုဒ်၌ "မဟာ" သဒ္ဒါသည် ကြီးသော အနက်ဟော မဟာ၊ များသောအနက်ဟော မဟာ၊ မြတ်သောအနက်ဟော မဟာ" သဒ္ဒါတို့တွင် အဘယ်အရာ ဖြစ်သင့်သည်ကို ဖော်ပြပါ။

၄။ ။"မဟာ ကာရုဏိကော"ကဲ့သို့ ကြီးသော အနက်ဟော မဟာသဒ္ဒါလည်းမဟုတ် "ပသာဒေတိ မဟာဇနေ" ကဲ့သို့ များသော အနက်ဟော မဟာသဒ္ဒါလည်းမဟုတ်၊ "မဟာပုရိသော"၌ ကဲ့သို့ မြတ်သောအနက်ဟော "မဟာ" သဒ္ဒါဖြစ်သည်။

---

၅။ ။"ဂတ" သဒ္ဒါ၏ အနက်ကို ဤအရာ၌ အဘယ်အနက်ကို ဟောသည်ဟု ထင်ရှားအောင် ဖော်ပြပါ။

၅။ ။လောဘမူလေတယော ဂတာ-၌ "ဂတ" သဒ္ဒါကဲ့သို့ ဖြစ်ခြင်းဟောလည်းမဟုတ်၊ ဂေါသု ဒုယှမာနေသု ဂတော ပုရိသော-၌"ဂတော"သဒ္ဒါကဲ့သို့ သွားခြင်း ဟောလည်းမဟုတ်၊ ဤအရာ၌-ကျင့်ခြင်း ဟူသော ပဋိပန္နအနက်၊ ရောက်ခြင်းဟူသော ပတ္တအနက်ကိုဟောသည်။

---

၆။ ။"မဟဂ္ဂတ"ပုဒ်လုံး၏ အဓိပ္ပါယ်ကို ကျနစွာ ဖော်ပြပါ။

၆။ ။မြတ်သောဆန္ဒ,ဝီရိယ, စိတ္တ, ပညာတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ကျင့်အပ်,ရောက်အပ်သော တရားကို"မဟဂ္ဂုတ်"ဟု ဆိုလိုပါသည်။

(အဋ္ဌသာလိနီ-၇၈)

ရှန့်ရင်းသော ကာမတဏှာ စသည်တို့ဖြင့် မပိုင်းခြားအပ်။ သိမ်မွေ့သော ရူပတဏှာ,အရူပတဏှာတို့သည်သာလျှင်ပိုင်းခြားအပ်သည်၏အဖြစ်ကြောင့်မြင့်မြတ်သော နှိုင်းယှဉ်ခြင်းသို့ ရောက်သောတရားကို "မဟဂ္ဂုတ်"ဟု ဆိုပါသည်။

(မူလဋီကာ-၄၄)

"ဋီကာကျော်နည်းမှာ ပေးခဲ့သော အနက် အတိုင်းမှတ်ပါ။

---

၇။ ။မဟဂ္ဂုတ်တရားကို အဘယ်ကြောင့် မြတ်သည်၏အဖြစ်သို့ ရောက်သည်ဟု ဆိုရသနည်း။

၇။ ။(က) ကိလေသာကို ခွါခြင်းငှါ စွမ်းနိုင်ခြင်း။

(ခ) ကြီးကျယ်ပြန့်ပြောသော အကျိုးကိုပေးခြင်း။

(ဂ) ရှည်လျားသော သန္တာန်ရှိခြင်း။

(ပဥ္စမအကြိမ်)

ဤအကြောင်း ၃-ပါးကြောင့် ကုသိုလ် ၉-ပါးသည် "မဟဂ္ဂတ" မည်သည်။ ဝိပါက် ၉-ပါး ကြိယာ ၉-ပါးတို့မှာ " ရှည်လျားသော သဏ္ဍာန်ရှိခြင်း " ဟူသော အကြောင်းတပါးကြောင့်သာ "မဟဂ္ဂုတ်"ဟု ဆိုရသည်။

ကိလေသာယုတ်-ပယ်ထုတ်စွန့်ခွါ,
ကြီးကျယ်ဖွံ့ဖြိုး-အကျိုးပေးတာ၊
သဏ္ဍာန်ရှည်လျား-ရှိငြားရှိသာ,
မဟဂ္ဂုတ်-ဘော်ထုတ် မည်သညာ။
ကုသိုလ်မှာကား-သုံးပါးကြောင့်သာ,
ကြိယာ,ဝိပါက်-နောက်တချက်သာ၊
ရှင်အာနန္ဒ-ဂန္ထကာရာ,
မိန့်ဆိုပြ-မူလ,ကျမ်းဋီကာ။

ကိလေသ(လ)တာယာတိ....အတ္ထတ္တယမ္ပိ ကုသလေသု ယုဇ္ဇတိ၊ ဝိပါကကြိယေသု ဒီဃသဏ္ဍာနတာဝ။

(မူလဋီကာ-၄၄)

---

၈။ ။ပမာဏတရား,အပ္ပမာဏတရားများကို အရကောက်ပြပါ။

၈။ ။ ရာဂစသား-ဆယ်ပါးကိလေ,
"ပမာဏ"ဟု-ခေါ်ပြုသလေ၊
လောကုတ္တရ-ဓမ္မထွေထွေ,
"အပ္ပမာ-မှတ်ပါ,အိုချစ်ဆွေ။

---

၉။ ။ရာဂစသော ကိလေသာကို " ပမာဏ " ဟူ၍ လောကုတ္တရာဓမ္မကို "အပ္ပမာဏ"ဟူ၍ အဘယ့်ကြောင့် ဆိုရသနည်း။

၉။ ။ဂုဏ်အားဖြင့် ဤသူသည် ဤမျှလောက် အတိုင်းအရှည် ရှိ၏ ဟု သတ္တဝါတို့၏ အတိုင်းအရှည်ပမာဏကို ပြုသကဲ့သို့ဖြစ်တတ်သောကြောင့် ရှန့်ရင်းသော ကိလေသာတို့ကို "ပမာဏ"ဟု ဆိုသည်။

ဂုဏတော အယံ ဧတ္တကောတိ သတ္တာနံ ပမာဏံ ကရောန္တာဝိယ ပဝတ္တန္တီတိ ဩဠာရိကာ ကိလေသာ"ပမာဏကရာ"တိ ဝုတ္တာ။

(အနုဋီကာ-၄၅)
(ပဥ္စမအကြိမ်)

ပမာဏမည်သော တရားတို့သည်-အာရမ္မဏ အစွမ်းအားဖြင့်၎င်း, သမ္ပယောဂ အစွမ်းအားဖြင့်၎င်း - မရှိသောကြောင့်။ ဝါ၊ ပမာဏတရား၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လောကုတ္တရာဓမ္မသည် "အပ္ပမာဏ"မည်၏။

ပမာဏကရာ ဓမ္မာ ရာဂါဒယော ပမာဏံနာမ၊ အာရမ္မဏတောဝါ သမ္ပယောဂတောဝါ နတ္ထိ ဧတေသံ ပမာဏံ၊ ပမာဏဿစ ပဋိပက္ခာတိ "အပ္ပမာဏာ။"

(အဋ္ဌသာလိနီ-၇၈)

---

၁၀။ ။"နှိုင်းယှဉ်တတ်၏"ဟူသည် အဘယ်သို့ ဥပမာတူပါသနည်း။ ဥပမာဖြင့် ထင်ရှားအောင်ပြပါ။

၁၀။ ။မဲနေ့ာကြီးညစ်ကျုံသော ရေရှိသောရေကန်တွင်း၌ ရေတိမ်ရေနက်ကို အသိရခက်သဖြင့် တုတ်,ထိုးဝါးစသည်ဖြင့် တိုင်းသကဲ့သို့၊ ရာဂစသော တရားတို့ဖြင့် ပုထုဇန်အရိယာအဖြစ်ကို မှန်းဆတိုင်းထွာ၍ သိနိုင်ပါသည်။

ဤအရာ၌ အသျှင်တို့ ကောင်းစွာမှတ်မိရန် အောက်ပါ
အချက်ကို သတိပြုစေလို၏။

၁—"ဒီဃဘာဏက အဘယမထေရ်"သည် "ပိဏ္ဍပါတိက"မထေရ် တပါးကို ရဟန္တာဟုတ်,မဟုတ် စုံစမ်းရာ မသိနိုင်သဖြင့် ပဋ္ဌင်းငယ်တပါးကို အမှတ်သညာပေးထား၏။ ပဋ္ဌင်းငယ်သည်"ကလျာဏီ"မြစ်ဆိပ်၌ ငုပ်၍နေလေ၏။ ရေချိုးလာသော "ပိဏ္ဍပါတိက" မထေရ်၏ ခြေကိုဆုပ်ကိုင်ရာ၊ ထိုမထေရ်မှာ မိကျောင်းမှတ်၍လန့်ပြီး သည်းထန်စွာ ဟစ်အော်လိုက်၏။ ဒေါသကို မပယ်သေးသောကြောင့် လန့်အော်၏။ ထိုသို့ လန့်ခြင်းဖြင့် ထိုမထေရ်သည် ရဟန္တာမဟုတ်ကြောင်းကို သိရှိရလေ၏။

၂—သိဟိုဠ်ကျွန်း၌ "ဝသဘ" မင်းသည် မထေရ်တပါးကို စူးစမ်းအံ့သော၄ါ အိမ်၌နေစေ၍၊ မထေရ်၏ ရှေ့၌ ဇီးသီးကို အဘန်ဘန် ဆုပ်နယ်နေသော် မထေရ်သည် ရသတဏှာကို မပယ်နိုင်သေးသော ပုထုဇန်ဖြစ်၍ လျှာရည်ယိုကျလာလေ၏။ ဤသို့ လျှာရည် ယိုခြင်းအားဖြင့် မထေရ်၏ ပုထုဇန်အဖြစ်ကို သိနိုင်၏။

၃—မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ ဒေါသကို မပယ်သေးသော ရှင်အာနန္ဒာ၏ ငိုသည်ကို ထောက်ဆခြင်းအားဖြင့် "အနာဂါမ်,ရဟန္တာ" မဟုတ်သေးကြောင်းကို ခန့်မှန်းသိရှိရ၏။

၄—ပါးဘာတိပါတ စသောဒုစရိုက်ကို ကျူးလွန်နေသည်ကို မြင်ရ,တွေ့ရခြင်း အားဖြင့် ပုတုဇန်မျှသာ ရှိသေးကြောင်းကို သိရှိခန့်မှန်းနိုင်၏။

ဤသို့ စသောအားဖြင့် ရာဂ,ဒေါသစသော ကိလေသာ လွန်မှု, နည်းပါးမှု, အလျင်းမရှိမှုကို ထောက်ဆခြင်း အားဖြင့် ပုဂ္ဂိုလ်၏ ဂုဏ်အဆင့် အတန်းသည် မည်သည့်အခြေသို့ ရောက်နေသည်ကို သိရှိနိုင်ရကား **ရာဂ,စသည်တို့ကို နှိုင်းယှဉ်ခြင်းကို ပြုတတ်သောတရား**”ဟု ဆိုလိုပါသည်။

ဤအရာ၌ ရှင်မဟာကဿပဝတ္ထု, ဓမ္မဒိန္နာယောကျ်ား ဝိသာခဝတ္ထု,သံကိစ္စ သာမဏေဝတ္ထု,စသော ဝတ္ထုများစွာ ထုတ်ဆောင်ရန်ရှိသော်လည်း ရှည်အံ့စိုး၍ ချင်းချန်ခဲ့ရပါကြောင်း။

စာဖြင့်ရေးသား-မှာထားရတာ,
မကုန်နိုင်ဘူး-အထူးအမှာ၊
ထို့ကြောင့်သာပ-ဤမျှဖြင့်သာ,
မင်ဖေါ်တိန်-သိမ်းချိန်တန်တော့တာ။

**ပရိတ္တတိက် ပြီး၏။**

---

## (၁၃) ပရိတ္တာရမ္မဏတိက်

၁—ပရိတ္တာရမ္မဏာ ဓမ္မာ။

၂—မဟဂ္ဂတာရမ္မဏာ ဓမ္မာ။

၃—အပ္ပမာဏာရမ္မဏာ ဓမ္မာ။

၁—ပရိတ္တာရမ္မဏာ-ပရိတ္တတရားလျှင် အာရုံရှိကုန်သော (ဝါ) ပရိတ္တတရားကို အာရုံပြုကုန်သော....။

၂—မဟဂ္ဂတာရမ္မဏာ-မဟဂ္ဂုတ်တရားလျှင် အာရုံရှိကုန်သော (ဝါ) မဟဂ္ဂုတ်တရားကို အာရုံပြုကုန်သော....။

၃—အပ္ပမာဏာရမ္မဏာ-အပ္ပမာဏတရားလျှင် အာရုံရှိကုန်သော(ဝါ)အပ္ပမာဏတရားကို အာရုံပြုကုန်သော....။

(ပဋ္ဌမအကြိမ်)

## (၁၃) ပရိတ္တာရမ္မဏတိက်ဇယားပုံ

| အုပ်စု | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | သင်္ဂဟိတ ဂဏ | သင်္ဂဟိတ ဟ | သင်္ဂဟိတ ဟ | အသင်္ဂဟိတ ခံ | အသင်္ဂဟိတ ဂဏ | အသင်္ဂဟိတ ဟ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဉ္စမအုပ်စု ၁ | ပရိတ္တာ / ရမ္မဏာ | ၁၀-၃-၃-၈-၁ / ၁၂-၁-၈-၈-၂ | ၃၃ / ၅၀ | ... | ... | ၄ | ၂ | ၈ | ၂ | ၁ | ၁၀ | ၁၀ |
| | မဟဂ္ဂတာ / ရမ္မဏာ | ၆ / ၁၂=၁=၈=၈=၂ | ၃၀ / ၄၇ | ... | ... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | အပ္ပမာဏာ / ရမ္မဏာ | ၈ / ၁-၄-၄-၂ | ၃၆ / ၃၆ | ... | ... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| ၄ | တိက်မှတ် | ၃-၃-၁၅ / ၁၂-၁-၈-၈-၂ | ၃၅ / ၄၉ | ၂၈ | နိ | သပ္ပစေသတိက် | | | | | | |

### ဆောင်ပုဒ်လင်္ကာ

"ပရိတ္တာခမ္မော၊ မြဲသောအားဖြင့်၊ ပြုလင့်အာရုံ၊ဆယ်စုံဝိညာဏ်၊သုံးတန်မနော ဓာတ်၊ သုံးရပ်သန္တီ၊ ရှစ်လီမဟာဝိ၊ ဟသိတာထွေ၊ စေတော္တိ သံ" "နေကံပြုမူ၊ အကုသမနောဒွါ၊ မဟာကုကြိ၊အဘိညာဒွေ၊ ကြဉ်ရေးပမညာ၊ စေပညာသ၊ ပ,မှာ ရ၏။" "ဝိညာနေဝ၊ မဟာဂ်ဆနှင့်၊ တိ သစေသာ၊ နေကံမှာမူ၊ ယူပါးက်တိ သ၊ စိတ်ကာကောက်ဘိ၊ ဝိရတိ,ပမဉ်၊ ပယ်ကြဉ်သတ္တာ၊ စတ္တာလီသာ၊ ဒု,ရပါ၏။

"ကဖြာလောကုတ်၊ ရှစ်ခုထုတ်လေ၊ စေ-ဆတ္တိ သ၊ ပြုခိုက်ရမှာ၊ မနောဒွါနှင့်၊ မဟာကုဉာဏ်၊ ကြိဉာဏ်နှင့်၊ **ဘိဉာဏ် နှစ်ရပ်**၊ **အပ္ပမဉ်ဖြောက်**၊ သုံးဆယ့်ခြောက် စေ၊ **တ,ရလေ၏**။ ထုတ်လေတိက်မှတ်၊ **သရုပ်ကောက်အပ်**၊ ပညတ်ကေ်မှာ၊ အာ ကာအာကိဉ္စ၊ ရှုပဆယ့်ငါး၊ စေ-သုံးငါးတည်း။ မမှားပညတ်၊ ပြုလတ်ခိုက်မှာ၊ ကော်တိ သာနှင့်၊ ကြဉ်ပါဝိရတိ၊ စေတသိမျိုး၊ လေးဆယ့်ကိုးနှင့်၊ ရုပ်မျိုးနိဗ္ဗာန်၊ သူကြွင်းကျန်သည်၊ အမှန် **တိက်မှတ်**,ထုတ်ဘို့တည်း။

**မှတ်ချက်**။ ။"ကော်တိ သ" ဟူသည်ကား – အကုသိုလ် ၁၂-မနောဒွါရာ ဝဇ္ဇန်း ၁-မဟာကုသိုလ် ၈-မဟာကြိယာ ၈-အဘိညာဏ်ဒွေ။ ဤအနေကံစိတ် ၃၁-ပါးကို ယူပါလေ။

---

(ပဥ္စမအကြိမ်)

၁။ ။ပရိတ္တာရမ္မဏာ၊ "ပရိတ္တတရားလျှင် အာရုံရှိကုန်သော" "ဝါ-ပရိတ္တတရားကို အာရုံပြုကုန်သော" ဤသို့ - နှစ်ချက် ယောဇနာရာ - အနက် အဓိပ္ပါယ်-ထူး, မထူးကို အကြောင်းပြ၍ဖြေပါ။

၁။ ။ ☞ 'အနက်အဓိပ္ပါယ်ထူးပါသည်။"

အကြောင်းကား-ပဌမယောဇနာနည်းအလို ဝေအနက် ထည့်စွက်ဝင်ရောက်ခြင်းကြောင့် ကာမကို ကော် အာရုံပြုသောစိတ် ၂၅-ခုကိုသာ ရပါသည်။

ဒုတိယ ယောဇနာနည်းအလိုမှာ - ဝေအနက် မထည့်စွက်ခြင်းကြောင့် ကာမ ကော် ၂၅-ပါး၊ အနေကာ် ၃၁-ပါး၊ ပေါင်း ၅၆-ပါးလုံးကို ရပါသည်။

---

၂။ ။"မြဲသောအားဖြင့်" ဟူသောစကားနှင့်၊ "အာရုံပြုခိုက်" ဟူသောစကား နှစ်ခု၏ အဓိပ္ပါယ်ကို ရှင်းလင်းဘော်ပြပါ။

၂။ ။"မြဲသောအားဖြင့်" ဟု ဆိုသည်မှာ ကော် အာရုံပြုသည်ကို ဆိုလိုပါသည်၊ "အာရုံပြုခိုက်"ဟု ဆိုသည်မှာ အနေကာ်စကားဖြစ်သည်။ ဤအာရုံကိုသာ ပြုသည်မဟုတ်၊ အခြားအာရုံကိုလည်း အာရုံပြုသေးသည်၊ သို့သော် ယခု ဤ အာရုံကို ပြုခိုက်ဟု ဆိုလိုပါသည်။

---

၃။ ။ပဌမပုဒ်၌ အပ္ပမညာကို ကြဉ်ရကြောင်းနှင့် ဝိရတီကို မကြဉ်ရကြောင်းကို ဘော်ပြပါ။

၃။ ။အပ္ပမညာသည် သုခိတ, ဒုက္ခိတ, သတ္တဝါပညတ်ကို အာရုံပြုသည်။ ထိုစိတ်တို့မှာကား - ကာမတရားကို အာရုံပြုသည်ဖြစ်၍ **"အာရုံကွဲပြားသော ကြောင့်"**ကြဉ်သည်။

ဝိရတီတို့ကား-မဂ်ဖိုလ်နှင့်ယှဉ်သော ဝိရတီသည် နိဗ္ဗာန်ဟူသောလောကုတ္တရာကို အာရုံပြုကောင်းသောကြောင့် မကြဉ်ရပါ။

---

၄။ ။ဒုတိယပဒ၌ အပ္ပမညာကို, ဝိရတီနှစ်ပါးစုံကို အဘယ့်ကြောင့်ကြဉ်သနည်း။

၄။ ။အပ္ပမညာမှာ - သုခိတ, ဒုက္ခိတ, သတ္တဝါပညတ်ကို အာရုံပြုသည်၊ ဝိရတီမှာ ဝိရမိတဗ္ဗဝတ္ထုကိုသာ အာရုံပြုသည်။ ထိုစိတ် ၆-ပါးမှာကား-မဟဂ္ဂုတ်ကို အာရုံပြုသည်ဖြစ်၍ **"အာရုံကွဲပြားသောကြောင့်"** ကြဉ်ရပါသည်။

---

(ပဌမအကြိမ်)

၅။ ။တတိယပဒ္ဓ အပွမညာကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း။

၅။ ။အပွမညာကား-သုခိတ, ဒုက္ခိတ, သတ္တဝါ ပညတ်ကို အာရုံပြုသည်၊ အပွမာဏာရမ္မဏ တရားတို့ကား - နိဗ္ဗာန်ကို အာရုံပြုသည်ဖြစ်၍ "အာရုံကွဲပြားသောကြောင့်" ကြဉ်သည်။

---

၆။ ။ပရိတ္တရုပ်, ကော်အာရုံပြုသောတရား - ပရိတ္တရုပ်နာမ်, ကော်အာရုံပြုသောတရားများကို ကောက်ပြပါ။

၆။ ။ပရိတ္တရုပ် ကော်အာရုံပြုသော တရားကား - ဒွေပဥ္စ ဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ ပေါင်း ၁၃-ပါးဖြစ်သည်။

ပရိတ္တရုပ်နာမ် ကော်အာရုံပြုသော တရားများကား - ဟသိတုပ္ပါဒ် ၁-တဒါရုံ ကောဒသ၊ ပေါင်း ၁၂-ပါးဖြစ်သည်။

ပဥ္စဝိဉ်ဆယ်ရုပ်-မနောဓာတ်သုံးတန်,
ရုပ်အာရုံပြု-မှတ်ရှုထိုက်ပြန်၊
တဒါရုံရှိ-ဟသိတုပ္ပံ,
ရုပ်နာမ်ဟု-နှစ်ခုမှတ်ကြရန်။ ။

---

၇။ ။ (က) ပရိတ္တဓမ္မသာမည်၍-ပရိတ္တာရမ္မဏဓမ္မမမည်သောတရား။
(ခ) ပရိတ္တာရမ္မဏဓမ္မသာမည်၍-ပရိတ္တဓမ္မမမည်သောတရား။
(ဂ) နှစ်ပါးစုံမည်သောတရား။
(ဃ) နှစ်ပါးစုံမမည်သောတရားများကို ကောက်ပြပါ။

**အစဉ်အတိုင်းယူပါ**

၇။ ။ (က) ရုပ်—အင္ဂဝိသ။
(ခ) အဘိညာဏ်ဒွေ။
(ဂ) ကာမစိတ် ၅၄-စေတသိက်-၅၂။
(ဃ) မဟဂ္ဂုတ် ၂၇-လောကုတ္တရာ ၈-စေတသိက် ၃၈-နိဗ္ဗာန်။

ရုပ်ဌဝိသ-ပရိတ္တခေါ်ရန်,
ပရိတ္တာရမ်ဖြစ်-နှစ်အဘိညာဏ်၊
ကာမစိတ်နှင့်-စေတသိက်နှစ်တန်,
ကြွင်းတရား-နှစ်ပါး,မမည်ပြန်။ ။

---

(ပဥ္စမအကြိမ်)

၈။ ။ရုပ်အဋ္ဌဝိသသည် ပရိတ္တတရား မည်ပါလျက် အဘယ့်ကြောင့် ပရိတ္တာရမ္မဏ မမည်ပါသနည်း။

၈။ ။ရုပ်တရားသည် အာရုံကို မယူတတ်သော အနာရမ္မဏတရား ဖြစ်၍ ပရိတ္တာရမ္မဏ မမည်ပါ။

---

၉။ ။ပသာဒရုပ် ၅-ခုကို ဂေါစရဂ္ဂါဟိကရုပ်ဟုသင်္ဂဟ၌ဆိုခြင်းကြောင့် "ပရိတ္တာရမ္မဏ" တရားဟုပင် ဆိုရမည်မဟုတ်ပါလော။

၉။ ။ပသာဒရုပ် ၅-ခုကို " ဂေါစရဂ္ဂါဟိက " ဟုဆိုရာမှာ မုချဒေသနာ မဟုတ်ပါ၊ ပသာဒရုပ် ၅-ခုကိုမှီ၍ ဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀-တို့၏ ပဉ္စာရုံယူသည်ကို ဌာနဖြစ်သော ပသာဒရုပ်ပေါ်တင်စား၍ ဌာန်ျုပစာအားဖြင့် ဟောတော်မူပါသည်။ သို့ဖြစ်၍ ပရိတ္တာရမ္မဏတရားဟု မဆိုရပါ။

---

၁၀။ ။(က) မဟဂ္ဂတသာမည်၍-မဟဂ္ဂတာရမ္မဏ မမည်သောတရား။
(ခ) မဟဂ္ဂတာရမ္မဏသာမည်၍-မဟဂ္ဂတ မမည်သောတရား။
(ဂ) နှစ်ပါးစုံ မည်သောတရား။
(ဃ) နှစ်ပါးစုံ မမည်သောတရားများကို ဖြေကောက်ပြပါ။

## အစဉ်အတိုင်း

၁၀။ ။ (က) အဘိညာဏ်ဒွေကြဉ်သော ရူပစိတ် ၁၅-အာကာသာနဉ္စာယတနစိတ် ၃-အာကိဉ္စညာယတနစိတ် ၃-ပါး၊ ပေါင်း ၂၁-ပါး၊ စေတသိက် ၃၅-ပါး။

(ခ) အကုသိုလ် ၁၂ - မနောဒွါရာဝဇ္ဇန်း - မဟာကုသိုလ် ၈-မဟာကြိယာ ၈-စေတသိက် ၅၂-ပါး။

(ဂ) ဝိညာဏဉ္စာယတနစိတ် ၃-နေဝသညာ နာသညာ ယတနစိတ် ၃-ခု၊ အဘိညာဏ်ဒွေ-စေတသိက်-၃၀။

(ဃ) ကာမကော် ၂၅-ပါး၊ လောကုတ္တရာကော် ၈ - ပါး၊ စေတသိက် ၃၆-ပါး ရုပ်-နိဗ္ဗာန်။

---

၁၁။ ။(က) အပ္ပမာဏဓမ္မသာမည်၍-အပ္ပမာဏာရမ္မဏဓမ္မ မမည်သောတရား။
(ခ) အပ္ပမာဏာရမ္မဏဓမ္မသာမည်၍-အပ္ပမာဏဓမ္မ မမည်သောတရား။
(ဂ) နှစ်ပါးစုံ မည်သောတရား။
(ဃ) နှစ်ပါးစုံ မမည်သောတရားများကို ဖြေကောက်ပြပါ။

(ပဥ္စမအကြိမ်)

## အစဉ်အတိုင်း

၁၁။ ။ (က) နိဗ္ဗာန်။
(ခ) မနောဒွါရ ဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ, ဉာဏသမ္ပယုတ်ဇော ၈-ခု၊ အဘိညာဏ်ဒွေ-စေတသိက် ၃၈-ပါး။
(ဂ) လောကုတ္တရာစိတ် ၈-ခု၊ စေတသိက်ဆတ္တံ့သ။
(ဃ) မနောဒွါရဝဇ္ဇန်း, မဟာကုသိုလ်ကြိယာ, ဉာဏသမ္ပယုတ်ဇော ၈-ခု၊ အဘိညာဏ်ဒွေမှ တပါး-လောကီစိတ် ၇၂-ပါး၊ စေတသိက်, ဒွေပညာသ၊ ရုပ်,အဋ္ဌဝီသ။

---

၁၂။ ။ဤပရိတ္တာရမ္မဏတိက်၌ "တိက်ဝင် တိက်မုတ်" တရားများကို ကောက်ပြ၍ အဘယ်အခါ တိက်ဝင်ဖြစ်၍၊ အဘယ်အခါ တိက်မုတ်ဖြစ်ကြောင်းကို ဥပမာဖြင့် ထင်ရှားအောင်ဖော်ပြပါ။

၁၂။ ။ အကုသိုလ်နှင့်-ကုသိုလ်ရှစ်တန်,
ကြိယာရှစ်ပါး-မှတ်သားတဘန်၊
မနောဒွါဝင်-နှစ်အဘိညာဏ်,
တိက်ဝင်ဟုတ်-တိက်မုတ်ခါတရန်။ ။

## ဥပမာကား

တကောင်သောနွားသည်ပင် အပိန့်စိုစဉ်ကာလ၌ "ဝစ္ဆ"ဟု ခေါ်၏။ ဆုံးမ, လောက်သောအခါကာလ၌ "ဒမ္မ"ဟု ခေါ်ပြန်၏။ ဝန်ကိုထမ်းဆောင်နိုင်သောအခါ "ဗလိဗဒ္ဒ"ဟု ခေါ်ပြန်၏။ ဤသို့ အခိုက်အတန့်ကိုစွဲ၍ အဝတ္ထာအားဖြင့် ခေါ်သကဲ့သို့။ ဤ ၃၁-ပါးသော အနေကံစိတ်တို့သည် ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ အာရုံကိုပြုသော အခိုက်အခါ၌ "တိက်ဝင်"ဖြစ်၍၊ ပညတ်ကို အာရုံပြုသောအခါ-"တိက်မုတ်" ဖြစ်၏။

**မှတ်ချက်။** ။ဤ ပရိတ္တာရမ္မဏတိက်ကို သဘော ကျဘို့ ရန်မှာ - သင်္ဂြိုဟ်ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟအခဏ်းကို ကျေကျေ,လည်လည် မြင်ဘို့အရေးကြီးပါသည်။ ကာမကော်-၂၅၊ အနေကံ ၃၁-ပါး၊ မဟဂ္ဂုတ်ကော် ၆-ပါး၊ အနေကံ ၃၁-ပါး။ လောကုတ္တရာကော် ၈-ပါး၊ အနေကံ ၁၁-ပါး၊ ပညတ်ကော် ၂၁-ပါး၊ အနေကံ ၃၁-ပါး၊ ၎င်းတို့ကို သဘောထဲမှာ ပိုင်ပိုင်, နိုင်နိုင် မြင်ဘို့ အရေးကြီးပါသည်။

(ပဥ္စမအကြိမ်)

ငှင်းတို့ကိုမြင်လျှင် ကာမအာရုံပြုသော စိတ် ၂၅+၃၁ ပေါင်း ၅၆-ပါးကို ပရိတ္တာရမ္မဏ ဓမ္မအရ ကောက်ယူရာ၏။ မဟဂ္ဂုတ်အာရုံပြုသော စိတ် ၆+၃၁-ပေါင်း ၃၇-ပါးကို မဟဂ္ဂတာရမ္မဏာ ဓမ္မအရ ကောက်ယူရာ၏။ လောကုတ္တရာကို အာရုံပြုသောစိတ် ၈+၁၁-ပေါင်း ၁၉-ပါးကို အပ္ပမာဏာရမ္မဏာဓမ္မအရ ကောက်ယူရာ၏။ ပညတ်ကို အာရုံပြုသောစိတ် ၂၁+၃၁-ပေါင်း ၅၂-ပါး ရုပ်နိဗ္ဗာန်တို့ကို တိက်မှတ်ထုတ်ရာ၏။

**သို့သော် စိတ်ကိုကောက်ယူလျှင် စေတသိက်ပါ ကောက်ယူရ၏ ဟူ၍လည်း အမြဲမှတ်ပါလေ။**

ဤအာရုံပြုပုံကို ဤကျမ်း၌ ကျယ်ဝန်းစွာ ရေးသားရန်အခွင့်မရှိပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုထိုသင်္ဂြိုဟ်ကျမ်းများ၌ ကျယ်စွာရေးသားပြီး ဖြစ်ကြပါပြီ။ ငါတို့ကိုယ်တိုင် ရေးသားသော **အဘိဓမ္မာနေရောင်ကျမ်း-ပဋ္ဌာနတွဲ**၌လည်း အာရုံသင်္ဂဟဇယားကို ကျယ်ဝန်းစွာပြဆိုထားပြီး ဖြစ်သောကြောင့်။ အကြင်သို့သော ဂိတ္တာရစကားကို လျစ်လျူရှုအပ်ပါသည်။

**ပရိတ္တာရမ္မဏတိက် ပြီး၏။**

---

## (၁၄) ဟီနတိက်

၁—ဟီနာ ဓမ္မာ။

၂—မဇ္ဈိမာ ဓမ္မာ။

၃—ပဏီတာ ဓမ္မာ။

၁—ဟီနာ-ယုတ်ကုန်သော၊ ဓမ္မာ ...သံဝိဇ္ဇန္တိ....။

၂—မဇ္ဈိမာ - အလတ်ဖြစ်ကုန်သော၊ ဝါ - အယုတ် အမြတ် နှစ်ပါးတို့၏ အလယ်၌ဖြစ်ကုန်သော၊ ဓမ္မာ....သံဝိဇ္ဇန္တိ....။

၃- ပဏီတာ-မြတ်ကုန်သော၊ ဓမ္မာ ...သံဝိဇ္ဇန္တိ....။

**(အရကောက်မှာ-အလုံးစုံ သံကိလိဋ္ဌတိက်နှင့် တူပြီ။)**

"သံကိလိဋ္ဌ-တိက်ဟီန-သဗ္ဗလုံးစုံတူ။"

---

၁။ ။အကုသိုလ်ဒွါဒသ-စေတသိက်သတ္တဝီသကို "ဟီန" ဟုဆိုရာ၊ အဘယ်၏ အစွမ်းအားဖြင့် ဆိုပါသနည်း။ ဓမ္မသဘာဝ အစွမ်းအားဖြင့်ဆိုပါသလော၊ အကယ်၍ ဓမ္မသဘာဝ အစွမ်းအားဖြင့် ဆိုခဲ့သော် "ပရမော ဥတ္တမော အဇ္ဈော ပရမဇ္ဈော" ဟူသောဋီကာနှင့် မဆန့်ကျင်ပြီလော။

၁။ ။ဓမ္မသဘာဝအစွမ်းဖြင့် ဆိုသည်မဟုတ်ပါ။ ပရမတ္ထတရားမှန်က မြတ်သည်ချည်းပင်ဖြစ်၏။ "ဟီန"ဟု ဆိုသည်မှာကား-**ဝိပါကဒါန**အစွမ်းဖြင့်-အကျိုးပေး ယုတ်ညံ့သည်ကို "ဟီန"ဟု ဆိုပါသည်။

---

(ပဉ္စမအကြိမ်)

၂။ ။အကျိုးပေးယုတ်ညံ့၍"ဟီန"ဟုဆိုလျှင် အဘယ့်ကြောင့် အကုသိုလ်ဓမ္မကို "ပရမော ဥတ္တမော အဇ္ဇော ပရမဇ္ဇော" ဟု မြတ်ကြောင်းကို ဆိုပြန်သနည်း။ (ဟီနာတိ လာမကာ အကုသလာ)ဟူသော အဋ္ဌကထာနှင့် မဆန့်ကျင်ပြီလော။

၂။ ။အကုသိုလ်ဓမ္မတို့၏ "သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ" အကုသိုလ်စိတ်၏ "အာရမ္မဏဝိဇာနန လက္ခဏာ" ဖဿ, စသော စေတသိက် သတ္တဝါတို့၏ "ဖုသန,စသော လက္ခဏာ" သဘောတို့၏ မိမိတို့ ကိစ္စလက္ခဏာမှ, တပါးသော လက္ခဏာသို့ ပြောင်းလွဲ ဘောက်ပြန်ခြင်းမရှိရကား "**ဓမ္မသဘာဝ အစွမ်းဖြင့်**" ပရမော ဥတ္တမော စသည်ဖြင့် မြတ်ကြောင်းကိုဆိုရကား—စကား ၂-ရပ် မဆန့်ကျင်ပါ။

---

## (၁၅) မိစ္ဆတ္တတိက်

၁–မိစ္ဆတ္တ နိယတာ ဓမ္မာ။

၂–သမ္မတ္တ နိယတာ ဓမ္မာ။

၃–အနိယတာ ဓမ္မာ။

၁–မိစ္ဆတ္တနိယတာ-ဘောက်ပြန်သော သဘော ရှိကုန်သည်ဖြစ်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော....။

၂–သမ္မတ္တနိယတာ-မဘောက်မပြန်သောသဘောရှိကုန်သည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော...။

၃–အနိယတာ-၎င်းပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော...။

## (၁၅) မိစ္ဆတ္တတိက် ဇယားပုံ

| ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | သင်္ဂဟိတ ငဋ | သင်္ဂဟိတ ဟငဓ | သင်္ဂဟိတ ဟဃ | အသင်္ဂဟိတ ခံ | အသင်္ဂဟိတ ငဋ | အသင်္ဂဟိတ ဟငဓ |
|---|---|---|---|---|---|---|---|---|---|---|---|
| မိစ္ဆတ္တနိယတာ | ၄–သတ္တမဇော<br>၂–သတ္တမဇော | ၂၁<br>၂၂ | ... | ... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| သမ္မတ္တနိယတာ | ၄– | ၃၆ | ... | ... | ၄ | ၂ | ၂ | ၁ | ၁ | ၁၀ | ၁၆ |
| အနိယတာ | ၄–သတ္တမဇော<br>၁၂=၁၇=၃၆=၂၀ | ၅၂ | ၂၇ | နိ | ၅ | ၁၂ | ၁၈ | ၃ | ... | ... | ... |

(ပဌမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

နိယတမိစ္ဆာ၊ မှားစွာဒိဋ္ဌိ၊ ကံ၏အစွမ်းဖြင့်၊ စွဲလမ်းဖြစ်ဘိ၊ ဒိဋ္ဌိသမ္ပ၊ စိတ်လေးဝနှင့်၊ သတ္တမဇော၊ မာ့ဒေါ့ဂူ့မ၊ ကုက္ကုစ္စကြည်၊ ယှဉ်ကော်ဝီသ၊ စေမှာရ၏၊ မှတ်ကြတလီ၊ မာ့ပီ့အရဟံ၊ လောဟိတံနှင့်၊ သံဃဘေဒါ၊ ပဉ္စာနန္တရိ၊ ကံ၏အစွမ်း၊ စွဲလမ်းဖြစ်သော၊ ဒေါသမူဒွ၊ သတ္တမဇော၊ ပိ့လော့ဒိဋ္ဌ်မာ၊ ကိစ္စာကြည်ထ၊ ဗာဝီသမှာ၊ **ပဌမာ့တည်း**။ **ဒု့မှာတထွေ**၊ မဂ်လေးတွေနှင့်၊ စေ-ဆတ္တိံသ၊ အမှန်ရ၏၊ **တတိယ**့ကို၊ ဆိုပြီးစိတ်မှ၊ တပါးအကု၊ လောကီကုပါ၊ ဝိပါ့ကြိ့စေ၊ ရုပ့်နိဗ်တွေ၊ မှတ်လေကောက်တော့ မလွဲတည်း။

ဤမိစ္ဆတ္တတိက် ပဌမပဒ, ဒုတိယပဒမှာ အကြောင်းတရားကို ဟောသည်။ တတိယပဒမှာ အကြောင်းအကျိုးတရား နှစ်ပါးနှင့်-အကြောင်း အကျိုးမဟုတ်သော တရားများကိုဟောသည်။

ပဌမပဒမှာ-စုတိအခြားမဲ့၌ အကျိုးပေးမည့် အကြောင်းတရားကို ဟောသည်၊ ဒုတိယပဒမှာ, စုတိနောက်သို့မဆိုင်းဘဲ ချက်ခြင်း အကာလိက အကျိုးပေးမည့် တရားကိုဟောသည်။

---

၁။ ။မိစ္ဆတ္တနိယတ, တရားကို အဘယ်ကံဟု ဆိုရမည်နည်း - အကြောင်းပြ၍ ဖြေပါ။

၁။ ။ဒုတိယဘဝ၌ အကျိုးပေးသောကြောင့် "ဥပပဇ္ဇဝေဒနီယကံ" ဟု ဆိုရပါသည်။

---

၂။ ။ဥပပဇ္ဇဝေဒနီယကံဟူသမျှကိုပင် မိစ္ဆတ္တနိယတ တရားဟု ဆိုရမည်လော။

၂။ ။နိယတမိစ္ဆာဒိဋ္ဌိကံ - ပဉ္စာနန္တရိယကံ ဤကံကြီး ခြောက်ပါးကိုသာ "မိစ္ဆတ္တနိယတ့တရား" ဟု ဆိုရပါသည်။ ထိုကံကြီး ခြောက်ပါးမှ တပါးသော အကုသိုလ်ဥပပဇ္ဇဝေဒနီယကံ အချို့တို့ကား - အကျိုး ပေးသည်လည်းရှိ၏၊ မပေးသည်လည်းရှိ၏၊ ထို့ကြောင့် "မိစ္ဆတ္တနိယတဓမ္မ" မဆိုနိုင်ပါ။

---

၃။ ။သတ္တမဇောသည် အဘယ့်ကြောင့် ဒုတိယ ဘဝမှာသာ အကျိုးပေး၍ တတိယဘဝမှနိဗ္ဗာန်တိုင်အောင် အဘယ့်ကြောင့်အကျိုးမပေးနိုင်သနည်း။

၃။ ။သတ္တမဇောသည် - ဆဋ္ဌမ့ဇောထံမှ အာသေဝနပစ္စည်းမျှသာ ရ၍ မိမိနောက်ဖြစ်သော တဒါရုံဘင်တို့အား အာသေဝနပစ္စည်းမပေးနိုင်သောကြောင့် ဒုတိယဘဝမှာသာ အကျိုးပေးနိုင်သည်။

---

(ပဌမအကြိမ်)

၄။ ။ပဋ္ဌာနနှုရိယကံ-ငါးပါးလုံးကိုကျူးလွန်မိသူအား အကြီးဆုံးသော သံဃဘေဒကကံကသာ အကျိုးပေးမည်ဆိုသော်-ကြွင်းကံလေးပါးကို "အဟောသိကံ"ဟု ဆိုရမည်လော။

၄။ ။(သမ္မောဟဝိနောဒနီ-အင်္ဂုတ္တိုရ်အဋ္ဌကထာ)တို့၌-

"အဟောသိကံ"ဟု ဆိုခြင်းမှာ ဇနကသတ္တိကို ရည်ရွယ်၍သာ မိန့်ဆိုတော်မူသည်၊ ပဝတ္တိအခါမှုကား - ဥပတ္ထမ္ဘကသတ္တိဖြင့် ထောက်ပံ့ကြပါသည်။ (ဋီကာကျော်)ဆရာကား ပဋိသန္ဓေအကျိုးမှုမပေးရလျှင် ပဝတ္တိအကျိုးကိုလည်း မပေးတော့ပြီဟု ရှေးဆရာကြီးများ၏ ဝါဒကိုလည်း ပြဆိုသေး၏။

---

၅။ ။အဘယ်သို့ယူသည်ကို နိယတမိစ္ဆာဒိဋ္ဌိဟု ဆိုရသနည်း။

၅။ ။ကုသိုလ်, အကုသိုလ်ကံ ဟူသော အကြောင်းမရှိဟု အယူရှိသည့် "အဟေတုကဒိဋ္ဌိ"။

ကုသိုလ်,အကုသိုလ်ကံ၏ အကျိုးမရှိဟု ယူသော "အကြိယဒိဋ္ဌိ"။

အကြောင်းအကျိုး နှစ်ပါးစုံမရှိဟု ယူသော "နတ္ထိကဒိဋ္ဌိ"။

ဤဒိဋ္ဌိအယူများကို နိယတမိစ္ဆာဒိဋ္ဌိဆိုပါသည်။

အကြောင်းမရှိဟု-အဟေတုကာ,
အကျိုးမရှိ-အကြိယာ၊
ကြောင်းကျိုးမရှိ-နတ္ထိကသာ,
ဤသုံးပါး-မှက်သား,ဒိဋ္ဌိမှာ။ ။

ယာစမိစ္ဆာဒိဋ္ဌိ နိယတာတိ အဟေတုကဝါဒ, အကြိယဝါဒ, နတ္ထိကဝါဒေသု အညတရာ၊ တဥ္ဟိ ဂဟေတွာ ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ ဗောဓေတုံ နသက္ကောတိ။

(အဋ္ဌသာလိနီ-နိက္ခေပကဏ္ဍ-၃၄၉)

---

၆။ ။ဆိုခဲ့ပြီး ခြောက်ပါးတို့တွင်-အဘယ်ကံကို အကြီးဆုံးဟူ၍ ဆိုရသနည်း။

၆။ ။နိယတမိစ္ဆာဒိဋ္ဌိကံသည် အယူမှန်မှု တကမ္ဘာပတ်လုံး ခံရရုံတွင်မျှမက-ကမ္ဘာပျက်တောင် တခုသော ကောင်းကင် အရပ်၌ ဝဋ်ဆင်းရဲ၏ သင်ငတ် သဘွယ်ခံရကြောင်းကို သီလက္ခန်အဋ္ဌကထာမှာဆိုသောကြောင့် အပြစ်အကြီးဆုံးဖြစ်ပါသည်။

---

(ပဥ္စမအကြိမ်)

၇။ ။အဘယ်ပုဂ္ဂိုလ်တို့သည် သံဃဘေဒကကံ ထိုက်ကောင်းသနည်း။ အဘယ် ပုဂ္ဂိုလ်တို့သည် သံဃဘေဒကကံ မထိုက်ကောင်းသနည်း။

၇။ ။၂-ပါးသော သံဃာ၏ အဖြစ်ဖြင့် ပြည့်စုံခြင်း, ဥပုသ် ပဝါရဏာ စသော ကံကြီး-ကံငယ်တို့၏ ကွဲပြားခြင်း၊ စာရေးတန်မဲ လက်မှတ်ဖြင့် ပိုင်းခြား မှတ်သားခြင်းရှိသော် ဂိုဏ်းတိုက်သောရဟန်းသည်သာ သံဃဘေဒကကံသို့ ရောက် ကောင်းသည်။ လူ,သာမဏေတို့မှာ ထိုကံမထိုက်ကောင်းပါ။

---

၈။ ။ကာယကံ, ဝစီကံတို့ထက် မနောကံ အပြစ်ကြီးသည်ဟုဆိုရာ တထစ်ချ လှေနံ့ဒါးထစ် မှတ်ရမည်လော။

၈။ ။ ☞ "မမှတ်ရပါ။"

အဘိဇ္ဈာ,ဗျာပါဒ,မနောကံတို့ထက် မာတုဃာတက-ပိတုဃာတက-အရဟန္တ ဃာတက လောဟိတုပ္ပါဒဟူသော ကာယကံ-သံဃဘေဒက ဝစီကံတို့က အပြစ် ကြီးသောကြောင့် တထစ်ချ မမှတ်ရပါ။

နိယတမိစ္ဆာဒိဋ္ဌိကံမူကား ကာယကံ-ဝစီကံ အားလုံးတို့ထက် အပြစ်ကြီးသော ကြောင့် တထစ်ချ မှတ်ရပါသည်။

---

၉။ ။ပဉ္စာနန္တရိယကံ-နိယတမိစ္ဆာဒိဋ္ဌိကံတို့ကို ဖြစ်စေတတ်သော (မူလ) အကု သိုလ် နှစ်ပါးစုံမည်သောတရား၊ အကုသိုလ်သာမည်သော တရားများကို ခွဲခြား၍ ကောက်ပြပါ။

၉။ ။ပဉ္စာနန္တရိယကံကိုဖြစ်စေတတ်သော မူလအကုသိုလ်နှစ်ပါးစုံမည်သော တရားကား ဒေါသ-မောဟတည်း။

အကုသိုလ်သာမည်သောတရားကား ဒေါသမူဒွေ - ဒေါသ, မောဟကြဉ်သော စေတသိက် ဝီသတည်း။

နိယတမိစ္ဆာဒိဋ္ဌိကံကို ဖြစ်စေတတ်သော မူလ အကုသိုလ် နှစ်ပါးစုံမည်သော တရားကား လောဘ-မောဟတည်း။

အကုသိုလ်သာမည်သော တရားကား ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၊ အညသ မာန်း-၁၃၊ အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒိဋ္ဌိ, ထိန,မိဒ္ဓ ပေါင်း စေတသိက် ၁၉-ပါးတည်း။

---

၁၀။ ။ပဉ္စာနန္တရိယကံ-နိယတမိစ္ဆာဒိဋ္ဌိကံများကို ကျူးလွန်မိသောသူသည် ထို
ကံတို့ အကျိုးမပေးစေခြင်းငှါ အဘယ်ကုသိုလ်ဖြင့် တားရပါသနည်း။

၁၀။ ။မြင့်မိုရ်တောင်မျှလောက် ကြီးသော စေတီကြီးကိုတည်။ စကြဝဠာ
လောက်မျှ ရတနာတံတိုင်းဝန်းရံ၍ ကျောင်းတော်ကြီးကို ဆောက်လျက်၊ စကြ
ဝဠာပြည့်လုမျှ ရဟန်းတော်တို့ကိုပင့်ပြီး ပစ္စည်းလေးပါးတို့ဖြင့် လှူသော်လည်း
ထိုကံကြီးများကို မတားနိုင်တော့ပါ။

(အဋ္ဌသာလိနီ-နိဂုမပကဏ္ဍ-၃၄၉)

မြင့်မိုရ်တောင်မျှ-ကြီးလှစေတီ,
စကြာဝဠာနှိုင်း-တံတိုင်းကိုတည်၊
ကျောင်းကြီးကိုဆောက်-ချီးမြှောက်လေးပါး,
ပြုသော်ငြား-မတားနိုင်တော့ပြီ။
ဝေဘာတောင်စောင်း-ကျောက်မောင်းဆင်ဝါ,
ဘုရားခြေလဲ-သူခွဲလိုက်ရှာ၊
သံဃာညှဥ်းဆဲ-သင်းခွဲတဖြာ,
ဒေဝဒတ်-ရောက်လတ်ငရဲရွာ။
ပိတုဃာတ-နာမသညီ,
သောတာပန်ပင်း-သတင်းလျံကြည်၊
ခြေတော်ဒါးခွဲ-ဆားတဲနယ်သည်,
ဇာတသတ်-ရောက်လတ်ငရဲပြည်။

---

၁၁။ ။မိဘနှစ်ပါးတို့သည် ဒုဿီလ,သုသီလ အဖြစ်ဖြင့် တူကြ၏၊ သို့သော် အမိ
ပုလ္လိင်ပြန်နိုက်၊ အဘ ဣတ္ထိလိင် ပြန်နိုက်မှာ နှစ်ယောက်လုံးကို သတ်ရာ-
မည်သည့်ကံက အကျိုးပေးမည်နည်း။

၁၁။ ။ပကတိ အမိကို သတ်သော မာတုဃာတက ကံကပင် အကျိုးပေး
မည်။ ယခုလိင်ပြန်သော ဝိကတိသို့ မလိုက်ရပါ။

"ဥပမာဆောင်ပါဟု ဆိုသော်"

ဣတ္ထိလိင်ပြန်သော ရဟန်း၏ ဥပဇ္ဈာယ်ယူခြင်းကိစ္စ ရဟန်းသိက္ခာသည် ပကတိ
တည်သကဲ့သို့ မှတ်ရမည်။

---

(ပဉ္စမအကြိမ်)

# မိစ္ဆတ္တတိက်

၁၂။ ။အမိ,အဘ,ရဟန္တာဟူသမျှအိုကို သတ်တိုင်းပင် မာတုဃာတက-ပိတုဃာတက-အရဟန္တဃာတက ကံတို့ ထိုက်ပါသလော။

၁၂။ ။လူဇာတ်ဖြစ်သော အမိ, အဘ, ရဟန္တာကို လူဇာတ်ဖြစ်သောသူက သတ်မှသာ ထိုကံများထိုက်ပါသည်။ ထိုကဲ့သို့မဟုတ်မူ ထိုကံများမထိုက်။ ပါဏာတိပါတကံမျှသာ ထိုက်ပါသည်။ ပါရာဇိကကဏ်အဋ္ဌကထာ ဒုတိယအုပ် ၃၇၆-မှာ ကျယ်ဝန်းစွာ ဆုံးဖြတ်ထားပါသည်။ ကျယ်အံ့မည်စိုး၍ မထည့်သည်ကို အပြစ်မှ ခွင့်လွှတ်စေလိုကြောင်း။

---

၁၃။ ။ပဉ္စာနန္တရိယကံ ငါးပါးလုံးကို ကျူးလွန်မိသောသူမှာ အဘယ် ကံက အကျိုးပေးသနည်း။

၁၃။ ။ သံဃဘေဒ-ကြီးလှပေရှာ,
ရှင်းမရှိ-လောဟိတုပ္ပါ၊
အရဟန္တ-ဃာတကတဖြာ,
စဉ်အတိုင်း-မဆိုင်းကျိုးပေးပါ။
မိသတ်,ဘသတ်,နှစ်ရပ်တို့မှာ,
သီလရှိ,မရှိ-တူဘိနှစ်ဖြာ၊
အမိဥပ-သီလရှိရာ,
ပြစ်ခံဘိ-အမိ,အတွက်သာ။
အဘဥပ-သီလရှိသော်,
အဘတွက်ဘဲ-အမြဲမှတ်နော်၊
အပါယ်ဘုံထဲ-ငရဲမှာနော်,
အပူပွဲ-အမြဲတွေ့လိမ့်သော်။

---

## လေးဆစ်ချိုး ၂-ပုဒ်

၁–အဘမှာ သုသီလ-အမိကဒုဿီ၊ဘ,တွက်သာခံရထုံး-နှုန်းပြုအညီ၊ အဟောသိ ဖြစ်ပြီကွဲ, မွေးမေရင်း။ ။နှစ်ဦးဒုဿီမတော့-ထိန်ထိန်ညီ မိ,အတွက် ကယ်နှင့်၊ သီလနော်, တူစုံလက်လျှင်-မွေးမေတွက်ဆင်း။

(ပဉ္စမအကြိမ်)

၂—အမိမှာသီလမြဲ-ဘ, ငနဲ့, ဒုဿီလေ၊ ငရဲပြည်ပူလောင်ခြစ်-မိအပြစ်ခံချေ၊ ပပျောက်စေ ကြံလေကွဲမလွဲ။ ။မြင့်မိုရ်တောင် စေတီကြီးရယ်နှင့်၊ ရွှေထီး စိန်ချေလို့ (ဝတိန်ဗွေနတ်တွေ မ,သော်လဲ ဆင်းရငရဲ။) {မြတ်စိန္တေ ဘုရား မ,သော်လဲ-သွားရငရဲ။}

---

၁၄။ ။မဟဂ္ဂုတ် ကုသိုလ်တို့လည်း ဥပပဇ္ဇဝေဒနိယကံ-ဖြစ်၍ မုတိ အခြားမဲ့မှာ အကျိုးပေးလျက်၊အဘယ့်ကြောင့် ပဋ္ဌမပုဒ်မှာ မကောက်ရသနည်း။

၁၄။ ။မိစ္ဆတ္တနိယတာဟု-မိစ္ဆာသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့် မကောက်ရပါ။

မိစ္ဆတ္တတိက် ပြီး၏။

---

## (၁၆) မဂ္ဂါရမ္မဏတိက်

၁—မဂ္ဂါရမ္မဏာ ဓမ္မာ။

၂—မဂ္ဂဟေတုကာ ဓမ္မာ။

၃—မဂ္ဂါဓိပတိနော ဓမ္မာ။

၁—မဂ္ဂါရမ္မဏာ (၁) မဂ်လျှင် အာရုံရှိကုန်သော....။

(၂) မဂ်ကို အာရုံပြုကုန်သော....။

၂—မဂ္ဂဟေတုကာ (၁) မဂ်ဟုဆိုအပ်သောအကြောင်းရှိကုန်သော....။

(၂) မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော....။

(၃) မဂ်၌ တည်ရှိသော ဟိတ်ရှိကုန်သော....။

၃—မဂ္ဂါဓိပတိနော (၁) မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်း ရှိကုန်သော....။

(၂) မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း ရှိကုန်သော....။

(၃) မဂ်လျှင် သဟဇာတာဓိပတိ ပစ္စည်း ဖြစ်ကုန်သော....။

မှတ်ချက်၊ ။ပဋ္ဌမပုဒ်,ပဋ္ဌမယောဇနာနည်းမှာ "အကောက်ဆရာတော်" ထည့်ထားသော်လည်း "အပို"လို ဖြစ်နေပါသည်။အကြောင်းသော်ကား-မနော ဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ, အဘိညာဏ်ဒွေတို့၏ မဂ္ဂါရမ္မဏ ကော် တရားမဟုတ်၊ အနေကံဖြစ်သောကြောင့်တည်း။
(ပဥ္စမအကြိမ်)

## (၁၆) မင်္ဂါရမ္မဏတိုက် ဇယားပုံ

| အစဉ် | ပဒ | စိတ် | စေ | ရှပ် | နိ | သင်္ဂဟိတ ခံ | ငြေ | ပြင် | ဖြင် | အသင်္ဂဟိတ ခံ | ငြေ | ပြင် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ မင်္ဂါရမ္မဏတိုက် | မင်္ဂါရမ္မဏာ- | ၁=၄=၁<br>၁=၄=၁ | ၃၃ | .... | .... | ၄ | ၂ | ၂ | ၁ | ၁ | ၁၀ | ၁၆ |
| | (ပ) | ၄ | ၂၀ | .... | .... | | | | | | | |
| | မင်္ဂဟေတုကာ(ဒု) | ၄ | ၃၄ | .... | .... | ၄ | ၂ | ၂ | ၁ | ၁ | ၁၀ | ၁၆ |
| | (တ) | ၄ | ၃၅ | .... | .... | | | | | | | |
| | (ပ) | ၄+၄ | ၃၃ | .... | .... | | | | | | | |
| | မင်္ဂါဓိပတိနော(ဒု) | ၄ | ၃၅ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | (တ) | .... | ၁+၁ | .... | .... | | | | | | | |
| ၅ | တိုက်မှတ် | * ၁၂=၁၇<br>၄=၀=၄<br>၁၅=၁၂=၄ *<br>'၁=၄=၄=၂' | ၅၂<br>၃၀ | ၂၀ | နိ | သပ္ပဒေသတိုက် | | | | | | |

## ဆောင်ပုဒ်လင်္ကာ

မဂ်သုံးစုံကို၊ အာရုံပြုသော၊ မနောဒွါရာ၊ မဟာကုသိုလ်၊ ကုသိုလ်ဉာဏ်နှင့်၊ လေး တန်မဂ်စု၊ အာရုံပြုသော၊ ဝုဋ္ဌော့ကြိယာ၊ ကြိယာဉာဏ်နှင့်၊ ပမညာဝိရတိ၊ ငါးလီ ကြဉ်ထ၊ တေတ္တိံသစေ၊ မှတ်လေ ပ,ရ။ ။ဒုတိယပဒ၊ ပဌမယောဇနာ၊ နည်းရ မှာကား၊ လေးဖြာမဂ်ပင်၊ မဂ္ဂဝ်ရှစ်ပါး၊ ကြဉ်ငြားစေမှာ၊ ဋ္ဌဝိသာတည်း၊ ဒုတိယာ နယ၊ လေးဝမဂ္ဂေါ၊ အလော့ဒေါကြဉ်၊ စေမှာယှဉ်သည်၊ မှတ်ချင်စတုတိံသ တည်း။ ။တတိယပုဒ်မှာ၊ ပ,နည်းလာကား၊ သုံးဖြာမဂ်စု၊ အာရုံပြုသော၊ သော,သ,နာဆို၊ ပုဂ္ဂိုလ်မြတ်၏၊ လေးရပ်ကုသိုလ်၊ တဘန်အရဟတ်၊ မဂ်အမြတ်ကို၊ ပြုလတ်အမှန်၊ အရဟံ၏၊ လေးတန်မဟာ၊ ကြိယာဉာဏ်နှင့်၊ ပမညာဝိရတိ၊ ကြဉ်ဘိ တေတ္တိံသ၊ ဒုတိယနည်းမှာ၊ လေးဖြာမဂ်မြတ်၊ ဝိရိတပ်ခိုက်၊ ဝိရိယကြဉ်၊ စေပဉ် တိံသ၊ ဝီမံသတပ်ခိုက်၊ ဝီမံသကြဉ်၊ စေပဉ်တိံသ။ ။တတိယနည်းသို၊ ဓိပတိတပ် ခိုက်၊ ဝိရိယဝီမံသ၊ ကေန်ရ၏။ ။**ထုတ်ပြဘိုရာ၊ တိုက်မှတ်မှာကား** - လေးဖြာ မဂ်စုံ၊ အာရုံမပြုနေ၊ မှတ်လေအကုသိုလ်၊ ဝဋ္ဋကိုကြဉ်ပယ်၊ အဟိတ်ဝယ်နှင့်၊ လေး သွယ်ကုဝိပ်ပါ၊ ရှစ်ဖြာမဟာဝိ၊ ကြိုဝိပ္ပါ၊ ဘိညာမှုတပါး၊ ၁၅-ရူပ၊ အရူပနှင့်၊ ဖလ စေကုန်၊ အာရုံမပြုခိုက်၊ ကောက်လိုက်ကြပါ၊ မနောဒွါနှင့်၊ မဟာကုညာ၊ ကြိညာ နှင့်၊ ဘိညာဒွေပေ၊ စေဋ္ဌတိံသ၊ ရှပ်နိုဗ်ကျသည်၊ တိုက်က အကျန်သူတို့တည်း။

(ပဉ္စမအကြိမ်)

၁။ ။မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, ဉာဏသမ္ပယုတ်လေးပါး - ကုသိုလ် အဘိညာဏ်တို့သည် အဘယ့်ကြောင့် အထက် မဂ်များကို အာရုံ မပြုနိုင် သနည်း။

၁။ ။မိမိ၏သန္တာန်၌ မရဘူး, မသိဘူးသေးသောကြောင့် အာရုံမပြုနိုင်ပါ။

---

၂။ ။မဟာကြိယာဉာဏသမ္ပယုတ် လေးခု၊ မနောဒွါရာဝဇ္ဇန်း, ကြိယာအဘိ ဉာဏ်, ဤခြောက်ပါးသော စိတ်တို့ကား-အဘယ့်ကြောင့် မဂ်လေးပါး လုံးကို အာရုံပြုနိုင်သနည်း။

၂။ ။ရဟန္တာပုဂ္ဂိုလ် သန္တာန်၌ဖြစ်သော ဤစိတ်ခြောက်ပါးသည် ရဟန္တာ ပုဂ္ဂိုလ်တို့အား မဂ်လေးပါးလုံးကို ရဘူးပြီးပြီ ဖြစ်သောကြောင့် မဂ်လေးပါးလုံး ကို အာရုံပြုနိုင်သည်။

---

၃။ ။"မဂ္ဂါရမ္မဏ"ဟူသောပုဒ်ကို ဝစနတ္ထပြ၍၊ မဂ္ဂါရမ္မဏတရားစုကို ကောက် ပြပါ။

၃။ ။ မဂ္ဂါရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။

"မဂ္ဂါရမ္မဏ" တရားစုကား - မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ၈-ခု၊ မနောဒွါရာဝဇ္ဇန်း, အဘိညာဏ်ဒွေ၊ ဤ ၁၁-ခုနှင့် ဝိရတိအပ္ပမညာ ကြဉ်သော စေတသိက် ၃၃-ရ၏။

---

၄။ ။"မဂ္ဂဟေတုကာ"ဟူသော ဒုတိယပဒ၌ "ဟေတု" ဟူသောပုဒ်ကို သုံး နည်းယောဇနာရာ၊ မည်သို့ အဓိပ္ပါယ်ထူးသနည်း။

၄။ ။ပဌမ ယောဇနာ နည်း "ဟေတု" သဒ္ဒါမှာ-မဂ္ဂပစ္စယ ဟူသော အကြောင်းဟောသာသဒ္ဒါဖြစ်သည်။ ဒုတိယ, တတိယယောဇနာနည်း "ဟေတု" သဒ္ဒါမှာ "ဟိတ်"ဟူသော အကြောင်းဝိသေသ ဖြစ်ပါသည်။

---

၅။ ။"မဂ္ဂဟေတုကာ"ပုဒ် ကို သုံးနည်းအနက် ယောဇနာရာ၊ အဘယ်ဟိတ်ဖြင့် အဘယ်"သဟေတုကဘာဝ"ကို ပြပါသနည်း။

၅။ ။ပဌမနည်း၌-ပစ္စယဋ္ဌ ဟူသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဟိတ်ဖြင့် မဂ္ဂသမ္ပယုတ္တခန္ဓာတို့၏ သဟေတုကအဖြစ်ကို ပြတော်မူ၏။

ဒုတိယနည်း၌ — မဂ်ဖြစ်၍ ဖြစ်သော သမ္မာဒိဋ္ဌိဟု ဆိုအပ်သော ဟိတ်ဖြင့် ကြွင်းသောမဂ်တို့၏ သဟေတုကအဖြစ်ကို ပြတော်မူ၏။

တတိယနည်း၌-သမ္မာဒိဋ္ဌိ၏ သဟေတုကအဖြစ်ကို ပြတော်မူ၏။

(အဋ္ဌသာလိနီ-နိက္ခေပကဏ္ဍ-၃၄၉)

---

(ပဋ္ဌမအ[illegible]မြ)

၆။ ။"မဂ္ဂဟေတုကာ"ပုဒ် ပဌမယောဇနာနည်း၌ သမ္မာဒိဋ္ဌိမှ တပါးသော မဂ္ဂင် ၇-ပါးသည် "ဟေတု" မမည်ဘဲ အဘယ့်ကြောင့် "မဂ္ဂဟေတု" ဟု ဘုရားဟောသနည်း။

၆။ ။" အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဟေတူတိ-မဂ္ဂဟေတုကာ ." ဟူသည်နှင့်အညီ.... နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်း သာ မ ည အနက်အားဖြင့် "ဟေတု" မည်ပါသည်။

၇။ ။"မဂ္ဂဟေတုကာ" ဟူသော ဒုတိယပုဒ် ဒုတိယ ယောဇနာနည်းအရတွင် အလောဘ, အဒေါသကို ကြည့်၍ "အကောက်ဆရာတော်" ကောက်ခြင်းသည် သင့်,မသင့် အကြောင်းပြ၍ ဖြေပါ။

၇။ ။ ☞ မသင့်ပါ။

အဘယ့်ကြောင့်ဆိုသော် အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်သုံးပါးတို့သည် အချင်းချင်း ယှဉ်ဘော်ယှဉ်ဘက် ဟိတ်ချည်းဖြစ်ကြ၍ "မဂ်နှင့် ယှဉ်သောဟိတ်ရှိသော တရားချည်းဖြစ်ကြသောကြောင့်"မသင့်ပါ။

အရိယမဂ္ဂသမင်္ဂီဿ အလောဘော, အဒေါသော, အမောဟော ဣမေဓမ္မာ မဂ္ဂဟေတူ၊ တံ သမ္ပယုတ္တာ ဝေဒနာက္ခန္ဓော (လ)ဝိညာဏက္ခန္ဓော ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။ (ဓမ္မသင်္ဂဏီပါဠိတော်)

မဂ္ဂသမ္ပယုတ္တာဝါ ဟေတု။ (အဋ္ဌသာလိနီ)

ဒုတိယနယေ မဂ္ဂါမဂ္ဂါဝါ သဗ္ဗလောကုတ္တရ ကုသလ စိတ္တုပ္ပါဒ သင်္ခါတာ စတ္တာရောခန္ဓာ မဂ္ဂဟေတုကာယေဝ ဟောန္တိ။ (မဏိဒီပ)

၈။ ။ဒုတိယပဒ-တတိယ ယောဇနာနည်းအရ၌၊ အမောဟကို အဘယ့်ကြောင့် ကြဉ်သနည်း။

၈။ ။မဂ္ဂင်လည်းမည် - ဟိတ်လည်းမည်သော တရားကား - အမောဟပင်တည်း။ မဂ်၌တည်သော ဟိတ်တရားဖြစ်၍ အခြားယှဉ်ဘက် မဂ္ဂင်လည်းမည်-ဟိတ်လည်းမည်သော တရားမရှိ၍, ၎င်းကိုကြဉ်သည်။

၉။ ။တတိယပဒကို သုံးနည်း ယောဇနာရာ မည်သို့ထူးသနည်း။

၉။ ။ပဌမနည်းမှာ " အာရမ္မဏာဓိပတိ " ပစ္စည်းကို ရည်ရွယ်၍ ဟောတော်မူသည်။ ဒုတိယ, တတိယ နည်းများမှာ " သဟဇာတာဓိပတိ " ပစ္စည်းကို ရည်ရွယ်၍ ဟောတော်မူသည်။ ဤသို့ထူးကြပါ၏။

(ပဌမအကြိမ်)

၁၀။ ။ဒုတိယ,တတိယနည်းမှာ သဟဇာတာဓိပတိပစ္စည်းကို ရည်ရွယ်၍ ဟောလျှင် အဘယ်သို့ထူးသေးသနည်း။

၁၀။ ။ဒုတိယနည်းမှာ - သဟဇာတာဓိပတိ ပစ္စယုပ္ပန်ကို ပဓာနထား၍ ဟောပါသည်။ တတိယနည်းမှာ - သဟဇာတာ ဓိပတိပစ္စည်းကို ပဓာနထား၍ ဟောပါသည်။ (ဤသို့လည်း ထူးပါသေးသည်။)

နည်းပဌမ-အာရမ္မဏံ,
ဒုတိ,သဟ-ပစ္စယုပ္ပန်၊
တတိယနည်း-ပစ္စည်းပဓာန်,
ဤသုံးပါး-ထူးခြား,ဤသို့မှန်။ ။

---

၁၁။ ။အရမ္မဏာဓိပတိ ပစ္စည်းတရား-ပစ္စယုပ္ပန်တရားများကို ကောက်ပြပါ။

၁၁။ ။ (၁) ဆယ့်ရှစ်ရူပ-ဗုဒ္ဓနိဗ္ဗာန်,
ဒေါသ,ဒွေ့,မောဟ္ဒ-ကာဇယဝိညာဏ်၊
ပယ်ကြဉ်လေကြ-သေသစိတ္တံ,
ရှစ်ဆယ့်ငါး-မှတ်သားစေဘို့ရန် ။

(၂) ဒေါ,ဗျာသ်,မစ်,ကု-စိ,ဟု ငါးကြဉ်,
လေးဆယ့်ခုနစ်-ကြွင်းလစ်,စေ ပင်၊
နိဗ္ဗာန်တရား-တပါးထည့်လျှင်,
အာရုံဓိ-မှတ်သိ"ပစ္စည်း"ပင်။ ။

(၃) လောဘမူမဟာကု-ရှစ်ခု,နှစ်တန်,
မဟာကြိယ-ညာဏ,လေးတန်၊
လောကုတ်ရှစ်ခု-ပေါင်းစုလိုက်ရန်,
မှတ်လိုက်ဘိ-အာဓိ"ပစ္စယုပ္ပန်"။ ။

---

၁၂။ ။မည်သည့်ပစ္စယုပ္ပန်တရားက-မည်သည့် ပစ္စည်းတရားကို အလေးအမြတ်ပြုသည်ဟု ခွဲခြားပြပါ။

၁၂။ ။ ဒေါ,မော,ဒုက္ခ-ငါးဝကြဉ်ဟူ,
လောကီစိတ်နှင့်-စေတသိက်ပါယူ၊

(ပဥ္စမအကြိမ်)

ဧတဒဂ္ဂ-နိပ္ဖန္နရှု,
အလေးပြု-ရှစ်ခု,လောဘမှု။ ။
ကုသိုလ်ရှစ်သိ-လောကီကုသိုလ်,
ရှစ်ခုသမ္ပယုတ်-လောကုတ်မှာဆို၊
လောကုတ်ရှစ်တန်-နိဗ္ဗာန်ဟူလို့,
မိန့်ဆိုကြ,ဂန္ထ,ကျမ်းထိုထို။

---

၁၃။ ။ (က) မဂ္ဂါရမ္မဏသာဖြစ်၍-မဂ္ဂါဓိပတိ မဖြစ်သောတရား။
(ခ) မဂ္ဂါဓိပတိသာဖြစ်၍-မဂ္ဂါရမ္မဏ မဖြစ်သောတရား။
(ဂ) နှစ်ပါးစုံ ဖြစ်သောတရား။
(ဃ) နှစ်ပါးစုံ မဖြစ်သောတရားတို့ကို ကောက်ပြပါ။

## အစဉ်အတိုင်း

၁၃။ ။ (က) မနောဒွါရ-ဒွေအဘိညာဏ်။
(ခ) ၆}မှာ,မရှိ-နတ္ထိဖြေရန်။
(ဂ) ကြိယာ,နှင့်ကု-ရှစ်ခုညာဏ်။
(ဃ) ကြွင်းစိတ်,စေ-ရူပေနိဗ္ဗာန်။ ။

**မှတ်ချက်**။ ။ဆိုင်ရာ စေတသိက်ယှဉ်နှင့်တကွယူပါ။ ၎င်း စိတ်,စေတသိက်တို့မှ ကြွင်းသောစိတ် ဂ၀-စေတသိက် ၅၂-ပါးကို၊ "ကြွင်း စိတ်,စေ"ဟု ဆိုပါသည်။ "အဘိညာဏ်ဒွေ ပိုလာသည်အတွက် စိတ် ၉၁-ပါး ဖြစ်နေသည်ကိုလည်း သတိပြုပါ"။

---

၁၄။ ။ "ဝီရိယတစ်ခိုက် ဝီရိကြည့်သော"ဟူ၍၎င်း။
"ဝီမံသတစ်ခိုက် ဝီမံသကြည့်သော"ဟူ၍၎င်း။

ပြဆိုရာ ၎င်းတို့ကို အဘယ့်ကြောင့် ကြည့်သနည်း၊ ၎င်းတို့လည်း မဂ်စိတ္တုပ္ပါဒ်တရားထဲ၌ အကျုံးဝင်သော တရားပင် မဟုတ်ပါလော။

၁၄။ ။ဝီရိယ-ဝီမံသ,တို့မှာမိမိတို့ကိုယ်တိုင်ပင်"သဟဇာတာဓိပတိ"ပစ္စည်းဖြစ်နေ၍ ၎င်းတို့ အဓိပတိတပ်ခိုက်မှာ"သဟဇာတာဓိပတိ"ပစ္စယုပ္ပန်တရားမဖြစ်နိုင်သောကြောင့် ကြည့်ရပါသည်။

---

(ပဋ္ဌမအကြိမ်)

၁၅။ ။ဤအရာ၌ ဥပမာဖြင့် ထင်ရှားအောင်ပြပါ။

၁၅။ ။ဝဇ္ဇီတိုင်း ဝေသာလီ ပြည်ကြီးကို "လိစ္ဆဝီ"မင်း ၃၃-ယောက်တို့ တလှည့်စီ အုပ်ချုပ်ရာ-နန်းတော်အကြီး မင်းလုပ်ခိုက်မှာ ကြွင်းသော မင်းသား များကိုသာ "မင်းပရိသတ်"ဟု ဆိုနိုင်သည်၊ နန်းတော်အကြီးကို မင်းပရိသတ်ဟု မဆိုနိုင်။(ဒုတိယညီငယ် အုပ်စိုးသောအခါ၌လည်း ထိုအတူပင်)ဤဥပမာအတိုင်း ဝိရိယ အဓိပတိတပ်ခိုက်မှာ ကြွင်းစေတသိက် ပဉ္စတိံသကိုသာ " မဂ္ဂါဓိပတိ" ဆိုနိုင်သည်။ ဝိရိယကို မဂ္ဂါဓိပတိ မဆိုနိုင်ပါ။(ဝီမံသအဓိပတိ တပ်ခိုက်မှာလည်း ထိုအတူပင်)ထို့ကြောင့် ဝိရိယ-ဝီမံသတို့ကို ကြဉ်ရလေသည်။

---

၁၆။ ။အရိယာပုဂ္ဂိုလ်တို့သည်''ပရစိတ္တဝိဇာနနအဘိညာဏ်''ဖြင့်။ဤသူကား ယခုအခါ အဘယ်မဂ်ကို ရပြီနည်း''ဟု စုံစမ်းသောအခါ၊ သူတပါးမဂ်ကို အလေးအမြတ်ပြုနိုင်သည် မဟုတ်ပါလော။ ထိုသို့ ပြုနိုင်လျက် အဘယ့် ကြောင့်"သောတာပတ္တိမဂ်ကို အလေးအမြင်အာရုံပြုသော သောတာ ပန်ပုဂ္ဂိုလ်၏''ဟု ဝိသေသနနှင့် ဆိုသနည်း ဥပမာဖြင့်ထင်ရှားစွာပြပါ။

၁၆။ ။"မိမိခံတွင်းထဲ၌ရှိသောပျားသကာအရသာကိုသာအလေးအမြတ် အာရုံပြုနိုင်သည်၊ သူတပါး ခံတွင်းထဲ၌ရှိသော ပျားသကာကိုမူကား ချိုသော အရသာရှိသည်ဟု သိငြားသော်လည်း အလေးအမြတ် အာရုံမပြုနိုင်သကဲ့သို့ မိမိ ကိုယ်တိုင် ထိုးထွင်း၍ သိအပ်သော မဂ်ကဲ့သို့ သူတပါးမဂ်ကို အလေးအမြတ် မပြု နိုင်ပါ။ ထို့ကြောင့် - **သောတာပတ္တိမဂ်ကို အလေးအမြတ် အာရုံပြုသော, သောတာပန်ပုဂ္ဂိုလ်၏** ဟု ဝိသေသနနှင့် ဆိုပါသည်။

အရိယသာဝကာနဉ္စိ အတ္တနော မဂ္ဂံ ဂရုံကတွာ ပစ္စဝေက္ခဏကာလေ အာရမ္မဏာဓိပတိ လဗ္ဘတိ၊ စေတောပရိယညာဏေန ပန အရိယသာဝကော ပရဿ မဂ္ဂံ ပစ္စဝေက္ခမာနော ဂရုံကန္တွာပိ အတ္တနော ပဋိဝိဒ္ဓမဂ္ဂံဝိယ ဂရုံ န ကရောတိ။

(**အဋ္ဌသာလိနီ-နိက္ခေပကဏ္ဍ ၃၅၀**)

---

၁၇။ ။တတိယပဒ-တတိယ ယောဇနာနည်းအရကို၊"အဓိပတိတပ်ခိုက် ဝိရိယ ဝီမံသလည်းရှ၏''ဟု ပြဆိုရာ-မှန်မည်, မှားမည်၊ မှားလျှင် မည်သို့ ပြင်ဆင်မှ မှန်မည်ဟု ပြင်ဆင်ပြပါ။

၁၇။ ။" ဝိရိယ သဟဇာတာဓိပတိ ပစ္စည်းတပ်ခိုက် ဝိရိယရ၏။ ဝီမံသ သဟဇာတာဓိပတိပစ္စည်းတပ်ခိုက် ဝီမံသရ၏။" ဤသို့ ပြင်မှမှန်ပါသည်။

(ဝီမံသာဓိပတေယျန္တိ....ဣဒံ သဟဇာတာဓိပတိံ ဒဿေတုံ ဝုတ္တံ။)

(**နိက္ခေပ-၃၅၀**)

---

(**ပဉ္စမအကြိမ်**)

၁၈။ ။ဆန္ဒကိုအကြီးအမှူးပြု၍ မဂ်ကိုပွားသောသူ၏ ဆန္ဒသည် မဂ္ဂမည်-မမည်။ ဆန္ဒသမ္ပယုတ်တရားတို့လည်း ဆန္ဒာဓိပတိ မည်-မမည်ကြောင်းကို ဖော်ပြပါ။

၁၈။ ။ဆန္ဒသည်-ဆန္ဒာဓိပတိပစ္စည်းသာ မည်ပါသည်။ "မဂ္ဂ" မမည်ပါ။ ဆန္ဒသမ္ပယုတ္တဓမ္မတို့လည်း ဆန္ဒာဓိပတိပစ္စယုပ္ပန်သာ မည်ပါသည်၊ "မဂ္ဂါဓိပတိ" မမည်ပါ။

ဆန္ဒဉ္စ ဇော့ကံ ကတွာ မဂ္ဂံ ဘာဝေန္တဿ ဆန္ဒော အဓိပတိနာမ ဟောတိ၊ န မဂ္ဂေါ။ သေသဓမ္မာပိ ဆန္ဒာဓိပတိနော နာမ ဟောန္တိ၊ န မဂ္ဂါဓိပတိနော။ (စိတ္တေပိ ဧသေဝနယော။)

စိတ်သ,ဝီရိယတို့မှာ အဓိပတိလည်းမည် မဂ္ဂလည်းမည်၊ စိမံသ,ဝီရိယသမ္ပယုတ် တရားတို့မှာကား မဂ္ဂါဓိပတိသာ မည်သည်ဟူ၍ မှတ်ပါလေ။

(**အဋ္ဌသာလိနီ-နိဿယ-၃၅၀**)

---

၁၉။ ။ (က) မဂ္ဂသာမည်၍-အဓိပတိမမည်သောတရား။
(ခ) အဓိပတိသာမည်၍ မဂ္ဂမမည်သောတရား။
(ဂ) မဂ္ဂါဓိပတိ-နှစ်ပါးစုံ မည်သောတရား။
(ဃ) မဂ္ဂါဓိပတိ-နှစ်ပါးစုံမမည်သောတရားများကို ကောက်ပြပါ။

## **အစဉ်အတိုင်း**

၁၉။ ။ (က) ဝိတက်-ဝိရတီသုံးခု-သတိ-ဧကဂ္ဂတာ ဤ ၆-ပါး။
(ခ) ဆန္ဒ-စိတ္တ-ဤ ၂-ပါး။
(ဂ) ပညာ-ဝီရိယ ဤ ၂-ပါး။
(ဃ) လောကီစိတ် ၈၁-မဂ္ဂင်ရှစ်ပါး၊ ဆန္ဒကြဉ်သော စေတသိက် ၄၃-ပါး၊ ရုပ်အဋ္ဌဝီသ-နိဗ္ဗာန်။

---

၂၀။ ။" သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု၊ မနောဒွါရာဝဇ္ဇန်း - ကုသိုလ် အဘိညာဏ်"ဤစိတ်ခြောက်ပါးသည်၊ အထက်မဂ်ကို အဘယ့်ကြောင့် အာရုံ မပြုနိုင်သနည်း။

၂၀။ ။အထက်မဂ် ဖိုလ်တို့သည် မိမိသန္တာန်၌ မရဘူး-မဖြစ်ဘူးသေးသော ကြောင့် အာရုံမပြုနိုင်ပါ။

အချုပ်မှာ မိမိသန္တာန်၌ ဖြစ်ဘူး-ရဘူးသော တရားကိုသာ အာရုံပြုနိုင်သည် ဟု မှတ်ပါလေ။

(ပဋ္ဌမအကြိမ်)

၂၁။ ။"မဂ်ကိုအာရုံမပြုနေ"ဟူသောစကားနှင့်"မဂ်ကို အာရုံမပြုခိုက်"ဟူသော စကား နှစ်ခုတို့၏ အဓိပ္ပါယ်ရှင်းလင်းဖော်ပြ၍၊ ၎င်းတို့အရ ကောက်ပြပါ။

၂၁။ ။"မဂ်ကိုအာရုံမပြုနေ"ဟူသော စကားမှာ မဂ်ကိုဘယ်တော့မှ အာရုံ မပြုနိုင်သောစိတ်ကို ဆိုလိုပါသည်။

"မဂ်ကိုအာရုံမပြုခိုက်"ဟူသောစကားမှာ မဂ်ကိုလည်းအာရုံပြုနိုင်၏။အခြား ကာမ,မဟဂ္ဂုတ်-ပညတ်ကိုလည်း အာရုံပြုနိုင်၏။ သို့သော် ယခုမဂ်ကို အာရုံမပြု သော အခိုက်အတန့်ဟု ဆိုလိုပါသည်။

"မဂ်ကို ဘယ်တော့မှ အာရုံမပြုနိုင်သောတရားကား"အကုသိုလ် ၊ ၂-မနော ဒွါရ ဝဇ္ဇန်းကြဉ်သော အဟိတ်စိတ် ၁၇-မဟာကုသိုလ် - မဟာကြိယာ ဝိပ္ပယုတ် ဂ-မဟာဝိပါက် ဂ-အဘိညာဏ်ဒွေမှတပါး ရူပ ၁၅-အရူပ ၁၂-ဖိုလ် ၅-စေတ သိက် ဒွေပညာသတည်း။

"မဂ်ကိုအာရုံမပြုခိုက် တရားများကား" မနောဒွါရဝဇ္ဇန်း, မဟာကုသိုလ်, ကြိယာသမ္ပယုတ် ဂ-ပါး၊ အဘိညာဏ်ဒွေ-စေတသိက် ၃ဂ-ပါးတည်း။

---

၂၂။ ။မဂ္ဂါရမ္မဏ,တရားစုကို ပရိတ္တတိက်ဖြင့် ဝေဘန်ပါ။

၂၂။ ။မနောဒွါရဝဇ္ဇန်း၊ မဟာကုသိုလ်, ကြိယာညာဏသမ္ပယုတ်ရှစ်ပါး၊ ဤကိုးပါးကား-ပရိတ္တာရမ္မ, အဘိညာဏ်ဒွေကား-မဟဂ္ဂတာရမ္မ ဖြစ်ပါသည်။

(အဋ္ဌသာလိနီ-၃၄၉)

မဂ္ဂါရမ္မဏတိက်ပြီး၏။

---

## (၁၇) ဥပ္ပန္နတိက်

၁—ဥပ္ပန္နာ ဓမ္မာ။

၂—အနုပ္ပန္နာ ဓမ္မာ။

၃—ဥပ္ပါဒိနော ဓမ္မာ။

၁—ဥပ္ပန္နာ-ဥပါဒ်,ဋ္ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန် သော... ။

၂—အနုပ္ပန္နာ-ဥပါဒ်,ဋ္ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲလည်း မဟုတ်-ရောက်ပြီးလည်း မဟုတ်ကုန်သော... ။

၃—ဥပ္ပါဒိနော-ပြီးပြီး သော အကြောင်း တစိတ်ရှိသည်၏ အဖြစ်ကြောင့်၊ မချွတ်ဖြစ်လတံ့ကုန်သော....။

## (၁၇) ဥပနိဿယတိုက် ဇယားပုံ

| အင်္ဂါ | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ခတ ခံ | ငဩ | ဟငဓ | ဖဂ | အသင်္ခတ ခံ | ငဩ | ဟငဓ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နိဗ္ဗာန် သည် | ဥပနိဿယ မဖွာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၀ | ၃ | .... | .... | ... |
| | အနန္တရ မဖွာ | ၁၂-၂၁-၂၀ | ၅၂ | တိဇ | ... | ၅ | ၇ | ၀ | ၃ | .... | ၅ | ၁၀ |
| | ဥပါဒိန္နဝမဖွာ | ၃၆ | ၃၈ | ကမ္မဇ | ... | ၅ | ၁၁ | ၁၇ | ၁ | .... | ၁ | ၁ |
| ၆ | တိုက်မှတ် | .... * | .... * | .... * | နိ | သပ္ပဒေသတိုက် | | | | | | |

## ဆောင်ပုဒ်လင်္ကာ

ယခုပစ္စုပ်၊ စိတ်,စေ,ရုပ်ကို၊ ပ,ပုဒ်ရအပ် အနာဂတ်ဖြစ်၊ ဆယ့်နှစ်အကု၊ က, ကြိ,စေပါ၊ စိတ်,ဉ, ဟာ, ရုပ်၊ ဒု,မှာထုတ်လော့၊ **တ,ပုဒ်ရအပ်၊** နာဂတ်ဝိပါ၊ ဌတိ°သာစေ၊ ကမ္မဇရုပ်၊ **(တိုက်,မှတ်နိဗ္ဗာန်)** သူကြွင်းကျန်သည်၊ အမှန်ကောက်တော့ မလွဲတည်း။

## တိုက်မှတ်တနည်း

(တိုက်မှတ်ခွဲကြိတ်-အတိတ်စိတ္တုပ္ပါဒ်-ရူပတ်နိဗ္ဗာန်)

---

၁။ ။"ပြီးပြီးသော အကြောင်းတစိတ်ရှိသည်၏အဖြစ်ကြောင့်" ဟူသော စကားနှင့်"မချွတ်ဖြစ်လတ္တံ့ကုန်သော"ဟူသော စကားနှစ်ရပ်၏အရကို အသီးသီး ကောက်ပြပါ။

၁။ ။"ပြီးပြီးသော အကြောင်းတစိတ် ရှိသည်၏ အဖြစ်ကြောင့်"ဟူသော စကားအရမှာ အကြောင်းဖြစ်သော လောကီကုသိုလ် - ၁၇၊အကုသိုလ် ဒွါဒသ ရပါသည်။"မချွတ်ဖြစ်လတ္တံ့ကုန်သော"ဟူသော စကားအရမှာ အကျိုးဖြစ်သော ဝိပါက်(ဆတ္တိံ°သ)စေတသိက်(အဋ္ဌတိံ°သ)ကမ္မဇရုပ်(ဝီသ)ရပါသည်။

---

၂။ ။" ပြီးပြီးသော အကြောင်းတစိတ်ကို" ဒိဋ္ဌဓမ္မဝေဒနီယ,ကံ စသည်တို့တွင် အဘယ်ကံဟူ၍ ဆိုအပ်သနည်း၊ အကြောင်းပြဖြေပါ။

(ပဉ္စမအကြိမ်)

၂။ ။ဒိဋ္ဌဓမ္မ ဝေဒနိယ ကံမှာလည်း မျက်မှောက်ဘဝ၌ပင် အကျိုးပေးခြင်းကြောင့်၊ အဟောသိကံမှာလည်း အကျိုးမပေးခြင်းကြောင့်- ထိုကံများမဟုတ်၊-"ဥပပဇ္ဇဝေဒနိယ, အပရာပရိယဝေဒနိယကံ"များသာ ဖြစ်ပါသည်။

---

၃။ ။ပြီးပြီးသောအကြောင်းတစိတ်သည် မချွတ်ဖြစ်လတ္တံ့တရားတို့အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုထားသောကြောင့် ဘဝများစွာ ကြာသော်ငြားလည်း အကျိုးပေးစေနိုင်သလော။

၃။ ။"နာနာက္ခဏိက ကမ္မပစ္စယသတ္တိ"ဖြင့် ကျေးဇူးပြုထားသောကြောင့် ဘဝများစွာ ကျော်လွန်သော်လည်း အကျိုးပေးစေနိုင်သည်။

---

၄။ ။"ပြီးသောအကြောင်း"ဟူရာ၌ အကြောင်းဖြစ်သောကံသည် ခဏပစ္စုပ္ပန်ကံ, အပစ္စုပ္ပန်ကံဟူ၍ နှစ်မျိုးရှိရာ၊ ဤဥပ္ပန္နတိက်ပုဒ်များ၌ ဆိုင်ရာသွင်းပြ၍၊ ၎င်းကံတို့၏ အကျိုးတရားကိုလည်း အမည်ပေးပါ။

၄။ ။ခဏသုံးပါးသို့ ရောက်သောကံသည်"ဥပ္ပန္န"မည်၏။
ခဏသုံးပါးသို့ မရောက်သေးသောကံသည်"အနုပ္ပန္န"မည်၏။

၎င်းကံတို့၏ အကျိုးသည်ကား-ကမ္မာတသိန်းလွန်မှ ဖြစ်စေကာမူ မြဲသောအကြောင်း ဖြစ်သောကြောင့်"ဥပ္ပါဒိနော"မည်၏။

---

၅။ ။ဓုဝဝိပါက,အဓုဝဝိပါက အရများကို ကောက်ပြပါ။

၅။ ။ပဋ္ဌာနန္တရိယကံ ၅-ပါး၊ သမာပတ် ၈-ပါး၊ မဂ် ၄-ပါး၊ ဤကံတရားစုသည်"ဓုဝဝိပါက"မည်၏။

မမြဲသော-ဝိပါက်ရှိသောကံစုကို"အဓုဝဝိပါက"ခေါ်ပါသည်။

(အဋ္ဌသာလိနီ-နိက္ခေပကဏ္ဍ-၃၅၀-၃၅၁)

---

၆။ "ဥပ္ပန္နာဓမ္မာ"၌ ဥပ္ပန္နသဒ္ဒါသည် ဖြစ်ခြင်းဥပါဒ်ကိုသာ ဟောသည်။ တည်နေခြင်း "ဌီ"ချုပ်ပျက်ခြင်း" ဘင်"ကိုမဟောခဲ့လျှင်၊ စိတ် (၈၉)စေတသိက်(၅၂) ရုပ်(၂၈) တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီရ၏ဟု-ဝိသေသ ဆိုသင့်လျက်၊ အဘယ့်ကြောင့် သာမညကောက်သနည်း။

၆။ ။အတီတေ,အဝိက္ကမ္မိတော၊ ပဋိလဒ္ဓေ, သမုဋ္ဌိတော။
အသမုစ္ဆိန္နေ,ခဏတ္တယ၊ ဂတော,ဥပ္ပန္န ဒိဿတိ။

(အဋ္ဌသာလိနီ ၉၇)

(ပဥ္စမအကြိမ်)

ဟူသော(ရစနာ) ဂါထာအရ၊ "ခဏတ္တယဂတေ" ခဏငယ် သုံးပါးလုံးကို ယောခြင်း•ကြောင့်"ခဏတ္တယသမင်္ဂီ" ဟု သိစေခြင်းငှာ သာမညဆိုသည်။

အတိတ်,မဋ္ဌါအပ်-ရအပ်,ဖြစ်ပေါ်,
မဖြတ်အပ်သေး-မှတ်ရေးတဘော်၊
**ခဏသုံးပါး**-မှတ်သားပါနော်,
"ဥပ္ပန္န"သဒ္ဒအနက်ဘော်။

---

၇။ ။"ဥပ္ပန္န"အပြားများကို အဓိပ္ပါယ်နှင့်တကွ ဘော်ပြ၍၊ ဤ၌ လိုအပ်သော ဥပ္ပန္နကိုလည်း ညွှန်ကြားပါ။

၇။ ။(က) ဝတ္တမာနုပ္ပန္န-ခဏတ္တယသို့ ရောက်ဆဲ,ဖြစ်ဆဲ။

(ခ) ဘုတ္ဝာဂတုပ္ပန္န - ကုသိုလ်, အကုသိုလ်ဇောတို့သည် အာရုံ၏ အရသာကို ခံစားပြီး၍ တဒါရုံ၏ဖြစ်ခြင်း။

(ဂ) ဩကာသကတုပ္ပန္န - အကုသိုလ်သည် ကုသိုလ်၏ အကျိုးကို၊ ကုသိုလ်သည် အကုသိုလ်၏ အကျိုးကို တားမြစ်၍၊ မိမိ၏ အကျိုးပေးခွင့်ကို ပြုပြီးလျှင်၊ အကျိုးပေးသည်တိုင်အောင် ဖြစ်သောသဘော။

(ဃ) ဘူမိလဒ္ဓုပ္ပန္န-ကာလသုံးပါးဖြစ်သော၊ ခန္ဓာငါးပါးဟု ဆိုအပ်သော ဝိပဿနာဘူမိ၌ ကိန်းသောမဂ်ဖြင့် မပယ်ရသေးသော ကိလေသာ။

☞ ဤ၌"ဝတ္တမာနုပ္ပန္န"ကို လိုအပ်သည်။

ဝတ္တမာန-ဘုတ္ဝာဂတံ,
ဩကာသ,ရှိ-ဘူမိလဒ္ဓံ၊
ဌကထာပြ-လေးဝဥပ္ပန်,
ဤတိက်ကား-လိုငြား,ဝတ္တမာန်။ ။

---

၈။ ။"ဝတ္တမာနုပ္ပန္န" ကို လိုအပ်သည်ဆိုသော် ဝတ္တမာန်ဟူသည် ပစ္စုပ္ပန် ကာလဖြစ်၍ ပစ္စုပ္ပန်အပြားကို အဓိပ္ပါယ်နှင့်တကွ ဘော်ပြပြီးလျှင်၊ ဤ၌ လိုအပ်သော ပစ္စည်းကိုလည်း ညွှန်ကြားဘော်ပြပါ။

(ပဌမအကြိမ်)

၈။ ။(က) ခဏပစ္စုပ္ပန်-ဥပါဒ်,ဌီ,ဘင် ခဏသုံးပါးသို့ရောက်ဆဲ။

(ခ) သန္တတိပစ္စုပ္ပန် ၇-ခု၊ ၈-ခုသော ဇောဝါရတို့၏ အတွင်း သဘောတူသော ရုပ်တရားတို့၏ အစဉ်။

(ဂ) အဒ္ဓါပစ္စုပ္ပန်-ပဋိသန္ဓေ,စုတိတို့ဖြင့် ပိုင်းခြားအပ်သော ဘဝ တခုအတွင်း။

(ဃ) သမယပစ္စုပ္ပန်-မုဟုတ်နံနက် နေ့ရက်နာရီ၊ ဃဋီပက္ခ၊ မာသ, သံဝစ္ဆရ,စသော အခါကာလ။

☞ ဤဌ်“ခဏပစ္စုပ္ပန်”ကို လိုအပ်သည်။

အဒ္ဓါ,သန္တတိ,သမယော၊ ခဏော,စာတိပစ္စုပ္ပန္နာ။
စတုဗ္ဗိဓာတိဧတေသု၊ ခဏောဝိဓ အဓိပ္ပေတော။

မှတ်ချက်၊ ။ပစ္စုပ္ပန် အပြားအကျယ်ကို အဋ္ဌသာလိနီ-သမ္မောဟဝိနောဒနီ ပါရာဇိကဏ်-ဝိသုဒ္ဓိမဂ်တို့၌ ဆို၏။ သို့သော် အချို့ကျမ်းများမှာကား “သမယ ပစ္စုပ္ပန်”မပါကြ၊ အဒ္ဓါပစ္စုပ္ပန်ထဲသို့ သွင်း၍ ဆိုကြသည်။ “မာတိကာဂဏ္ဌိ” ဆရာက လေးပါးပြထားခြင်းကြောင့် လေးပါးလုံးကို အဓိပ္ပါယ် ရေးလိုက် ပါသည်။

---

၉။ ။၂၂ တိက်တို့တွင် ကာလနှစ်ပါးကို ဟောသောတိက်ကို ဘော်ပြ၍၊ အဘယ်ပုဒ်ဖြင့် အဘယ်ကာလကို ဟောသည်ဟု ရေးပါ။

၉။ ။ တိက်“ဥပ္ပန္န”ကာလနှစ်တန်,
ရှင်တော်ဘုရား-ဟောပြောအမှန်၊
ပဌမပုဒ်“ပစ္စုပ္ပန်”
ဒု နှင့်,တ-ဟောထ,“နာဂတ်”။ ။

ဒုယံပန တိကော ဒွိန္နံ အဒ္ဓါနံ ဝသေန ပူရေတ္ဗာ ဒဿိတော။
(အဋ္ဌသာလိနီ-၃၅၀)

---

၁၀။ ။“ဥပ္ပန္နာဓမ္မာ-အနုပ္ပန္နာဓမ္မာ”ဟောလျှင် ပရမတ္ထတရားကုန်ပြီဖြစ်၍ “ဥပ္ပန္န ဒုက်”သာ ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် “ဥပ္ပါဒိနော ဓမ္မာ”ဟု ဆက်၍ တိက်ဖြစ်အောင် ဟောသနည်း။

၁၀။ ။ဥပ္ပန္နာဓမ္မာ, အနုပ္ပန္နာဓမ္မာ-ဟု ဟောလျှင် ပရမတ္ထတရား ကုန်ပြီး သော်လည်း၊ ပုညဉာဏသမ္ဘာရနည်း-ဂေါဗလီဗဒ္ဒနည်းအားဖြင့် ဟောတော်မူ လို၍“ဥပ္ပါဒိနောဓမ္မာ”ဟု ဆက်၍ တိက်ဖြစ်အောင် ဟောတော်မူသည်။

---

(ပဌမအကြိမ်)

၁၁။ ။"အဘယ်ကဲ့သို့ ပုညညာဏသမ္ပယုတ္တရနည်း ဝေါဗလီဗဒ္ဓနည်း" အားဖြင့် ဟောတော်မူပါသနည်း။

၁၁။ ။"ဓမ္မောစ ဝိနယောစ-ဒေသိတော ပညတ္တော" ဟူသော ဝါကျ၌ "ဓမ္မော"သဒ္ဒါသည် ပိဋကတ်သုံးပုံကို ဟောနိုင်သော အစွမ်းသတ္တိ ရှိငြားသော်လည်း နောက်၌ "ဝိနယော-သဒ္ဒါကိုထောက်၍" သုတ္တန်နှင့် အဘိဓမ္မာကိုသာ ယူရသကဲ့သို့၊ {ဤအတူ} "အနုပ္ပန္နာဓမ္မာ" ပုဒ်၌ စိတ် ၈၉-စေတသိက် ၅၂-ရုပ် ၂၈-ကို အကုန် ကောက်နိုင်သော်လည်း။ နောက်၌ "ဥပ္ပါဒိနောဓမ္မာ" ဟု ဟောခြင်းကြောင့် ဝိပါက်{ဆတ္တိံသ} စေတသိက် {အဋ္ဌတိံသ} ကမ္မဇရုပ်ဝီသကို ချန်၍။ အကုသိုလ်-ကုသိုလ် ကြိယာ စေတသိက် ၅၂-တိဇ ရုပ်တို့ကိုသာ ကောက်ရပါသည်။

---

၁၂။ ။အသက်တသိန်းတန်း၌ ပွင့်လတ့ံသော အရိမေတ္တေယျ ဘုရားရှင်၏ မဂ်ဖိုလ် တရားကို"ဥပ္ပန္န"တိက်၌ ဆိုင်ရာသွင်းပြပါ။

၁၂။ ။မေတ္တေယျဗောဓိသတ္တဿ"မဂ္ဂေါ-အနုပ္ပန္နေ့ာနာမ" "ဖလံဥပ္ပါဒိနောဓမ္မာယေ ဝနာမ ဇာတံ။

(အဋ္ဌသာလိနီ-နိက္ခေပကဏ္ဍ-၃၅၁)

---

၁၃။ ။ရှေးဆရာတို့ကား ဤဥပ္ပန္နတိက်-တိက်မှတ်ထုတ်ရာတွင် အတိတ် စိတ္တုပ္ပါဒ်, ရုပ်တို့ကိုရင်း,နိဗ္ဗာန်ကိုရင်း ထုတ်ကြကုန်၏၊"မာတိကာ အကောက်ဆရာ" ကား-နိဗ္ဗာန်ကိုသာ ထုတ်တော်မူ၏၊ ဤသို့ နှစ်နည်းထုတ်ရာ အဘယ်သည် ယုတ္တိသာ၍ ရှိပါသနည်း။

၁၃။ ။ရှေးဆရာမြတ်တို့အလို **အတိတ် စိတ္တုပ္ပါဒ် - ရုပ်,** တို့နှင့်တကွ **နိဗ္ဗာန်** ကို ထုတ်ခြင်းသည် သာ၍ ယုတ္တိရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အတိတ် စိတ္တုပ္ပါဒ်,ရုပ်တို့သည် တိက်ဝင်တရား မဖြစ်သင့်သောကြောင့်၊ တရားကုန်စင် အောင် တိက်မှတ်ထုက်ရာ၏။

**ဥပ္ပန္နတိက်ပြီး၏။**

---

## (အတီတတိက်)

၁-အတီတာ ဓမ္မာ။

၂-အနာဂတာ ဓမ္မာ။

၃-ပစ္စုပ္ပန္နာ ဓမ္မာ။

(ပဋ္ဌမအကြိမ်)

၁ အတီတာ-အတိတ်ဖြစ်ကုန်သော(ဝါ)မိမိ၏သဘောသို့ရောက်၍ လွန်ကုန်သော၊(ဝါ)ဥပါဒ်စသော ခဏတ္တယသို့ ရောက်၍ လွန်ကုန်သော....။

၂-အနာဂတာ - အနာဂတ် ဖြစ်ကုန်သော (ဝါ) ထိုနှစ်ပါးစုံသို့ မရောက်ကုန်သေးသော....။

၃--ပစ္စုပ္ပန္နာ-ပစ္စုပ္ပန်ဖြစ်ကုန်သော (ဝါ) ထိုထိုအကြောင်းတရားကိုစွဲ၍ ဖြစ်ကုန်သော....။

**အတီတတ္တိကေ အတ္တနောသဘာဝံ-ဥပ္ပါဒါဒိက္ခဏံဝါ,**

ပတွာ အတိက္ကန္တာတိ-**အတီတာ**။

တဒုဘယမ္ပိ န အာဂတာတိ-**အနာဂတာ**။

တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ **ပစ္စုပ္ပန္နာ**။

(အဋ္ဌသာလိနီ-၇၉)

## (၁၈) အတီတတိက်ဇယားပုံ

| ဝတ္ထု | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | [illegible] | အသင်္ဂဟိတ ခံ | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟဒယဝတ္ထု | အတီတာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ | ... | ... | ... |
| | အနာဂတာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ | ... | ... | ... |
| | ပစ္စုပ္ပန္နာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ | ... | .. | .... |
| ၇ | တိက်ပုဒ် | .... | ........ | | နိ | သပ္ပဒေသ တိက် | | | | | | |

## ဆောင်ပုဒ်လင်္ကာ

"အတီတ-သုံးပုဒ်၊ စိတ်စေရုပ်၊ တိက်ပုဒ် နိဗ္ဗာန်ပယ်"။

---

၁။ ။"အတ္တနောသဘာဝံပတွာ"ဖြင့်မိမိသဘောသို့ ရောက်လာပြီး၍ဟု ဆိုအပ်ရာ၊ ထိုပရမတ္ထ တရားကိုသည် အဘာဝမှလာ၍ ခဏတ္တယသို့ ရောက်ပြီးလျှင် အဘာဝသို့ ရောက်သွားကုန်ကြပါသနည်း။

(ပဉ္စမအကြိမ်)

၁။ ။အဒ္ဒသာနုတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။
အနိဓာနဂတာဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။

## မဟာနိဒ္ဒေသပါဠိတော်

ပရမတ္ထဓမ္မတို့သည် မမြင်ရာအနာဂတ်ဟူသော ကွယ်ရာ,ထောင့်ရာမှ ဖြစ်ပေါ်လာကြကုန်၏။ ဖြစ်ပေါ်လာပြီး၍ ချုပ်ပျောက်ကုန်ကြသော ပရမတ္ထတရားတို့ကိုလည်း စုပုံသိမ်းဆည်းထားခြင်းငှါ မစွမ်းနိုင်၊ ဖြစ်ပေါ်ရန် စုပုံ၍ ထားအပ်သော ပရမတ်တရားတို့လည်း မရှိကြကုန်။ ဥပမာမှာ ကောင်းကင်၌ လျှပ်စစ်လက်ပြီး ပျောက်သွားခြင်းကဲ့သို့ ဟူလို။

---

၂။ ။"တံတံကာရဏံ ပဋိစ္စ"၌ ၊ထိုထိုအကြောင်းဟူသည် အဘယ်အကြောင်းကို ဆိုပါသနည်း။

၂။ ။ဟေတုပစ္စည်း အစရှိသော၊ ပဋ္ဌာန်းအကြောင်း။ အဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ်အကြောင်း။ ကံ,စိတ်,ဥတု,အာဟာရဟူသော ရုပ်အကြောင်းတရား များကို ဆိုလိုပါသည်။

---

၃။ ။တေကာလိကဓမ္မ ကာလဝိမုတ္တဓမ္မ များကို ဘော်ပြ၍၊ အဘယ့်ကြောင့် ထိုသို့ ခေါ်သည်ကိုလည်း ဝဲနတ္ထပြ၍ အဓိပ္ပါယ်ပြန်ပါ။

၃။ ။ "တေကာလိက"-စိတ္တ,နှင့်စေ,
ရုပ်,နှစ်ဆယ့်ရှစ်-မှတ်လစ်တထွေ၊
"ကာလဝိမုတ်"-ဘော်ထုတ်ပါလေ,
နိဗ္ဗာန-မှတ်ကြ,ပညတ္တေ။ ။

တယောကာလာ-တိကာလံ၊ တိကာလေ နိယုတ္တာတိ-တေကာလိကာ။ ။ ကာလသုံးပါးနှင့် ယှဉ်တတ်သောကြောင့် စိတ်, စေ, ရုပ်တို့ကို "တေကာလိက" တရားခေါ်သည်။

ကာလတော ဝိမုတ္တံ-ကာလဝိမုတ္တံ။

ကာလသုံးပါးမှ လွတ်သောကြောင့် နိဗ္ဗာန် ပညတ်ကို " ကာလဝိမုတ် " ခေါ်သည်။

---

(ပဉ္စမအကြိမ်)

၄။ ။နိဗ္ဗာန်နှင့် ပညတ်တရား နှစ်ပါးတို့သည် အဘယ့်ကြောင့် ကာလသုံးပါးမှ လွတ်သနည်း။ ၎င်းပြင်-ဤဘိက်၌ကား အဘယ့်ကြောင့် နိဗ္ဗာန်ကိုသာ တိက်မှတ်ထုတ်၍ ပညတ်ကို မထုတ်သနည်း။

၄။ ။ဝိနာသဘာဝတော အတီတာဒိကာလဝသေန န ဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ ပညတ္တိစ-ကာလဝိမုတ္တံနာမ။ (ဋီကာကျော်-၉၉)
နိဗ္ဗာန် ပညတ်တို့သည် " ချုပ်ပျက်ခြင်း သဘော မရှိသောကြောင့် အတိတ်စသော ကာလ၏အစွမ်းဖြင့် မဆိုအပ်သည်၏ အဖြစ်ကြောင့်" ကာလဝိမုတ် မည်ပါသည်။

"ပညတ်မှာ-ပရမတ္ထတရားမဟုတ်၍ တိက်မှတ်မထုတ်ရပါ။ တိက်, ဒုက်တို့မှာ ကား ပရမတ္ထတရားကိုသာ ဟောတော်မူပါသည်။

---

၅။ ။ဤပစ္စုပ္ပန္နာဓမ္မာ၌ ပစ္စုပ္ပန်အပြားကိုပြ၍ ဤ၌ လိုအပ်သော ပစ္စုပ္ပန်ကို ဖော်ပြပါ။

၅။ ။ ဥပ္ပန္နတိက်-အတိုင်းပင် ဖြေပါလေ။

---

၆။ ။သဒ္ဒါကျမ်းဆရာများကမူ "ဝတ္တမာနာပစ္စုပ္ပန္နေ" ဟူ၍၎င်း၊ " ပစ္စုပ္ပန္နေ ကာလေဝတ္တမာနာဟူ၍၎င်း။ ပစ္စုပ္ပန် ကာလ ကို ပဌမဟောလျက်၊ မြတ်စွာ ဘုရားသည် အဘယ့်ကြောင့် အတိက်ကို ပဌမထား၍ ဟောတော်မူ သနည်း။

၆။ ။သဒ္ဒါကျမ်းဆရာကား " ဝတ္တိစ္ဆာနုပုဗ္ဗိကာသဒ္ဒပဋိပတ္တိ" ဟူသည်နှင့် အညီ ကာလကို ပိုင်းခြားရာ၌ ရှေးဦးစွာ ပစ္စုပ္ပန်ကို၊ ထို့နောက်မှ လွန်ပြီးသော အတိတ်ကို၊ ထို့နောက်မှ မဖြစ်သေးသော အနာဂတ်ကို သိလွယ်စေခြင်းငှါ ပိုင်းခြားတော်မူကြ၏။ ရှင်တော်ဘုရားသည်ကား လွန်ပြီးသော အတိတ်တရား သည်ကား ပစ္စုပ္ပန်တရားကိုစွဲ၍ အတိတ်ဖြစ်ရသည်။ မဖြစ်သေးသော အနာဂတ် တရားသည်လည်း ပစ္စုပ္ပန် တရားကိုစွဲ၍ အနာဂတ်ဟုဆိုသည်။ ဤသို့သော အနက်အဓိပ္ပါယ်ကို သိစေခြင်းငှါ အတိတ်ကို ပဌမ၊ အနာဂတ်ကို ဒုတိယထား၍ ၎င်းနောက်မှ ပစ္စုပ္ပန်တရားကိုထား၍ ဟောတော်မူသည်။

တနည်း-ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ "အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပဋိ ဟတဉာဏံ"စသည်ဖြင့် ရှင်တော်ဘုရား၏ "အာဝေဏိက" ဂုဏ်တော်ကို ပြရာ၌ ဤသို့ အတိတ်,အနာဂတ်,ပစ္စုပ္ပန် အစဉ်အတိုင်းထားဘိသကဲ့သို့ ဤ၌ ဟောတော် မူသည်။

**အတီတတိက်ပြီး၏။**

---

## (၁၉) အတီတာရမ္မဏတိက်

၁–အတီတာရမ္မဏာ ဓမ္မာ။

၂–အနာဂတာရမ္မဏာ ဓမ္မာ။

၃–ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

၁ အတီတာရမ္မဏာ-အတိတ်တရားလျှင် အာရုံရှိကုန်သော၊ (ဝါ) အတိတ်တရားကို အာရုံပြုကုန်သော....။

၂–အနာဂတာရမ္မဏာ-“အနာဂတ်တရားလျှင် အာရုံရှိကုန်သော၊ ( ဝါ ) အနာဂတ်တရားကို အာရုံပြုကုန်သော....။

၃–ပစ္စုပ္ပန္နာရမ္မဏာ-ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်သော၊ (ဝါ) ပစ္စုပ္ပန်တရားကို အာရုံပြုကုန်သော....။

## (၁၉) အတီတာရမ္မဏတိက်ဇယားပုံ

| အစဉ် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | သင်္ဂဟိတ ဣ | သင်္ဂဟိတ ဓာ | သင်္ဂဟိတ ဗာ | အသင်္ဂဟိတ ခံ | အသင်္ဂဟိတ ဣ | အသင်္ဂဟိတ ဓာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | အတီတာ ရမ္မဏာ | ၆ / ၁–၂၉–၁၁–၂ | ၃၀ / ၄၇ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | အနာဂတာ ရမ္မဏာ | ၁–၂၉–၁၁–၂ | ၅၀ | .... | .... | ၄ | ၂ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| | ပစ္စုပ္ပန္နာ ရမ္မဏာ | ၁၀–၃ / ၁–၂၉–၁၁–၂ | ၁၀ / ၅၀ | .... | .... | ၄ | ၂ | ၀ | ၂ | ၁ | ၁၀ | ၁၀ |
| ဂ | တိက်မုတ် | ၃–၃–၁၅ / ၁၂=၁=ဂ=ဂ=၁ / ဂ / ၁–၄–၄–၂ | ၃၅ / ၄၉ / ၃၆ / ၃၃ | ၂ဂ | နိ | သပ္ပဒေသတိက် | | | | | | |

### ဆောင်ပုဒ်လင်္ကာ

အတိတ်ကော၊ ဝိညာဏ်,နေဝ၊ တိ°သစေမှန်၊ နေကံဝုဋ္ဌော၊ ကာမဇောတဒါ၊ အဘိညာဒွိ၊ ဝိရတိ,ပမဉ်၊ ကြဉ်လေသတ္တ၊ စတ္တလီသာ၊ ပ,ဠ္ဌလာ၏။ ။နာဂတ် ပြုခိုက်၊ မှတ်လိုက်ဝုဋ္ဌော၊ ကာမဇော,တဒါ၊ ဘိညာပမဉ်၊ ကြဉ်ပညာသ၊ ဒု,မှာရ၏။ ။မှတ်ကြ တ,ပုဒ်၊ “ပစ္စုပ်ဒကံ၊ ဝိညာဏ်ဆယ်ရပ်၊ မနောဓာတ်သုံးလီ၊ဆံ,ပီ, (ပဥ္စမအကြိမ်)

ဝိ,ကြဉ်၊ အညသမာန်၊ ဆယ်တန်တသုတ်၊" ပစ္စုပ်နေကံ၊ ဝုဋ္ဌဇောကာ၊ တဒါ, ဘိညာဉ်၊ ပမဉ်ကိုပယ်၊ စေ... ငါးဆယ်တည်း။ ။မှတ်ဘွယ်တသုတ်၊ တိက်မုတ် ထုတ်အပ်၊ ပညတ်ကော်၊ ကော်ဝိသံနှင့်၊ စေ....မှန်ပဋ္ဌ၊ တိ သမှတ်ရန်၊ အနေကံပြု၊ အကုမနေ့ဒွ ါ၊ မဟာ ကု,ကြိ၊ ဘိညာဒ္ဓိနှင့်၊ ဝိရတိပယ်ရိုး၊ လေးဆယ့်ကိုးစေ၊ မှတ်လေတရပ်၊ အပ္ပမာဏ၊ ကော်အဋ္ဌ၊ ဆတ္တံ သစေ၊ နေကံဝုဋ္ဌာ၊ မဟာကုညာဏ်၊ ကြိညာဏ်ညာ၊ ပမညာ,ဝိရတိ၊ ကြဉ်ဘိတေတ္တိ သ၊ ရုပ်နိဗ္ဗ၊ တိက်မှ သူတို့ကျန် သတည်း။

---

၁။ ။အတီတာရမ္မဏတိက်၌ - အဘယ့်ကြောင့် ဤသို့သော ဒေသနာက္ကမကို ထားတော်မူသနည်း။

၁။ ။အတီတတိက်၌ ထားတော်မူသော ဒေသနာက္ကမ အစဉ်အားဖြင့် ဟောတော်မူသည်။

---

၂။ ။ဤတိက်၌ "အနာဂတာရမ္မဏာ" အနာဂတ် တရားလျှင် အာရုံရှိကုန် သော၊ (ဝါ) အနာဂတ်တရားကို အာရုံပြုကုန်သော ဟု နှစ်နတ်ယောဇ နာရာ-ပဋ္ဌမအနက်သည် ပိုမည်,မပိုမည်ကို အကြောင်းပြ၍ဖြေပါ။

၂။ ။ ☞ ပဋ္ဌမအနက် ပိုနေပါသည်။

အဘယ့်ကြောင့်ဆိုသော် ပဋ္ဌမအနက်မှာ"လျှင်"ဟူသောစကားမှာ"ဧဝတ္ထ" ဖြစ်၍ ကော်အာရုံကို ညွှန်ပြပါသည်။ အနာဂတ်ကို ကော်အာရုံပြုသောတရားဟူ၍ ကား မရှိပါ။"ထို့ကြောင့်-ပိုနေပါသည်။

---

၃။ ။ဒုတိယ, တတိယပုဒ်၌ အပ္ပမညာကိုသာ ကြဉ်၍၊ ပဋ္ဌမပုဒ်၌ ဝိရတီ, အပ္ပ မညာ နှစ်ပါးစုံ ကြဉ်ရကြောင်းကို ဖြေပါ။

၃။ ။ဒုတိယ, တတိယ, ပဒများ၌ - အပ္ပမညာကို ကြဉ်ရကြောင်းကား- "ဘိန္နာရမ္မဏဖြစ်၍" ကြဉ်သည်။ ပဋ္ဌမပဒ၌-ဝိရတီအပ္ပမညာတို့သည် "အတိတ်ကို အာရုံမပြုနိုင်သောကြောင့်"ကြဉ်သည်။

---

၄။ ။ဤတိက်၌-အပ္ပမညာဒွေသည် အဘယ့်ကြောင့် တိက်မုတ်ဖြစ်သနည်း။

၄။ ။အပ္ပမညာဒွေသည်-သုခိတ, ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုခြင်း ကြောင့် ကာလဝိမုတ်ဖြစ်၍"တိက်မုတ်"ဖြစ်သည်။

---

(ပဥ္စမအကြိမ်)

၅။ ။ဒုတိယ,တတိယပဒများ၌ ကုက္ကုစ္စကို မကြဉ်ဘဲ ကောက်ခြင်းသည် သင့်, မသင့် အကြောင်းပြ၍ ဖြေပါ။

၅။ ။**ကုက္ကုစ္စကို မကြဉ်ဘဲ ကောက်ခြင်းသည် မသင့်ပါ။**

အဘယ့်ကြောင့်ဆိုသော်- ကုက္ကုစ္စသည် အတိတ်ကိုသာ ဧကံအာရုံပြုသော ကြောင့် မသင့်ပါ။

ကုက္ကုစ္စကား-မှတ်သားဘို့မှန်,
အတိတ်တရား-ပြုငြားဧကန်၊
နာဂတ်,ပစ္စုပ်-မဟုတ်အမှန်,
ထုတ်ခါပြ-များလှ,သာဓကံ။

ကျမ်းဂန်များ၌ ကုက္ကုစ္စသည် အတိတ်ကို အာရုံပြုကြောင်းကို ဆိုကြသော သာဓကတွေ များစွာ ပြရန်ရှိငြားသော်လည်း အနည်းငယ်ပြအံ့။

ကုက္ကုစ္စန္နာမ အကတကလျာဏာ ကတပါပဿ တပ္ပစ္စယာ ဝိပ္ပဋိသာရော။ စေတသော အဝလေခနမေတံ ဥဒ္ဒစ္စကုက္ကုစ္စသောဝေတံ နာမံ။

**(အင်္ဂုတ္တိုရ်အဋ္ဌကထာ-ဧကနိပါတ်-နီဝရဏဝဂ်-၂၆)**

ဋီကာကျော်၌လည်း "ကတာကတ ဒုစ္စရိတ သုစရိတာနုသောစနလက္ခဏံ"ဟု ဆိုတော်မူ၏။ ဤဋီကာကို ယထာက္ကမနည်းအတိုင်း။

ကတ-ဒုစ္စရိတာ နုသောစနလက္ခဏံ။

အကတ-သုစရိတာ နုသောစနလက္ခဏံ။

**မှတ်ချက်။** ။ဤသို့ ယူရသည်၊ ဤနှစ်ပါးကိုပင် ကုက္ကုစ္စ၏ အကြောင်း နှစ်ပါးဟုမှတ်ပါ။ထိုတရားနှစ်ပါးလုံးပင်အတိတာနုသောစနချည်းဖြစ်၍ ကုက္ကုစ္စ အတိတ်ကို အာရုံပြုကြောင်းလည်း မြဲစွာမှတ်ပါ။ထိုအရာကို "အကောက်ဆရာ" သက်သက် နှလုံးသွင်းမိဟန်မတူချေ။ ထို့ထက် ကျယ်ဝန်းစွာ သိလိုပါက "မြို့ပြင် ကြီး ဆရာတော်ဆုံးဖြတ်သော" {ကုက္ကုစ္စဝိနိစ္ဆယကျမ်း} ကို ကြည့်ရှုတော်မူကြ ပါကုန်။

---

၆။ ။ဝိညာဏဥ္စာယတနစိတ် ၃-ခု၊ နေဝသညာ,နာသညာယတနစိတ် ၃ ခုတို့ သည် အတိတ်ကို အာရုံပြုသည်ဟုဆိုရာ၊ အဘယ်စိတ်သည် အဘယ် အတိတ်ဝိညာဏ်ကို အာရုံပြုသည်ဟု ကျနစွာ ခွဲဝေပြပါ။

၆။ ။ဝိညာဏဥ္စာယတနကုသိုလ်-ဝိပါက်သည် အတိတ်ဖြစ်သော အာကာ သာနဉ္စာယတန ကုသိုလ်ဝိညာဏ်ကိုသာ အာရုံပြုသည်။

(ပဥ္စမအကြိမ်),

ဝိညာဏ ဥာယတနကြိယာသည် အတိတ်ဖြစ်သော အာကာသာနဥာယတန ကုသိုလ်ကြိယာကို အာရုံပြုသည်။

နေဝသညာ,နာသညာယတန ကုသိုလ်ဝိပါက်သည် အတိတ်ဖြစ်သော အာကိဥ္စညာယတနကုသိုလ်ကိုသာ အာရုံပြုသည်။

နေဝသညာ,နာသညာယတန ကြိယာသည် အတိတ်ဖြစ်သော အာကိဥ္စညာယတန ကုသိုလ်ကြိယာကို အာရုံပြုသည်။

အရူဒ္ဓ,မှာ-ပ,ကိုသာ-စ,မှာ-တ,ကိုသိ။

ကု,ဝိ,ကုသာ-ကြိယာ-ကြိယာကုသိုလ်သိ။

**အတီတာရမ္မဏတိက်ပြီး၏။**

---

## (၂၀) အဇ္ဈတ္တတိက်

၁–အဇ္ဈတ္တာ ဓမ္မာ။

၂–ဗဟိဒ္ဓါ ဓမ္မာ။

၃–အဇ္ဈတ္တ ဗဟိဒ္ဓါ ဓမ္မာ။

၁–အဇ္ဈတ္တာ-အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော....။

၂–ဗဟိဒ္ဓါ-ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော....။

၃–အဇ္ဈတ္တ,ဗဟိဒ္ဓါ-အဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော....။

## (၂၀) အဇ္ဈတ္တတိက်ဇယားပုံ

| ဘုံ | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | ဧက | ဝိဂ | ဂိ | အသင်္ဂဟိတ ခံ | ဧက | ဝိဂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | အဇ္ဈတ္တာဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ | .... | .... | .... |
| | ဗဟိဒ္ဓါ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ | .... | .... | .... |
| | အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ | .... | .... | .... |

(ပဋ္ဌမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

အဋ္ဌတ္တ၌၊ ပ,တ,နှစ်ထွေ၊ စိတ်,စေ,နှင့်ရုပ်၊ ဒု,ပုဒ်စိတ်,စေ၊ ရုပ်,နိဗ်,တွေ၊ မှတ်လေမခဲတည်း။

---

၁။ ။အဇ္ဈတ္တ,ဗဟိဒ္ဓ,ဟူသည် အဘယ်ကိုဆိုလိုပါသနည်း။

၁။ ။မိမိသန္တာန်၌ ဖြစ်သောတရားကို "အဇ္ဈတ္တ" သူတပါး သန္တာန်၌ ဖြစ်သောတရားကို "ဗဟိဒ္ဓ" ဆိုပါသည်။

---

၂။ ။အဇ္ဈတ္တအပြားကို ဒေ့ဒိပ္ပါယ်နှင့်တကွ ဖော်ပြ၍ အဇ္ဈတ္တတိက်၌ အဘယ် အဇ္ဈတ္တကိုလိုအပ်သည်၊ အဇ္ဈတ္တဒုက်၌ကား အဘယ်အဇ္ဈတ္တကို လိုအပ်သည်ဟု ဖော်ပြပါ။

၂။ ။ သာမညာလမ္ဗ ဂေါစရေ၊
သသန္တာနေ ဓမ္မေ နိယကော။
သဋ္ဌာယတနံ အဇ္ဈတ္တံ၊
ဖလသမာပတ္တိ ဝိသယော။ ။
တိကေ နိယကော ဣစ္ဆတော၊
ဒုကေတု အဇ္ဈတ္တဇ္ဈတ္တံ။ ။

သာမညာလမ္ဗ၊ သာမညအာရုံ ခြောက်ပါးသည်။ ဂေါစရေ၊ ဂေါစရဇ္ဈတ္တမည်၏။ သသန္တာနေ၊ မိမိသန္တာန်၌။ ပဝတ္တော၊ ဖြစ်သော။ ဓမ္မေ၊ စိတ်,စေတသိက်,ရုပ်တရားသည်။ နိယကော၊ နိယကဇ္ဈတ္တမည်၏။ သဋ္ဌာယတနံ၊ သဋ္ဌာယန,ခြောက်ပါးဟု ဆိုအပ်သော ပသာဒရုပ်ငါးခု စိတ်တခုယုတ် ကိုးဆယ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တဇ္ဈတ္တမည်၏။ ဖလသမာပတ္တိ၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့၏ ဖလသမာပတ်လေးပါးသည်။ ဝိသယော၊ ဝိသယဇ္ဈတ္တမည်၏။

တိကေ၊ အဇ္ဈတ္တတိက်၌။ နိယကော၊ နိယကဇ္ဈတ္တကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဒုကေတု-ဒုကေပန၊ အဇ္ဈတ္တိကဒုက်၌ကား။ အဇ္ဈတ္တဇ္ဈတ္တံ၊ အဇ္ဈတ္တဇ္ဈတ္တကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

---

၃။ ။တိက်ပုဒ် ၆၆-ပုဒ်တို့တွင် ခံ, အာ, ဓာတ်, သစ် အကုန်ဖြစ်သော ပဒကို ကောက်ပြပါ။

၃။ ။ခံ,အာ,ဓာတ်,သစ်-အကုန်ဖြစ်-မှတ်လစ်"ဗဟိဒ္ဓါ"

---

(ပဌမအကြိမ်)

၄။ ။နိဗ္ဗာန်သည် အတိက်စသော ၁၁-ပါးသောအပြားမှ လွတ်မြင်းကြောင့် ခန္ဓဒိမုတ်ဆိုသော်-ဟီန, တိက်-အဘိတ, တိက်-အဇ္ဈတ္တ, တိက်တို့၏ တိက်မုတ် ဖြစ်သင့်လျက်၊ အဘယ့်ကြောင့် အတီတတိက်မုင်းသာ ဖြစ်သနည်း၊ ဥပမာနှင့်တကွ ဘော်ပြပါ။

၄။ ။ဟီနနိဗ္ဗာန်-ပဏီတနိဗ္ဗာန် ဟူ၍ကား - နှစ်ပါးပြား၍ မရကောင်းပါ။ "ပဏီတနိဗ္ဗာန်"ဟူ၍ကား ခေါ်နိုင်ပါသည်။ ထို့ကြောင့်"ပဏီတာဓမ္မာ"ပုဒ် အရမှာ ပါဝင်ရကား **ဟီနတိက်မုတ်** မဖြစ်နိုင်ပါ။

အဇ္ဈတ္တနိဗ္ဗာန်-ဗဟိဒ္ဓနိဗ္ဗာန် ဟူ၍ကား-နှစ်ပါးပြား၍ မရကောင်းပါ၊ "ဗဟိဒ္ဓ နိဗ္ဗာန်"ဟူ၍ကား ခေါ်နိုင်ပါသည်။ ထို့ကြောင့် "ဗဟိဒ္ဓါဓမ္မာ" ပုဒ်မှာ ပါဝင်ရကား **အဇ္ဈတ္တတိက်မုတ်** မဖြစ်နိုင်ပါ။

(ဥပမာ) မောဟမူဒွေမှာ သခ်ါရ အပြားမရှိ ဆိုသော်လည်း - အသခ်ါရိက, တပါး၊သသခ်ါရိက,တပါး ဟူ၍-သခ်ါရအပြားသာ မရကောင်းသည်၊ "အသခ်ါရိက"ဟူ၍ တပါးတည်းကား ရကောင်းသကဲ့သို့ မှတ်ရမည်။

☞ တဆယ့်တပါးသော အပြားတို့တွင် နိဗ္ဗာန်၏ ရကောင်းသောအမည်များကို အောက်တွင်{ * }ခဃားပွင့်ပြလျက်ရှိသည်။

| အတိတ | အနာဂတ | ပစ္စုပ္ပန် |
|---|---|---|
| | အဇ္ဈတ္တ | * ဗဟိဒ္ဓ |
| | * သုခုမ | ဩဠာရိက |
| | ဟီန | * ပဏီတ |
| | * ဒူရေ | သန္တိကေ |

ဗဟိဒ်,သုခုမ-ပဏီတ,ဒူရေ,
နိဗ္ဗာန်တရား-ရငြားလေးထွေ၊
ကြွင်းသည့်နာမ-မရပါလေ,
နှလုံး၌-မှတ်လိုက်,အိုချစ်ဆွေ။ ။

---

၅။ ။ပသာဒရုပ် ၅ခု၊ စိတ်တခုယုတ် ၉၀-တို့သာ အဘယ့်ကြောင့် အဇ္ဈတ္တ,ဟု ဆိုအပ်သနည်း။ ကြွင်းသော ရုပ် ၂၃ - ပါးနှင့် စေတသိက် တို့လည်း "အဇ္ဈတ္တ"ဟူ၍ပင် ဆိုရမည်မဟုတ်ပါလော။

၅။ ။စိတ်သည် သတ္တဝါတို့၏ အတွင်းအကျဆုံးသော တရားဖြစ်သည်၊ သတ္တဝါတို့၏ အားအကိုးဆုံးသောတရားဖြစ်သည်၊ ပသာဒရုပ် ငါးခုတို့ကိုလည်း သတ္တဝါတို့သည် အခြားသောရုပ်တို့ထက် ပို၍ လေးလေးနက်နက်-အကွင်းသား (ပဥ္စမအကြိမ်),

အနေအားဖြင့် အားကိုးသည် စောင့်ရှောက်ကြသည်။ သို့ဖြစ်၍ ၎င်းတို့ကိုသာ "အဇ္ဈတ္တ"ဟူ၍ ဟောတော်မူသည်။

**မှတ်ချက်**။ ။"ငါတို့သည် မျက်စိကာဏ်းပါမူကား-လူရာမဝင် ဖြစ်တော့မည်၊ လူချင်းမတူ-သူချင်းမမျှ ဖြစ်တော့မည့်ဟု အောက်မေ့၍-မျက်စိကို အထူးစောင့်ရှောက်သည်။ နားပင်းမှာ စသည်တို့ကိုလည်း-ဤ အတူစောင့်ရှောက်သည်။ ဤသို့ပသာဒရုပ် ငါးခုကို အထူးအရေးယူကာ အတွင်းသားဟူ၍ အောက်မေ့ကြသောကြောင့် "အဇ္ဈတ္တ"ဟူ၍ ဟောတော်မူသည်။ စေတသိက်နှင့် ကြွင်းသောရုပ်တို့ကား-အဇ္ဈတ္တ မှန်သော်လည်း အဇ္ဈတ္တဇ္ဈတ္တမဟုတ် နိယကဇ္ဈတ္တသာ မည်၏။

**အဇ္ဈတ္တတိက် ပြီး၏။**

---

## (၂၁) အဇ္ဈတ္တာရမ္မဏတိက်

၁—အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။
၂—ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။
၃—အဇ္ဈတ္တ ဗဟိဒ္ဓါ ရမ္မဏာ ဓမ္မာ။

၁-အဇ္ဈတ္တာရမ္မဏာ-အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော၊ (ဝါ) အဇ္ဈတ္တတရားကို အာရုံပြုကုန်သော...။

၂-ဗဟိဒ္ဓါရမ္မဏာ-ဗဟိဒ္ဓတရားလျှင် အာရုံရှိကုန်သော၊ (ဝါ)ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော....။

၃-အဇ္ဈတ္တ ဗဟိဒ္ဓါရမ္မဏာ-အဇ္ဈတ္တ ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော....။

## (၁၂) အဇ္ဈတ္တာရမ္မဏတိက် ဇယားပုံ

| အစဉ် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | သင်္ဂဟိတ အ | သင်္ဂဟိတ ဟိ | သင်္ဂဟိတ မှ | အသင်္ဂဟိတ ခံ | အသင်္ဂဟိတ အ | အသင်္ဂဟိတ ဟိ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | အဇ္ဈတ္တာ ရမ္မဏာ | ၆ | ၃၀ | .... | .... | ၄ | ၂ | ၀ | ၂ | ၁ | ၁၀ | ၁၀ |
| | | ၅၄=၂ | ၄၉ | .... | .... | | | | | | | |
| | ဗဟိဒ္ဓါ ရမ္မဏာ | ၁၅-၃-၀ | ၃၀ | .... | .... | ၄ | ၂ | ၀ | ၃ | ၁ | ၁၀ | ၁၀ |
| | | ၅၄-၂ | ၅၁ | .. | .... | | | | | | | |
| | အဇ္ဈတ္တ ဗဟိဒ္ဓါရမ္မဏာ | ၅၄-၂ | ၄၀ | .. | .... | ၄ | ၂ | ၀ | ၂ | ၁ | ၁၀ | ၁၄ |
| ၉ | တိက်မှတ် | ၃<br>၁၂-၁<br>၀-၀-၂ | ၃၀<br>၅၅ | ၂၀ | နိ | သပ္ပဒေသတိက် | | | | | | |

(ပဥ္စမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

အဇ္ဈတ်ကော်၊ ဝိညာဏ်နေဝ၊ စေတီသမှန်၊ နေကံကာမ၊ ဘိညာဒွန့်၊ ဣဿ ပမညာ၊ ကြဉ်ပါစေမျိုး၊ လေးဆယ်ကိုးမှာ၊ ပဌမာတည်း။ ။တဖြာမှတ်ဘိ၊ ဒုတိယဉ်၊ ဗဟိဒ္ဓကော်၊ ဘိညာဏ်မှတပါး၊ ဆယ့်ငါးရူပ၊ အာကာသသုံး၊ ရှစ်လုံး လောကုတ္တရ၊ စေဋ္ဌတီသာ၊ ဗဟိဒ္ဓါနေကံ၊ ကာမစိတ္တ၊ ဘိညာဒွိနှင့်၊ မစ္ဆရိပြစ်၊ ငါးဆယ့်တစ်စေ၊ ဒုရလေအပ်။ ။အဇ္ဈတ်ဗဟိဒ္ဓ၊ နေကံပြုကြ၊ ကာမစိတ္တာ၊ ဘိညာမှာနှစ်၊ ဣဿ မစ် ပမဉ်၊ ကြဉ်လေအင်္ဂ၊ စတ္တာလီသာ၊ တရပါ၏။ ။ တဖြာပေါင်းချုပ်၊ တိက်မုတ်ထုတ်က၊ အာကိဉ္စသုံး၊ စေသုံးဆယ်မှတ်၊ နတ္ထိဘော ဘုံ၊ အာရုံပြုခိုက်၊ မှတ်လိုက်အကု၊ ဝုဋ္ဌောစုနှင့်၊ ရှစ်ခုကုကြိ၊ ဘိညာဒွိနှင့်၊ဝိရတီ ပမညာ၊ ဣဿာ မစ္ဆရိ၊ ကြဉ်ဘိပဉ္စ၊ စတ္တာလီသာ၊ ရူပါနိဗ္ဗာန်၊ တိက်ကကျန်၊ ကော်မလွဲတည်း။

---

၁။ ။အဇ္ဈတ္တကို အာရုံမပြုသော-စေ "ဗဟိဒ္ဓကို အာရုံမပြုသော-စေ" အဇ္ဈတ္တ ဗဟိဒ္ဓကို အာရုံမပြုသော-စေတို့ကို ကောက်ပြ၍၊ ၎င်းတို့၏ လက္ခဏာကို ဖော်ပြပါ။

၁။ ။အဇ္ဈတ္တကိုအာရုံမပြုသော စေတသိက်ကား"ဣဿာ"တည်း။

"ပရသမ္ပတ္တိဥဿူယနလက္ခဏာ"

ဗဟိဒ္ဓကို အာရုံမပြုသော စေတသိက်ကား' မစ္ဆရိယ"တည်း။

"အတ္တသမ္ပတ္တိနိဂူဟနလက္ခဏာ"

အဇ္ဈတ္တဗဟိဒ္ဓ-နှစ်ပါးစုံ အာရုံပြုသော စေ တ သိက် ကား

"အပ္ပမညာ"ဒွေ။

ကရုဏာ-"ပရဒုက္ခာ ပနယနကာမတာ လက္ခဏာ"

မုဒိတာ-"ပရသမ္ပတ္တိအနုမောဒန လက္ခဏာ"

---

၂။ ။အာကိဉ္စညာယတနစိတ်ကို အဘယ့်ကြောင့် တိက်မုတ်ထုတ်သနည်း။

၂။ ။အာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော-ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို - အဇ္ဈတ္တတရား - ဗဟိဒ္ဓတရားဟူ၍ မဆိုရပါ။ ထို့ကြောင့် - အဇ္ဈတ္တာရမ္မဏ ဗဟိဒ္ဓါရမ္မဏဟူ၍ မဆိုနိုင်ရကား - တိက်မုတ်ဖြစ်သည်။ (ဝမ္မသင်္ဂဏီ)

**အဇ္ဈတ္တာရမ္မဏတိက်ပြီး၏။**

---

# (၂၂) သနိဒဿနတိက်

၁—သနိဒဿန သပ္ပဋိဃာ ဓမ္မာ။

၂—အနိဒဿန သပ္ပဋိဃာ ဓမ္မာ။

၃—အနိဒဿန အပ္ပဋိဃာ ဓမ္မာ။

၁—သနိဒဿန္,သပ္ပဋိဃာ-မြင်ခြင်းနှင့်လည်းတကွ၊ ထိပါးခြင်းနှင့်လည်းတကွ ဖြစ်ကုန်သော၊(ဝါ)မြင်အပ်သည်၏ အဖြစ်နှင့်လည်းတကွ၊ ထိပါး တတ်သည်၏အဖြစ်နှင့်လည်းတကွ ဖြစ်ကုန်သော၊(ဝါ)မြင်အပ်သည်နှင့်လည်း တကွ၊ ထိပါးတတ်သည်နှင့်လည်းတကွဖြစ်ကုန်သော၊ဓမ္မာ-သံဝိဇ္ဇန္တိ....။

၂—အနိဒဿန္, သပ္ပဋိဃာ-မြင်ခြင်းမရှိ၊ ထိပါးခြင်းနှင့်တကွ ဖြစ်ကုန်သော၊ (ဝါ)မြင်အပ်သည်၏ အဖြစ်မရှိ၊ ထိပါးတတ်သည်၏ အဖြစ်နှင့်တကွ ဖြစ်ကုန်သော၊ (ဝါ) မြင်အပ်သည်မရှိ၊ ထိပါးတတ်သည်နှင့်တကွ ဖြစ်ကုန်သော၊ ဓမ္မာ-သံဝိဇ္ဇန္တိ....။

၃—အနိဒဿန္,အပ္ပဋိဃာ-မြင်ခြင်းလည်းမရှိ၊ထိပါးခြင်းလည်းမရှိကုန်သော၊ (ဝါ)မြင်အပ်သည်၏ အဖြစ်လည်းမရှိ၊ ထိပါးတတ်သည်၏ အဖြစ်လည်း မရှိကုန်သော၊(ဝါ)မြင်အပ်သည်လည်းမရှိ၊ ထိပါးတတ်သည်လည်း မရှိ ကုန်သော၊ ဓမ္မာ-သံဝိဇ္ဇန္တိ....။

## (၂၂) သနိဒဿနတိက် ဇယားပုံ

| [illegible] | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ခတ ခံ | အာ | [illegible] | [illegible] | အသင်္ခတ ခံ | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | သနိဒဿန သပ္ပဋိဃာ | .... | .... | ၁ | .... | ၁ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| | အနိဒဿန သပ္ပဋိဃာ | .... | .... | ၁၁ | .... | ၁ | ၉ | ၉ | ၁ | ၄ | ၃ | ၉ |
| | အနိဒဿန အပ္ပဋိဃာ | ၇၉ | ၅၂ | ၁၆ | နိ | ၅ | ၂ | ၂ | ၄ | .... | ၁၀ | ၁၆ |

(ပဋ္ဌမအကြိမ်)

## ဆောင်ပုဒ်လင်္ကာ

"ပဌမတုံ၊ ရူပါရုံတည်း"
"ရုံကြည်-ညြင္ဌာ၊ ဆယ့်တပြာကား၊ ဒု,မှာရပေ။
"စိတ်,စေ,သုခ၊ နိဗ္ဗာန်ဟု၊ ရမှတ,ပုဒ်ပေ။

---

၁။ ။အလုံးစုံသောရုပ်သည် ဝတ္ထုသဘာဝရှိကြ၍ အလုံးစုံကိုပင် "သနိဒဿန" ဟူ၍ ဆိုအပ်သည် မဟုတ်ပါလော။

၁။ ။ရူပါရုံကိုသာ စက္ခုဖြင့် ကြည့်၍ရှုခြင်းငှါ တတ်ကောင်းသည်။ ကြွင်းသောရုပ်တို့ကို ထိုကဲ့သို့ ရှုခြင်းငှါ မတတ်ကောင်းသောကြောင့် ရူပါရုံကိုသာ "သနိဒဿန" ဟူ၍ ဆိုရပါသည်။

တတ္ထ ရူပါယတနံ စက္ခုနာ ဩလောကေတွာ ဒက္ခိတုံ သက္ကာတိ ဒိဋ္ဌနာမဇာတံ။

(အဋ္ဌသာလိနီ-ရူပကဏ္ဍ-၃၃၃)

---

၂။ ။သပ္ပဋိဃရုပ် ၁၂-ခုကို အဘယ့်ကြောင့် ဩဠာရိကရုပ်, သန္တိကေရုပ် ဟူ၍ ခေါ်သနည်း။ ကြွင်းရုပ်ကို အဘယ့်ကြောင့် သုခုမ,ဒူရေရုပ် ဟူ၍ ခေါ်သနည်း။

၂။ ။ဝတ္ထုအာရုံ ရုပ်များဖြစ်၍ ထိခိုက်သည်၏ အစွမ်းဖြင့် ယူအပ်သောကြောင့် ကြမ်းတမ်းရကား "ဩဠာရိက" ရုပ်မည်၏။

ဝတ္ထုအာရုံတို့၏ ထိခိုက်သည်၏ အစွမ်းဖြင့် ယူအပ်သောကြောင့် သိလွယ်ရကား အဝေး၌ တည်သော်လည်း "သန္တိကေ" ရုပ်မည်၏။

ဝတ္ထုအာရုံတို့ ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သည်၏ အဖြစ်ကြောင့် နူးညံ့သိမ်မွေ့ရကား "သုခုမ" ရုပ်မည်၏။

ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သည်ဖြစ်၍ သိနိုင်ခဲသည်၏အဖြစ်ကြောင့် အနီး၌ တည်သော်လည်း "ဒူရေ" ရုပ်မည်၏။

(အဋ္ဌသာလိနီ-ရူပကဏ္ဍ-၃၃၃)

---

၃။ ။ဤ "သနိဒဿန သပ္ပဋိဃဿဓမ္မာ" ပုဒ်၌ ရူပါရုံတခုတည်းကိုသာ ရသည်ဖြစ်၍ "သနိဒဿနသပ္ပဋိဃောဓမ္မော" ဟု ဧကဝုစ်နှင့် ဟောသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဗဟုဝုစ်နှင့် ဟောသနည်း။

၃။ ။အတိတ်, အနာဂတ် စသော ၁၁-ပါး အပြားရှိသော ရုပ်တို့ကို ပေါင်း၍ ယူခြင်းငှါလည်း၊ ဒေသနာ အယဉ်၌ ကျသောကြောင့်လည်း ဗဟုဝုစ်နှင့် ဟောတော်မူသည်။

---

(ပဌမအကြိမ်)

၄။ သစ္စာတပါးမျှသာ ဖွဲ့စည်းရသော ပုဒ်များကို ကောက်ပြပါ။

၄။ ။ ဝိ,ဥ,သေက္ခ-ပဌမသာ,
ဝေ,သံ,အာ,ပရိတ်-ဟီ,မိစ်,ဒုသာ၊
မဂ်,သနိ,ဟု-ပ,ဒု,နှစ်ဖြာ,
ဥပ္ပန်,တ-သစ္စ-ကေံသာ။

ဝိပါက, ဥပါဒိန္န, သေက္ခတိက်တို့၏ ပဌမပုဒ်-သုံးပုဒ်၊ ဝေဒနာ,သံကိလိဋ္ဌ, အာစယ, ပရိတ္တ, ဟီန, မိစ္ဆတ္တတိက်တို့၏ ဒုတိယပုဒ်-ခြောက်ပုဒ်။

မဂ္ဂါရမ္မဏ, သနိဒဿန-တိက်တို့၏ ပဌမ,ဒုတိယလေးပုဒ်။ ဤ ၁၃-ပုဒ်သည် သစ္စာတပါးသာ ဖွဲ့ရပါသည်။

---

၅။ ။သစ္စာတပါးမျှ မဖွဲ့ရသောပုဒ်ကို ကောက်ပြပါ။

၅။ ။သစ္စာတပါးမျှ-မဖွဲ့ရ-မှတ်ကြအသေက္ခာ။

---

၆။ ။သစ္စာလေးပါးလုံး ဖွဲ့ရသော ပုဒ်များကို ကောက်ပြပါ။

၆။ ။ သနိဒဿန-တတိယမှန်,
ဗဟိဒ္ဓဟုတ်-ထိုပုဒ်နှစ်တန်၊
သစ္စာလေးပါး-ဖွဲ့ငြားကေန်,
တိက်အလုံး-သိမ်းကြုံးခွဲဝေဘန်။

---

၇။ ။နာမ်တရားကိုသာ ကောက်ရသော တိက်များကို ဘော်ပြပါ။

၇။ ။ ဝေဒနာ-ပီတိ-မှတ်ဘိနှစ်တန်,
အာရမ္မဏိ-မှတ်ဘိလေးတန်၊
နာမ်တရားမျှ-ကောက်ရအမှန်,
တိက်ခြောက်ခု-မှတ်ရှုမြဲနိစ္စံ။

ဝေဒနာ, ပီတိ, ပရိတ္တာရမ္မဏ, မဂ္ဂါရမ္မဏ, အတီတာရမ္မဏ, အဇ္ဈတ္တာရမ္မဏ ဤခြောက်တိက်၌ နာမ်တရားကိုသာ ကောက်သည်။

---

၈။ ။နိဗ္ဗာန်ကိုသာ တိက်မှတ်ထုတ်ရသော တိက်များကို ဘော်ပြပါ။

၈။ ။အတီတ,ဥပ္ပန်-ထိုနှစ်ထန်-နိဗ္ဗာန်တိက်မှတ်ပေ။

**မှတ်ချက်။** ။ဥပ္ပန္နတိက်ကိုထည့်ရာ၌ အကောက် ဆရာတော်၏ အလိုမျှသာ ဖြစ်သည်။ ရှေးဆရာတော်ကြီးများ အလိုဖြစ်ပါမူ ဤအရာ၌ မထည့်သင့်ပေ။

**ဥပ္ပန္နတိက်၌ရှုပါလေ။**

---

(ပဌမအကြိမ်)

၉။ ။အရကောက်တူသော တိက်များကို ကောက်ပြပါ။

၉။ ။ (က) အကုသလ-ပဒတဖြာ,
သံကိ,ပဌမ-ဟီနတဖြာ၊
ငှင်းသုံးပုဒ်-ဘော်ထုတ်လေပါ,
အရတူ-မှတ်ယူသောတုနာ။ ။

(ခ) ကု,အာစယ-တတိယနှစ်ဖြာ,
အရတူဘဲ-မလွဲမှတ်ပါ၊
ဝေဒနာ,အာဒ္ဒိ-ပီတိဒုမှာ,
အတူဘဲ-မလွဲမှတ်စရာ။ ။

(ဂ) ဝေဒနာ,ပီတိ-တတိနှစ်ဖြာ,
အတူကောက်မြဲ-မလွဲမှတ်ပါ၊
အဇ္ဈတ်,ပ,တ-အတီတသုံးဖြာ,
ဥပ္ပန္န-ခြောက်ဝအတူသာ။ ။

(ဃ) ဥပါ,သံကိ-တတိနှံစ်ဖြာ,
ပုဒ်ပဏီတ-အပ္ပမာဏာ၊
အလွန်ကောင်းမြတ်-လေးရပ်ပုဒ်မှာ,
အကောက်တူ-မှတ်ယူများသူငါ။ ။

(င) အပစယ-သမ္မတ္တာပေ,
မဂ္ဂဟေတု-သုံးခုမှတ်လေ၊
မဂ်စိတ်လေးဝ-ဆတ္တိံ သစေ,
အကောက်တူ-မှတ်ယူအိုချစ်ဆွေ။ ။

---

၁၀။ ။သချ်ာအရေအတွက် တူမျှသော ပဒများကို ကောက်ပြပါ။

၁၀။ ။ ၁-ကု,အာစယ-ဥပ္ပန္နမှာ,
တတိယထုတ်-သုံးပုဒ်မှတ်ပါ၊
ဥပါဒိန္န-ပဌမတဖြာ,
ဤလေးဝ-တူမျှသချ်ာမှာ။ ။

၂-ဝိပါ,ဒုတိ-ပီတိ,ပ,မှာ,
သချ်ာတူမြဲ-မလွဲမှတ်ပါ၊
အပစယတ်-သမ္မတ်,သေက္ခာ,
မဂ္ဂပ်ဟေ-မှတ်လေ,တူမျှပါ။ ။

(ပဥ္စမအကြိမ်)

## ကြွင်းသောမဂ်စိတ္တုပ္ပါဒ်-ဖိုလ်စိတ္တုပ္ပါဒ်ယူနည်း

မဂ်စိတ်မှာယှဉ်သော စေတသိက် ဆတ္တိံသတို့တွင် မဂ္ဂင် ၈-ပါးကြဉ်၍ ၂၈-ပါးကျန်၊ ထိုတွင် မဂ်စိတ် ၄-ခုကို အာရမ္မဏ ဝိဇာနန လက္ခဏာချင်း သဘောတူသောကြောင့် တပါးတည်း ပေါင်း၍ ထည့်သဖြင့် မဂ်စိတ္တုပ္ပါဒ် ၂၉-ပါး ဖြစ်သည်။

ဖိုလ်စိတ္တုပ္ပါဒ်မှာ ဖိုလ်မှာယှဉ်သော စေတသိက် ၃၆-တွင် ဖိုလ် ၄-ခုကို တပါးတည်းပြု၍ ထည့်သဖြင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးဖြစ်သည်။

"သုခါယ, ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ"ပုဒ်မှာ ဝေဒနာကို ကြဉ်ထားရခြင်းကြောင့် ကြွင်းသော....

မဂ်စိတ္တုပ္ပါဒ် ၂၀-ပါး။
ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ပါး....ဖြစ်လေသည်။

" အဒုက္ခမသုခါယ, ဝေဒနာယ သမ္ပယုတ္တာဓမ္မာ" ပုဒ်မှာ ပဉ္စမဈာန်ဖြစ်၍ ဝေဒနာ,ဝိစာရ,ပီတိ-တို့ကိုကြဉ်လျက်...

မဂ်စိတ္တုပ္ပါဒ် ၂၆-ပါး။
ဖိုလ်စိတ္တုပ္ပါဒ် ၃၃-ပါး....ဖြစ်သည်။

### ဝိတက်တိက် ၃–ပုဒ်လုံးမှာကား

ဝိစာရကို ကြဉ်၍ မဂ်စိတ္တုပ္ပါဒ် ၂၀-ပါး၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ပါးဖြစ်သည်။

"ပီတိသဟဂတာဓမ္မာ"ပုဒ်မှာကား-ပီတိကိုကြဉ်၍ မဂ်စိတ္တုပ္ပါဒ်မှာ ၂၀-ပါး၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ပါးဖြစ်သည်။

☞ **မှတ်ချက်**။ ။ခန္ဓာ, အာယတန,ဓာတ်,သစ္စာ ဖွဲ့နည်းများမှာကား- တိက်တခုကို သဘောကျလျှင် မခဲယဉ်းလှတော့ပြီဖြစ်၍၊ ထိုအတွက် လျစ်လျူရှုအပ်သည်ကို " အဗျာပိတ အပရိပုဏ္ဏဒေါသဖြင့်" အပြစ်တင်မှုမှ အခွင့်ပြုရန် လေးနက်သော စိတ်ထားဖြင့် တောင်းပန်အပ်ပါသတည်း။

အဘိဓမ္မာ-ညဝါလရောင်,
အဝိဇ္ဇာဓမ္မ-မောဟမိုက်မှောင်၊
မှောင်ကိုခွင်း၍-ထိန်းဝင်းအရောင်,
ထင်းပါစေ-လင်းစေ,လူတို့ဘောင်။ ။

**တိကမာတိကာ ပြီး၏။**

# (၁) ဒုကမာတိကာ

## ဒုက်အာ ၁၀၀ လုံး၌ မှတ်ဘွယ်

### ဒုက်စဉ် ဂါထာ ချုပ်

ဟေ,တူ,အာ,သဉော,ဂန္ထော,ဃံ၊
ယောဂေါ,နီဝ,ပရာ,မဟံ။
ဥပါဒါ,ကိလေ,ပိဋ္ဌိတိ၊
တေရသ ဟောန္တိ“ဂေါစ္ဆကာ”။ ။

---

၁။ ။ဤအကျဉ်းဂါထာဖြင့် အကျယ်တခုစီ အမည်များကို ဘော်ပြပါ။

၁။ ။စူဠန္တရ, မဟန္တရ,ပိဋ္ဌိတို့ကို“ဒုက်”ဟူ၍ ခေါ်သည်။ ကျန် ၁၀-ခုကို “ဂေါစ္ဆက”ခေါ်သည်။

---

၂။ ။ဒုက်နှင့် ဂေါစ္ဆက အထူးကို ပြပါ။

၂။ ။**ဒုက်ကား**-တခုနှင့်တခု ယှက်တင်ခြင်းမရှိ၊ အသီးအခြားသာဖြစ်သည်။ ဂေါစ္ဆက ကား-တခုနှင့် တခု အယှက်အတင်ရှိသည်။

ဒုက်၏သဘော-မရောမတင်,
အသီးအခြား-တပါးစီပင်၊
ဂေါစ္ဆကမြွက်-အယှက်အတင်,
ကောင်းစွာနှုံး၊ပန်းကုံးပုံအသွင်။ ။

---

၃။ ။သချာမညီမျှသော“ဂေါစ္ဆက”တို့၏ အမည်နှင့် အဘယ့်ကြောင့် မညီမျှကြောင်းကို ဘော်ပြပါ။

၃။ ။သချာမညီမျှသော “ဂေါစ္ဆက” ကား “ပရာမာသဂေါစ္ဆက” နှင့် “ကိလေသဂေါစ္ဆက”တို့ ဖြစ်သည်။

ပရာမသ ဂေါစ္ဆကမှာ ၅-ဒုက်၊ ကိလေသဂေါစ္ဆကမှာ ၈-ဒုက်ရှိသော ကြောင့် သချာမညီမျှဖြစ်သည်။

---

(ပဉ္စမအကြိမ်),

၄။ ။ဒုက်ပေါင်း ၁၀၀-တို့တွင် "သဗ္ဗဒေသ" ဒုက် မည်မျှ "နိပ္ပဒေသ" ဒုက် မည်မျှရှိကြောင်းကို ရေတွက်ပြပါ။

၄။ ။ ကိလေနောက်ဆုံး-လေးလုံးဒုက်သာ,
ကြွင်းကိုး,နောက်ဆုံး-သုံးသုံးဒုကာ၊
စိတ္တသမ္ပယုတ္တ-သံသဋ္ဌာ,
သုံးဆယ့်သုံး-"သပ္ပဒေသ"မှာ။ ။

ကိလေသဂေါစ္ဆကအဆုံး ၄-ဒုက်၊ ကြွင်းသော ဂေါစ္ဆက ၉-ခုတို့၏ အဆုံး ၃-ဒုက်စီ၊ စိတ္တသမ္ပယုတ္တဒုက်, စိတ္တသံသဋ္ဌဒုက် ဤ ၃၃-ဒုက်သည် "သပ္ပဒေသ" ဒုက်မည်၏။

ကြွင်းသော (ဒုက်ပေါင်း ၆၇-ဒုက်သည်) "နိပ္ပဒေသ"ဒုက်မည်၏။

---

## အတိဒေသသည္သန်ကြားချက်

၁–လောဘ,ဒိဋ္ဌိ,မော-အာ,သြ,ယောဂါ,
လော,ဒိဋ္ဌိ,နှစ်ခု-ဥပါဒါနာ၊
လော,ဒေါ,ဒိဋ္ဌိ-တြိဂန္ထာ,
ဒိဋ္ဌိတစ်-ခေါ်လစ်,ပရာမာ။ ။

၂- လော,ဒေါ,မာ,ဒိ စိ,ဣဿ,မစ်,မော,
**သံယောဇနာ**-အဋ္ဌမတာ၊
လော,ဒေါ,ထိ,မိ-ဥဒ်,ကုက်,စိ,မော,
အဋ္ဌ-**နီဝရဏာ**,မတာ။ ။

၃–လောဘ,ဒေါသ-မောဟ,မာနာ,
ဒိဋ္ဌိ,ဝိစိ-ထိန,ဒွစ္စာ၊
အဟိရိကတ်-နောတ္တပ်,ဆယ်ဖြာ,
ပေါင်း၍ချုပ်-သရုပ်,**ကိလေသာ**။ ။

**မှတ်ချက်**။ ။ဤအထက်ပါ ၃-ဂါထာကို ကြေကြေလည်လည် ကျက်ထားပါလျှင် ဒုက်ကို ပိုင်ပိုင်နိုင်နိုင် မြင်ပါလိမ့်မည်။

(ပဋ္ဌမအကြိမ်)

ပဌမဒုက်၏ ပဌမပုဒ်တိုင်းမှာ - အထက်ပါ တရားများကို ကောက်ယူရမည်။ ဒုတိယ ပုဒ်များကို စိတ်တခုယုတ်ကိုးဆယ်....တရားကိုယ်ကြဉ်သော စေတသိက် (........)ရုပ်အဌဝီသ-နိဗ္ဗာန်။ ကျန်တရားအားလုံးကို ကောက်ယူအပ်၏။ ချန်ထား စရာ ဒုက်မုတ်မရှိ။

အာသဝစ-ကိုးဝ,ဂေါစ်မှာ,
ဒုတိယမျိုး၊ဒုက်ကိုးခုပါ၊
ပရိယာပန္န-သဉတ္တရာ,
လောကီယ-ဒုက်ကအတိုင်းသာ။

အာသဝဂေါစ္ဆက အစ-ကိလေသဂေါစ္ဆက အဆုံးရှိသော ၉-ဂေါစ္ဆက တို့၏ ဒုတိယဒုက် ၉-ဒုက်။ ပရိယာပန္နဒုက်, သဉတ္တရဒုက်၊ ဤ ၁၁-ဒုက်ကို "လောကီယ"ဒုက်အတိုင်း ကောက်ယူအပ်၏။

ပဌမပုဒ်မှာ လောကီစိတ်-ကောသီတိ။ စေတသိက်-ဒွေပညာသ။ ရုပ်-အဌဝီသ။

ဒုတိယမှာ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက်,ဆတ္တိံသ,နိ ဗ္ဗာန်။

ပဌမဒုက်ရ-ဓမ္မာဝယ်,
လောကုတ်တရား-ပယ်ရှားပါကွယ်၊
ဒုက်စတုတ္ထ-မုချရတယ်,
ဒုက်မုတ်ထုတ်-လောကုတ်အာရုံကွယ်။

ဤဂါထာဖြင့် အာသဝဂေါစ္ဆက,အစရှိသော ဂေါစ္ဆက ကိုးခုတို့၏ စတုတ္ထ ဒုက်တို့ကို ကောက်ယူရန် နည်းကိုညွှန်ပြ၏။

ထိုဂေါစ္ဆက ကိုးခုတို့၏ ပဌမဒုက်၌ ရအပ်သောတရားတို့တွင်၊ လောကုတ္တရာ စိတ် ၈-ခု၊ စေတသိက်,ဆတ္တိံသ,နိဗ္ဗာန်တို့ကိုပယ်၍ ကောက်ပါဟု ဆိုလိုပါသည်။ ၎င်းလောကုတ္တရာတရားကိုပင် ဒုက်မုတ်ထုတ်ပါဟု ဆိုလိုပါသည်။

## (သမ္ပယုတ္တ-အရ)

၁ ·အကုဒ္ဒါဒ-သတ္တဝီယှဉ်,
ကိလေ,နိဝ-သမ္ပယုတ္တပင်၊
ဥဒ္ဓစ္စဠ-မောဟာပယ်လျှင်,
သမ္ပယုတ္တ-မှတ်ကြသံယောဇဉ်။

(ပဌမအကြိမ်)

၂—ဒေါ်ဒွေး,မောဒွေးကြဉ်ရေးမောဟာ,
အာ,ညြ,ယောဂ-သမ္ပယုတ္တာ၊
လောဂရှစ်,ဒေါနှစ်-စိတ်ဖြစ်ဒသာ,
နှစ်ဆယ့်ငါး-စေကား,ဂန္ထမှာ။

၃ - ဒိဋ္ဌိသံလေး၀-ဝီသစေမှာ,
ပရာမာသ-ယှဉ်ကြစရာ၊
လောဘမူရှစ်-နှစ်ဆယ့်နှစ်စေမှာ,
ဥပါဒါန်-ယှဉ်ရန်,မှတ်စရာ။

**(ဝိပ္ပယုတ္တ-အရ)**

၄—ကုသိုလ်ဝိပါက်-တချက်ကြိယာ,
စေဋ္ဌတိံသ-ရူပ,နိဗ္ဗာ၊
ပဋ္ဌမပုဒ်-ကြဉ်ထုတ်သည့်ဟာ,
ဝိပ္ပယုတ်-ကောက်နုတ်လိုက်ကြရာ။

သမ္ပယုတ္တာဓမ္မာ.... .... ဝိပ္ပယုတ္တာဓမ္မာ,ဟု ဟောတော်မူသည့် " သမ္ပယုတ္တ-ဝိပ္ပယုတ္တ"ပုဒ်များ ပါရာ၌ ကောက်ယူရန် နည်းဥပဒေသကို အောက်ပါအတိုင်း မှတ်ယူပါလေ။

**အကုဒွါဒ-သတ္တဝီယှဉ်။**

**ကိလေ,နီဝ-သမ္ပယုတ္တပင်။**

ကိလေသသမ္ပယုတ္တာ, နီဝရဏသမ္ပယုတ္တာ ဟူ၍ ဟောသမျှကို " အကုသိုလ် ဒွါဒသ-စေတသိက် သတ္တဝီသ"ကို ကောက်ယူရမည်။

**ဥဒ္ဓစ္စ၌—မောဟပယ်လျှင်၊**

**သမ္ပယုတ္တ-မှတ်ကြ သံယောဇဉ်။**

သညောဇနသမ္ပယုတ္တာ-ဟူ၍ ဟောသမျှမှာ "အကုသိုလ်ဒွါဒသ-ဥဒ္ဓစ္စသဟဂုတ်၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ"ကိုကောက်ယူရမည်။

(ဥဒ္ဓစ္စသဟဂုတ်၌ မောဟသံယောဇဉ်သည် ယှဉ်ဘက် သံယောဇဉ်တပါးမျှ မရှိသောကြောင့် ကြဉ်ရလေသည်။)

(ပဋ္ဌမအကြိမ်)

ဒေါ်ဒွေး,မောဒွေး-ကြဉ်ရေးမောဟာ၊
အာ,ဩ,ယောဂ-သမ္ပယုတ္တာ။

အာသဝသမ္ပယုတ္တာ,ဩဃသမ္ပယုတ္တာ,ယောဂသမ္ပယုတ္တာ-ဟူ၍ ဟောသမျှကို အကုသိုလ်ဒွါဒသ၊ ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ-ကို ကောက်ယူရမည်။

(ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟသည် လောဘ, ဒိဋ္ဌိ-ဟု ဆိုအပ်သော အာသဝတရား ကိုယ် ၂-ပါး မရှိသောကြောင့် ကြဉ်ရသည်။)

လောဂျစ်ဒေါ်နှစ်-စိတ်ဖြစ်ဒသာ၊
နှစ်ဆယ့်ငါး-စေကား,ဂန္ထမှာ။

ဂန္ထသမ္ပယုတ္တာ....ဟု ဟောတော်မူလျှင် လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ပဉ္စဝီသကို ကောက်ယူရမည်။

(ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘကို ကြဉ်သော်လည်း ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ လောဘရှိသေးသောကြောင့် စေတသိက် ၂၅-ပါးပင်ကျန်သည်။ ဒေါသ နှင့် ဝိစိကိစ္ဆာတို့ကား - ယှဉ်ဘက် ဂန္ထတရား ကိုယ် လောဘ,ဒိဋ္ဌိတို့ မရှိ၍ ကြဉ်သည်။)

ဒိဋ္ဌသံလေးဝ-ဝိသစေမှာ၊
ပရာမာသ-ယှဉ်ကြစရာ။

ပရာမာသ သမ္ပယုတ္တာ-ဟု ဟောတော်မူလျှင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု။ ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ-ကြဉ်သော စေတသိက် ဝီသကို ကောက်ယူရမည်။

( ဒိဋ္ဌိကား-ဒိဋ္ဌိတပါးဖြစ်၍ ယှဉ်ဘက် ပရာမာသ တရားမရှိ၍ ကြဉ်သည်။ ကျန်စေတသိက် ၆-ပါးကား ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်မှာ မယှဉ် သောကြောင့် ကြဉ်သည်။ ဒိဋ္ဌိကား သမ္ပယုတ္တတရားလည်းမဟုတ်၊ ဝိပ္ပယုတ္တတရားလည်း မဟုတ် ဟု အမြဲမှတ်လေ။
(ပဥ္စမအကြိမ်)

## လောဘမှုရှစ်-နှစ်ဆယ့်နှစ်စေမှာ၊ ဥပါဒါန်-ယှဉ်ရန်မှတ်စရာ။

ဥပါဒါနသမ္ပယုတ္တာ-ဟူ၍ ဟောတော်မူလျှင် လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-၌ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ-ကြဉ်သော စေတသိက် ၅ဝဝီသကို ကောယူရမည်။

( ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘသည် ယှဉ်ဘက် ဒိဋ္ဌိ ဥပါဒါန် မရှိ၍ ကြဉ်သည်။ 'ဒေါသစသော စေတသိက် ၅-ပါးကား ဥပါဒါန်တရား ၂-ပါးလုံး တပါးမျှ မယှဉ်သောကြောင့် ကြဉ်သည်။)

### ဝိပ္ပယုတ်တရား

ကုသိုလ်,ဝိပါက်-တချက်ကြိယာ,
စေဋ္ဌတိံသ-ရှုပ,နိဗ္ဗာ၊
ပဋ္ဌမပုဒ်-ကြဉ်ထုတ်သည့်ဟာ,
ဝိပ္ပယုတ်-ကောက်နုတ်လိုက်ကြရာ။

ကုသိုလ်-ကေဝီသ။ ဝိပါက်-ဆတ္တိံသ။ ကြိယာ-ဝီသ။ စေတသိက်-အဋ္ဌတိံသ။ ရုပ်,အဋ္ဌဝီသ-နိဗ္ဗာန်။ ဤတရားတို့ကား အာသဝ, စသော အကုသိုလ်တရားတို့၏ ဝိပ္ပယုတ် အမြဲဖြစ်၏။ ၎င်းပြင် ပဋ္ဌမပုဂ်မှ ကြဉ် ထုတ် လိုက်သော အချို့သော အကုသိုလ်စိတ်,စေတသိက်တို့ကိုလည်း "ဝိပ္ပယုတ္တာဓမ္မာ" ဟူ၍ ဟောတော်မူသော "ပဒ" များမှာ ကောက်ယူပါလေ။

ယခု ဖေါ်ပြခဲ့သော (**အတိဒေသ ညွှန်ကြားချက်** ) များဖြင့် ဂေါစ္ဆက အားလုံးတို့ကို ကောက်ယူဘို့ရန် ပြည့်စုံလုံလောက်ပြီဖြစ်၍ အကောက်လက်ာကို လည်း ရေးဘွယ်မလိုတော့ပါ။ဒုက်ပါဠိ,အနက်များမှာလည်း အကောက်စာအုပ် များ၌ ပါရှိပြီးဖြစ်၍ ဂေါစ္ဆကအားလုံးကို အနက်ယောဇနာပါလေ မခဲယဉ်း တော့ပါ။ **ဇယားပုံနှင့် ထူးခြားသော အချက်ကိုသာ** ဘော်ပြပါတော့အံ့။ ခန္ဓာအာ့ယတန ဓာတ်သစ္စာဖွဲ့နည်းမှာလည်း အကောက်စာအုပ်၌ ပြည့်စုံစွာ ပါရှိ ပြီးဖြစ်၍၊ ဤကျမ်း၌ ထပ်မံရေးသားရခြင်းဖြင့် အကျိုးမထူးတော့ပါ။ ကုလား ထိုင်ပေါ်မှာ ပက်လက်လှန်ပြီး ဇယားပုံကို သေချာစွာ စူးစိုက်၍ ကြည့်ရှုကြံစည် ပါလေ။ သရုပ်အဓိပ္ပါယ်တွေ ပေါလောကြီး ပေါ်လာပါလိမ့်မည်။ သို့သော် နောက်က ဘော်ပြခဲ့သော **ရည်ညွှန်းချက်**များကို **မိမိနှလုံး၌ မတည်ရှိ**ဘဲ ကြံစည် **သည့်** ပုဂ္ဂိုလ်အတွက်မှာ-ကျွန်ုပ် တာဝန်ခံနိုင်မည် မဟုတ်ပါ။

(ပဋ္ဌမအကြိမ်)

## (၁) ဟေတုဂေါစ္ဆက ဇယားပုံ

| အခွဲ | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | သစ္စ |
|---|---|---|---|---|---|---|---|---|---|
| ဟေတုဒုက် | ဟေတူ ဓမ္မာ | .... | ၆ | .... | .... | ၁ | ၁ | ၁ | ၃ |
| | နဟေတူ ဓမ္မာ | ၈၉ | ၄၆ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| သဟေတုကဒုက် | သဟေတုကာ.... | ၇၁ | ၅၂ | .... | ... | ၄ | ၂ | ၂ | ၃ |
| | အဟေတုကာ.... " | ၁၈ | ၁၂ ၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၂ |
| ဟေတုသမ္ပယုတ္တဒုက် | ဟေတုသမ္ပယုတ္တာ ... | ၇၁ | ၅၂ | .... | .. | ၄ | ၂ | ၂ | ၃ |
| | ဟေတုဝိပ္ပယုတ္တာ.... | ၁၈ | ၁၂ ၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၂ |
| ဟေတုသဟေတုကဒုက် | ဟေတူစေဝဓမ္မာသဟေတုကာစ | .... | ၆ | .... | ... | ၁ | ၁ | ၁ | ၃ |
| | သဟေတုကာစေဝဓမ္မာနစဟေတူ | ၇၁ | ၄၆ | .... | ... | ၄ | ၂ | ၂ | ၂ |
| | * ဒုက်မုတ် * | ၁၈ | ၁၂ ၂ | ၂၈ | နိ | ... | ... | ... | ... |
| ဟေတုဟေတုသမ္ပယုတ္တဒုက် | ဟေတူစေဝဓမ္မာ ဟေတုသမ္ပယုတ္တာစ | .... | ၆ | .... | .... | ၁ | ၁ | ၁ | ၃ |
| | ဟေတုသမ္ပယုတ္တာစေဝ ဓမ္မာ န စ ဟေတူ | ၇၁ | ၄၆ | .... | .... | ၄ | ၂ | ၂ | . |
| | * ဒုက်မုတ် * | ၁၈ | ၁၂ ၂ | ၂၈ | နိ | .... | ... | .... | ... |
| နဟေတုသဟေတုကဒုက် | နဟေတုခေါပန ဓမ္မာ သဟေတုကာပိ | ၇၁ | ၄၆ | .... | .... | ၄ | ၂ | ၂ | . |
| | ...အဟေတုကာပိ | ၁၈ | ၁၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | . |
| | * ဒုက်မုတ် * | | ၆ | .... | ... | ... | ... | .... | ... |

၁။ ။ဟေတုအပြားကို အဓိပ္ပါယ်နှင့်တကွ ဘော်ပြ၍ ဤဟေတုဂေါစ္ဆကဌ လိုအပ်သော "ဟေတု"ကို ညွှန်ကြားပါ။

၁။ ။ဟေတု,ဟေတု-ဥတ္တမောစ၊ ပစ္စယောစ သာဓာရဏံ။
စတုဓာဝ ဟေတု ဟေတူသု၊ ပဌမောဝိဓ ဂယှတေ။

**၁—ဟေတုဟေတု** ဟိတ် ၆-ပါး။

၂ **ဥတ္တမဟေတု**-ကုသိုလ်,အကုသိုလ်အကြောင်းတရား။

**၃—ပစ္စယဟေတု**-ပဋ္ဌာန်းပစ္စည်းဟူသော အကြောင်းတရား။

**၄—သာဓာရဏဟေတု** - အဝိဇ္ဇာ စသော ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား။

☞ ဤဌ"ဟေတုဟေတု"ကို လိုအပ်သည်။

၂။ ။အဘယ် အနက်ကြောင့် ဟေတုမည်သနည်း။ ၎င်းပြင် သဟိတ်တရား၊ အဟိတ်တရားတို့၏ ဥပမာကိုလည်း ဘော်ပြပါ။

၂။ ။သမ္ပယုတ်တရားတို့၏ တည်ရာ၏ အဖြစ်ကို ကောင်းစွာ ပြီးစေတတ်သော မူလဟူသောအနက်ကြောင့်(ဟေတု)ဟိတ်မည်၏။

**(ဋီကာကျော်-ဟေတုသင်္ဂဟ)**

သဟိတ်တရားတို့သည် ကြီးပွားပြီးသော - အမြစ်ရှိကုန်သော သစ်ပင်ကြီးနှင့် တူသည်။

အဟိတ်တရားတို့ကား ရေအပြင်မှာ ပေါ်မျောနေသော မှော်နှင့်တူသည်။

သဟိတ်တရား-ကြီးပွားသစ်ပင်,
အကိုင်းအခက်-အရွက်အသွင်၊
အဟိတ်ဓမ္မ-ဇလရေပြင်,
ပေါ်ကာမျော-မှော်တော,ဒိုက်အသွင်။ ။

၃။ ။"သဟေတုကဒုက်နှင့် ဟေတုသမ္ပယုတ္တဒုက်"ဟေတု,သဟေတုကဒုက်နှင့် ဟေတု, ဟေတုသမ္ပယုတ္တ ဒုက်တို့သည် အရကောက် မထူးဘဲ အဘယ့် ကြောင့် ထပ်၍ ဟောတော်မူသနည်း။

၃။ ။အရကောက်အထူး မရှိငြားသော်လည်း ဒေသနာတော်ကို တင့်တယ် စံပယ်စေတတ်သော သဗ္ဗညုတဉာဏ်၏ အစွမ်းဖြင့်၎င်း၊ ထိုဒုက်တို့၏ အစွမ်းအား ဖြင့် သစ္စာလေးပါးတရားကို သိကုန်သော ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယ အစွမ်းအား ဖြင့်၎င်း ဟောတော်မူသည်။

**ဟေတုဂေါစ္ဆကပြီး၏။**

(ပဉ္စမအကြိမ်)

## (၂) စူဠန္တရဒုက် ၇-ဒုက်ဇယားပုံ

| ဒုက | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | ဋ္ဌ | ဓာ | ဋ |
|---|---|---|---|---|---|---|---|---|---|
| သပ္ပစ္စယ | သပ္ပစ္စယာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ |
| | အပ္ပစ္စယာ ဓမ္မာ | .... | .... | .... | နိ | .... | ၁ | ၁ | ၁ |
| သင်္ခတ | သင်္ခတာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ |
| | အသင်္ခတာ ဓမ္မာ | .... | .... | .... | နိ | .... | ၁ | ၁ | ၁ |
| သနိဒဿန | သနိဒဿနာ ဓမ္မာ | .... | .... | ၁ | .... | ၁ | ၁ | ၁ | ၁ |
| | အနိဒဿနာ ဓမ္မာ | ၈၉ | ၅၂ | ၂၇ | နိ | ၅ | ၁၁ | ၁၇ | ၄ |
| သပ္ပဋိဃ | သပ္ပဋိဃာ ဓမ္မာ | .... | .... | ၁၂ | .... | ၁ | ၁၀ | ၁၀ | ၁ |
| | အပ္ပဋိဃာ ဓမ္မာ | ၈၉ | ၅၂ | ၁၆ | နိ | ၅ | ၂ | ၈ | ၄ |
| ရူပီ | ရူပိနော ဓမ္မာ | .... | .... | ၂၈ | .... | ၁ | ၁၁ | ၁၁ | ၁ |
| | အရူပိနော ဓမ္မာ | ၈၉ | ၅၂ | .... | နိ | ၄ | ၂ | ၈ | ၄ |
| လောကိယ | လောကိယာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | လောကုတ္တရာ ဓမ္မာ | ၈ | ၃၆ | .... | | ၄ | ၂ | ၂ | ၂ |
| ကေနစိဝိညေယျ | ကေနစိဝိညေယျာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| | နကေနစိဝိညေယျာ ဓမ္မာ | ၈၉ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |

(ပဉ္စမအကြိမ်)

## ရှုဝဏ္ဏရဒုက်စဉ် ဆောင်ပုဒ်လင်္ကာ

စူဠန္တရေ သပ္ပစ္စယာ၊ သင်္ခတာ သနိဒဿနာ။
သပ္ပဋိဃာစ ရူပိနော၊ လောကိ ကေနစိဝိညေယျာ။
(ပါဠိအနက်မှာ အရကောက်စာအုပ်မှယူပါ။)

၁။ ။နိဗ္ဗာန်ကို အကြောင်းကင်းသောကြောင့်“အပ္ပစ္စယာ”ဟု ဟောတော်မူရာ။ “အပစယဂါမိနော”ဟူသောပုဒ်နှင့်မဆန့်ကျင်ပြီလော။မဂ်လေးခုမှာ နိဗ္ဗာန်၏ အကြောင်းမဟုတ်ပါလော ကျနစွာဖြေပါ။

၁။ ။မဂ်လေးခုမှာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၍ “အပစယဂါမိနော” ဟု ဆိုခြင်းကား-“ရောက်စေတတ်သော သမ္ပာပကအကြောင်းကို”ဆိုသည်။

“အပ္ပစ္စယာ”ဟု ဆိုခြင်းကား-“ ဖြစ်စေတတ်သော ဇနကအကြောင်းမရှိ” သည်ကို ဆိုပါသည်။ ထို့ကြောင့် ပါဠိတော်နှစ်ခုတို့ မဆန့်ကျင်ပါ။ ထို့ကြောင့် စူဠန္တရဒုကေ အတ္တနောနိဗ္ဗာဒကေန သဟာပစ္စယေနာတိ သပ္ပစ္စယာ နတ္ထိ ဧတေသံ ဥပ္ပါဒေဝါ ဌိတိယံဝါ ပစ္စယောတိ အပ္ပစ္စယာ။

(အဋ္ဌသာလိနီ-စိတ္တုပ္ပါဒကဏ္ဍ မာတိကာ-၈၀)

### ဆိုလိုရင်း အဓိပ္ပါယ်ချုပ်မှတ်ရန်

နိဗ္ဗာန်သည် ကံ, စိတ်, ဥတု, အာဟာရ စသော တစုံတခုသော အကြောင်းကြောင့် ဖြစ်လာသည်မဟုတ်၊ ပရမတ္ထ သဘာဝအားဖြင့် အလိုလို သယံဇာတ ဖြစ်နေသော သဘာဝတရားဟု ဆိုလိုသည်။ ဤကား “ အပ္ပစ္စယာဓမ္မာ ” ၏ အဓိပ္ပါယ်။

ထိုနိဗ္ဗာန်ကို နိဗ္ဗာန်ရောက်လိုသော သူတို့သည် အလကား ထိုင်နေ၍ ရမည်မဟုတ်၊ မဂ်တည်းဟူသော အကြောင်းတရားဖြင့် ရှာဖွေရမည် ဟူလိုသည်။ ဤကား“အပစယဂါမိနောဓမ္မာ”၏ အဓိပ္ပါယ်။

---

၂။ ။လောကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရာတိ လောကုတ္တရာ ဟု အဋ္ဌကထာ၌ ပြဆိုရာ၊ လောကမှထွက်မြောက်ဆဲတရား,ထွက်မြောက်ပြီး တရားများကို ဖော်ပြပါ။

၂။ ။
လေးထွေမဂ္ဂ-ဆတ္တိံသစေ,
လောကထဲမှ-ထွက်ဆဲမှတ်လေ၊
လေးထွေဖလ-ဆတ္တိံသစေ,
နိဗ္ဗာန်ကြီး-ထွက်ပြီးမှတ်ကြလေ။

---

(ပဋ္ဌမအကြိမ်)

၃။ ။လောကုတ္တရာ တရားသည် လောကသုံးပါးမှ ထွက်မြောက်ပုံ ကျနစွာ ဖော်ပြပါ။

၃။ ။**သောတာပတ္တိ မဂ်,ဖိုလ်သည်** ပုထုဇန်ဟူသော "သတ္တလောက"မှ ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်-ဟူသော "သင်္ခါရလောက" မှ အပါယ်လေးဘုံဟူသော "သြကာသလောက"မှ **ထွက်မြောက်သည်**။

**သကဒါဂါမိ မဂ်,ဖိုလ်သည်** သောတာပန်အဖြစ်ဟူသော "သတ္တလောက"မှ ကြမ်းတန်းသော ကာမရာဂ, ဗျာပါဒ, စိတ္တုပ္ပါဒ်ဟူသော "သင်္ခါရလောက"မှ လူ့ဘုံ၌တကြိမ်ပဋိသန္ဓေနေပြီးသည်မှနောက်၌လူ့ဘုံဟူသော"သြကာသလောက" မှ **ထွက်မြောက်သည်**။

**အရဟတ္တ မဂ်, ဖိုလ်သည်** အနာဂါမ်အဖြစ်ဟူသော " သတ္တလောက " မှ ခပ်သိမ်းသော အကုသိုလ်စိတ္တုပ္ပါဒ်-ဟူသော"သင်္ခါရလောက"မှ သုံးဆယ့်တဘုံ ဟူသော"သြကာသလောက"မှ **ထွက်မြောက်သည်**။

**နိဗ္ဗာန်သည်** ပုဂ္ဂိုလ်တကျိပ်-နှစ်ယောက်ဟူသော "သတ္တလောက"မှ ခပ်သိမ်းသော တေဘူမက သင်္ခါရဟူသော "သင်္ခါရလောက"မှ သုံးဆယ့်တဘုံ ဟူသော "သြကာသလောက"မှ ထွက်မြောက်သည်။

စင်စစ်မှာ-ရဟန္တာ ပုဂ္ဂိုလ်တို့သည် ခပ်သိမ်းသော အကုသိုလ် စိတ္တုပ္ပါဒ်မှ မထွက်မြောက်နိုင်ပါ။ လောဘမူ ဝိပ္ပယုတ်စိတ္တုပ္ပါဒ်, မောဟမူ ဥဒ္ဓစ္စ စိတ္တုပ္ပါဒ်မှသာ ထွက်မြောက်နိုင်ပါသည်။ သို့သော်လည်း ရဟန္တာ၏ဂုဏ်ကို ချီးမွမ်းခြင်း အကျိုးငှါ ခပ်သိမ်းသော အကုသိုလ် စိတ္တုပ္ပါဒ်ဟု-ဆိုသည်။ ။ဘုံမှာလည်း ရဟန္တာပုဂ္ဂိုလ်တို့သည် သုံးဆယ့်တဘုံမှ မထွက်မြောက်နိုင်ပါ။ အပါယ်လေးဘုံ အသညသတ်ဘုံတို့မှ မထွက်မြောက်နိုင်ပါ။ ကြွင်းသော ၂၆-ဘုံမှသာ ထွက်မြောက်နိုင်သည်။ သို့သော် ရဟန္တာ၏ဂုဏ်ကို ချီးမွမ်းခြင်းအကျိုးငှါ "သုံးဆယ့်တဘုံ"မှ ထွက်မြောက်သည်ဟု ဆိုသည်။

"ကေနစိဝိညေယျ-ဒုက်၌ အာရမ္မဏ သင်္ဂဟကို ကျေပြွန်အောင် လေ့လာပါလေ။ မိမိတို့အာရုံပြုနိုင်သော စိတ်သည်-သိသောစိတ်မည်၏။ အာရုံမပြုနိုင်သော စိတ်သည်-မသိသောစိတ်မည်၏။

[illegible]ပြီး၏။

---

(ပဉ္စမအကြိမ်)

## (၃) အာသဝဂေါစ္ဆကဇယားပုံ

| [illegible] | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|
| [illegible] | အာသဝါ ဓမ္မာ | .... | ၃ | ... | ... | ၁ | ၁ | ၁ | ၂ |
| | နော အာသဝါ ဓမ္မာ | ၈၉ | ၄၉ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| [illegible] | သာသဝါ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အနာသဝါ ဓမ္မာ | ၈ | ၃၆ | ... | နိ | ၄ | ၂ | ၂ | ၂ |
| [illegible] | အာသဝသမ္ပယုတ္တာ ဓမ္မာ | ၁၂ | ၂၇ | ... | .... | ၄ | ၂ | ၂ | ၂ |
| | အာသဝဝိပ္ပယုတ္တာ ဓမ္မာ | ၂၁–၃၆–၂၀ | ၃၈ ၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| [illegible] | အာသဝါစေဝ ဓမ္မာ သာသဝါစ | .... | ၃ | .... | .... | ၁ | ၁ | ၁ | ၂ |
| | သာသဝါစေဝ ဓမ္မာ နော စ အာသဝါ | ၈၁ | ၄၉ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၁ |
| | ဒုက်မုတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| [illegible] | အာသဝါစေဝ ဓမ္မာ အာသဝသမ္ပယုတ္တာစ | .... | ၃ | .... | .... | ၁ | ၁ | ၁ | ၂ |
| | အာသဝသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ အာသဝါ | ၁၂ | ၂၄ | ... | .... | ၄ | ၂ | ၂ | ၁ |
| | ဒုက်မုတ် | ၂၁=၃၆=၂၀ | ၃၈ ၁ | ၂၈ | နိ | .... | .... | .... | .... |
| [illegible] | အာသဝဝိပ္ပယုတ္တာခေါ်ပန ဓမ္မာ သာသဝါပိ | ၁၇–၃၂–၂၀ | ၃၈ ၁ | ၂၈ | ... | ၅ | ၁၂ | ၁၈ | ၁ |
| | အာသဝဝိပ္ပယုတ္တာခေါ်ပန ဓမ္မာ အနာသဝါပိ | ၈ | ၃၆ | ... | နိ | ၄ | ၅ | ၂ | ၂ |
| | ဒုက်မုတ် | ၁၂ | ၂၇ | ... | .... | .... | .... | .... | .... |

၁။ ။အဘယ့်ကြောင့်"အာသဝ,သြဃ,ယောဂ"မည်ပါသနည်း။

၁။ ။ဘုံအားဖြင့် ဘဝဂ်ဘုံတိုင်အောင်၊ဓမ္မအားဖြင့် ဂေါ်တြဘူတိုင်အောင် ယိုစီးတတ်သောကြောင့်"အာသဝ"ခေါ်ပါသည်။

(ပဥ္စမအကြိမ်)

သတ္တဝါတို့ကို သံသရာ ဝဲဩဃ၌ လွှမ်းမိုး၍ နှစ်မြုပ်စေတတ်သောကြောင့် "ဩဃ" ခေါ်ပါသည်။

သတ္တဝါတို့ကို ဝဋ်သုံးပါးနှင့် ယှဉ်စေတတ်သောကြောင့် "ယောဂ" ခေါ်ပါသည်။

---

၂။ ။သံယောဇဉ်,ဂန္ထ,ယောဂ-တို့၏ အထူးကို ဥပမာပြ၍ ဖြေပါ။

၂။ ။အဝေးသို့သွားသော သတ္တဝါကို ဆွဲဆောင်ယူတတ်သောအားဖြင့် ဝဋ်မှ ထွက်မြောက်ခြင်းငှါ မပေးသည်၏ အစွမ်းဖြင့် ကောင်းကင်သို့ လွှတ်သော ကျီး၏ခြေ၌ ချည်သော ကြိုးကဲ့သို့ ဖွဲ့ချည်သည်ကား "သံယောဇဉ်" မည်၏။

လက်ထိပ်-စသော အနှောင်အဖွဲ့ကဲ့သို့ မရွေ့မကွာသာအောင် နှောင်ဖွဲ့သည်ကို ပြုခြင်းသည် "ဂန္ထ" မည်၏။

သစ်စေးကဲ့သို့ စေးကပ်ငြိတွယ်ခြင်းသည် "ယောဂ" မည်၏။

**အဋ္ဌသာလိနီ-ဝိဘင်္ဂမူလဋီကာ မာတိကာ-နိသျအမှာ)**

---

၃။ ။သာသဝါဓမ္မာ၌ "သ" သဒ္ဒါ၏ အနက်ကို ဘော်ပြပါ။

၃။ ။သာသဝါ၌ "သ" သဒ္ဒါကား-သဟသဒ္ဒါ၏ ကာရိယ "သ" သဒ္ဒါ ဖြစ်၍ "သဟတ္ထ" အနက် ဖြစ်ပါသည်။

---

၄။ သဟတ္ထဆိုသော် သမ္ပယုတ္တသဟတ္ထ, အာရမ္မဏသဟတ္ထ နှစ်ပါးတို့တွင် အဘယ်အရာ ဖြစ်သင့်သနည်း။

၄။ ။သမ္ပယုတ္တသဟတ္ထ-မဟုတ်၊ အာရမ္မဏသဟတ္ထ ဖြစ်သင့်ပါသည်။

---

၅။ အာသဝတရားတို့သည် ဘဝဂ်ဘုံတိုင်အောင် ယုံစီးတတ်သည်ဟူ၍ဆိုရာ အာသဝ တရားတိုင်းကိုပင် မှတ်ရမည်လော။

၅။ ။ကာမာသဝသည် ကာမ ၁၁-ဘုံမှာ ယိုစီးတတ်သည်။ ဘဝါသဝသည် ဗြဟ္မာဘုံအားလုံးကို ယိုစီးတတ်သည်။ ဒိဋ္ဌာသဝသည် သုဒ္ဓါဝါသကြဉ်သော ၂၆-ဘုံလုံးကို ယိုစီးတတ်သည်။ အဝိဇ္ဇာသဝသည် သုံးဆယ့်တဘုံလုံးကို ယိုစီးတတ်သည်။

အာသဝဂေါစ္ဆက,ဩဃဂေါစ္ဆက,ယောဂဂေါစ္ဆက ၃-ခုအတူတူ။

**အာသဝဂေါစ္ဆကပြီး၏။**

---

(ပဉ္စမအကြိမ်)

## (၄) သညောဇနဂေါစ္ဆက ဇယားပုံ

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာတ် | သစ် |
|---|---|---|---|---|---|---|---|---|---|
| သညောဇန | သညောဇနာ ဓမ္မာ | .... | ၈ | .... | ... | ၁ | ၁ | ၁ | ၂ |
| | နောသညောဇနာ ဓမ္မာ | ၈၉ | ၄၄ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| သညောဇနိယ | သညောဇနိယာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အသညောဇနိယာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| သညောဇနသမ္ပယုတ္တ | သညောဇနသမ္ပယုတ္တာ ဓမ္မာ | ၁၂ | ၂၇ | .... | ... | ၄ | ၂ | ၂ | ၂ |
| | သညောဇနဝိပ္ပယုတ္တာ ဓမ္မာ | ၂၁-၃၆-၂၀ | ၃၀ ၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| သညောဇနသညောဇနိယ | သညောဇနာစေဝ ဓမ္မာ သညောဇနိယာစ | .... | ၈ | .... | .... | ၁ | ၁ | ၀ | ၂ |
| | သညောဇနိယာစေဝ ဓမ္မာ နောစ သညောဇနာ | ၈၁ | ၄၄ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၁ |
| | ဒုက်မုတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| သညောဇနသညောဇနသမ္ပယုတ္တ | သညောဇနာစေဝ ဓမ္မာ သညောဇနသမ္ပယုတ္တာစ | .... | ၈ | .. | .... | ၁ | ၁ | ၁ | ၂ |
| | သညောဇနသမ္ပယုတ္တာစေဝ ဓမ္မာ နောစ သညောဇနာ | ၁၂ | ၁၉ | .. | .... | ၄ | ၂ | ၂ | ၁ |
| | ဒုက်မုတ် | ၂၁-၃၆-၂၀ | ၃၀ ၁ | ၂၈ | နိ | .... | .... | .... | .... |
| သညောဇနဝိပ္ပယုတ္တ | သညောဇနဝိပ္ပယုတ္တာခေါ်ပန ဓမ္မာ သညောဇနိယာပိ | ၁၇-၃၂-၂၀ | ၃၀ ၁ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၁ |
| | သညောဇနဝိပ္ပယုတ္တာခေါ်ပန ဓမ္မာ အသညောဇနိယာပိ | ၈ | ၃၆ | .... | နိ | ၁ | ၁ | ၁ | ၂ |
| | ဒုက်မုတ် | ၁၂ | ၂၇ | .... | .... | .... | .... | .... | .... |

၁။ ။အဘယ့်ကြောင့်"သံယောဇဉ်"မည်သနည်း။

၁။ ။သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ။

(ပရမတ္ထဒီပနီဋီကာ-၃၀၄)

သတ္တဝါတို့ကိုသံသရာဝဋ်၌နှောင်ဖွဲ့တတ်သောကြောင့်"သံယောဇဉ်"မည်၏။

(ပဉ္စမအကြိမ်)

၂။ ။သင်္ဂဟ၌ "နဝ သံယောဇနာနိ" ဟု ဆိုသည်မဟုတ်လော၊ အဘယ့်ကြောင့် ဤ၌ သံယောဇဉ် တရားကိုယ် ၈-ပါးသာဆိုသနည်း။

၂။ ။ဤမာတိကာ၌ အဘိဓမ္မာတရားဖြစ်၍ အဘိဓမ္မာနည်းအားဖြင့် ဥဒ္ဓစ္စကိုပယ်၍ သံယောဇဉ် တရားကိုယ် ၈-ပါးဟု ဆိုပါသည်။

---

၃။ ဩရမ္ဘာဂိယ သံယောဇဉ်၊ ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်များကို ခွဲပြပါ။

၃။ ။သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမစ္ဆန္ဒ, ဗျာပါဒ, ဤ ၅-ပါးကား အောက်မဂ် သုံးပါး ပယ်အပ်သော အဘို့ ရှိခြင်းကြောင့် "ဩရမ္ဘာဂိယ သံယောဇဉ်" မည်၏။

ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဤ ၅-ပါးကား အထက်မဂ် ပယ်အပ်သော အဘို့ ရှိခြင်းကြောင့် "ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်" မည်၏။

ဒိဋ္ဌိ, ဝိစိ-သီလဗ္ဗတံ,
ကာမစ်, ဗျာပါဒ-ငါး၀ "ဩရမ်"
ရူပါ, ရူပ-မာန, ဥဒ္ဓံ,
အဝိဇ္ဇံ-ဥဒ္ဓမ္ဘာဂိယံ။ ။

---

၄။ ။သံယောဇဉ် တရားကိုယ် ၈-ပါးကို ဘုံနှင့်ဝေဘန်ပြပါ။

၄။ ။ကာမဘုံမှာ သံယောဇဉ်တရားကိုယ် ၈-ပါးလုံးရသည်။

ရူပဘုံ, အရူပဘုံမှာ-ဒေါသ, ဣဿာ, မစ္ဆရိယ ကြဉ်သော သံယောဇဉ်တရားကိုယ် ၅-ပါးရသည်။

ဒေါသ, ဣဿ်, မစ်-ကြဉ်ပစ်ပါလေ,
ရူပါရူ-ပဉ္စမှတ်လေ၊
သံယောဇနံ-အဋ္ဌမမွေ့,
ကာမဘုံ-အကုန်ရကြပေ။ ။

**သညောဇနဂေါစ္ဆကပြီး၏။**

## ( ၅ ) ဂန္ထဂေါစ္ဆက ဇယားပုံ

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာတ် | သစ် |
|---|---|---|---|---|---|---|---|---|---|
| ဂန္ထ | ဂန္ထာ ဓမ္မာ | .... | ၃ | .... | .... | ၁ | ၁ | ၁ | ၂ |
| | နော ဂန္ထာ ဓမ္မာ | ၈၉ | ၄၉ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| ဂန္ထနိယ | ဂန္ထနိယာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အဂန္ထနိယာ ဓမ္မာ | ၈ . | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| ဂန္ထသမ္ပယုတ္တ | ဂန္ထသမ္ပယုတ္တာ ဓမ္မာ | ၈–၂ | ၂၅ | .... | .... | ၄ | ၂ | ၂ | ၂ |
| | ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ | ၂–၂၁–၃၆<br>၂၀ | ၄၃<br>၁-၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ဂန္ထဂန္ထနိယ | ဂန္ထာစေဝဓမ္မာဂန္ထနိယာစ | .... | ၃ | .... | .... | ၁ | ၁ | ၁ | ၂ |
| | ဂန္ထနိယာစေဝ ဓမ္မာ နော စ ဂန္ထာ | ၈–၁ | ၄၉ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၃ |
| | ဒုက်မှတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| ဂန္ထဂန္ထ သမ္ပယုတ္တ | ဂန္ထစေဝ ဓမ္မာ ဂန္ထသမ္ပယုတ္တာစ | .... | ၂ | .... | .... | ၁ | ၁ | ၁ | ၂ |
| | ဂန္ထသမ္ပယုတ္တာစေဝ ဓမ္မာ နော စ ဂန္ထာ | ၈–၂ | ၄၂ | .... | .... | ၄ | ၂ | ၂ | ၁ |
| | ဒုက်မှတ် | ၂–၂၁–၃၆<br>၂၀ | ၄၃<br>၁-၁ | ၂၈ | နိ | .... | .... | .... | .... |
| ဂန္ထ ဝိပ္ပယုတ္တ | ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဂန္ထနိယာပိ | ၂–၁၇–၃၂<br>၂၀ | ၄၃<br>၁-၁ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အဂန္ထနိယာပိ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| | ဒုက်မှတ် | ၈–၂ | ၂၅ | .... | .... | .... | .... | .... | .... |

၁။ ။အဘယ့်ကြောင့်“ဂန္ထ”ခေါ်သနည်း၊

၁။ ။နာမကာယေန ရူပကာယံ ပစ္စုပ္ပန္နကာယေန၀ါ

အနာဂတကာယံ ဂန္ထေန္တိ ဒုပ္ပမုဥ္စ ဝေဌေန္တီတိ“ဂန္ထာ”

နာမကာယနှင့် ရူပကာယကို(တနည်း)ပစ္စုပ္ပန်ကာယ နှင့် အနာဂတ်ကာယကို ဖြေခြင်းငှါ တတ်နိုင်ခဲသည်ကိုပြု၍ ရစ်ပတ်ချည်နှောင်တတ်သောကြောင့်“ဂန္ထ” ခေါ်ပါသည်။

## ဉ္ဂကား-ဋီကာကျော်အလို

ယသ္မာ သံဝိဇ္ဇန္တိ၊ တံ စုတိပဋိသန္ဓိ ဝသေန ဝဋ္ဋသ္မိံ ဂန္ထေန္တီတိ “ ဂန္ထာ ”။ အကြင်ပုဂ္ဂိုလ်တို့အားရှိကုန်၏။ ထိုပုဂ္ဂိုလ်ကို စုတိပဋိသန္ဓေ အစွမ်းဖြင့် ဝဋ္ဋ ဆင်းရဲ၌ လက်ထိပ်အစရှိသော အနှောင်အဖွဲ့ကဲ့သို့ ဖွဲ့တတ်ကုန် သောကြောင့် “ဂန္ထ”မည်၏။

---

## ဉ္ဂကား-အဌသာလိနီအလို

၂။ ။သီလဗ္ဗတပရာမာသ-ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ နှစ်ပါးအဓိပ္ပါယ်ကို ဂန္ထနစ္စာ ဘော်ပြပါ။

၂။ ။သံသာရာဝဋ်မှ လွတ်မြောက်ခြင်းငှါ လမ်းခရီး မဟုတ်သည်သာလျှင် ဖြစ်သော နွားတို့၏ အလေ့အကျင့်ကို သံသာရသုဒ္ဓိ-ဟု မှားသောအားဖြင့် ကြံ၍ ယူခြင်းသည် သီလဗ္ဗတပရာမာသမည်၏။

## ပရမတ္ထဒီပနီဋီကာအလို

သဗ္ဗညုဘုရားရှင် ဟောတော်မူသည်ကိုလည်းပယ်၍၊ ဤငါ၏ “ သဿတော လောကော ” ဟူသော အယူသည်သာမှန်၏။ တပါးသောသူ၏ အယူသည် မှားသည်ဟု ယူခြင်းသည်“ဣဒံသစ္စာဘိနိဝေသ”မည်၏။

## အဌသာလိနီအလို

ဂန္ထဝေါဟာရ ပြီး၏၊

# (၈) နီဝရဏဂေါစ္ဆက ဇယားပုံ

| ဒုက | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | သ |
|---|---|---|---|---|---|---|---|---|---|
| နီဝရဏဒုက | နီဝရဏာ ဓမ္မာ | .... | ၈ | .... | .... | ၁ | ၁ | ၁ | ၂ |
| | နောနီဝရဏာ ဓမ္မာ | ၈၉ | ၄၄ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | [illegible] |
| နီဝရဏိယဒုက | နီဝရဏိယာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အနီဝရဏိယာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| နီဝရဏသမ္ပယုတ္တဒုက | နီဝရဏသမ္ပယုတ္တာ ဓမ္မာ | ၁၂ | ၂၇ | .... | .... | ၄ | ၂ | ၂ | ၂ |
| | နီဝရဏဝိပ္ပယုတ္တာ ဓမ္မာ | ၂၁–၃၆–၂၀ | ၃၈ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | [illegible] |
| နီဝရဏ နီဝရဏိယဒုက | နီဝရဏာစေဝ ဓမ္မာ နီဝရဏိယာစ | .... | ၈ | .... | .... | ၁ | ၁ | ၁ | ၂ |
| | နီဝရဏိယာစေဝ ဓမ္မာ နောစ နီဝရဏာ | ၈၁ | ၄၄ | ၂၈ | .... | ၅ | ၁၂ | ၁၈ | [illegible] |
| | ဒုက်မုတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| နီဝရဏ နီဝရဏသမ္ပယုတ္တဒုက | နီဝရဏာစေဝ ဓမ္မာ နီဝရဏသမ္ပယုတ္တာစ | .... | ၈ | .... | .... | ၁ | ၁ | ၁ | ၂ |
| | နီဝရဏသမ္ပယုတ္တာစေဝ ဓမ္မာ နောစ နီဝရဏာ | ၁၂ | ၁၉ | .... | .... | ၄ | ၂ | ၂ | [illegible] |
| | ဒုက်မုတ် | ၂၁–၃၆–၂၀ | ၃၈ | ၂၈ | နိ | .... | .... | .... | .... |
| နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက | နီဝရဏဝိပ္ပယုတ္တာခေါပန ဓမ္မာ နီဝရဏိယာပိ | ၁၇–၃ –၂၀ | ၃၈ | ၂၈ | .... | ၅ | ၁၂ | ၁၈ | [illegible] |
| | နီဝရဏဝိပ္ပယုတ္တာခေါပန ဓမ္မာ အနီဝရဏိယာပိ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| | ဒုက်မုတ် | ၁၂ | ၂၇ | .... | .... | .... | .... | .... | .... |

(ပဋ္ဌမအကြိမ်)

၁။ ။အဘယ့်ကြောင့်"နိဝရဏ"ခေါ်သနည်း။

၁။ ။စျာနာဒိဝသေန ဥပ္ပဇ္ဇနကကုသလစိတ္တံ နိဝါရေန္တိ တထာ တထာ ဥပ္ပဇ္ဇိတုံ န ဒေန္တီတိ နီဝရဏာနိ။

စျာန်-စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်ပိတ်ပင်လျက်၊ ထိုကုသိုလ်စိတ်၏ ဖြစ်ခွင့်ကို မပေးတတ်သောကြောင့်"နီဝရဏ"မည်၏။

ပညာစက္ခုနောဝါ အာဝရဏတ္တေန နီဝရဏာ။
(တနည်း) ပညာစက္ခုကို ပိတ်ပင်တတ်သောကြောင့် "နီဝရဏ"မည်၏။

(ဋီကာကျော်-သမုစ္စည်းပိုင်း-၀၆၆)

---

၂။ ။ထိန (နှင့်) မိဒ္ဓ၊ ဥဒ္ဓစ္စ (နှင့်) ကုက္ကုစ္စကို အဘယ့်ကြောင့် တပါးတည်း ပေါင်းသနည်း။

၂။ ။ကိစ္စာဟာရပဋိပက္ခာနံ သမာနဘာဝတော။
ကိစ္စ၊ အကြောင်း ဆန့်ကျင်ဘက် တို့၏ တူသောကြောင့် တပါးတည်း ပေါင်းသည်။

---

၃။ ။ထိန၊မိဒ္ဓ၊ဥဒ္ဓစ္စ၊ကုက္ကုစ္စတို့၏ ကိစ္စ အာဟာရ ပဋိပက္ခတူပုံကို ကျယ်စွာ ဖော်ပြပါ။

၃။ ။ထိန၊မိဒ္ဓ-တို့သည် စိတ္တုပ္ပါဒ်၏ တွန့်တိုခြင်းကိစ္စ၊ ဥဒ္ဓစ္စ-ကုက္ကုစ္စတို့၏ စိတ်၏ မငြိမ်သက်ခြင်းကို ပြုခြင်းကိစ္စအားဖြင့် တူ၏။

ထိန၊မိဒ္ဓတို့၏ ပျင်းရိခြင်း၊ ကိုယ်လက်တဆန့်ဆန့်ရှိခြင်း-ဟူသောအကြောင်း။ ဥဒ္ဓစ္စ၊ကုက္ကုစ္စတို့၏ ဆွေမျိုး စသည်တို့၏ ပျက်စီးခြင်း စသည်ကို ကြံခြင်းဟူသော အကြောင်းအားဖြင့် တူကြ၏။

ထိန၊မိဒ္ဓတို့၏ ဆန့်ကျင်ဘက်ကား "ဝီရိယ"၊ဥဒ္ဓစ္စ၊ကုက္ကုစ္စတို့၏ဆန့်ကျင်ဘက်ကား "သမာဓိ" ဤသို့ ဆန့်ကျင်ဘက် တူကြပါသည်။

နီဝရဏဂေါစ္ဆက ပြီး၏။

---

(ပဥ္စမအုပ်)

## (၉) ပရာမာသဂေါစ္ဆက ဇယားပုံ

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာတ် | သစ် |
|---|---|---|---|---|---|---|---|---|---|
| ပရာမာသ | ပရာမာသာ ဓမ္မာ | .... | ၁ | .... | .... | ၁ | ၁ | ၁ | ၁ |
| | နောပရာမာသာ ဓမ္မာ | ၈၉ | ၅၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ပရာမဋ္ဌ | ပရာမဋ္ဌာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အပရာမဋ္ဌာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| ပရာမာသ သမ္ပယုတ္တ | ပရာမာသ,သမ္ပယုတ္တာ ဓမ္မာ | ၄ | ၂၀ | .... | ... | ၄ | ၂ | ၂ | ၂ |
| | ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ | ၄-၂-၂<br>၂၁-၃၆-၂၀ | ၅၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| | ဒုက်မုတ် | .... | ၁ | .... | .... | .... | .... | .... | .... |
| ပရာမာသပရာမဋ္ဌ | ပရာမာသာစေဝ ဓမ္မာ ပရာမဋ္ဌာစ | .... | ၁ | .... | .... | ၁ | ၁ | ၁ | ၁ |
| | ပရာမဋ္ဌာစေဝ ဓမ္မာ နော စ ပရာမာသာ | ၈၁ | ၅၁ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | ဒုက်မုတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| ပရာမာသ ဝိပ္ပယုတ္တ | ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ပရာမဋ္ဌာပိ | ၄-၂-၂<br>၁၇-၃၂-၂၀ | ၅၁ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အပရာမဋ္ဌာပိ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| | ဒုက်မုတ် | ၄ | ၂၁ | .... | .... | .... | .... | .... | .... |

၁။ ။အဘယ့်ကြောင့်"ပရာမာသ"ခေါ်သနည်း။

၁။ ။သဘာဝဓမ္မတို့၏ ဟုတ်မှန်တိုင်းသော အနိစ္စ-စသော အခြင်းအရာကို လွန်၍ နိစ္စ-အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ကုန်၏ဟု မဟုတ်မမှန်သော သဘော အားဖြင့် သုံးသပ်တတ်သောကြောင့်"ပရာမာသ"မည်၏။

(အဋ္ဌသာလိနီ စိတ္တုပ္ပါဒကဏ္ဍမာတိကာအဖွင့်)

ပရာမာသဂေါစ္ဆကပြီး၏။

## (၁၀) မဟန္တရဒုက် ဇယားပုံ

| ဒုက | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | သ |
|---|---|---|---|---|---|---|---|---|---|
| သာရမ္မဏဒုက | သာရမ္မဏာ ဓမ္မာ | ၈၉ | ၅၂ | .... | .... | ၄ | ၂ | ၈ | ၃ |
| | အနာရမ္မဏာ ဓမ္မာ | .... | .... | ၂၈ | နိ | ၁ | ၁၁ | ၁၁ | ၂ |
| စိတ္တဒုက | စိတ္တာ ဓမ္မာ | ၈၉ | .... | .... | .... | ၁ | ၁ | ၇ | ၁ |
| | နော စိတ္တာ ဓမ္မာ | .... | ၅၂ | ၂၈ | နိ | ၄ | ၁၁ | ၁၁ | ၄ |
| စေတသိကဒုက | စေတသိကာ ဓမ္မာ | .... | ၅၂ | .... | .... | ၃ | ၁ | ၁ | ၃ |
| | အစေတသိကာ ဓမ္မာ | ၈၉ | .... | ၂၈ | နိ | ၂ | ၁၂ | ၁၈ | ၂ |
| စိတ္တသမ္ပယုတ္တဒုက | စိတ္တသမ္ပယုတ္တာ ဓမ္မာ | .... | ၅၂ | .... | .... | ၃ | ၁ | ၁ | ၃ |
| | စိတ္တဝိပ္ပယုတ္တာ ဓမ္မာ | .... | .... | ၂၈ | နိ | ၁ | ၁၁ | ၁၁ | ၂ |
| | ဒုက်မှတ် | ၈၉ | .... | .... | .... | .... | .... | .... | .... |
| စိတ္တသံသဋ္ဌဒုက | စိတ္တသံသဋ္ဌာ ဓမ္မာ | .... | ၅၂ | .... | .... | ၃ | ၁ | ၁ | ၃ |
| | နော စိတ္တဝိသံသဋ္ဌာ ဓမ္မာ | .... | .... | ၂၈ | နိ | ၁ | ၁၁ | ၁၁ | ၂ |
| | ဒုက်မှတ် | ၈၉ | .... | .... | .... | .... | .... | .... | .... |
| စိတ္တသမုဋ္ဌာနဒုက | စိတ္တသမုဋ္ဌာနာ ဓမ္မာ | .... | ၅၂ | ၁၇<br>၂၀ | ... | ၄ | ၆ | ၆ | ၃ |
| | နော စိတ္တသမုဋ္ဌာနာ ဓမ္မာ | ၈၉ | .... | ၁၅<br>၁၂ | နိ | ၂ | ၁၂ | ၁၈ | ၂ |
| စိတ္တသဟဘူဒုက | စိတ္တသဟဘုနော ဓမ္မာ | .... | ၅၂ | ၂ | .. | ၄ | ၁ | ၁ | ၃ |
| | နော စိတ္တသဟဘုနော ဓမ္မာ | ၈၉ | .... | ၂၆ | နိ | ၂ | ၁၂ | ၁၈ | ၂ |
| စိတ္တာနုပရိဝတ္တိဒုက | စိတ္တာနုပရိဝတ္တိနော ဓမ္မာ | .... | ၅၂ | ၂ | .... | ၄ | ၁ | ၁ | ၃ |
| | နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ | ၈၉ | .. | ၂၆ | နိ | ၂ | ၁၂ | ၁၈ | ၂ |
| စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက | စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ | .... | ၅၂ | .... | .... | ၃ | ၁ | ၁ | ၃ |
| | နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ | ၈၉ | ... | ၂၈ | နိ | ၂ | ၁၂ | ၁၈ | ၂ |

(ပဋ္ဌမအကြိမ်)

## (၁၀) မဟန္တရဒုက် ဇယားပုံ အဆက်

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | မံ | အာ | ပုဂ္ဂ | ဗဂ္ဂ |
|---|---|---|---|---|---|---|---|---|---|
| | | | | | | သင်္ဂဟိတ | | | |
| စိတ္တသံသဋ္ဌသမုဋ္ဌာန သဘာဝ | စိတ္တသံသဋ္ဌသမုဋ္ဌာန သဘာဝနော ဓမ္မာ | .... | ၅၂ | .... | .... | ၃ | ၁ | ၁ | ၃ |
| | နော စိတ္တသံသဋ္ဌသမုဋ္ဌာန သဘာဝနော ဓမ္မာ | ၈၉ | .... | ၂၈ | နိ | ၂ | ၁၂ | ၁၈ | ၂ |
| စိတ္တသံသဋ္ဌသမုဋ္ဌာန နုပရိဝတ္တိ | စိတ္တသံသဋ္ဌသမုဋ္ဌာနာ နုပရိဝတ္တိနော ဓမ္မာ | .... | ၅၂ | .... | .... | ၃ | ၁ | ၁ | ၃ |
| | နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ နုပရိဝတ္တိနော ဓမ္မာ | ၈၉ | .... | ၂၈ | နိ | ၂ | ၁၂ | ၁၈ | ၂ |
| အဇ္ဈတ္တိက | အဇ္ဈတ္တိကာ ဓမ္မာ | ၈၉ | .... | ၅ | .... | ၂ | ၆ | ၁၂ | ၁ |
| | ဗာဟိရာ ဓမ္မာ | .... | ၅၂ | ၂၃ | နိ | ၄ | ၆ | ၆ | ၄ |
| ဥပါဒါ | ဥပါဒါ ဓမ္မာ | .... | .... | ၂၄ | .... | ၁ | ၁၀ | ၁၀ | ၁ |
| | နော ဥပါဒါ ဓမ္မာ | ၈၉ | ၅၂ | ၄ | နိ | ၅ | ၃ | ၉ | ၄ |
| ဥပါဒိန္န | ဥပါဒိန္နာ ဓမ္မာ | ၃၂ | ၃၅ | ၂၀<br>၁၇ | .... | ၅ | ၁၁ | ၁၇ | ၁ |
| | အနုပါဒိန္နာ ဓမ္မာ | ၁၂–၂၁<br>၂၀–၄ | ၅၂ | ၁၅<br>၁၄ | နိ | ၅ | ၇ | ၈ | ၄ |

**မဟန္တရဒုက်စဉ်ပါဠိဂါထာ**

သာရမ္မဏာ စိတ္တာ စေတ,စိတ္တသမ္ပယုတ္တ သံသဋ္ဌာ၊
စိတ္တသမုဋ္ဌာ သဟဘူ,စိတ္တာနု ပရိဝတ္တိစ။
စိတ္တသံသဋ္ဌသမုဋ္ဌာ,သံသဋ္ဌ သမု သဟဘူ၊
သံသဋ္ဌ-သမု-နုပရိ,အဇ္ဈတ္တ ပါဒု ပါဒိန္နာ။

(ပဥ္စမအကြိမ်)

၁။ ။စိတ္တာနုပရိဝတ္တိဒုက်၌ ဝိညတ်ဒွေကို စိတ္တာနုပရိဝတ္တိ တရားဟုဆိုသော် ကာယဝိညတ္တိနဝက, ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်၌ ရုပ်တရားတို့သည် ကေပ္ပါဒ ကေနိရောဓ-ဟူသော "ကလာပလက္ခဏာ" နှင့် ပြည့်စုံရသည် ဖြစ်၍၊ စိတ္တက္ခဏ ၁၇-ချက်ပြည့်မှ ချုပ်သော်၊ ဝိညတ်ဒွေသည် အခြား ရုပ်တို့နှင့် အဘယ်သို့လျှင် "ကလာပ" လက္ခဏာနှင့် ညီညွတ်ပါသနည်း။

မှတ်ချက်။ ။(ဤပုစ္ဆာ၏ မေးလိုရင်းမှာ အဆိုပါကလာပ် ၂-စည်း၌ ဝိညတ်ဒွေမှာ စိတ္တာနုပရိဝတ္တိတရားဖြစ်၍ စိတ္တက္ခဏ တချက်ခန့်မျှ ကြာသည်။ ကြွင်း ၈-ရုပ်၊ ၉-ရုပ်တို့မှာ စိတ္တက္ခဏ ၁၇-ချက်ခန့် ကြာသည်ဖြစ်၍၊ အဘယ်သို့လျှင် ကေပ္ပါဒ,ကေနိရောဓ လက္ခဏာနှင့် ညီညွတ်ပါသနည်းဟု မေးလိုရင်းဖြစ်သည်။ ဤအရာသည် အတော်ကပ်ကပ်သတ်သတ်နိုင်သည်၊ မလွယ်လှပါ။)

၁။ အဖြေ။ ။ကေပ္ပါဒ-စသော လက္ခဏာမှာ နိပ္ဖန္နရုပ်တို့၏ လက္ခဏာ မျှသာ ဖြစ်ပါသည်။ အနိပ္ဖန္နရုပ်တို့၏ လက္ခဏာမဟုတ်ပါ။ထို့ကြောင့် ကေနိရောဓ လက္ခဏာနှင့် ကင်းသော်လည်း ဝိညတ်ဒွေတို့မှာ "ကလာပ်အထူးကို ပြုတတ်သော ကြောင့်" ရေတွက်သည်။

(ပရမတ္ထဒီပနီဋီကာရှစ်ခိုင်၊-၂၇၄)

---

၂။ စိတ္တသံသဋ္ဌာဓမ္မာ၊ စိတ္တာနုပရိဝတ္တိဓမ္မာတို့၌ စိတ္တသဒ္ဒါ နှစ်ခုအထူးကိုပြ၍ သံသဋ္ဌဓမ္မ-အနုပရိဝတ္တိဓမ္မ အရများကိုလည်း ကောက်ပြပါ။

၂။ ။ပဌမစိတ္တကား-စိတ်တခုယုတ်-၉၀၊ ဒုတိယစိတ္တကား-ဝိညတ်ကို ဖြစ်စေ တတ်သော ဝုဋ္ဌော ကာမဇော တခုယုတ် ၃၀-အဘိညာဏ်ဒွေ စိတ်ကိုကောက်ယူ ရပါသည်၊

သံသဋ္ဌ-အရကား……စေတသိက်။

အနုပရိဝတ္တိ-အရကား….စေတသိက်နှင့်ဝိညတ်ဒွေ။

ပဌမစိတ္တ-သဗ္ဗယူလေ,

ဒုတိယမှတ်-ဝိညတ်ဖြစ်စေ၊

သံသဋ္ဌက-ယူကြပါစေ….,

နုပရိမှတ်-ဝိညတ်ရုပ်,နှင့်စေ….။ ။

မဟာဋီကာရှုဒုက်ပြီး၏။

---

(ပဉ္စမအကြိမ်),

# (၁၁) ဥပါဒါနဂေါစ္ဆက ဇယားပုံ

| အစဉ် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | ဋ္ဌာ | ဓာ | ဒ |
|---|---|---|---|---|---|---|---|---|---|
| ဥပါဒါန် | ဥပါဒါနာ ဓမ္မာ | .... | ၂ | .... | .... | ၁ | ၁ | ၁ | ၂ |
| | နောဥပါဒါနာ ဓမ္မာ | ၈၉ | ၅၀ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| ဥပါဒါနိယ | ဥပါဒါနိယာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အနုပါဒါနိယာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| ဥပါဒါန သမ္ပယုတ္တ | ဥပါဒါနသမ္ပယုတ္တာ ဓမ္မာ | ၈ | ၂၂ | .... | .... | ၄ | ၂ | ၂ | ၂ |
| | ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ | ၂-၂-၂၁<br>၃၆-၂၀ | ၄၉<br>၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ဥပါဒါန ဥပါဒါနိယ | ဥပါဒါနာစေဝ ဓမ္မာ ဥပါဒါနိယာစ | .... | ၂ | .... | .... | ၁ | ၁ | ၁ | ၂ |
| | ဥပါဒါနိယာစေဝ ဓမ္မာ နောစ ဥပါဒါနာ | ၈၁ | ၅၀ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၁ |
| | ဒုက်မုတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| ဥပါဒါန ဥပါဒါနသမ္ပယုတ္တ | ဥပါဒါနာစေဝ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာစ | .... | ၂ | .... | .... | ၁ | ၁ | ၁ | ၂ |
| | ဥပါဒါနသမ္ပယုတ္တာစေဝ ဓမ္မာ နောစ ဥပါဒါနာ | ၈ | ၂၀ | .... | .... | ၄ | ၂ | ၂ | ၁ |
| | ဒုက်မုတ် | ၂-၂-၂၁<br>၃၆-၂၀ | ၄၉<br>၁ | ၂၈ | နိ | .... | .... | .... | .... |
| ဥပါဒါန ဝိပ္ပယုတ္တ | ဥပါဒါနဝိပ္ပယုတ္တာခေါပန ဓမ္မာ ဥပါဒါနိယာပိ | ၂-၂-၁၇<br>၃၂-၂၀ | ၄၉<br>၁ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | ဥပါဒါနဝိပ္ပယုတ္တာခေါပန ဓမ္မာ အနုပါဒါနိယာပိ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| | ဒုက်မုတ် | ၈ | ၂၂ | .... | .... | .... | .... | .... | .... |

၁။ ။အဘယ့်ကြောင့်"ဥပါဒါန်"မည်ပါသနည်း။

၁။ ။ဘားကို ကိုက်သော မြွေကဲ့သို့ အာရုံကို ပြင်းစွာယူဘတ်-စွဲလမ်းတတ်သောကြောင့်"ဥပါဒါန်"မည်ပါသည်။

---

၂။ ။တဏှာနှင့် ဥပါဒါန်အထူးကို ဥပမာနှင့် ဖြေပါ။

၂။ ။ဒုဗ္ဗလတဏှာ တဏှာနာမ၊ ဗလဝတီ ဥပါဒါနံ။

အားနည်းသောတဏှာသည် "တဏှာ" မည်၏။ အားကြီးသော တဏှာသည် "ဥပါဒါန်"မည်၏။

တဏှာသည် ခိုးသူသည် ညဥ့်အခါ မှောင်ထဲမှာ ဥစ္စာထုပ်ကိုရရန် လက်ဖြင့် စမ်းသတ် ရှာဖွေသည်နှင့်တူ၏။

ဥပါဒါန်သည် လက်ထဲသို့ ရောက်ပြီးသော ဥစ္စာထုပ်ကို ပလွှတ်နိုင်သည်နှင့် တူ၏။

---

၃။ ။ဒိဋ္ဌိသည် လောဘနှင့်သာ သဟစရဏ ဖြစ်ပါလျက် သောတာပတ္တိမဂ် ပယ်ရာ ပဟာန်တရား၌ အဘယ့်ကြောင့် " ဝိစိကိစ္ဆာနှင့်တွဲ၍ ပဟာန် တရားနှစ်ပါးကို ပြထားသနည်း။

၃။ ။ရှစ်ပါးသောဌာန၊ ၁၆-ပါးသော ဌာနတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာသည် ဒိဋ္ဌိဖြစ်ရန် အကြောင်း ကောင်းကောင်းကြီး ဖြစ်သဖြင့် သောတာပတ္တိမဂ်သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာ နှစ်ပါးကိုသာပယ်သည်။

(ဤပုစ္ဆာနှင့် ဝိသဇ္ဇနာမှာ-ကျွန်ုပ်၏ ဆွမ်းစားပြီးခါစ ရုတ်တရက် ဖြစ်ပေါ်လာသော အနုမာန-အကြံမျှဖြစ်၍ သင့်မည်ထင်က ယူကြပါကုန်။ မသင့်မည် ထင်က စွန့်ကြပါကုန်။)

**ဥပါဒါနဂေါစ္ဆက ပြီး၏။**

---

## (၁၂) ကိလေသဂေါစ္ဆက ဇယားပုံ

| အစုသွဲ | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | ဋ္ဌာ | ဓာ | ဒ |
|---|---|---|---|---|---|---|---|---|---|
| ကိလေသ | ကိလေသာ ဓမ္မာ | .... | ၁၀ | .... | .... | ၁ | ၁ | ၁ | ၂ |
| | နော ကိလေသာ ဓမ္မာ | ၈၉ | ၄၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| သံကိလေသိက | သံကိလေသိကာ ဓမ္မာ | ၈၁ | ၅၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အသံကိလေသိကာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| သံကိလိဋ္ဌ | သံကိလိဋ္ဌာ ဓမ္မာ | ၁၂ | ၂၇ | .... | .... | ၄ | ၂ | ၂ | ၂ |
| | အသံကိလိဋ္ဌာ ဓမ္မာ | ၂၁–၃၆–၂၀ | ၃၈ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| ကိလေသ သမ္ပယုတ္တ | ကိလေသ သမ္ပယုတ္တာ ဓမ္မာ | ၁၂ | ၂၇ | .... | .... | ၄ | ၂ | ၂ | ၂ |
| | ကိလေသ ဝိပ္ပယုတ္တာ ဓမ္မာ | ၂၁–၃၆–၂၀ | ၃၈ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| ကိလေသ သံကိလေသိက | ကိလေသာစေဝ ဓမ္မာ သံကိလေသိကာစ | .... | ၁၀ | .... | | ၁ | ၁ | ၁ | ၂ |
| | သံကိလေသိကာစေဝ ဓမ္မာ နော စ ကိလေသာ | ၈၁ | ၄၂ | ၂၈ | .... | ၅ | ၁၂ | ၁၈ | ၁ |
| | ဒုက်မုတ် | ၈ | ၃၆ | .... | နိ | .... | .... | .... | .... |
| ကိလေသ သံကိလိဋ္ဌ | ကိလေသာစေဝ ဓမ္မာ သံကိလိဋ္ဌာစ | .... | ၁၀ | .... | .... | ၁ | ၁ | ၁ | ၂ |
| | သံကိလိဋ္ဌာစေဝ ဓမ္မာ နော စ ကိလေသာ | ၁၂ | ၁၇ | .... | ... | ၄ | ၂ | ၂ | ၁ |
| | ဒုက်မုတ် | ၂၁–၃၆–၂၀ | ၃၈ | ၂၈ | နိ | .... | .... | .... | .... |
| ကိလေသကိလေသ သမ္ပယုတ္တ | ကိလေသာစေဝ ဓမ္မာ ကိလေသ သမ္ပယုတ္တာစ | .... | ၁၀ | .... | .... | ၁ | ၁ | ၁ | ၂ |
| | ကိလေသ သမ္ပယုတ္တာစေဝ ဓမ္မာ နော စ ကိလေသာ | ၁၂ | ၁၇ | .. | .... | ၄ | ၂ | ၂ | ၁ |
| | ဒုက်မုတ် | ၂၁–၃၆–၂၀ | ၃၈ | ၂၈ | နိ | .... | .... | .... | .... |
| ကိလေသ ဝိပ္ပယုတ္တ | ကိလေသဝိပ္ပယုတ္တာခေါပန ဓမ္မာ သံကိလေသိကာပိ | ၁၇–၃၂–၂၀ | ၃၈ | ၂၈ | .. | ၅ | ၁၂ | ၁၂ | ၁ |
| | အသံကိလေသိကာပိ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၈ | ၂ |
| | ဒုက်မုတ် | ၁၂ | ၂၇ | .... | .. | .... | .... | .... | .... |

(ပဋ္ဌမအကြိမ်)

၁။ ။အဘယ့်ကြောင့်"ကိလေသာ"ခေါ်သနည်း။

၁။ ။သတ္တဝါတို့၏စိတ်ကို ပူပန် စေ တတ် - နှိပ် စက် တတ် သော ကြောင့် "ကိလေသာ"ခေါ်ပါသည်။

---

၂။ ။အသညသတ်ဗြဟ္မာသန္တာန်မှာကိလေသာရှိ,မရှိကိုအကြောင်းပြ၍ဖြေပါ၊

၂။ ။အသညသတ် ဗြဟ္မာသန္တာန်မှာ ဝိတိက္ကမ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာ မရှိပါ၊ အနုသယကိလေသာကား ရှိပါသည်။ အကြောင်းသော်ကား ဒွါရသုံးပါး မရှိခြင်းကြောင့် ဝိတိက္ကမ,ပရိယုဋ္ဌာန ကိလေသာ မရှိပါ။ မဂ်ဖြင့် ကိလေသာတို့ကို မပယ်နိုင်သေးသောကြောင့် အနုသယကိလေသာ ရှိပါသည်။

---

၃။ ။ကိလေသာ ဆယ်ပါးကို ဘုံနှင့် ဖြန့်သင့်သလို ဝေဘန်ပါ။

၃။ ။ ကာမဘုမ္မ-ဒသကိလေ,
ရူပါ,ရူပ-ဒေါသကြဉ်ပေ၊
သညသတ္တ-အနုသယေ,
သုဒ္ဓါဝါ-သတ္တာ,ကိလေသေ။ ။

အသညသတ် သုဒ္ဓါဝါသကြဉ်သော ရူပ ၁၀-ဘုံ၊ အရူပဘုံမှာ ဒေါသကြဉ်သော ကိလေသာ ၉-ပါး။ အသညသတ်ဘုံမှာ အနုသယ ကိလေသာ ၆-ပါး။ သုဒ္ဓါဝါသဘုံမှာ ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဒေါသကြဉ်သော ကိလေသာ ၇-ပါးရပါသည်။

ကိလေသ ဂေါစ္ဆက ပြီး၏။

---

# (၁၃) ပိဋ္ဌိဒုက် ဇယားပုံ

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | မသ |
|---|---|---|---|---|---|---|---|---|---|
| ဒဿနေန | ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ | ၄-၁<br>၄-၂ | ၂၂<br>၂၅ | .... | .... | ၄ | ၂ | ၂ | ၂ |
| | နဒဿနေနပဟာတဗ္ဗာ ဓမ္မာ | ၄-၂-၁-၂၁<br>၃၆-၂၀ | ၅၀ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ဘာဝနာယ | ဘာဝနာယပဟာတဗ္ဗာ ဓမ္မာ | ၄-၂<br>၄-၁ | ၂၅<br>၂၁ | .... | .... | ၄ | ၂ | ၂ | ၂ |
| | နဘာဝနာယပဟာတဗ္ဗာ ဓမ္မာ | ၄-၂-၄-၁<br>၂၁=၃၆=၂၀ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ဒဿနေနပဟာတဗ္ဗဟေတုက | ဒဿနေနပဟာတဗ္ဗ ဟေတုကာ ဓမ္မာ | ၄-၁<br>၄-၂ | ၂၂ *<br>၂၅ | .... | .... | ၄ | ၂ | ၂ | ၂ |
| | န ဒဿနေန ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ | ၄-၂-၁-၂၁<br>၃၆-၂၀ | ၅၀<br>* ၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ဘာဝနာယပဟာတဗ္ဗဟေတုက | ဘာဝနာယပဟာတဗ္ဗ ဟေတုကာ ဓမ္မာ | ၄-၂<br>၄-၁ | ၂၅<br>* ၂၁ | .... | .... | ၄ | ၂ | ၂ | ၂ |
| | နဘာဝနာယပဟာတဗ္ဗ ဟေတုကာ ဓမ္မာ | ၄-၂-၄-၁<br>၂၁-၃၆-၂၀ | ၅၂<br>* ၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| သဝိတက္က | သဝိတက္ကာ ဓမ္မာ | ၅၅ | ၅၀ | .... | .... | ၄ | ၂ | ၂ | ၃ |
| | အဝိတက္ကာ ဓမ္မာ | ၆၆ | ၃၇<br>၅၅ | ၂၈ | နိ | ၅ | ၁၂ | ၁၇ | ၃ |
| သဝိစာရ | သ ဝိစာရာ ဓမ္မာ | ၆၆ | ၅၁ | .... | .... | ၄ | ၂ | ၃ | ၃ |
| | အ ဝိစာရာ ဓမ္မာ | ၅၅ | ၃၆<br>၆၆ | ၂၈ | နိ | ၅ | ၁၂ | ၁၇ | ၃ |
| သပ္ပီတိက | သပ္ပီတိကာ ဓမ္မာ | ၅၁ | ၄၆ | .... | .... | ၄ | ၂ | ၂ | ၃ |
| | အပ္ပီတိကာ ဓမ္မာ | ၇၀ | ၅၁<br>၅၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |

## (၁၃) ပိဋ္ဌိဒုက် ဇယားပုံ အဆက်

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | သ |
|---|---|---|---|---|---|---|---|---|---|
| ပီတိသဟဂတ | ပီတိသဟဂတာ ဓမ္မာ | ၅၁ | ၄၆ | .... | .... | ၄ | ၂ | ၂ | ၃ |
| | န ပီတိသဟဂတာ ဓမ္မာ | ၇၀ | ၅၁<br>၅၁ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| သုခသဟဂတ | သုခသဟဂတာ ဓမ္မာ | ၆၃ | ၄၆ | .... | .... | ၃ | ၂ | ၃ | ၃ |
| | န သုခသဟဂတာ ဓမ္မာ | ၃<br>၅၅ | ၅၁<br>၆၃ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ဥပေက္ခာသဟဂတ | ဥပေက္ခာသဟဂတာ ဓမ္မာ | ၅၅ | ၄၆ | .... | .... | ၃ | ၂ | ၇ | ၃ |
| | န ဥပေက္ခာသဟဂတာ ဓမ္မာ | ၃<br>၆၃ | ၅၁<br>၅၅ | ၂၈ | နိ | ၅ | ၁၂ | ၁၃ | ၄ |
| ကာမာဝစရ | ကာမာဝစရာ ဓမ္မာ | ၅၄ | ၅၂ | ၂၈ | ... | ၅ | ၁၂ | ၁၈ | ၂ |
| | န ကာမာဝစရာ ဓမ္မာ | ၂၇<br>၈ | ၃၈ | .... | နိ | ၄ | ၂ | ၂ | ၃ |
| ရူပါဝစရ | ရူပါဝစရာ ဓမ္မာ | ၁၅ | ၃၅ | .... | .... | ၄ | ၂ | ၂ | ၁ |
| | န ရူပါဝစရာ ဓမ္မာ | ၅၄<br>၁၂<br>၈ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| အရူပါဝစရ | အရူပါဝစရာ ဓမ္မာ | ၁၂ | ၃၀ | ... | .... | ၄ | ၂ | ၂ | ၁ |
| | န အရူပါဝစရာ ဓမ္မာ | ၅၄<br>၁၅<br>၈ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၄ |
| ပရိယာပန္န | ပရိယာပန္နာ ဓမ္မာ | ၈၁ | ၅၁ | ၂၈ | ... | ၅ | ၁၂ | ၁၈ | ၂ |
| | အပရိယာပန္နာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| နိယျာနိက | နိယျာနိကာ ဓမ္မာ | ၄ | ၃၆ | .... | .... | ၄ | ၂ | ၂ | ၁ |
| | န နိယျာနိကာ ဓမ္မာ | ၈၁<br>၄ | ၅၂ | ၂၈ | နိ | ၅ | ၁၂ | ၁၈ | ၃ |

(ပဥ္စမအကြိမ်),

## (၁၃) ပိဋ္ဌဒုက်ဇယားပုံ အဆက်

| အမည် | ပဒ | စိတ် | စေ | ရုပ် | နိ | သင်္ဂဟိတ ခံ | အာ | ဓာ | သစ္ |
|---|---|---|---|---|---|---|---|---|---|
| နိယတ | နိယတ ဓမ္မာ | ၄-သတ္တမဇ<br>၂-သတ္တမဇ | ၂၁<br>၂၂ | .... | .... | ၄ | ၂ | ၂ | ၃ |
| | အ နိယတာ ဓမ္မာ | ၄-<br>၂၁–၁၇–၃၆<br>၂၀ | ၃၆<br>၅၂ | ၂၀ | နိ | ၅ | ၁၂ | ၁၈ | ၃ |
| ဥတ္တရ | သဥတ္တရာ ဓမ္မာ | ၈၁ | ၅၂ | ၂၀ | .... | ၅ | ၁၂ | ၁၈ | ၂ |
| | အနုတ္တရာ ဓမ္မာ | ၈ | ၃၆ | .... | နိ | ၄ | ၂ | ၂ | ၂ |
| သရဏ | သရဏာ ဓမ္မာ | ၁၂<br>၂၁ | ၂၇ | .... | .... | ၄ | ၂ | ၂ | ၂ |
| | အရဏာ ဓမ္မာ | ၃၆<br>၂၀ | ၃၈ | ၂၀ | နိ | ၅ | ၁၂ | ၁၈ | ၃ |

### ပိဋ္ဌဒုက်စဉ်ဂါထာ

ဒ,ဘာ,ဒ,ဘာ,သဝိ,သဝိ၊ သပ္ပိ,ပီတိ,သုခေါ,ပေက္ခာ၊
ကာ,ရူ,အရူ,ပရိ,နိယျာ၊ နိယ,သုတ္တရ,သရဏာ॥ ॥

(ဒ) ဒဿနဒုက်ငင်း॥ (လ) သရဏာ၊ သရဏာဒုက်ငင်း॥ ဤသို့ အနက်ပေးလှယ်၏॥

၁॥ ॥အဘယ့်ကြောင့်"ပရိယာပန္န"မည်သနည်း॥

၁॥ ॥တေဘူမကဝဋ္ဋေ ပရိယာပန္နာ အန္တောဂဓာတိ ပရိယာပန္နာ၊ တေဘူမကဝဋ်၌ အကျုံးဝင်သောကြောင့်"ပရိယာပန္န"မည်၏॥

---

၂॥ ॥အဘယ့်ကြောင့်"နိယျာနိက"မည်ကြောင်းကိုဘော်ပြ၍တေဘူမကကုသိုလ်တို့သည် အဘယ့်ကြောင့်"နိယျာနိက"မမည်ကြောင်းကိုလည်း ဘော်ပြပါ॥

၂॥ ॥ဝဋ္ဋမူလံ ဆိန္ဒန္တာ နိဗ္ဗာနံ အာရမ္မဏံ ကတွာ၊
ဝဋ္ဋတော နိယျန္တီတိ"နိယျာနိကာ"॥

ဝဋ်မြစ်ကိုဖြတ်လျက် နိဗ္ဗာန်ကို အာရုံပြု၍ ဝဋ်သုံးပါးမှ ထွက်မြောက်တတ်သောကြောင့် မဂ်သည်"နိယျာနိက"မည်၏॥

(ပဉ္စမအကြိမ်)

တေဘူမက ကုသိုလ်မှာကား ဒုရ-အကြောင်းဖြစ်သောကြောင့်"နိယျာနိက" မမည်ပါ။

---

၃။ ။သဗ္ဗညုတဉာဏ် နှင့် အရဟတ္တမဂ်ဉာဏ် ၂-ပါးသည် မည်သည့်ဉာဏ်က မြတ်ကြောင်းကို မာတိကာ သာဓကပြ၍ ဖြေပါ။

၃။ ။သဗ္ဗညုတဉာဏ်တော်သည် မဟာ ကြိယာဉာဏ သမ္ပ ယုတ် လေး ခု၌ ရှိသော ပညာတော်ဖြစ်၍၊ လောကုတ္တရာမှာ အရဟတ္တမဂ်ဉာဏ်လောက် မမြတ်ပါ။ အရဟတ္တမဂ်ဉာဏ်ကသာ မြတ်ပါသည်။ ။သာဓကကား—

(သဥတ္တရာဓမ္မာ-အနုတ္တရာဓမ္မာ)

ကတမေ ဓမ္မာ သဥတ္တရာ ၊ တီသု ဘူမိသု ကုသလံ အကုသလံ တီသု ဘူမိသု ဝိပါကော ၊ တီသု ဘူမိသု ကြိယာဗျာကတံ သဗ္ဗဥ္စရူပံ ဣမေ ဓမ္မာ သဥတ္တရာ။ ကတမေ ဓမ္မာ အနုတ္တရာ စတ္တာရော မဂ္ဂါ အပရိယာ ပန္နာ စတ္တာရိစ သာမည ဖလာနိ နိဗ္ဗာနဥ္စ ဣမေဓမ္မာ အနုတ္တရာ။

(ဓမ္မသင်္ဂဏီ-သဥတ္တရာဒုက်-၂၂၈)

သဗ္ဗညုတဉာဏ်ကား-သဥတ္တရဓမ္မ။ အရဟတ္တမဂ်ဉာဏ်ကား-အနုတ္တရဓမ္မဖြစ်၍ အရဟတ္တမဂ်ဉာဏ်က မြတ်သည်ဟူလို။

---

၄။ ။သရဏာပုဒ်၌ ရဏ သဒ္ဒါ၏ အနက်များကိုခွဲ၍"သရဏာ"ပုဒ်ကို ဝိဂ္ဂြုဟ်ပြုပြပါ။

၄။ ။"ရဏ"သည် ရာဂ စသော ကိလေသာကို ဟောခြင်းကြောင့် သဟ ရဏေဟိတိ-သရဏာ။

"ရဏ"သဒ္ဒါသည် ရေဏုပရိယာယ်ဖြစ်၍ "မြူ"ကို ဟောခြင်းကြောင့် သဟ ရဏေဟိ ရာဂါဒိရေဏူဟိတိ သရဏာ။

"ရဏ"သဒ္ဒါသည် ယုဒ္ဓပရိယာယ်ဖြစ်၍ စစ်ထိုးခြင်းကို ဟောခြင်းကြောင့် သဟရဏေန အရိယမဂ္ဂယုဒ္ဓေနာတိ-သရဏာ။

အရဏဝိဘင်္ဂသုတ်၌ အကုသိုလ်၏ အကျိုးဖြစ်သော ဒုက္ခဝိဃာတ ဥပါယာသ ပရိဠာဟတို့ကိုလည်း "ရဏ" သဒ္ဒါဟောခြင်းကြောင့် သဟ ရဏေဟိ ဖလဘူတေဟိ ဒုက္ခဝိဃာတဥပါယာသ ပရိဠာဟေဟိတိ သရဏာ။ ။ဤသို့ ဝိဂြိုဟ် ပြုပါသည်။

## ပဥ္စမနည်း(အဋ္ဌကထာ)နောက် ၃-နည်း(ဋီကာ)

---

(ပဥ္စမအကြိမ်)

၅။ ။ငိုကြွေးကြောင်းဖြစ်သော ရာဂ စသော တရားနှင့်တကွ ဖြစ်သည်ဟူသည် အဘယ်၏အစွမ်းဖြင့် ဖြစ်သနည်း။

၅။ ။သမ္ပယောဂ အစွမ်း ပဟာနေကဋ္ဌ အစွမ်းဖြင့် ဖြစ်ပါသည်။

---

၆။ ။သမ္ပယောဂ အစွမ်းအားဖြင့် အဘယ် ကိလေသာကိုယူ၍ ပဟာနေကဋ္ဌ အစွမ်းအားဖြင့် အဘယ် ကိလေသာကို ယူအပ်သနည်း။

၆။ ။သမ္ပယောဂ အစွမ်းအားဖြင့် ကိလေသာ ၉-ပါး၊ ကြွင်းသော အကုသိုလ် စေတသိက် ၁၃-ပါးကို ယူရပါသည်။
ပဟာနေကဋ္ဌ အစွမ်းအားဖြင့် ဒေါသ,မောဟကိုသာ ယူရပါသည်။

ဝိဋ္ဌုက်ပြီး၏။

အဘိဓမ္မာ မာတိကာ ပြီး၏။

# သုတ္တန္တမာတိကာ

(သုတ္တန္တမာတိကာ) အတွက်ကို ဂဏ္ဍိဋ္ဌာန သဘောထား၍ အနည်း ငယ် ရေး သား မည် ဖြစ် ရာ၊ ပါဠိအနက် အရကောက်၊ အချို့သော အဆုံးအဖြတ်မှာ အကောက်အုပ်၌ ပါပြီး ဖြစ်၍၊ မပါသော (အချက် မျှ လောက် ကိုသာ ပုစ္ဆာသဘော ပြုလုပ်၍ ပြပေအံ့။)

## သုတ္တန္တိက-မာတိကာစဉ်

၁။ ။ဝိဇ္ဇာ,ဝိဇ္ဇူ,ဗာလာ,ကဏှာ၊ တပနီယာ, ဓိဝစနာ။
နိရုတ္တိ,ပညတ္တိ,နာမံ- အဝိဇ္ဇာ,ဘဝ,သဿတံ။ ။

၂။ ။အန္တဝါ,ပုဗ္ဗန္တာ,အဟိရိ၊ ဟိရိ,ဒေါဝစ,သောဝစံ။
အာပတ္တိ,သမာ,ဓာတု,အာ၊ ဋ္ဌာနံ,အဇ္ဇဝေါ,ခန္တိစ။ ။

၃။ သာခံ,ဣန္ဒြိ,ဣန္ဒြိ,မုဋ္ဌ၊ သတိ,စ ပဋိသင်္ခါနံ။
သမထော,သမထနိမိတ္တံ၊ ပဂ္ဂါဟော,သီလဝိပတ္တိ။ ။

၄။ ။သီလသမ္ပဒါ,ဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓါ,သံဝေဂေါ၊
အသန္တုဋ္ဌိတာ,ဝိဇ္ဇာစ၊ ခယေ ဉာဏန္တိ မာတိကာ။ ။

(ဝဋ္ဋမအကြိမ်)

## အာဒိလဒ္ဓနာမ(နှင့်)သဗ္ဗလဒ္ဓနာမ

နာမရူပံ,သတိသမ္ပဇံ၊ သမထဝိပဿနာစ။
တယော သဗ္ဗလဒ္ဓနာမာ၊ သေသာဒိလဒ္ဓနာမကာ။ ။

## သပ္ပဒေသ(နှင့်)နိပ္ပဒေသ

အဓိဝစနံ, နိရုတ္တိ၊ ပညတ္တိစ နာမရူပံ။
စတ္တာရိမေ နိပ္ပဒေသာ၊ သေသာ သပ္ပဒေသာ မတာ။ ။

၁။ ။အောက်မဂ်တို့လည်း ကိလေသာကို အကြွင်းမရှိ သမုစ္ဆေဒပဟာန် အားဖြင့် ပယ်နိုင်ခြင်းကြောင့် "ဝဇီရူပမာ"ပင် မည်သင့်သည် မဟုတ်ပါလော။

၁။ ။အကြွင်းမဲ့ အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်းငှါ မစွမ်းသေးသောကြောင့် "ဝိဇ္ဇုပမာ" သာ မည်သည်။ "ဝဇီရူပမာ"မမည်။ အရဟတ္တမဂ်သည်ကား: "နိဿေသံ ဝိဒ္ဓံသနသမတ္ထတာယ"ဟု ဆိုခြင်းကြောင့် အလုံးစုံသော ကိလေသာကို အကြွင်းမဲ့ပယ်နိုင်ရကား"ဝဇီရူပမာ"မည်သည်။

---

၂။ ။တပနိယာပုဒ်ကို ရသင့်သလောက် ဝစနတ္ထ ပြုပြပါ။

၂။ ။ဣဓစေဝ သမ္ပရာယေစ တပန္တီတိ တပနိယာ။

(အဋ္ဌကထာအလို)

တပနဿ ပရိဒဟနဿ ဒုက္ခဿ ဟိတာ-ဘပနိယာ။

(မူလဋီကာအလို)

အကုသလေဟိ တာပေတဗ္ဗာတိ ဝါ တပနိယာ။

(အနုဋီကာအလို)

---

၃။ ။အဓိဝစန,နိရုတ္တိ ပညတ္တိဒုက်တို့သည် ထူး-မထူး ဖြေပါ။

၃။ ။အဓိဝစနဒုကာဒယော တယော အတ္ထတော နိန္နာနာကရဏာ၊ ဗျဥ္ဇနမေဝေတ္ထနာနံ။ ။သဒ္ဒါမျှ သာ ထူး သည်၊ အဓိပ္ပါယ်အရကောက် မထူးပါ။

---

(ပဋ္ဌမအကြိမ်)

၄။ ။အဝိဝစန,နိရုတ္တိ,ပညတ္တိ,သဒ္ဒါတို့ကို ဝစနတ္ထပြ၍ အနက်ပေးပါ။

၄။ ။"အဓိဥပရိ ပဝတ္တံ ဝစနံ အဓိဝစနံ။"

အဓိ,ဥပရိ၊ ပြအပ်သော အနက်၏ အထက်အဘို့၌။ ပဝတ္တံ၊ ဝါစကအဖြစ်ဖြင့် ဖြစ်သော။ ဝစနံ၊ သဒ္ဒါတည်း။ အဓိဝစနံ၊ ပြအပ်သောအနက်၏ အထက်အဘို့၌ ဝါစက အဖြစ်ဖြင့် ဖြစ်သောသဒ္ဒါ။

"နိစ္ဆိတံ ဥတ္တိ နိရုတ္တိ"

နိစ္ဆိတံ၊ ဤသဒ္ဒါသည် ဤအနက်ကို ဟော၏ဟု သုဏန္တ,ဝဒန္တ ပုဂ္ဂိုလ်တို့သည် ဆုံးဖြတ်အပ်သော။ ဥတ္တိ၊ သဒ္ဒါတည်း။ နိရုတ္တိ၊ ဤသဒ္ဒါ(လ)သဒ္ဒါ။

ပထဝိပုရိသာဒိတံတံပကာရေန တံတံအတ္ထံ ညာပေတီတိ-ပညတ္တိ။

ယံဝစနံ၊ အကြင် အလုံးစုံသော သဒ္ဒါသည်။ ပထဝီပုရိသာဒိတံတံပကာရေန၊ ပထဝီပုရိသစသော ထိုထိုသို့သော အပြားအားဖြင့်။ တံတံအတ္ထံ၊ ထိုထိုသို့သော ပထဝီဓာတ်ယောကျ်ားစသောအနက်ကို။ ညာပေတိ၊ သိစေတတ်၏။ဣတိတသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ပညတ္တိ၊ မည်၏။

---

၅။ ။နာမရူပဒုက် ၌-နမန (နှင့်) နာမန အထူးကို ဖြေပါ။

၅။ ။အာရုံကိုယူ၍သာ ဖြစ်ကုန်သော ဖဿစသောတရားတို့သည် အာရုံနှင့် မကင်းမူ၍ ဖြစ်သောကြောင့် အာရုံကို ရှေးရှုသည်၏အဖြစ်သည်"နမန"မည်၏။ အာရမ္မဏိက တရားတို့၏ အာရုံသို့ ရှေးရှုညွတ်ခြင်း အကြောင်း၏ အဖြစ်သည် "နာမန"မည်၏။

**(နမနံ အဝိနာဘာဝတော အာရမ္မဏာဘိမုခတာ၊**

**နမနဟေတု ဘူတတာ နာမနံ။)**

---

၆။ ။နာမက္ခန္ဓာနှင့် နိဗ္ဗာန်တို့သည် အဘယ့်ကြောင့် နာမ်မည်သနည်း။

၆။ ။နာမက္ခန္ဓာ ၄-ပါးတို့သည် အာရုံကို ရှေးရှုညွတ်တတ်ကုန်ရကား-ညွတ်တတ်သော အနက်ကြောင့် နာမ်မည်၏။ (တနည်း) အာရုံ၌ အချင်းချင်း ညွတ်စေတတ်ကုန်ရကား-ညွတ်စေတတ်သော အနက်ကြောင့်လည်း နာမ်မည်၏။

(ပဥ္စမအကြိမ်)

နိဗ္ဗာန်သည်ကား-အာရမ္မဏာ ဓိပတိပစ္စည်း၏ အဖြစ်ကြောင့် မိမိ၌ အနဝဇ္ဇ အာရမ္မဏိက တရားတို့ကို ညွတ်စေရကား - ညွတ်စေတတ်သော အနက်ကြောင့် သာလျှင် နာမ်မည်၏။

---

၇။ ။ဒေါဝစဿတာဒုက်၌-ဒုဗ္ဗစပုဂ္ဂိုလ်၏ အင်္ဂါသုံးပါးကို ဖြေပါ။

၇။ ။ ၁—ဝိပ္ပဋိကုလဂါဟီ-ဘောက်ပြန်သည်ကို ယူလေ့ရှိခြင်း။
၂—ဝိပစ္စနိက သာတံ-ဆန့်ကျင်ဘက်ကိုသာယာခြင်း။
၃—အနာဒရံ-ပုဂ္ဂလ,ဓမ္မကို မရိုသေခြင်း။ ။ဤအင်္ဂါသုံးပါး ဖြစ်သည်။

---

၈။ ။သမာပတ္တိကုသလတာ၌-အဘယ်ကဲ့သို့ လိမ္မာသည်ကို ဆိုလိုပါသနည်း။

၈။ ။ဝင်စားသည်မှ ရှေးအဘို့၌ ပရိကံဖြစ်၏။ ဝင်စားသည်မှ နောက်အဘို့၌ ဘဝင်ဖြစ်၏။ ရှေးအဘို့,နောက်အဘို့၌ ဖြစ်ကုန်သော ပရိကံ,ဘဝင်တို့၏ အလယ်၌ သမာပတ်ဖြစ်၏။ ဤသို့ သမာပတ်တို့၏ဖြစ်ခြင်း အပိုင်းအခြား။ သမာပတ်တို့ကို ဝင်စားခြင်းအပိုင်းအခြားကို သိသောပညာသည် '**သမာပတ္တိကုသလာတာ**'' သမာပတ်၌ လိမ်မာသည်မည်၏။

---

၉။ ။သံဝေဇနီယဌာနေသု, ဌာနေသု၌-သံဝေဇနီယဌာနအရကို ကောက်ပြပါ။

၉။ ။ဇာတိ, ဇရာ, ဗျာဓိ, မရဏ, အပါယဒုက္ခ, အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလကဒုက္ခ, ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိမူလကဒုက္ခ။ ဤ ၈-ပါး ဖြစ်ပါသည်။

---

၁၀။ ။အသံကိလိဋ္ဌတာ ကုသလမ္မေဒုက်မှာ - ကုသိုလ်တရားတို့၌ မရောင့်ရဲသော သူဟုဆိုရာ အဘယ်သို့ မရောင့်ရဲသနည်း။

၁၀။ ။ဤမျှသော ကုသိုလ်ကို ဖြည့်အပ်ပြီ။ ဤမှတပါး မဖြည့်အပ်။ ဤမျှသော ကုသိုလ်ကို ငါအလိုရှိ၏။ ဤမှတပါး အလိုမရှိ။ ဤသို့ ကုသိုလ်ကို ဖြည့်ခြင်း၌ ရောင့်ရဲခြင်း မရှိဟူလို။

**သုတ္တန္တိကမာတိကာဝိနိစ္ဆယ ပြီး၏။**

---

(ပဥ္စမအကြိမ်)

# ဝမ်းမြောက်ခြင်း

●

သက္ကရာဇ်(၁၁၀)ပြည့်နှစ်၊ သီတင်းကျွတ်လဆုတ်တရက်နေ့သည် ကား-တာဝတိံသာ နတ်ပြည်၌ မြတ်စွာဘုရားသည် အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူ၍ ပြီးဆုံးသဖြင့်၊ တာဝတိံသာနတ်ပြည်မှ ရတနာစောင်းတန်းဖြင့် သင်္ကာသနဂိုရ်ပြည်သို့ ဆင်း သော နေ့ ကြီး ဖြစ်သကဲ့သို့။ ၁၂၉၀-ခု၊ သီတင်းကျွတ်လဆုတ် တရက်နေ့ကြီးသည် လည်း အဘိဓမ္မာ ညဝါလရောင် ကျမ်းကြီး၏ အဘိဓမ္မာ မာတိကာ ကျမ်းအတွက် ပြီးဆုံးသောနေ့ကြီးနှင့် ကြုံကြိုက်သဖြင့် အောက်ပါ ပီတိသောမနဿ သမုဋ္ဌာပက ဂါထာကို ဖြစ်စေအပ်ပါသည်။

ကမ္ဘာ့ကိုချုပ်-လွှမ်းခုပ်ထွန်းဖြာ၊
အရောင်ကိုလင်း-လမင်းသော်တာ၊
မောဟာအမိုက်-တိမ်တိုက်မြူလွှာ၊
လရောင်နှင်း-ပယ်ဖြုန်းပါစေသော။

## မာတိကာ ကျမ်း ပြီး၏။

(ပဥ္စမအကြိမ်)

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

# ဓာတုကထာကျမ်း

●

၁။ ။အဘယ်ကြောင့် ဓာတုကထာမည်ပါသနည်း။ ဓာတုပုဒ်-ကထာပုဒ်တို့ကို အစိတ် အပေါင်း ဝိဂြိုဟ်ဆို၍ အရကောက်ပြပါ။

၁။ ။အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယော။

ယာဓမ္မဇာတိယော၊ အကြင် တရားသဘောတို့သည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တာဓမ္မဇာတိယော၊ တို့သည်။ ဓာတုယော၊ ဓာတ်တို့ မည်ကုန်၏။ {ခန္ဓာအစ-အရဏ-အဆုံးရှိသော တရားတို့ကိုရ၏။}

တိဋ္ဌတိ အဘိဓမ္မကထာ ဧတ္ထာတိ ဓာတုယော။

ဧတ္ထ၊ ဤ တရားသဘောတို့၌။ အဘိဓမ္မကထာ၊ အဘိဓမ္မာ ဒေသနာတော်သည်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်တို့ မည်ကုန်၏။

(ခန္ဓာအစ-အရဏ အဆုံးရှိသော ဓမ္မကိုပင်ရ၏။)

“ဌာတု”ဟု ဆိုလိုလျက် နိရုတ္တိနည်းငါးပါးတို့တွင် ဝဏ္ဏဝိကာရနည်းအားဖြင့် “ဓာတု”ဟု ဆိုလိုသည်။

ကထယန္တိ ဧတ္ထ-ဧတာယာတိဝါ “ကထာ”။

ဧတ္ထ၊ ဤသဒ္ဒါအစဉ်, အနက်အစဉ်၌။ ဝါ-ကား၊ ဧတာယ၊ ဤသဒ္ဒါအစဉ်, အနက်အစဉ်ဖြင့်။ ကထယန္တိ၊ ဟောအပ်ကုန်၏။ ဣတိတသ္မာ၊ ဤကြောင့်။ သာ၊ ထိုသဒ္ဒါအစဉ်,အနက်အစဉ်သည်။ကထာ၊ “ကထာ”မည်၏။ (ကျမ်းသာမည်ရ၏။)

ဓာတူနံ ကထာ ဓာတုကထာ။

ဓာတူနံ၊ ခန္ဓာအစ-အရဏအဆုံးရှိသော တရားတို့၏။ ကထာ၊ ဟောကြောင်းတည်း။ “ဓာတုကထာ” ခန္ဓာအစ-အရဏ အဆုံးရှိသော တရားတို့၏ ဟောကြောင်း။ (ဓာတုကထာကျမ်းရ၏။)

---

၂။ ။ခန္ဓာအစ-အရဏအဆုံးရှိသောတရားတို့ကိုဟောရာဖြစ်၍“ဓာတုကထာ” ကျမ်းဟုဆိုသော် ဓမ္မသင်္ဂဏီ စသော ကျမ်းတို့၌လည်း ခန္ဓာစသောတရားတို့ကို ဟောခြင်းကြောင့် ဓမ္မသင်္ဂဏီစသော ကျမ်းဘို့သည်လည်း “ ဓာတုကထာ”ကျမ်းမည်သည် မဟုတ်လော။

(ပဉ္စမ အကြိမ်)

၂။ ။ဤဓာတုကထာ ကျမ်း၌သာလျှင် ၁၄-ပါးသော နယဝယ် တခု- တခုသော နယ၌ပင် ဟောတော်မူခြင်းကြောင့် ဤကျမ်းသည်သာ သာတိသယ နည်းအားဖြင့်“ဓာတုကထာ”ကျမ်းမည်၏။ ကျမ်းတပါး၏အမည် မဖြစ်သင့်။

တနည်းကား-ဓာတူဟိ ကထာ ဓာတုကထာ။

ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ ကထာ၊ ဟောကြောင်းတည်း။ ဓာတုကထာ၊ ဓာတ်တို့ဖြင့် ဟောကြောင်း။

ဤဝိဂ္ဂဟ်အလို-ခန္ဓာ,အာယတန,ဓာတ် ၃-ပါးတို့တွင် ဓာတ်သာများသော အပြားရှိခြင်းကြောင့် “မဟာဝိသယ”ဖြစ်ရကား။ ဓာတ်ဖြင့်သာမှတ်၍ အလုံးစုံ ကျမ်းအစိတ်ကို“ဓာတုကထာ”ကျမ်းခေါ်သည်။

---

၃။ ။မာတိကာ ငါးမျိုးကို အဓိပ္ပါယ် ဘော်ပြပါ။

၃။ ။(က) သင်္ဂဟ,အသင်္ဂဟ စသော နည်းတို့ဖြင့်“ဓာတုကထာ”ကျမ်းကို တရားကိုယ် ဝေဘန်၍ပြခြင်းငှါ ထားအပ်သောမာတိကာသည်“**နယမာတိကာ**” မည်၏။

(နယေဟိ ဝိဘတ္တာ မာတိကာ,နယမာတိကာ-ဟူလို။)

( ခ ) ဓာတုကထာကျမ်း၏ အတွင်းမှာသာလျှင် ထားအပ်သော မာတိကာ သည်“**အဗ္ဘန္တရမာတိကာ**”မည်၏။

(အဗ္ဘန္တရေယေဝ ထပိတာ မာတိကာ-အဗ္ဘန္တရမာတိကာ။)

( ဂ ) သင်္ဂဟ,အသင်္ဂဟ စသောနည်းတို့၏ ဖြစ်ရာဘ၀ အမြွက်ကို ပြခြင်းငှါ ထားအပ်သော မာတိကာသည်“**နယမုခမာတိကာ**”မည်၏။

(နယာနံ မုခါနိ နယမုခါနိ၊ နယမုခေဟိ ထပိတာ မာတိကာ နယမုခ မာတိကာ။)

(ဃ) သဘာဂ, ဝိသဘာဂ၏ အစွမ်းအားဖြင့် သင်္ဂဟ, အသင်္ဂဟ စသော လက္ခဏာတို့ကို ပြခြင်းငှါ ထားအပ်သော မာတိကာသည်“**လက္ခဏာမာတိကာ**” မည်၏။

(လက္ခဏေဟိ ဒဿိတာ မာတိကာ-လက္ခဏာမာတိကာ။)

( င ) ဓာတုကထာကျမ်း၌ လာသော မာတိကာမှ တပါး အပ ဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၌လာသော မာတိကာသည် “**ဗာဟိရမာတိကာ**”မည်၏။

(ဗာဟိရေ ထပိတာ မာတိကာ-ဗာဟိရမာတိကာ။)

---

(ပဥ္စမအကြိမ်)

၄။ ။ဗာဟိရ မာတိကာသည် ဤ ဓာတုကထာကျမ်း၌ပင် ဟောခြင်းကြောင့် ဓာတုကထာ မာတိကာပင် မည်သင့်သည် မဟုတ်လော။

၄။ ။ဤကျမ်းမှာ ဟောသော်လည်း ဓမ္မသင်္ဂဏီဟူသော ကျမ်းတပါးမှ ယူရကား-ဗာဟိရမာတိကာပင်မည်၏။

---

၅။ ။အသညီဘဝ-ဧကဝေါကာရဘဝတို့ဟူသည် ဇီဝိတနဝက ကလာပ်ကိုပင် ကောက်ယူရာ၊ ၎င်းဇီဝိတနဝက ကလာပ်၌ အာယတန ၅-ပါး, ဓာတ် ၅-ပါးဖွဲ့သင့်လျက် အဘယ့်ကြောင့် ရူပါယတန, ဓမ္မာယတန-ဟူ၍ အာယတန ၂-ပါး ရူပဓာတ်, ဓမ္မဓာတ်ဟူ၍ ဓာတ် ၂-ပါးသာ ဖွဲ့ရသနည်း။

၅။ ။အသညသတ်ပြဟ္မာတို့မှာ ဂန္ဓ,ရသ,ဖေါဋ္ဌဗ္ဗရှိကုန်သော်လည်း တပြင်တည်း တည်နေသော ဝေဟပ္ဖိုလ်ပြဟ္မာတို့၏ ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံအဖြစ်သို့ မရောက်ကြကုန်။ ၎င်းအာရုံတို့ကို နံတတ်,လျက်တတ်,တွေ့-ထိတတ်သော ဃာန ဝိညာဏ်,ဇိဝှါဝိညာဏ်,ကာယဝိညာဏ်တို့လည်း မရှိကြကုန်။ ထို့ကြောင့် ၎င်း ၃-ပါး တို့ကို အာယတနဓာတ် မဖွဲ့ရပါ။

ရူပါရုံမှာကား-အသညသတ် ပြဟ္မာများ၌ စက္ခုဝိညာဏ်မရှိ၍ အာရမ္မဏိက ကင်းသော်လည်း ဝေဟပ္ဖိုလ် ပြဟ္မာတို့က ၎င်းအသညသတ် ပြဟ္မာကြီးတွေကို လှမ်း၍ ကြည့်လိုက်သောအခါ၊ အဝုံးအရုံးတုံးလုံးပက်လက်နေကြသည်ကိုမြင်ရ သောကြောင့် "အာရုံကိစ္စရှိ၍" ဝဏ္ဏကိုသာ ရူပါယတန - ရူပဓာတ်ဖွဲ့သည်။ ထို့ကြောင့် ပဉ္စမကြိဏ် အဋ္ဌကထာ၌ -

ကေတလဝါသိကာနဥ္စ သေသပြဟ္မာနံ စက္ခုသမ္ဗဝတော၊
တဿာရမ္မဏတ္တာ တတ္ထ ရူပါယတနံ ဥဒ္ဒဋံ။

